
# နုနုရည်အင်းဝ

## အိပ်နေရင်ည နိုးနေရင်နေ့





နုနုရည်အင်းဝ
အိပ်နေရင်ည နိုးနေရင်နေ

အိပ်နေရင် ည၊ နိုးနေရင် နေ့

အလင်းရောင်ဆိုတာ ဘယ်လိုဟာလဲ...
ကောင်းကင်ဆိုတာ ဘယ်လိုဟာလဲ...
မြေကြီးဆိုတာ ဘယ်လိုဟာလဲ...
ဘုရားစေတီဆိုတာ ဘယ်လိုဟာလဲ...။

နေမင်းဆိုတာကရော...
လမင်းဆိုတာကရော...
ပန်းကလေးတွေကရော...
ငှက်ကလေးတွေ.. ခွေးကလေးတွေကရော...
ဘယ်လိုမျိုးလေးတွေလဲ….။

မော်တော်ကားဆိုတာရော ဘယ်လိုဟာလဲ...
မီးရထားဆိုတာရော ဘယ်လိုဟာလဲ...
လေယာဉ်ပျံဆိုတာကရော...
ပြီးတော့... ပြီးတော့... လူဆိုတာကရော...
ဘယ်လိုဟာပါလိမ့်...။

ဂန္ဒီ သိပ်သိချင်တာပဲ...
သိပ်တွေ့ချင်တာပဲ...
သိပ်မြင်ချင်တာပဲ....။

* * *

# အပိုင်း (၁)

"အကန်းတွေ လာကုန်ပြီဟေ့"

အို.. ကြည့်စမ်း၊ ဆိုးလိုက်တဲ့ကလေးတွေ။ အရှိန်နှေးသွားတဲ့ ကားကြီးနောက်ကို ကလေးတွေရဲ့ စူးစူးဝါးဝါး ပြောင်လှောင်အော်ဟစ်သံတွေ လိုက်လာတယ်။ ဂန္ဓီတို့အတွက် နေရာသစ်ရဲ့ ဆီးကြိုနှုတ်ဆက်ခြင်းပေါ့နော်။ ဒီလိုတော့ မနှုတ်ဆက်သင့်ပါဘူး ကလေးတို့ရယ်။ တို့တစ်တွေဟာ မမြင်တွေ .. အဲ.. မင်းတို့ပြောတဲ့ အကန်းတွေ။ အကန်းတွေပေမယ့် တို့ကို အဲ့လိုခေါ်ခံရရင် ဝမ်းနည်းအားငယ်တတ်တယ်။ စိတ်လည်းဆိုးချင်တယ်၊ မမြင်ရတဲ့ လောကကြီးကိုလည်း ကြောက်စိတ် ဝင်မိတယ်။ နော်.. သားလေးရယ်။ သားလေးရော ကြောက်နေသလား။

ရင်ခွင်ထဲက မပီဝူးဝါး အော်နေတဲ့ သားငယ်ကို ဂန္ဓီ တင်းတင်း ဖက်ထားလိုက်တယ်။

"ဟေ့.. ကလေးတွေ၊ ဖယ်ကြစမ်း ... ဖယ်ကြစမ်း"

ကားကြီး ငြိမ့်ခနဲ ထိုးရပ်သွားပြီး ကားတံခါးဖွင့်သံ၊ လူတစ်ယောက်ရဲ့ အသံကျယ်ကျယ်မာမာကို ကြားရတယ်။ ဒါ.. ကားမောင်းတဲ့ လူကြီးအသံပေါ့။ ဂန္ဓီ မှတ်မိတယ်။ သူနဲ့တူတူပါလာတဲ့ ဂန္ဓီတို့ ပစ္စည်းပစ္စယလေးတွေကို ကားပေါ် ကူတင်ပေးတဲ့ တစ်ယောက်ရဲ့ အသံက ခပ်အောအောနဲ့ အသံခပ်ကြီးကြီး။

"ဂန္ဓီ... ရောက်ပြီကွ"

ဒါကတော့ ဂန္ဓီ ဘယ်နေရာကပဲဖြစ်ဖြစ် မှတ်မိတဲ့အသံ။ ဦးအောင်ရဲ့အသံလေ။ ဂန္ဓီရဲ့ ချစ်လင် ဦးအောင်ပေါ့။ ဦးအောင် အသံက ကားဘေးက လာတာ။ အမယ်... သူက ကားပေါ်ကတောင် ဆင်းသွားပြီပေါ့။

"ကျွန်မတို့ ဆင်းရတော့မလား၊ ဦးအောင် ... ကလေးခေါ်ပါဦး"

"နေဦး၊ နေဦး၊ ခင်ဗျားတို့ ဆင်းလို့ မရသေးဘူး၊ ပစ္စည်းချပြီးမှ အေးအေးဆေးဆေး ဆင်း"

ကားမောင်းတဲ့ အသံကျယ်ကျယ်မာမာ လူကြီးက ဆင်းဖို့ ဟန်ပြင်နေတဲ့ ဂန္ဓီကို လှမ်းပြောတယ်။ ဟုတ်တော့ဟုတ်တယ်။ ဂန္ဓီတို့သားအမိက ကားရှေ့ပိုင်းမှာ။ ပစ္စည်းတွေ တင်ကတည်းက ဂန္ဓီတို့သားအမိကို ကားရှေ့ပိုင်းမှာ အရင်တင်ပြီးမှ ပစ္စည်းတွေ တင်ကြတာ။ သဃ်န်းကျွန်းလမ်းတွေက ဆိုးတယ်တဲ့။ ကားနောက်ပိုင်းမှာဆို ဂန္ဓီတို့သားအမိ ကားခုန်တာနဲ့ လွင့်စဉ်ကျန်ခဲ့မှာတဲ့။

ဦးအောင်ကတော့ ကားနောက်ပိုင်းက လိုက်တယ်။ ကားကြီးက အမိုးလည်းမပါဘူး၊ လမ်းတစ်လျှောက်လုံး နေအရမ်းပူတာပဲ။ ဂန္ဓီတို့ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းကနေ သဃ်န်းကျွန်းအစွန်ဖျားထိ ဆိုတာ နည်းတဲ့ခရီးလား။ အကြာကြီး ကားစီးရတယ်။ ဘတ်စ်ကားဆိုရင်တော့ နှစ်ဆင့် စီးရတယ်တဲ့။ လေးဆယ့်နှစ်ရယ်၊ သုံးဆယ့်ကိုး အစိမ်း ဆိုလား၊ အနီဆိုလား မသိပါဘူး။ အို.. နေရာသစ်မှာ ဂန္ဓီတို့ မသိသေးတာတွေ အများကြီး။ အားငယ်ဖို့ သိပ်ကောင်းတာပဲ။ ဂန္ဓီတော့ ကျောင်းကိုပဲ လွမ်းတယ်။ ဂန္ဓီတို့ အိမ်ထောင်ဦးဘဂမှာ နေထိုင်ခဲ့ရတဲ့ကျောင်းတိုက်ခန်းကလေး။ သားလေးကို မွေးဖွားခဲ့တဲ့ ကျောင်းတိုက်ခန်းကလေး။ ကားထွက်ခါနီး အခန်းနံရံလေးတွေကို စမ်းသပ်နှုတ်ဆက်ရင်း ဂန္ဓီ ငိုခဲ့ရသေးတယ်။

“ကဲ.. ရပြီ၊ ပစ္စည်းတွေ ချပြီးပြီ၊ ဆင်းလို့ရပြီ”

“ဦးအောင်၊ ဦးအောင်”

“ဂန္ဓီ...လာလေ၊ ဖြည်းဖြည်းလျှောက်ခဲ့၊ ငါ ဒီမှာရှိတယ်”

ဦးအောင်အသံရှိရာကို ဂန္ဓီ စမ်းပြီး လျှောက်တယ်။ လျှောက်ရင်းက ကားကြမ်းပြင်ပေါ်မှာ ဘာများ ကျပြု ကျန်ခဲ့သေးလဲဆိုပြီး စမ်းရသေးတယ်။ မရှိမဲ့ရှိမဲ့ ပစ္စည်းပစ္စယလေးတွေထဲက တစ်ခုခု ကျကျန်နေခဲ့မှဖြင့်နော်...။

သေတ္တာတစ်လုံး၊ ဖျာနှစ်ချပ်၊ အမေပေးထားတဲ့ စားပွဲတစ်လုံး၊ ကြောင်အိမ်တစ်လုံး၊ ကုလားထိုင်တစ်လုံး၊ ဘုရားစင်တစ်ခု၊ ကြမ်းခင်းတစ်ခု၊ ဂန္ဓီတို့ရှိသမျှပစ္စည်းပရိဘောဂက ဒါပဲ။

ဂန္ဓီတို့ပြောင်းဖို့အတွက် ကျောင်းက ထုတ်ပေးတဲ့ ငွေတစ်ထောင်နဲ့ ဝယ်ထားတဲ့ အိမ်တိုင်ဟောင်း ၆ လုံးနဲ့ သစ်တိုသစ်စတွေကြောင့်သာ ကားတစ်စင်းပြည့်တာ။

“ကလေး ငါ့ကိုပေးလိုက် ဂန္ဓီ"

ဦးအောင် အသံကြားရာကို မှန်းပြီး ဂန္ဓီ လက်လှမ်းလိုက်တယ်။ ဂန္ဓီလိုပဲ မှန်းပြီး လှမ်းလိုက်တဲ့ ဦးအောင်လက်ကို ဂန္ဓီ ဆုပ်မိတယ်။ ဖြည်းဖြည်းချင်း ဂန္ဓီ လှမ်းပြီး သားကို ပေးလိုက်တယ်။

“ငါ့လက် အားပြုပြီး ခုန်ဆင်းလိုက်"

ဦးအောင် လက်တစ်ဖက်ကို အားပြုရင်း ကားကြမ်းပြင်အစွန်းကို လက်တစ်ဖက်နဲ့ အားပြုဖို့ ဂန္ဓီ လျှောက်စမ်းတယ်။

“ရရဲ့လား၊ ရရဲ့လား၊ ကလေး ဒီပေးထားပါလား"

ဂန္ဒီတို့ကို ကြည့်နေဟန်တူတဲ့ ကားသမားကြီးရဲ့ အသံအောအော ဂန္ဒီတို့နား ရောက်လာတယ်။

"ရတယ်၊ ရတယ်၊ ကျွန်မ ဆင်းနိုင်တယ်၊ ဒီလိုပဲ"

ပြောပြောဆိုဆိုနဲ့ ဂန္ဒီ ခုန်ဆင်းလိုက်တော့ မြေကြီးပေါ် အသာကလေး ရောက်သွားတယ်။ ဦးအောင်တော့ တော်တော် ထိန်းလိုက်ရမှာပဲ။ သားမွေးပြီးမှ ဂန္ဒီ ဝလာတယ်လေ။ တစ်နေ့ကို ဆန်နို့ဆီဘူး သုံးလုံးချက် မလောက်နိုင်လို့ စိတ်ညစ်ရတာလည်း လွန်ရော။

"ဦးအောင်၊ ကားသမားကြီးတွေ မပြန်ခင် မေးကြည့်ပါဦး၊ ကျွန်မတို့ရောက်နေတဲ့နေရာက ဘယ်လိုနေရာလဲ။ ဘာတွေရှိလဲဆိုတာ"

ဂန္ဒီတို့နားမှာ ကားသမားကြီးတွေ ရှိဟန်တူတယ်။ အသံ ကျယ်ကျယ်မာမာ ကားသမားကြီးက ချောင်းဟန့်ပြီး...

"နေဦး၊ ခင်ဗျားတို့စိတ်ထဲမှာ မြင်လာအောင်၊ သဘောပေါက်လာအောင်၊ အဲ... ခင်ဗျားတို့နေရမယ့် ကွက်လပ်ကြီးက တော်တော်ကျယ်တယ်ဗျာ။ ကွက်လပ်ကြီးကို ခြံဝင်းခတ်ထားတယ်။ ခင်ဗျားတို့နေရာနဲ့ မလှမ်းမကမ်းမှာ တခြားအိမ်တွေလည်း ရှိတယ်။ ဘာရပ်ကွက်ခေါ်လဲတော့ မသိဘူး။ နေဦး၊ ခင်ဗျားတို့ရတဲ့မြေက တစ်ယောက် ဘယ်လောက်..."

"တစ်အိမ်ထောင်ကို ပေးသုံးဆယ် X လေးဆယ်"

"ခု.. အားလုံး ဘယ်နှစ်အိမ်ထောင်တုံး"

"အိမ်ထောင်စုပေါင်း နှစ်ဆယ်"

"ဒါဆို မဆိုးပါဘူး။ ခင်ဗျားတို့ ကျယ်ကျယ်ဝန်းဝန်း နေလို့ ရနိုင်ပါတယ်။ ခင်ဗျားတို့ ကွက်လပ်အလယ်ကောင်မှာ အုတ်ကြွပ်မိုးတွေ ဘာတွေနဲ့ အဆောက်အဦဟောင်းကြီးတစ်ခု ရှိတယ်ဗျ၊ ဘေးမှာ ထရံအသစ်တွေ ဘာတွေလည်း ကာထားတယ်"

"သြော်.... အဲဒါ ဦးအောင်တို့အလုပ်ရုံထင်တယ်၊ ကျွန်မတို့ကျောင်းက သမဝါယမအလုပ်ရုံ ဒီကို ရွှေ့မယ်ပြောတယ်၊ အလုပ်ရုံ ဆောက်ပြီးပြီလို့လည်း ကြားတယ်"

"ဟုတ်မှာပေါ့၊ အဲဒီအလုပ်ရုံရဲ့ နောက်ဘက် ခပ်လှမ်းလှမ်းမှာ အိမ်သာအသစ်နှစ်လုံး မြင်တယ်၊ ခင်ဗျားတို့ အိမ်ထောင်စုနှစ်ဆယ်က လူပေါင်း ဘယ်လောက်ရှိလဲ"

"လူပေါင်းရှစ်ဆယ်ကျော်တာပေါ့"

"အင်း... အလုပ်ရုံ အနောက်ဘက်မှာ အဝီစိရေတွင်း တူးမလို့ ထင်တယ်၊ ပစ္စည်းတွေ ချထားတာတော့ မြင်တယ်"

"ဟင်.. မတူးရသေးရင် ကျွန်မတို့ ရေ ဘယ်ကရမလဲ"

"ဒါတော့ ကျုပ်လည်း မသိဘူးလေ၊ ကဲ...ကျုပ်တို့သွားမယ်"

"ခဏ ခဏ ကားဆရာကြီး၊ ကွက်လပ်ထဲမှာ အိမ်တွေတချို့ ဆောက်ထားကြပြီလားဟင်"

"ဘာအိမ်မှမရှိသေးဘူး၊ ဘာမှမဆောက်ရသေးဘူး၊ ခင်ဗျားတို့လူတွေ အကုန်လုံး အလုပ်ရုံဆိုတာကြီးထဲမှာ နေရာသွားဦးနေကြတယ်"

"ဟင်... ဟုတ်လား၊ ဦးအောင် ကျွန်မတို့ပစ္စည်းတွေရော..."

ဂန္ဒီက ပြောရင်းဆိုရင်း ပျာပျာသလဲ ဖြစ်လာတယ်။

"ကလေးကို ကျွန်မပေး၊ ဦးအောင် နေရာသွားဦးလိုက်၊ မချိုတို့က ဦးထားရင်တော့ ကောင်းမှာပဲနော်"

"ရပါတယ်ဟာ၊ အလုပ်ရုံဆိုတာ ကျယ်ပါတယ်၊ အကျယ်ကြီး ဆောက်တာပါ"

"အို... ဘယ်သိနိုင်မလဲ ဦးအောင်ကလဲ၊ တကယ်လို့ နေရာ မရရင် ကျွန်မတို့ ဘယ်မှာသွားနေမလဲ။ မြေကြီးပေါ်နေရမှာ၊ မိုးရွာလာတော့ ဘယ်လိုလုပ်မလဲ၊ နွေပေမယ့် ရွာချင်ရွာတာကို"

"အေးပါဟာ၊ ဂန္ဒီကလဲ"

ဦးအောင်က ဂန္ဒီ လက်ထဲ သားကိုထည့်ပေးပြီး ထွက်သွားတယ်။ ရင်ခွင်ထဲကို ခေါင်းကလေးနဲ့ တိုးဝှေ့ ချိုတောင်းတဲ့ သားငယ်ကို ဂန္ဒီ နို့တိုက်ရပြန်တယ်။ ဂန္ဒီတို့ ပစ္စည်းပုံကြားက သေတ္တာပေါ်မှာ စမ်းထိုင်လို့ပေါ့။ ဒီသေတ္တာလေးထဲမှာက ဂန္ဒီတို့ အဝတ်အစားတွေနဲ့ အရေးကြီးတယ် ထင်တာလေးတွေ အကုန်လေ။

ဂန္ဒီ ဘေးနားတစ်ဝိုက်မှာ ကလေးတွေနဲ့ တခြားသူစိမ်းတွေ ရှိနေတာကို ဂန္ဒီ သိနေတယ်။ ဂန္ဒီနှာခေါင်းထဲမှာ ကောင်းကောင်း အနံ့ရနေတဲ့၊ ဂန္ဒီ နားထဲမှာ ကောင်းကောင်းကြားနေရတဲ့ သူတို့အနံ့တွေ၊ အသံတွေက စိမ်းနေတယ်လေ။ ဂန္ဒီ သိတာပေါ့။ သူတို့ဟာ သူစိမ်းတွေ။

"ဘယ်သူလဲ"

ရုတ်တရက် ဂန္ဒီအနားရောက်လာတဲ့ ညည်းသိုးသိုး အနံ့အသက်ကြောင့် ဂန္ဒီ အော်မေးလိုက်တော့ ခွီခနဲ ရယ်လိုက်တဲ့ ကလေးရယ်သံလေး အဝေးထွက်ပြေး

သွားတယ်။

အို… ဒုက္ခပါပဲ။ ဂန္ဒီကို လာကြည့်တာပဲ ဖြစ်ပါစေနော်။ ပစ္စည်းတွေဘာတွေ ယူဖို့လာတာတော့ မဟုတ်ပါစေနဲ့။ ဂန္ဒီကို အမေ ဝယ်ပေးထားတဲ့ ခါတ်ဘူးလေး ထည့်ထားတဲ့ခြင်းက ဘယ်နားမှာပါလိမ့်။ လူချင်းတူတူ၊ သူချင်းမျှမျှ ပစ္စည်းဆိုလို့ ဒါလေးရှိတာ။ ဦးအောင်ကလည်း ပြန်မလာသေးဘူးလား။

"မောင်အောင် ရောက်ပြီလားဟော့၊ ဂန္ဒီတို့ သားအမိကော"

ဟော… မချိုရဲ့အသံ။ အဆိုတော်အသံမို့လို့ ထင်ပါရဲ့။ မချို အသံက သိပ်အောင်တာပဲ။ မချိုနဲ့ ဦးအောင်နဲ့က ရွယ်တူသူငယ်ချင်းတွေပေါ့။ ဂန္ဒီနဲ့ ဦးအောင်နဲ့က ရှစ်နှစ်တောင်ကွာတာ။

အသံကောင်းတဲ့ မချိုကိုတော့ မယူဘဲ ဂန္ဒီကို ဘာလို့ ယူရသလဲ လို့ ဂန္ဒီက ပြောတိုင်း မချိုက စိတ်ဆိုးဒေါသဖြစ်တတ်တယ်။ မောင်အောင့်လိုရုပ်များ တစ်သက်မမှန်းဘူးတဲ့။

မချိုကလေ တကယ်ပဲ၊ သူကများ ဘာမြင်ရလို့လဲ။ ကိုထွေးကကော မချိုကို မြင်ရလို့လား။ ဦးအောင်ကိုလည်း ဂန္ဒီ မမြင်ဖူးပါဘူး။ ဂန္ဒီ့ကိုလည်း ဦးအောင် မမြင်ဖူးပါဘူး။ ပြီးတော့ အပျိုကြီးမမကြင်၊ ဘလိုင်းကိုင်ဇော၊ ကိုကံဦး၊ မညိုစိမ့်၊ ကိုဆန်းမောင်..။ အို…. အားလုံးပါပဲလေ။

ဒီအိမ်ထောင်စုနှစ်ဆယ်က ဂန္ဒီတို့တစ်တွေဟာ တစ်ယောက်နဲ့တစ်ယောက် ဘယ်တုန်းကမှ မမြင်ဖူးခဲ့သူတွေ။ ဘယ်တော့မှလည်း မမြင်နိုင်တော့တဲ့သူတွေလေ။

https://t.me/mmebooks

# အပိုင်း (၂)

နေရာသစ်ရဲ့ ပထမဆုံးညကို ဂန္ဒီ ဘယ်လိုဖြတ်သန်းရပါ့မလဲ နော်...။ ဦးအောင်လည်း အိပ်နေပြီ။ သားလေးလည်း အိပ်နေပြီ။ အလုပ်ရုံကြီးတစ်ခုလုံးလည်း ငြိမ်နေတာပဲ။ ဂန္ဒီ ဘယ်လိုမှ အိပ်မရဘူး။ ခုချိန်ဆို မျက်စိမြင်ရတဲ့သူတွေအဖို့တော့ အပြင်လောကကြီးတစ်ခုလုံး မှောင်နေမှာပေါ့နော်....။

မွေးကတည်းက အမှောင်နဲ့ ရင်ဆိုင်ခဲ့ရတဲ့ ဂန္ဒီအဖို့တော့ မျက်စိဖွင့်ထားလည်း အမှောင်ပဲ။ မျက်စိမှိတ်ထားလည်း အမှောင်ပဲပေါ့။ လောကကြီးဟာ ဂန္ဒီအတွက် အမြဲတမ်း မှောင်နေတယ်လေ...။

နေ့နဲ့ညဆိုတာ ဂန္ဒီတို့အတွက် ဘာများ ထူးခြားလို့လဲ။ အသက်ကြီးပြီး နှစ်တွေကြာလာလို့သာ ပတ်ဝန်းကျင်အခြေအနေအရ နေ့နဲ့ညကို ခွဲခြားလာတတ်ခဲ့တာ။

လူသံသူသံ၊ ကျေးသံငှက်သံလေးတွေ ဆူညံနေတဲ့အချိန်ဟာ နေ့။ လူသံသူသံ ကျေးသံငှက်သံလေးတွေ ငြိမ်သွားတဲ့အချိန်ကတော့ ညပေါ့။ ငယ်ငယ်တုန်းကဆို ဂန္ဒီတို့ ဘာသိမှာလဲ။

ဂန္ဒီငယ်ငယ်တုန်းကဆို မေမေ ပြောထားတဲ့အတိုင်း အိပ်ချင်လာရင် ညလို့မှတ်ထားတာပဲ။ အမေက ပြောတာကိုး။ ဂန္ဒီ မမြင်ရတဲ့ အမှောင်လောကကြီးထဲမှာ နေနဲ့ည ဆိုတာ ရှိတယ်။ နေ့ဆိုတာ လင်းထိန်နေပြီး ညဆိုတာ ဂန္ဒီသိတဲ့ အမှောင်လိုပဲ မှောင်တယ်။ လူတွေဟာ နေ့မှာ အလုပ်လုပ်ပြီး ညမှာ အနားယူအိပ်စက်ကြရသတဲ့။

ဒါဖြင့် အိပ်ချင်လာရင် ညပေါ့နော် အမေလို့ဆိုတော့ အမေက 'အေး အေး' တဲ့။

တစ်ခါတော့ ဂန္ဒီ လျှောက်ဆော့ကစားပြီး မောတော့ အိပ်ချင်လာပြီး အိပ်ပျော်သွားတာပေါ့။ အိပ်ရာက နိုးလာတော့ အမေ့ကို အော်ခေါ် တယ်။ အမေ အမေ မိုးလင်းပြီလားလို့ အော်မေးတော့ အမေ့အသံ မကြားရဘူး။ အမေနဲ့ ဂန္ဒီက တူတူ အိပ်နေကျပါ။ အမေ ဘယ်ပျောက်သွားပါလိမ့်ဆိုပြီး အော်ငိုတော့ ဂန္ဒီအစ်မက အမေ ဆေးရုံက ပြန်မလာသေးဘူးလေတဲ့။ ဟင် ဒါ ညမဟုတ်ဘူးလားလို့ ဂန္ဒီက မေးတော့ ဘယ်က ဟုတ်ရမှာလဲ နေ့လယ်ပဲ ရှိသေးတယ်တဲ့။ အမေ ဆေးရုံက ပြန်လာတဲ့အချိန်မှ ညစဖြစ်တာ မှတ်ထားလို့ ဂန္ဒီ အစ်မက ပြောတယ်။

အမေက ရန်ကုန်အရှေ့ပိုင်း ဂန္ဒီဆေးရုံမှာ သန့်ရှင်းရေး အလုပ်သမလေ။ ဂန္ဒီ ကို အဲဒီဆေးရုံမှာ မွေးတာပေါ့။ ဂန္ဒီလေး မွေးခါစဟာ ချစ်စရာကောင်းလွန်းလို့

ဆေးရုံတစ်ရုံလုံး ဝိုင်းချစ်ကြတယ်တဲ့။ ဆေးရုံဆရာဝန် အကြီးဆုံးကြီးက ချစ်စနိုး နဲ့ ဂန္ဒီလေး ဂန္ဒီလေးနဲ့ ခေါ်ရာကနေ ဒီနာမည် တွင်သွားတာပေါ့။

ဂန္ဒီမွေးတဲ့အချိန်မှာ အဖေ မရှိတော့ဘူး။ သေသွားပြီ။ အမေကတော့ အဖေ သေသွားတာ ကောင်းတယ်တဲ့။ သူရှိလည်း အပိုပဲ၊ အရက်ပဲ တစ်ချိန်လုံး သောက် နေတာ၊ သားသမီးတွေ ငါပဲ လုပ်ကျွေးနေရတာပဲဥစ္စာတဲ့။

ဂန္ဒီတို့က မောင်နှမလေးယောက်။ ဂန္ဒီက အငယ်ဆုံး၊ ကံအဆိုးဆုံးပေါ့နော်။

ဦးအောင်က ပြောတတ်တယ်။ ဂန္ဒီ မျက်စိမမြင်ဘဲ မွေးလာတာဟာ ကံကောင်းလို့တဲ့။ ဒါကြောင့်သာ သူနဲ့ တွေ့ ရတာပေါ့တဲ့။ နို့မို့ဆို ဂန္ဒီက မျက်စိမြင် တဲ့သူအချင်းချင်းပဲ ယူမှာပေါ့တဲ့လေ။

ဂန္ဒီ ဘယ်တုန်းကမှ မမြင်ဖူးခဲ့တဲ့ ဦးအောင်မျက်နှာကို သားလေး ပေါ်ကနေ ကျော်ပြီး စမ်းကြည့်မိတော့ ဦးအောင်က အိပ်ချင်မူးတူး နိုးလာပြီး ဂန္ဒီလက်ကို ဆွဲ ဖယ်တယ်။ ပြီးတော့ သားလေးဘက်ကို အတင်းလှိမ့်တော့ ဂန္ဒီမှာ သားလေးကို ဆွဲပွေ့ပြီး ဒီဘက်ကပ်ရတယ်။ ကြမ်းစင် ကျဉ်းကျဉ်းလေးမှာ ဂန္ဒီ လိမ့်ကျမလိုဖြစ် ရော။

ဒါပေမဲ့ ဒီကြမ်းစင် ကျဉ်းကျဉ်းလေးကိုပဲ ကျေးဇူးတင်ရမှာနော်။ နို့မို့ဆို ဂန္ဒီ တို့ မြေကြီးပေါ် အိပ်ရမှာ။ တစ်ခုပဲ၊ ဂန္ဒီတို့ရတဲ့နေရာက အစွန်ဆုံးနေရာဖြစ်နေ တယ်။ အလုပ်ရုံရဲ့ ထိပ်အစွန်ဆုံးပေါ့။ အလုပ်ရုံက ဘေးနှစ်ဖက်ပဲ အကာရှိတယ်။ ထိပ်နှစ်ဖက်က အကာမရှိဘူးလေ။ နွေကတော့ ကိစ္စမရှိပါဘူး။ မိုးတွင်းဆိုရင် တော့ ဂန္ဒီတို့ မိုးရွဲမှာပဲ။

အို... မိုးမကျခင် မြေကွက်မှာ အိမ်ကလေးတစ်လုံး၊ တဲကလေးတစ်လုံးဖြစ် အောင် ကြိုးစားရမှာပေါ့။ ဂန္ဒီအတွက် တစ်ခုတည်းသော အားကိုးရာဟာ အမေပါ ပဲ။ ဒါပေမဲ့ အမေရော၊ ဂန္ဒီရော အပြောင်းချင်း ဆုံနေတော့ အမေကလည်း မကူနိုင် ဘူးတဲ့။ အမေလည်း မြို့သစ်ပြောင်းရပြီး အိမ်ဆောက်နေရတယ်လေ။ အမေ မကူ နိုင်တာ ဂန္ဒီ အတွက် တစ်အားလျော့တာပါပဲ။

ဦးအောင် အလုပ်ကတော့ မျှော်လင့်ချက် မရှိပါဘူး။ စားဖို့ ဖြစ်သလို စားဖို့ ပဲပေါ့လေ။ ဦးအောင်အလုပ်က ဂန္ဒီတို့မျက်မမြင်ကျောင်း ကုန်ထုတ်သမမှာ ပရိဘောဂအလုပ်ပေါ့။ ကုလားထိုင်တွေ ကြိမ်ထိုး။ ကြိမ်ထိုင်ခုံတွေ၊ ကြိမ်ဆွဲခြင်း တွေ လုပ်ရတယ်။ အပြင်က အော်ဒါမှာတာတွေပေါ့။ တစ်နေ့ကို လေးကျပ်ရ တယ်။ အခုလောလောဆယ်မှာတော့ အလုပ်သွားစရာ မလိုသေးဘူးတဲ့။ အလုပ် လည်း သိပ်မရှိဘူးတဲ့။ လခ တစ်ရာ့နှစ်ဆယ်ကို ပေးမယ် ပြောတယ်။ အလုပ်ရုံကို ဒီမှာရွှေ့ပြီးမှ အလုပ်ပြန်ဆင်းရမယ်။

အလုပ်ရုံကို ဒီမှာရွှေ့တာ တော်သေးတာပေါ့။ နို့မို့ ဒီကနေသာ ဆင်းရမယ်ဆိုရင် ကားနှစ်ဆင့်၊ စရိတ်လေးကျပ်။ ကိုယ်ရတဲ့လုပ်ခ စရိတ်နဲ့သွားရော။ ပြီးတော့ ကိုယ်မကျွမ်းသေးတဲ့နယ်မြေမှာ ကားစီးဖို့လည်း မလွယ်ပါဘူး။

ကြည့်မြင်တိုင်မှာတော့ ဂန္ဒီတို့ ကျွမ်းတယ်။ ဈေးလည်း သွားတတ်တယ်၊ ကားလည်း စီးတတ်တယ်။ ဦးအောင်ဆို မြို့ထဲကိုလည်း သွားတတ်တယ်။ မြို့ထဲကနေလည်း ပြန်လာတတ်တယ်။ ပထမတော့ မေးရတာပေါ့။ တခြားလူအကူအညီ ယူရသေးတာပေါ့။

မြို့ထဲကနေ ပြန်မယ်ဆိုရင် ကြည့်မြင်တိုင်ကား လာတတ်တဲ့ ဂိတ်ကို ပို့ခိုင်းရတယ်။ အဲဒီဂိတ်ကနေ ကြည့်မြင်တိုင်၊ ကြည့်မြင်တိုင်လို့ အော်ပြီး ကားဝင်လာရင် တက်လိုက်လာတာပဲ။ ဟိုကျရင်တော့ လွယ်တယ်။ ကျောင်းထဲဝင်တဲ့ လမ်းထိပ်တည့်တည့်မှာ မှတ်တိုင်ရှိတယ်။ အဲဒီမှာ ဆင်းရုံပဲ။

မြို့ထဲ အသွားကတော့ ဘာမှ မခက်ဘူးပေါ့။ လမ်းထိပ်တည့်တည့် မှတ်တိုင်ကနေ စီးချင်စီး၊ ဒါမှမဟုတ် နေရာရချင်ရင် ဂိတ်စကို သွားစီးတယ်။ ကျောင်းကနေ ဂိတ်စကိုတော့ ကောင်းကောင်း သွားတတ်တယ်လေ။

ဦးအောင် ခုနေ အလုပ်မရှိတုန်းမှာ အနိုပ် လိုက်ရရင်တော့ ကောင်းမှာပဲ။ ဒါပေမဲ့ ဒီနားမှာ ကိုယ့်ကိုမှ မသိကြသေးတာဆိုတော့ ခက်သားပဲ။ ဦးအောင်အနိုပ်လိုက်တာက ပိုက်ဆံရတယ်။ ဦးအောင် သိပ်မနိုပ်တတ်ပေမဲ့ သနားပြီး နှစ်ဆယ် အစိတ် ပေးကြတယ်။ ထမင်းလည်း ကျွေးကြတယ်။

ဂန္ဒီမှာ ဘာမှ အလုပ်မရှိတာပဲ ဆိုးပါတယ်လေ။ ဂန္ဒီလည်း ကြိမ်ထိုးတတ်ပါတယ်။ ကျောင်းက ဂန္ဒီတို့ကို ဦးအောင်တို့လိုပဲ သင်ပေးပါတယ်။ ဒါပေမဲ့ ဦးအောင်တို့က ဂန္ဒီတို့ထက် အများကြီးစောပြီး ခေတ်ကောင်းကို မိလိုက်တော့ ကျောင်းကုန်ထုတ်သမမှာ အလုပ်ရတာပေါ့။ ဂန္ဒီတို့ ကျောင်းဆင်းတဲ့နှစ်ကျ အလုပ်မရတော့ဘူး။ ရှားသွားပြီ။

တအဲ့အဲ့ အသံပေး လူးလိမ့်တဲ့ သားလေးကို စုတ်သပ်ချော့မော့ရင်း ရောက်တတ်ရာရာတွေနဲ့ ပတ်ချာလည်နေရာက ဂန္ဒီမျက်လုံးတွေ မှေးစင်းစ ပြုတယ်။ အချိန်လည်း နည်းတော့မှာမှ မဟုတ်ဘဲလေ။ ဘာကြက်လဲ မသိတဲ့ ကြက်တွန်သံ သဲ့သဲ့ကိုတောင် ကြားနေရပြီ။ အိပ်မှပါ။ မနက်ကျ ထမင်းချက်ဖို့ ရှိသေးတယ်။ ဦးအောင်က အစောကြီး ဆာတတ်တယ်။ အေး... အေး.. ကျွတ်ကျွတ်... အိပ်ပါသားလေးရယ်...။

ရေဒုက္ခကလည်း ရှိသေးတယ်။ အဝီစိတွင်း မပြီးသေးသမျှ ရေဝယ်ရမှာ။ ရေက တစ်ထမ်းငါးမူး။ ကိုယ့်ဘာသာ သွားထမ်းယူရင်တော့ တစ်မတ်တဲ့။ ဦးအောင်နဲ့ ကိုဆန်းမောင်တို့ ညနေက သွားထမ်းကြတာ လမ်းတွေ လွဲချော်ပြီး

ချော့လဲကြပါပကောလား။ အဝီစိတွင်း မြန်မြန်ပြီးပါစေ။ ဂန္ဓီတို့ကို မီးလည်း ပေးမယ်တဲ့။ ဂန္ဓီတို့တွက် မီး ဘာလုပ်ဖို့လဲနော်။ ရေသာ အရေးကြီးတာပါ။

အိပ်ချင်မူးတူးဖြစ်စပြုလာတဲ့ ဂန္ဓီလက်တွေ ကလေးတင်ပါးပေါ် မှာ ငြိမ်သက်သွားတုန်း ရုတ်တရက် ဂန္ဓီ ဘေးခေါင်းရင်းက အသံတစ်သံ ကြားလိုက်ရတယ်။ အသက်ရှူသံ ပြင်းပြင်းနဲ့ ပစ္စည်းတစ်ခုခု ဆွဲယူသံ...။

"ဘယ်သူလဲ"

ဂန္ဓီမျက်လုံး ကျယ်သွားပြီး ကပျာကယာ လူးလဲ ထထိုင်လိုက်တယ်။ ကြွက်တွေ ဘာတွေလား၊ ဒါမှမဟုတ်ရင်တော့။

"ဘယ်သူလဲလို့ဆို"

ဂန္ဓီတစ်ကိုယ်လုံး တောင့်တင်း ငြိမ်သက်သွားမိတယ်။ ဂန္ဓီနားကနေ အသက်ရှူသံပြင်းပြင်းနဲ့ ဖြတ်လျှောက်သွားတဲ့ ခြေသံ။ လူခြေသံ။ ကြွက်မဟုတ်ဘူး။ သူဟာ လူ။ ဒါပေမဲ့ ဘယ်သူလဲ...။ ဂန္ဓီတို့ထဲကလား၊ အပြင်ကလား။ သူ ဘာလုပ်မလို့ပါလိမ့်။

သေချာတာကတော့ သူ... သူ ပစ္စည်းယူမလို့ပါ။ သူ ခိုး... ခိုး မလို့ပါ။ ဂန္ဓီ သိပါတယ်။ ဟော...ဟို မြောက်ဘက် ထိပ်နားက ပစ္စည်းဆွဲသံလိုလိုပဲ။ အပျိုကြီး မမကြင် နေရာလောက်ကလေ။ မမကြင်က အအိပ်တော့ ဆတ်ပါတယ်။

မမကြင်ဘေးမှာ ကိုဆန်းမောင်တို့ မိသားစု။ ကိုဆန်းမောင်တို့ ဒီဘက်မှာက ကိုကံဦးတို့၊ မညိုစိမ့်တို့။ ပြီးတော့မှ ဂန္ဓီတို့။ အလုပ်ရုံထဲမှာ ဟိုဘက်ဒီဘက် မိသားစု ရှစ်အိမ်ထောင် ရှိတယ်။ ရှစ်အိမ်ထောင်က ပစ္စည်းတွေအားလုံးက ကိုယ့်နေရာလေးတွေမှာ ဒီတိုင်း ပြန့်ကျဲနေတာ။

အပြင်ဘက် မြေကြီးပေါ် နေရာရကြတဲ့လူတွေရဲ့ ပစ္စည်းတွေလည်း ဒီလိုပဲ ရှိမှာပေါ့။ သူယူချင်ရင် အလွယ်တကူ ယူလို့ရတယ်။ မလုပ်ပါနဲ့။ ဂန္ဓီတို့ကိုတော့ မလုပ်သင့်ပါဘူးနော်။

ဂန္ဓီ ဖြည်းဖြည်းချင်း ကြမ်းစင်ပေါ်က ထ,တယ်။ ဘေးဘက် ကြောင်အိမ်လေးကို စမ်းလိုက်ရင်း ကြောင်အိမ် အမိုးလေးအပေါ်ကို အရေးတကြီး စမ်းတယ်။ ဟယ်... ဂန္ဓီ့ဓာတ်ဘူးလေး မရှိတော့ဘူး။ အမေက ပြောတယ်။ အစိမ်းရောင်ကွက်ကြားလေးတဲ့။ တကယ်၊ တကယ် မရှိတော့တာ။ ဂန္ဓီ့ဓာတ်ဘူးလေး..။

"ဦးအောင်... ဦးအောင်"

ဂန္ဓီအသံက တိုးတိုးလေးပဲ ထွက်လာတယ်။ သူခိုးကို ဂန္ဓီ ကြောက်နေတယ်လေ။ သူထွက်သွားပြီလား။ မနီးမဝေးနေရာကနေပဲ ဂန္ဓီကို လှမ်းကြည့်နေသလား။ ဂန္ဓီကြောက်တယ်။

ဦးအောင်ကလည်းနေသဲ၊ ကြမ်းစင်ပေါ် ဂန္ဓီ ပြန်ထိုင်ပြီး သားလေးပေါ်ကနေ ဦးအောင်ကို စမ်းလိုက်တုန်းမှာပဲ ခြေသံကို ဂန္ဓီ ကြားရပြန်တယ်။ ဘုရား... ဘုရား လူရှိနေသေးတယ်။ ဂန္ဓီ အော်လိုက်မှ ထင်ပါရဲ့။ တကယ့် တကယ်မှာတော့ ဂန္ဓီ့ လက်က ဦးအောင်ရဲ့ ပခုံးကို ဆွဲဆိတ်ပြီး အတင်းနှိုးနေမိတယ်။ ဂန္ဓီ့အသံ တိုးတိုး ကလည်း တုန်နေတယ်။

"ဦးအောင်၊ ဦးအောင်"

"အင်... ဘာလဲ၊ ဘယ်သူလဲ"

"သူခိုး.... သူခိုး ဦးအောင်၊ ဒီထဲမှာ"

"ဘယ်မှာလဲ၊ ဘယ်မှာလဲ"

ကမူးရှူးထိုး တထိုင်တဲ့ ဦးအောင်ကို ဂန္ဓီ အတင်း ဆွဲထားရပြန်တယ်။

"ဦးအောင်ကလည်း ဘာလုပ်ရမှာလဲ၊ ကိုယ်လည်း ဘာမှ လုပ်နိုင်တာ မဟုတ်ဘဲနဲ့၊ ကျွန်မကြောက်လို့ ဦးအောင်ကိုနှိုးတာ"

ဦးအောင်က သနားစရာ၊ ခဏ ငြိမ်သက်သွားပြီးမှ..

"တို့ချည်းဆိုတော့လည်း ဘာမှ မတတ်နိုင်ဘူး၊ အပျိုကြီးကို အိမ်ဆောက်ပေးမယ့် အမျိုးတွေကလည်း နက်ဖြန်မှ လာကြမှာတဲ့။ ဒီနေ့ ရှိနေရင် ကောင်းမှာကွ။ အော်လိုက်ပြန်ရင်လည်း သူထွက်သွားချင်မှ သွားမှာ"

"အို... အော်လိုက်လို့ သူက ကျွန်မတို့ကို ဓားနဲ့ ထိုးသွားရင် ဘယ့်နှယ့်လုပ်မလဲ"

"ခုချိန်ဆို သူလိုချင်တဲ့ ပစ္စည်းတွေ လျှောက်ယူနေပြီနဲ့ တူတယ်၊ ဒုက္ခပါပဲ"

"ကျွန်မတို့ ဓာတ်ဘူးလေး သူယူသွားပြီ"

"ဘာ.... တကယ်လား"

ရေနွေးကြမ်း အင်မတန်ကြိုက်တဲ့ ဦးအောင် လှုပ်လှုပ်ရှားရှားဖြစ်သွားရာက ရုတ်တရက်..

"ရေနွေးကြမ်း ဓာတ်ဘူးလေးတော့ ပြန်ပေးခဲ့ပါဗျို့.... ကျွန်တော်တို့မှာ ဒီ တစ်လုံးတည်း..."

"ဦးအောင်"

ဂန္ဓီက ဦးအောင် ပါးစပ်ဆီသို့ စမ်းပိတ်လိုက်တုန်း အပျိုကြီး မမကြင်ရဲ့ ချောင်းဟန့်သံ ကြားရတယ်။ ပြီးတော့ တစ်ပြိုင်နက် တွန်လိုက်ကြတဲ့ ကြက်တွန်

သံတွေ။

“ယူသွားပါပြီ ဦးအောင်ရယ်၊ ဒါ... လင်းကြက်တွေ တွန်တာ၊ ကျွန်မတို့ ခေတ်ဘူးလေး သူ့ဆီ ပါသွားပြီ”

ဂန္ဒီအသံက ဝမ်းနည်းပက်လက်နဲ့ တိမ်ဝင်သွားတယ်။ ထုံးစံအတိုင်း ဂန္ဒီ ငို တော့မယ်။

https://t.me/mmebooks

# အပိုင်း (၃)

ဝင်းလက်စူးရှနေတဲ့ မနက်ခင်း နေရောင်ခြည်အောက်မှာ ဂန္ဒီတို့ မမြင် အိမ်ရာကွက်လပ်ရဲ့ မီးဖိုမီးခိုးငွေ့ တန်းလေးတွေ တလူလူ တက်နေတယ်။

မီးသွေးမီးဖိုလေးထဲကို တစမ်းစမ်းနဲ့ ထင်းရှူးဆီချောင်းလေးတွေ မီးရှို့ မီးမွှေးနေတဲ့ မညိုစိမ့်ရဲ့ မီးခိုးငွေ့ တန်း။ အလုပ်ရုံအစွန် မြေကွက်လပ်မှာ အုတ်ခဲ ဖိုခနောက်နဲ့ ရရာ ထင်းချောင်းတွေကို မီးမွှေးနေတဲ့ ဂန္ဒီရဲ့ မီးခိုးငွေ့တန်း။ ကိုဆန်း မောင်မိန်းမ မပိုရဲ့ ထင်းမီးဖိုမှာ အငွေ့ တလူလူ ဆူပွက်နေတဲ့ ရေနွေးအိုးရဲ့ မီးခိုး ငွေ့တန်း။

မမြင် အိမ်ရှင်မတွေ ကွက်လပ်ရဲ့ နေရာအသီးသီး မြေကြီးပေါ်က မမြင် အိမ်ရှင်မတွေရဲ့ မီးဖိုမီးခိုးငွေ့ တန်းတွေ။ မီးခိုးငွေ့တန်းတွေကြားမှာ ဘလိုင်းကိုင် ဇာဖိုးကျော်ရဲ့ ဂစ်တာသံ ရိုက်ခတ် လွင့်ပျံ့လို့နေတယ်။

“ဟောဒီ ကောင်လေး ဖိုးကျော်ဟာလေ မနက်လင်းတာနဲ့ ဂစ်တာကို ကိုင် ပြီ။ သူများတွေ စိတ်ညစ်နေပါတယ်ဆိုမှ၊ ဂန္ဒီရေ ... ”

အပျိုကြီး မမကြင်က သူ့ထုံးစံအတိုင်း ပါးစပ်က ဗျစ်တောက် ဗျစ်တောက် လုပ်ရင်း ဂန္ဒီနားကို တောင်ဝှေးလေးတစ်ချောင်းနဲ့ စမ်းရောက်လာတယ်။

“ဂန္ဒီလေး၊ ငါ့ကိုလည်း ထမင်းတစ်အိုး တည်ပေးနော်၊ ဟင်းတွေတော့ရှိ တယ်၊ ဒီပြောင်းခါနီးလေ မောင်လေးတို့ လာပို့သွားတာ၊ စားခါနီး ကလေးအတွက် ဟင်းလာယူ၊ ကြားလား”

“ဟုတ်ကဲ့”

ဂန္ဒီ ဟုတ်ကဲ့သံက စိတ်မပါလက်မပါ။

“နေပါဦး ညည်းက ခတ်ဘူး၊ ငါက သောက်ရေခွက်နဲ့ ဖလား၊ မညိုစိမ့်တို့ ကကော”

“ဒန်အိုးတစ်အိုး ပြောတာပဲ”

မမကြင်က ဂန္ဒီနားမှာ စမ်းပြီး ထိုင်ချလိုက်ဟန်တူတယ်။ ဂန္ဒီနှာခေါင်းထဲမှာ သနပ်ခါးနံ့ သင်းသင်းလေးကို ရတယ်။ ရေမွှေးနံ့လည်း ရတယ်။ အပျိုကြီးတို့ ကတော့ အနံ့မပြယ်ပါပဲလား။ အေးပေါ့လေ၊ အပျိုကြီးက ပိုက်ဆံရှိတာကိုး။ နေ နိုင်တာပေါ့။ သူ့မှာ အလုပ်ရုံကရတဲ့ လခတစ်ရာ့နှစ်ဆယ်အပြင် အပြင်မှာနေတဲ့ သူ့မောင်တွေက တစ်ခါလာရင် ငွေတစ်ရာ၊ နှစ်ရာ အမြဲပေးသွားကြတာ။ သူ့မှာ ပိုလျှံနေလို့ ငွေတိုးတောင် ချေးစားလို့ ရသေးတယ်။

ဂန္ဓီတို့၊ မညိုစိမ့်တို့၊ မပိုတို့ဟာ သူ့ဖောက်သည်တွေပေါ့။ မမကြင် ကြွေးကင်းတဲ့လူက ရှားသားပဲ။

"ဒီနေ့ညတော့ မပူပါနဲ့အေ၊ ငါ့မောင်တစ်ယောက်နဲ့ ငါ့တူမလေး တစ်ယောက် ဒီနေ့လာကြမယ် ပြောတယ်။ မညိုစိမ့်ကလေးတွေ "ခေါင်းတွဲ"တို့ မောင်နှမသုံးယောက်လည်း ဒီနေ့ရောက်ကြမယ်ဆို သူ့အမျိုးတွေဆီက၊ မညိုစိမ့်ရေ... ဟုတ်လား၊ ဒီနေ့ ကလေးတွေ ပြန်ရောက်မလား"

အပျိုကြီးမမကြင်က နေကာမျက်မှန်အမည်းလေး တပင့်ပင့်နဲ့ လှမ်းမေးတယ်။ ထမင်းအိုးကို ယောက်မနဲ့ စမ်းမွှေနေတဲ့ မညိုစိမ့်က နားစွင့်တယ်။

"ရှန် မမကြင်လား၊ ကလေးတွေ ဒီနေ့ ပြန်လာကြမယ် ပြောတာပဲ။ ကျွန်မကတော့ ပြန်မလာစေချင်သေးဘူး။ ဒီမှာ စားရေး သောက်တာရော နေရာထိုင်ခင်းရော ကောင်းတာလည်း မဟုတ်နဲ့"

"အိုအေ.. ပြန်လာပါစေ၊ တို့ဆီမှာ ညည်းသား ခေါင်းတွဲမရှိရင် ဘာမှအလုပ်ဖြစ်တာ မဟုတ်ဘူး"

"ဟုတ်တယ်၊ ညကသာ ခေါင်းတွဲရှိရင် ကျွန်မ အေဲမှာ"

ဂန္ဓီက ထောက်ခံရင်း ခါတ်ဘူးလေးကို သတိရမိပြန်တယ်။ မညိုစိမ့်သား၊ ဂန္ဓီတို့အားလုံးက ခေါင်းတွဲလေးလို့ ခေါ်တဲ့ လင်းလင်းကိုလည်း သတိရမိတယ်။ အင်မတန်အားကိုးရတဲ့ ကလေးလေး။ လင်းလင်းက မျက်စိမြင်တယ်လေ။ သူ့အောက် နှစ်ယောက်ကလည်း မြင်တယ်။

လင်းလင်းက ဆယ့်သုံးနှစ်ရှိပြီဆိုတော့ သွားတတ်လာတတ်၊ ဝယ်တတ်ခြမ်းတတ်နေပြီ။ ပြောတတ်ဆိုတတ်တာကလည်း အလွန်။ မျက်မမြင်ကျောင်းမှာကတည်းက ဂန္ဓီတို့တစ်တွေအားလုံး သွားချင်တဲ့ နေရာကို သူက မညည်းမညူလိုက်ပို့တတ်တယ်။ သူက ဂန္ဓီတို့ရဲ့ ခေါင်းတွဲလေးပေါ့။ သူက ရှေ့က၊ ဂန္ဓီတို့က နောက်က သူ့ကိုတွဲပြီး လိုက်ကြရတယ်။

"ခေါင်းတွဲ ဒီနှစ် ခြောက်တန်းနေဲ မညိုစိမ့်"

"ဟုတ်တယ်၊ ဒါပေမဲ့ ဆက်ထားဖို့ မကျိန်းသေပါဘူး ဂန္ဓီရယ်။ အမျိုးတွေကလည်း ထားမပေးနိုင်ဘူးတဲ့။ အငယ်နှစ်ယောက်တော့ ကြံဖန်ဆက်ထားမယ်။ ခေါင်းတွဲတော့ နုတ်လိုက်တော့မယ် စိတ်ကူးတယ်"

ခေါင်းတွဲလေးက စာသိပ်တော်တာနေဲ။ တစ်နှစ်တစ်တန်း မကျရှာဘူး။ ဂန္ဓီတို့ကျောင်းကနေ မမြင်ဘဝနဲ့ ဘွဲ့ ရသွားတဲ့သူတွေတောင် ရှိသေးတာ။ ခေါင်းတွဲက မျက်စိမြင်တာပဲ။ ကျောင်းဆက်ထားနိုင်ရင် အဲ့ဒီလူတွေထက်တောင် ဘွဲ့တွေ ပိုရလိမ့်ရဦးမယ်။

ဂန္ဓီသွားလေးလည်း ခေါင်းတွဲလို စာတော်ပါ့မလား။ စာတော်ပြန်ပေမဲ့လည်း ဂန္ဓီတို့က ကျောင်းထားနိုင်ဦးမှပါ။ အို... ဒီထက် အရေးကြီးတာက သားလေး မျက်စိခဏခဏ နာတတ်နေတာ ရှင်းရှင်းကြီး ပျောက်ဖို့ပါပဲ။

ဖအေရော၊ မအေရော မွေးကတည်းက မမြင်တာဆိုရင်တော့ သားသမီးပါ မမြင်ဖြစ်တတ်တယ်တဲ့။ ဂန္ဓီမွေးကတည်းက မမြင်တာပေမဲ့ ဦးအောင်က ဟုတ်မှ မဟုတ်ဘဲ။ ဆယ်နှစ်သားကျမှ မမြင် ဖြစ်ရတာ။

ဦးအောင်က ဂန္ဓီထက်တော့ ကံကောင်းပါတယ်။ ဆယ်နှစ်တိတိ ကမ္ဘာ လောကကြီးဆိုတာကို တွေ့ဖူးမြင်ဖူးခွင့် ရခဲ့သေးတယ်လေ။

လူဆိုတာ ဦးအောင် တွေ့ဖူးတယ်။ အဖေဆိုတာ ဦးအောင် တွေ့ဖူးတယ်။ အမေဆိုတာ ဦးအောင် တွေ့ဖူးတယ်။ သစ်ပင်တွေ၊ ဝက်ကလေးတွေ၊ နွားတို့ ခွေး တို့ကိုလည်း ဦးအောင် တွေ့ဖူးတာပဲ။ မီးရထားတို့၊ ကားတို့၊ လေယာဉ်ပျံတို့ ဆို တာတွေကိုသာ ဦးအောင် မမြင်ဖူးခဲ့တာ။

ဦးအောင်တို့ရွာက အင်မတန် ချောင်ကျလှတဲ့ မြေလတ်ပိုင်းက ရွာကလေး တစ်ရွာလေ။ ရွာနာမည်ကလည်း သိပ်ရယ်စရာကောင်းတာပဲ။ ဒယ်အိုးရွာ” တဲ့။ ဦးအောင်ပြောတုန်းက ဂန္ဓီဖြင့် ရယ်လိုက်တာ။ ဆရာမက ဆူခံထိတဲ့ထိ။ အားကစားကွင်းထဲမှာလေ။ ကျောင်းနှစ်ပတ်လည် အားကစားပွဲ အတွက် လေ့ကျင့်နေရင်းနဲ့ပေါ့။ ဂန္ဓီ မှတ်မိပါတယ်။

* * *

“နင်က သံလုံးပစ်ပြိုင်မယ်၊ ဟုတ်လား ဂန္ဓီ”

“ဟုတ်တယ်”

“ဖြစ်ပါ့မလားဟာ၊ ငါ့တော့ နင်နိုင်မယ် မထင်ပါဘူး”

“အမယ်... ဘာဖြစ်လို့ မနိုင်ရမှာလဲ၊ ဆရာမက ကျွန်မ ပစ်တာ သိပ်ကောင်း တာတဲ့”

“နင်က ပိန်ပိန်လေးပဲ၊ အားမှ မရှိတာ”

“ဟား ဟား ရယ်ရတယ်ဟေ့၊ ရယ်ရတယ်”

အဲဒီမှာ ပထမဦးဆုံး အကြိမ်အနေနဲ့ ဂန္ဓီ တအား အော်ရယ်မိတယ်။ ဆယ့် ခြောက်နှစ်မ အပျိုပေါက် ဂန္ဓီ အတောမသတ်နိုင်အောင် တခစ်ခစ် ဖြစ်နေပြီးမှ....

“ဦးအောင်ဖြင့် မမြင်ရဘဲနဲ့၊ လူကိုများ ပိန်ပိန်လေးတဲ့”

“အို.. ငါ သိတာပေါ့၊ နင့်အသံက သေးသေးစူးစူးလေး ဥစ္စာ၊ လူကလည်း ပိန်ပိန်လေးပဲ နေမှာ၊ နင် ငယ်ငယ်တုန်းကလည်း ပိန်ပိန်လေးပဲလေ၊ နင် ကျောင်းကို ရောက်လာတုန်းက ဆရာမတွေ ပြောတာ ငါ ကြားဖူးသားပဲ၊ ခု ရောက်လာတဲ့ ကောင်မလေးက ပိန်လိုက်တာတဲ့”

“ဟင်... ဦးအောင် မှတ်မိတယ်”

“မှတ်မိတာပေါ့၊ နင် ရောက်လာတာ ရှစ်နှစ်သမီးမှာလေ”

ကြည့်စမ်း။ အပျိုပေါက် ဂန္ဒီ ရင်ထဲမှာ တစ်မျိုးပဲ ခံစားလိုက်ရတယ်။ သူက ဂန္ဒီကို ကောင်းကောင်း မှတ်မိနေတာပဲ။ ဂန္ဒီကတော့ ဘာသိဘာသာပဲ။

ဂန္ဒီ ကျောင်းရောက်လာတဲ့အချိန်မှာ ဦးအောင်တို့က ကျောင်းသားကြီးတွေ ဖြစ်နေပြီလေ။ ဦးအောင် နာမည်နဲ့အသံကိုတော့ စာသင်ခန်းထဲမှာ ခဏခဏ ကြားဖူးတာပေါ့။ ဆယ်နှစ်သားထိ စာသင်ခဲ့ဖူးတဲ့ ဦးအောင်က 'မမြင်စာ' သင်တဲ့ အခါမှာ မြန်မြန်တတ်လွယ်ပြီး စာတော်တော့ သိတာပေါ့။

ဦးအောင်ကို မမြင်စာ မူလတန်း အောင်ပြီးရင် အပြင်ကျောင်းမှာ ကျောင်းနေဖို့တောင် ပြောကြသေးတယ်။ ဒီလိုပဲ ကျောင်းက မမြင်စာ မူလတန်းအောင်ပြီး အပြင်ကျောင်းမှာ ငါးတန်းက စနေပြီး ဘွဲ့ ရသွားတဲ့လူတွေတောင် ရှိတာကိုး။

အပြင်ကျောင်းက စာကို မမြင်စာ ရေးနည်းနဲ့ပဲ လိုက်လို့ရတယ်လေ။ စာမေးပွဲ ဖြေတဲ့အခါကျရင်တော့ ကျောင်းက စာရေးငှားပေးတယ်။ ကိုယ်က ပြောပြ၊ အဲဒီစာရေးက လိုက်ရေးပေးပေါ့၊ ဒါပေမဲ့ အဲဒီစာရေးနဲ့ မတိုင်ပင်ရဘူး။ တိုင်ပင်လို့ မရအောင် ဆယ်တန်းစာဖြေမယ်ဆိုရင် ကိုးတန်းအဆင့် စာရေး ငှားပေးတယ်။ ကိုးတန်းဖြေမယ် ဆိုရင် ရှစ်တန်းအဆင့် စာရေးငှားပေးတယ်။

စာတော်ပေမယ့် ဦးအောင် အပြင်ကျောင်း မတက်ဖြစ်ဘူး။ ဆယ့်ရှစ်နှစ်ပြည့်ပြီး အသက်မွေးသင်တန်းလည်း ပြီးရော၊ ကျောင်းကုန်ထုတ် သမ အသင်းမှာ အလုပ်ဝင်သွားတယ်။ ဂန္ဒီတို့နဲ့ အနေဝေးသွားတာပေါ့။ အဲဒီအချိန်မှာ ဂန္ဒီက မမြင်စာ အသည်းအသန် စသင်နေရတုန်း။

ဂန္ဒီလည်း မမြင်စာ မူလတန်းတော့ အောင်ပါတယ်။ မမြင်စာ ရေးတတ်၊ ဖတ်တတ်ပါတယ်။ ဒါပေမဲ့ ဂန္ဒီက စာဖျင်းပါတယ်။ စာသင်ရတာထက် အလှပြင်ရတာကို ပိုကြိုက်တယ်။ ဆံပင် ခဏခဏ ကောက်ချင်တယ်။ ကျောင်းက ဂန္ဒီတို့ကို ထမင်းဟင်းချက်ကျွေးတဲ့ မျက်စိမြင်တဲ့ အဒေါ်ကြီးက ဂန္ဒီက လှတယ်တဲ့။ ဆံပင်ကောက်လေးနဲ့ လိုက်တယ်လို့ ပြောတာကိုး။ သူတို့က ပြောတယ်လေ၊ ဂန္ဒီက အသားဖြူဖြူ မျက်နှာလုံးလုံးလေးနဲ့၊ သွားကလေးတွေ သိပ်လှတာပဲတဲ့။ သွား

ကလေးတွေကို ခဏခဏ စမ်းကြည့်ရတာ အမော။ အမေ တစ်ခါခေါ်သွားပြီး ကောက်ပေးခဲ့တဲ့ ဆံပင်တွန့်တွန့်လေးတွေကိုလည်း စမ်းကြည့်ရတာ အမော။

အနေဝေးသွားလို့ ဂန္ဒီက မေ့နေခဲ့ပေမယ့် သူ့ကို မမေ့တဲ့ ဦးအောင်ကို ခဏချင်းအတွင်းမှာပဲ သူမြင်ချင်လာတယ်။ ဂန္ဒီကိုလည်း မြင်စေချင်လိုက်တာ။ ဆံပင်ကောက်ကလေးနဲ့ ဖြူဖြူလုံးလုံး သွားလှလှ ကောင်မလေးကိုလေ။

“ဦးအောင်က ဘာပြိုင်မှာလဲ”

“အပြေးနဲ့ သံလုံး”

“ဒီလိုဆို သံလုံးပစ် ကျွန်မကို သင်ပေးလေ”

"အေး…အေး"

“ဦးအောင်က ဘယ်အရပ်ကလဲဟင်”

“မြေလတ်ဘက်က ရွာကလေးတစ်ရွာပါ၊ သိပ်ချောင်ကျတာ”

“ဘာရွာတဲ့လဲ”

“ဒယ်အိုးရွာ”

“ဒယ်အိုးရွာ ဟုတ်လား၊ ဟား.. ဟား”

ဒုတိယအကြိမ် ဂန္ဒီ အော်ရယ်မိတဲ့အခါမှာတော့ ခပ်လှမ်းလှမ်း မှာ ရပ်ကြည့်နေတဲ့ ဆရာမ အော်တော့တာပဲ။

“ဂန္ဒီ… ဘာဖြစ်လို့ ဒါလောက် အော်ရယ်နေရတာလဲ။ နင် သံလုံး ပစ်တာ ငါ တစ်ခါမှ မတွေ့သေးဘူး၊ စကားပဲ ပြောနေတာ တွေ့တယ်။ မောင်အောင်လည်း ကိုယ့်ဘာသာ ကိုယ် လေ့ကျင့်၊ ဟိုဘက်မှာ ယောက်ျားလေးတွေ ရှိတယ်၊ အဲဒီကို သွား”

ဂန္ဒီတို့ဆရာမက ကရင် စပ်တယ်။ ဂန္ဒီတို့အပေါ်မှာလည်း စေတနာကောင်းပါတယ်။ ပြီးတော့ ကျောင်းမှာ မမြင်ကျောင်းသား ကျောင်းသူအချင်းချင်း ရည်းစားဖြစ်ကြမှာကိုလည်း အင်မတန် စိုးရိမ်တယ်။

ဆရာမက အမြဲပြောတယ်၊ နင်တို့ဘဝတွေနဲ့ ဒီခေတ်ကြီးထဲမှာ ဒုက္ခမရှာကြ စမ်းပါနဲ့တဲ့။ ဂန္ဒီနဲ့ အိပ်ရာချင်း ကပ်အိပ်ရတဲ့ အပျိုကြီးမမကြင်ကလည်း ဒီလိုပဲ ပြောတာပဲ။ ဆရာမနဲ့ မမကြင်ပြောတဲ့စကား မှန်ပါတယ်။ ဂန္ဒီ နားထောင် မှာပါ။ ဦးအောင်နဲ့ စကားပြောပြီး ရယ်မိတာက ပျော်လို့ပါ။ ဦးအောင်က ခင်စရာကောင်း လို့ပါ။

“ဦးအောင် သွားပြီလား”

ဂန္ဒီ တိုးတိုးလေး မေးကြည့်လိုက်ပေမယ့် ဦးအောင် မသွားသေးမှန်း ဂန္ဒီသိတာပေါ့။ ဦးအောင်ရဲ့အနံ့ကို ဂန္ဒီ ကောင်းကောင်း မှတ်မိသွားပြီလေ။ ဒါပေမဲ့လေ ဦးအောင်က ဂန္ဒီကို ဘာမှပြန်မပြောဘဲ ငြိမ်နေတယ်။

"ဦးအောင်ရှိတာ ကျွန်မ သိတယ်နော်၊ သံလုံးပစ် သင်ပေးမယ်ဆို ဦးအောင်"

ဦးအောင်က ရယ်တယ်။ ဦးအောင်ရယ်သံက နားထောင်လို့ ကောင်းတယ်နော်။

"နင် တော်တော်လည်တာပဲ၊ မျက်စိသာမြင်ရင် နင်က လူတွေကို ရောင်းစားမှာ"

ဦးအောင်က ဂန္ဒီကို တစ်ချိန်လုံး လိုက်စ, နေတယ်၊ ဦးအောင် စ,တာကိုလည်း ဂန္ဒီ သဘောကျနေမိတယ်။ သံလုံးပစ် လေ့ကျင့်ရင်း စကားတွေကို ရှာကြံပြီး အများကြီး ပြောနေမိတယ်။

"ဦးအောင်ကလည်း မွေးကတည်းက မမြင်တာလားဟင်၊ ကျွန်မလိုလေ"

"ဟင့်အင်း မဟုတ်ဘူး၊ ငါက ဆယ်နှစ်သားကျမှ လုံးလုံး ကွယ်သွားတာ၊ ရှစ်နှစ်သားမှာ မျက်လုံးတစ်လုံး စ, ပျက်တာပေါ့"

"ဦးအောင်က ကျွန်မထက် ကံကောင်းတာပေါ့၊ ဦးအောင် မျက်လုံးက ဘာဖြစ်လို့ ပျက်သွားရတာလဲ"

"ညီအစ်ကို ဝမ်းကွဲတစ်ယောက်နဲ့ ရန်ဖြစ်တာပေါ့ဟာ၊ တို့ရွာဘုန်းကြီးကျောင်းမှာ စာသင်ရင်းနဲ့ပေါ့၊ သူက ငါ့မျက်လုံးကို ကျောက်တံနဲ့ ထိုးပစ်လိုက်တာ၊ ငါကလည်း သူ့ကို ကျောက်သင်ပုန်းနဲ့ ခုတ်လိုက်တော့ ခေါင်းကွဲသွားတယ်"

"ဦးအောင်မျက်လုံးကြီး ပေါက်သွားရောလား"

"ပေါက်တော့ မပေါက်ဘူးဟ၊ တအားနာနေပြီး မျက်လုံးကြီးက လောက်စာလုံးကြီး တင်ထားသလို ရောင်ကိုင်းလာတာပေါ့"

"လောက်စာလုံးကြီးဆိုတာ ဘာလဲ"

"ရွံ့စေးနဲ့လုပ်တဲ့ အလုံးဝိုင်းဝိုင်းကိုပြောတာ၊ လေးခွပစ်ဖို့ သုံးတာပေါ့၊ ငါတို့ နွားကျောင်းသားတွေမှာ လောက်စာနဲ့လေးခွ အမြဲပါတယ်၊ နွားကျောင်းရင်း ဟိုပစ်ဒီပစ် ပစ်တာပဲ"

"ဦးအောင်က နွားကျောင်းသားလား"

"အေးပေါ့၊ ငါတို့တောမှာ ကိုယ့်အိမ်က နွား ကိုယ်ကျောင်းရတာပဲ"

"နောက်ကျ ဦးအောင်မျက်လုံးက ဘယ်လိုဖြစ်သွားလဲ"

"နောက်ကျ မျက်လုံးကို အရောင်ကြီးနဲ့ပဲ ငါ့အဖေအမေတွေက ဆေးမြီးတိုတွေ လျှောက်လိမ်း၊ လျှောက်ထည့်ပေးတယ်။ ဆေးရုံတွေ ဘာတွေလည်း သွားရကောင်းမှန်း မသိပါဘူးဟာ၊ တဖြည်းဖြည်းနဲ့ မျက်လုံးက အရောင်လျော့ပြီး မျက်လုံးအိမ်က ပိန်ဝင်သွားတယ်။ မျက်ရည်တွေလည်း ခဏခဏ ကျတယ်၊ အဲဒါနဲ့ပဲ မျက်လုံးတစ်ဖက်က လုံးလုံး မမြင်ရတော့ဘူး"

"နောက်တစ်ဖက်ကို ကူးတာကျတော့လည်း သိပ်မြန်တာပဲဟ၊ ခြောက်လလောက်ပဲ ကြာမယ်၊ ကျန်တဲ့တစ်ဖက်က မျက်စိ ခဏခဏ ကျိန်းပြီး မှုန်လာတယ်၊ မျက်ရည်တွေလည်း ကျပေါ့၊ ဒါနဲ့ ငါတို့အိမ်က စာတွေ ဖတ်ရလို့များလားဆိုပြီး ကျောင်းမနေခိုင်းတော့ဘူး၊ စာလည်း ရေးတတ် ဖတ်တတ်နေပြီလေ ဆိုပြီး ကျောင်းနုတ်လိုက်တယ်"

"ကျောင်းက ထွက်ပြီး အိမ်နွားတွေ ငါ ကျောင်းရတယ်၊ နွားကျောင်းရင်းနဲ့ မျက်လုံးက တဖြည်းဖြည်း ဆိုးလာတာ၊ မတိုက်သင့်တာတွေ ဟိုဝင်တိုက် ဒီဝင်တိုက် ဖြစ်လာတယ်၊ နွားတွေ ဟိုထဲဒီထဲ ဝင်ရင်လည်း မမြင်တော့ဘူး၊ အဲဒီကျမှ အိမ်က မဖြစ်တော့ဘူးဆိုပြီး နွားတစ်ကောင် ရောင်းပြီး မြို့ဆေးရုံကို လာတာ"

"ဒီရန်ကုန်ကိုလား"

"အေးပေါ့၊ ဆေးရုံမှာ တစ်နှစ်တောင်ကြာတယ်၊ မျက်လုံး ခွဲရတယ်။ ဒါပေမဲ့ မရတော့ဘူးပေါ့ဟာ။ ငါ ဒီကျောင်းကို ရောက်တဲ့အချိန်မှာ လုံးလုံး ကွယ်နေပြီ၊ ဘာမှ မမြင်တော့ဘူး"

"ဦးအောင်က ဆေးရုံကနေ ဒီကို တန်းလာတာပေါ့"

"ဟုတ်တယ်၊ ငါ့မျက်စိ မရတော့ဘူးဆိုတာ သိကတည်းက ဆရာဝန်ကြီးက ပြောတာ၊ မျက်မမြင်ကျောင်းကို သွားပို့၊ ပိုက်ဆံပေးစရာ မလိုဘူး၊ ထမင်းကျွေးမယ်၊ အဝတ်ဆင်မယ်၊ သုံးဖို့စွဲဖို့ အိမ်က နည်းနည်းပါးပါး ထောက်ရမယ်ပေါ့။ အသက်မွေးဝမ်းကျောင်းပညာလည်း တတ်မယ်၊ မျက်မမြင်စာလည်း တတ်မယ်။ အသက်ဆယ့်ရှစ်နှစ်အထိ ကျောင်းမှာနေလို့ရတယ်၊ အစုံပဲ ပြောပြတယ်။ ငါ့အမေက မထားခဲ့ချင်ဘူး၊ ငါလည်း မနေချင်ပါဘူး၊ ဒါပေမဲ့ ငါ့အစ်ကိုကြီး အမေ့ကို ပြောတာ ငါကြားလိုက်ကတည်းက အိမ်ပြန်မလိုက်ချင်တော့ဘူး၊ ဒီကောင့်ကို အိမ်ပြန်မခေါ်ပါနဲ့ အမေ၊ ဒီကောင် အကန်းဖြစ်သွားပြီ၊ ရှက်စရာကြီးတဲ့။ ငါပြန်မလိုက်ပါဘူး၊ ဒါကြောင့် ဆယ့်ရှစ်နှစ်ပြည့်တာနဲ့ ကျောင်းမှာ အလုပ်ဝင်ပြီး အိမ်ကို ဘယ်တော့မှ မပြန်ရအောင် လုပ်လိုက်တာပေါ့"

"ဦးအောင်အိမ်က လိုက်မလာဘူးလား"

"မလာဘူး"

ဦးအောင် သနားပါတယ်နော်။ ဂန္ဒီ အမေကတော့ ဦးအောင်တို့အမေလို မဟုတ်လို့ တော်သေးတာပေါ့။ အမေက ဂန္ဒီကို သိပ်ချစ်တာ။ တစ်ပတ်တစ်ခါ ကျောင်းကို လာတယ်။ မုန့်တွေလည်း ဝယ်လာတယ်။ ဒါပေမဲ့ ဂန္ဒီရှင်ထဲမှာ အမြဲတမ်းရှိနေတဲ့ အားငယ်စိတ်ကတော့ ဘယ်တော့မှ ပျောက်မသွားပါဘူး။ သူများတွေလို မဟုတ်ဘူးဆိုတဲ့စိတ်ရယ်၊ အမြဲ တစ်ခုခုလိုနေတဲ့ စိတ်ရယ်။ ဦးအောင်လည်း ဂန္ဒီလိုစိတ်မျိုးတွေ ရှိမှာပဲ။ သူက ယောကျ်ား ဆိုတော့ နည်းနည်းတော့ သတ္တိပိုကောင်းတာပေါ့။

“ဂန္ဒီ၊ နင် ဘယ်တော့ ကျောင်းဆင်းရမှာလဲ”

“နောက်နှစ်နှစ်နေရင်ပေါ့။ အခု ကျွန်မ ဆယ့်ခြောက်နှစ်လေ”

“နင် အိမ်ပြန်နေမှာပေါ့၊ အလုပ်မဝင်ဘူးလား”

“ရရင်တော့ ဝင်မှာပေါ့၊ အမေကတော့ မဝင်စေချင်ဘူး၊ အိမ်ပဲ ပြန်နေရမယ် တဲ့၊ ကျွန်မကတော့ မပြန်ချင်ပါဘူး၊ အိမ်မှာ ကျွန်မအစ်မက အိမ်ထောင်ကျပြီ၊ သူ့ ယောကျ်ားနဲ့ ဘာနဲ့ ကျွန်မ မနေချင်ဘူး၊ ကျွန်မ အစ်မအနေနဲ့လည်း ရှက်ချင် ရှက်မှာပေါ့၊ ဦးအောင် အစ်ကိုလိုလေ”

“အင်း..."

" ဦးအောင်က ကိုယ့်ရုပ် ကိုယ်မြင်ဖူးမှာပေါ့နော်”

“အေးပေါ့”

“ဘယ်လိုနေလဲဦးအောင်၊ လှလား”

“ဟာ.. နင်ကလည်း၊ ဘယ်သိမလဲ၊ သိပ်လည်း မမှတ်မိတော့ပါဘူး၊ ငယ်ငယ်လေးက ဥစ္စာ၊ နင် တော်တော် အမေးအမြန်းထူတာပဲ ဂန္ဒီ၊ နင့်အမေကိုလည်း ဒီလိုပဲ မေးနေတာပဲလား”

“မေးတာပေါ့၊ ငယ်ငယ်လေးတုန်းကဆို သိချင်တာတွေ အမေ့ကို အကုန်မေးတာပဲ၊ ကျွန်မ ငယ်ငယ်တုန်းကလေ... အမေ ခဏခဏ ပြောတဲ့ စကားတစ်ခု ရှိတယ်၊ 'ပြုံးတယ်'ဆိုတဲ့ စကား၊ အမေ ဆေးရုံက ပြန်လာရင် ဘယ်ဆရာဝန်ကြီးက ဘယ်လို သဘောကောင်းတာ၊ ပြုံးနေတာပဲတို့၊ ဆရာမလေးမျက်နှာက အမြဲပြုံးနေတာတို့၊ ဘယ်လူနာ အမျိုးသမီးလေးရဲ့ အပြုံးကဖြင့် သိပ်လှတာတို့၊ ကျွန်မ အမြဲ ကြားနေရတယ်”

“အမေ ပြုံးတယ်ဆိုတာ ဘာလဲ၊ အပြုံးဆိုတာ ဘာလဲလို့ ကျွန်မ မေးတော့ အမေက ရုတ်တရက် မဖြေဘူး၊ ပြီးတော့မှ ပြုံးတယ်ဆိုတာ ရယ်တာပေါ့ သမီး ရယ်တဲ့၊ ဒါပေမဲ့ အသံထွက်အောင် ရယ်တာ မဟုတ်ဘူးတဲ့၊ ပြီးတော့ ဖြစ်မှ ဖြစ်ရလေအေ တဲ့၊ ငါ့သမီး ညည်းလည်း စကားပြောရင် ပြုံးပြုံး ပြောတတ်တာပဲတဲ့၊

ကျွန်မလေ ကျွန်မစကားပြောရင် ပါးစပ်ကို ခဏခဏ စမ်းကြည့်မိတယ်၊ ပြုံးတဲ့လူဟာ လှသလား ဦးအောင်”

“လှတာပေါ့”

“ကျွန်မ ခု ပြုံးနေမှာပဲနော်”

ဦးအောင်က ရယ်တယ်။ ပြီးတော့ ငြိမ်သက်သွားတယ်။ ပြီးတော့မှ တိုးတိုးလေး.......

နင် ပြုံးတာကို ငါကြည့်ချင်လိုက်တာတဲ့...။

https://t.me/mmebooks

# အပိုင်း (၄)

မမြင်ရတဲ့ မီးဖိုမီးခိုးငွေ့တန်းတွေကို ငေးကြည့်ရင်း မမြင်ရတဲ့ အပြုံးကို ဂန္ဒီ အလှဆုံး ပြုံးထားတယ်။ လက်တစ်ဖက်က ယောက်မနဲ့ ထမင်းအိုးကို အဆက်မပြတ် မွှေရင်း ဒီခဏမှာ သောကဒုက္ခတွေကို ဂန္ဒီ အကုန်မေ့တယ်။ အဲဒီ အားကစားပွဲလည်း ပြီးရော ဦးအောင်က ဂန္ဒီ့ကို စာပေးတော့တာပဲလေ။

"ဟဲ့ ဂန္ဒီ နင့်ထမင်းအိုးကြီးက မငှဲ့သေးဘူးလား၊ ငါ အနံ့ရတာ ကြာလှပြီ"

အို... ဒီအပျိုကြီးကလည်း တစ်မျောင့်ပဲ။

"ငှဲ့တော့မှာပါ မကြင်ရဲ့ ၊ နည်းနည်းလိုသေးလို့"

ယောက်မပေါ်က ဆန်စေ့လေးတွေကို ဂန္ဒီ လက်နဲ့ စမ်းကြည့်တယ်၊ ပါးစပ်နဲ့ ဝါးကြည့်တယ်။ ဆန်တွေက နံ့လိုက်တာ၊ ဒါတောင် ဂန္ဒီတို့သားအမိ သားအဖ သုံးယောက်က တစ်နပ် သုံးလုံးချက်။

အင်း.. အနေတော်ပြီ၊ ငှဲ့မှပါ။ အုတ်ခဲသုံးခဲ ခုပြီး အဆင်သင့် လုပ်ထားတဲ့ ထမင်းရည် မြေအိုးလေးကို ဂန္ဒီ စမ်းကြည့်တယ်။ ပြီးတော့ ထမင်းအိုးကို ဖုံး၊ လက်နှီးနဲ့ အသာ မ,ပြီး အုတ်ခဲသုံးဆင့်ပေါ်ကို ရောက်အောင် ချလိုက်တယ်။ ချပြီး တော့မှ စောင်းငှဲ့တယ်။

ဒီသုံးလုံးချက် ထမင်းအိုးက ထမင်းရည်နဲ့ မြေအိုးလေးနဲ့က အကိုက်ပဲ။ ဦးအောင်တို့သားအဖ နှစ်ယောက်ရဲ့ မနက်ခင်း အာဟာရလေ။

“မောင်အောင်တို့ ရဲထွန်းအောင်တို့ရော ဘယ်သွားလဲ၊ အသံမကြားပါလား”

“မချိုတို့ဘက် သွားလည်ကြတယ်၊ မချိုတို့က ဒီနေ့ အိမ်စဆောက်မှာတဲ့"

“ဟုတ်လား၊ တယ်မြန်ပါလား မချိုတို့က”

“မချိုတို့မောင်နှမတစ်တွေက တောင့်တာကိုး မမကြင်ရယ်၊ မြန်နိုင်တာ ပေါ့”

“မချိုကတော့ ကံကောင်းပါတယ်၊ သားသမီးဒုက္ခလည်း သူ မပူရဘူး၊ အစ်မ လုပ်တဲ့သူက ခေါ်သွားတော့ သူ့မှာ အေးလို့၊ ကလေးလည်း သူ သိပ်မချစ်ပါဘူး၊ သူချစ်တာက ကိုထွေးပဲ”

ကြည့်လေ၊ အပျိုကြီးကတော့ ကိုယ်ချင်းမစာ ပြောလိမ့်မယ်။ ကိုယ့်ယောကျ်ားပဲ ကိုယ်ချစ်တာပေါ့။ ချစ်လို့ပဲ ဒီဘဝ ဒီအခြေအနေတွေနဲ့တောင် ယူခဲ့ကြတဲ့ဥစ္စာ။

မချို သူ့ ကိုထွေးကို ချစ်သလို ဂန္ဒီလည်း ဦးအောင်ကို ချစ်တာပေါ့။ ဒါကြောင့် စွန့်စားခဲ့တာပေါ့။ အမေ သဘောမတူတဲ့ကြားက၊ အတင်းအကျပ်တားဆီးထားတဲ့ကြားထဲက ဦးအောင်ကို ကြိုက်ပစ်လိုက်တာပေါ့။

ဦးအောင်က စာနှစ်စောင်ပဲ ပေးရသေးတယ်။ ပြန်ကြိုက်လိုက်တာပဲ။ စာကို ဦးအောင်က ထမင်းချက်မိန်းမကြီးကို ပေးခိုင်းတာ။ အဲဒီ အဒေါ်ကြီးကလည်း ဂန္ဒီနဲ့ဦးအောင်ကို ခင်လို့သာ၊ ဆရာ ဆရာမတွေ သိရင် သူ ပြဿနာတက်မှာ။

ဦးအောင်စာက မျက်မမြင်စာနဲ့ ရေးထားတာပေါ့။ ဦးအောင်က ပေးတယ်ဆိုကတည်းက ရည်းစားစာမှန်း ဂန္ဒီသိပါတယ်။ ဂန္ဒီက စာလည်းဖျင်း၊ ဖတ်ဖို့ နေရာကလည်း မလွယ်နဲ့ မဖတ်ဘဲနေလို့တော့ရတယ်။ ဒါပေမဲ့ စာကို ဂန္ဒီ ဖတ်ချင်တယ်။ ဦးအောင် ဘာတွေ ရေးထားသလဲဆိုတာ ဂန္ဒီ သိချင်တာပေါ့။ သိပ်သိချင်တာပေါ့။ မျက်စိမြင်တဲ့သူတွေဆို ရည်းစားစာကို အိမ်သာထဲမှာ ခိုးဖတ်သတဲ့။

ဂန္ဒီတို့ မျက်မမြင်စာက အိမ်သာထဲမှာ ခိုးဖတ်လို့မှ မရတာ။ စာရွက်ကို သေချာဖြန့်တင်ပြီး စာရွက်ပေါ်က အဖုလေးတွေကို စမ်း ဖတ်ရတာ။ ဂန္ဒီလို စာဖျင်းတဲ့သူဆို စိမ်ပြေနပြေ အကြာကြီး စမ်းရတာပေါ့။

ဂန္ဒီတို့ မျက်မမြင်စာက သီးသန့်စာရွက်နဲ့မှ ရေးလို့ရတာ၊ သီးသန့်စာရွက်ကို စာရေးဘောင်မှာ ကလစ်နဲ့ ထိန်းထားတယ်။ ဂန္ဒီတို့က မျဉ်းတံလို့ခေါ်တဲ့ သင်္ကေတပေတံကြားထဲကို စာရွက် သွင်းရတယ်။ မျဉ်းတံမှာ အပေါက်လေးတွေပါတယ်။ မျဉ်းတံတစ်ခုမှာ မျဉ်းကြောင်းလေးကြောင်းပါတယ်။ မျဉ်းကြောင်းတစ်ကြောင်းမှာ အပေါက်အကွက်လေး ၃၇ ကွက် ပါတယ်။ အဲဒီ အကွက်အပေါက်လေးတွေ ကြားထဲကို ထောက်စူးလေးနဲ့ ထောက်ပြီး ရေးရတာ။

လေးကြောင်း ရေးပြီးရင် မျဉ်းတံကို စာရွက်အောက်ဘက် ရွှေ့ ပြီး နောက်ထပ် ရေးလို့ရတယ်။ အပေါက်လေးတွေထဲကို ထောက်စူးနဲ့ ထောက်ရေးပြီး စာရွက်ကို ပြောင်းပြန်လှန်ရတယ်။ တစ်ဖက်မှာ ထောက်စူးရာ အဖုလေးတွေ ဖြစ်လာတယ်။

အဲဒီအဖုလေးတွေကို လက်ညှိုးနှစ်ဖက်နဲ့ပဲ စမ်းဖတ်ရတယ်။ လက်ညှိုးဟာ လက်ချောင်းအားလုံးထဲမှာ ခံစားမှုကို အသိဆုံးမို့လို့တဲ့။ လက်ညှိုးမှာတောင်မှ လက်ညှိုးရဲ့ ပထမအဆစ်ဟာ ခံစားမှု အသိဆုံးတဲ့။ ဒါကြောင့် ဂန္ဒီတို့ စသင်ရတဲ့ အခြေခံအပေါက်ကလေး ခြောက်ပေါက်ကို လက်ညှိုးရဲ့ ပထမအဆစ်နဲ့ အံကိုက်ဖြစ်အောင် လုပ်ထားတယ်။

အပေါက်ကလေး ခြောက်ပေါက်က အပေါ်ဆုံးမှာ နှစ်ပေါက်၊ အလယ်မှာ နှစ်ပေါက်၊ အောက်မှာ နှစ်ပေါက် ဖောက်ထားတယ်။ အထက်အောက် အတန်းလေး သုံးတန်းပေါ့။ ဒီခြောက်ပေါက်ကို စမ်းတတ်ပြီဆိုမှ အက္ခရာတွေကို စသင်

တယ်။ ကကြီး၊ ခခွေးတို့ အောဘီစီတို့ပေါ့။ အက္ခရာတွေ သင်တဲ့အခါမှာ အဲဒီ အပေါက်ခြောက်ပေါက်ကိုပဲ ပုံစံအမျိုးမျိုးနဲ့ လှည့်ပြီး သင်တယ်။

အဖုကလေး ရှစ်ဖုနဲ့ ဖွဲ့စည်းထားတဲ့ ‘ချစ်’ ဆိုတဲ့ စာလုံးလေး ကို ဂန္ဓီ ခဏခဏ စမ်းဖတ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကျောင်းစာအုပ်တွေကြားမှာ ဝှက်ပြီး ဖတ်ရတဲ့ ဦးအောင်ရဲ့ စာထဲက 'ခ' ဆိုတဲ့ အဖုလေးနှစ်ဖု၊ 'စ'ဆိုတဲ့ အဖုလေး သုံးဖု၊ 'ယ ပင့်' ဆိုတဲ့ အဖုလေး နှစ်ခု၊ အသတ် ဆိုတဲ့ အဖုလေး တစ်ဖု တို့ပါတဲ့ 'ချစ်'ဆိုတဲ့ စာလုံးလေးကို ရင်တခုန်ခုန် စမ်းဖတ်ရတာလောက် အရသာမရှိခဲ့ဖူးဘူး။

ဂန္ဓီတို့ ရည်းစားသက်က လေးနှစ်၊ ကျောင်းမှာ နှစ်နှစ်။ ဂန္ဓီ အိမ်ပြန်ရောက် သွားတော့ အိမ်မှာ နှစ်နှစ်။ ရည်းစားသက် လေးနှစ်မှာ နှစ်ခါပဲ ချိန်းတွေ့ဖူးတယ်။ ကျောင်းမှာတုန်းက တစ်ခါ၊ အိမ်မှာ တစ်ခါ၊ ကျောင်းကနေ စနေ တနင်္ဂနွေကျရင် ဂန္ဓီ အမေ့ဆီ ပြန်တယ်လေ။ တနင်္ဂနွေနေ့ ကျောင်းအပြန်မှာ စောစောပြန်ပြီး ဦး အောင်နဲ့ ချိန်းတွေ့တာပေါ့။ ဦးအောင်က ကျောင်းလမ်းထိပ် ဘတ်စ်ကားမှတ်တိုင် က စောင့်နေတယ်လေ။

ဂန္ဓီက အဲဒီနေ့ အမေ့ကို လိုက်မပို့ခိုင်းဘဲ ဇွတ်ထားပစ်ခဲ့တယ်။ ကားပေါ် ထိုင်လိုက်သွားပြီး ကျောင်းမှတ်တိုင်ကျ ဂန္ဓီ ဆင်းတတ်ပါတယ်ပေါ့။ အမေက ဘတ်စ်ကား စပယ်ယာကို အထပ်ထပ် မှာလို့...။ သူ့သမီး ‘မမြင်မ’ အခြေအနေ ပျက်နေတာလည်း မရိပ်မိဘူး။ ဒီနေ့မှ ထူးထူးခြားခြား အလှပြင်ခြယ်သထားတဲ့၊ ဒီနေ့မနက်မှ ဇွတ်ပူဆာပြီး ကောက်ထားတဲ့ ဆံပင်ကောက် အသစ်ကျပ်ချွတ်နဲ့ သမီးကို ဘာမှ မရိပ်မိဘူး။

ဂန္ဓီလေ အဲဒီနေ့က တကယ့်ကို အလှတွေ လျှောက်ပြင်တာ။ ဦးအောင်စိတ် နဲ့လေ။ ဂန္ဓီအလှပြင်ထားတာတွေကို ဦးအောင် မမြင်ရဘူးဆိုတာကို ဂန္ဓီ မေ့ထား တယ်။ ဂန္ဓီ သိပ်လှချင်နေတာပဲ သိတယ်။ ဦးအောင်နဲ့ တွေ့တဲ့အခါ ဂန္ဓီ လှနေစေ ချင်တယ်။

တကယ် ဦးအောင်နဲ့ တွေ့ တော့ ဂန္ဓီ ဝမ်းနည်းလိုက်ရတာ။ ဦးအောင်က ဂ န္ဓီ ဘယ်လောက်လှနေနေ ဂန္ဓီ့ကို မမြင်ရလို့လေ...။ နောက်လည်း ဂန္ဓီကို ဘယ်တော့မှ မြင်ရမှာမဟုတ်လို့လေ...။

* * *

လေတဟူးဟူးတိုက်နေတဲ့ ဘတ်စ်ကားပြတင်းပေါက်ဘေးက အမှောင်ထု ဆီကို ငေးကြည့်ရင်း အဲဒီတုန်းက ဂန္ဓီလေ ရင်တွေ တုန်ပြီး ပျော်နေမိတာ အရမ်း ပဲ။ ဦးအောင်အသံကို ဂန္ဓီ မကြားရတာ ကြာပြီနော်။ ကားဂိတ်မှာ ဦးအောင်

တကယ်စောင့်နေမှာလား။ စောင့်မနေရင်တော့ အပြဲတဲပဲသာ မှတ်။ ဒီမှာ အမေ့ကို အတင်းပြောပြီး ဆံပင်အသစ် ကောက်လာရတာ။ အစ်မရဲ့ နှုတ်ခမ်းနီကိုလည်း အ ဆဲအဆိုခံပြီး ဆိုးခဲ့ရသေးတာ။ နီတယ်ဆိုတာ ဂန္ဓီ ဘာမှန်းလည်း မသိပါဘူး။ ဂန္ဓီ သိတာက လှချင်တာပေါ့။

ဂန္ဓီငယ်ငယ်တုန်းကတော့ အမေ့ကို မေးဖူးတယ်။ ဆေးရုံက အကြောင်း တွေ အမေပြောရင်း ခဏခဏ ပါလာတဲ့ စကားတစ်ခုက 'သွေး'ဆိုတဲ့ စကား။ သွေးတွေ မြင်မကောင်းဘူးတဲ့။ သွေးတွေ သွန်လို့တဲ့။ သွေးတွေကို ရဲနေတာပဲတဲ့။

အမေ သွေးဆိုတာ ဘာလဲလို့ ဂန္ဓီ မေးတော့ သွေးဆိုတာ အနီရောင်အရည် တွေတဲ့။ လူ့ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုခုကို ထိမိရင် သွေးဆိုတာ ထွက်တယ်။ ညည်း ဟိုတစ်ခါ ဓားနဲ့ လက်ကို ခိုက်မိတုန်းက သွေးထွက်တယ်လေတဲ့။

အနီရောင်ဆိုတာ ဘာလဲဆိုတာကိုတော့ အမေ ရှင်းမပြတတ်တော့ဘူး။

ပြီးတော့ အမေ ဂန္ဓီတို့မောင်နှမတွေကို စိတ်ဆိုးရင် ပြောတတ်တဲ့ ငါ့မယ် နင်တို့လုပ်ကျွေးရတာ သူတစ်ပါးသွေးပေါ်တဲ့ အဝတ်တွေကိုတောင် မရွံ့မရှာ လျှော်ရတယ်။ ရိုးရိုးအဝတ်က တစ်မတ်၊ အဲဒါက ငါးမူးဆိုတော့ ပိုက်ဆံပိုရပြီး နင် တို့ ပိုပြီး စားနိုင်သောက်နိုင်လို့ဟဲ့တဲ့။ အမေ ဘာလဲလို့ ဂန္ဓီမေးရင်တော့ ညည်း ကြီးလာရင် သိလိမ့်မယ်တဲ့။

* * *

ဂန္ဓီ အခု သိပါပြီ။ အမေ့ကိုလည်း သိပ်သနားမိတာပဲ။ ဒါပေမဲ့ အမေ အဲလို ရှာဖွေထားတဲ့ ပိုက်ဆံနဲ့ အခုပဲ ရည်းစားအတွက် ဂန္ဓီ ဆံပင်ကောက်ခဲ့တယ်နော်၊ အဲဒါ ဦးအောင်ကြောင့်ပေါ့ သိရဲ့လား။

အရေးထဲ လေကလည်း တိုက်လိုက်တာ။ နဖူးပေါ်မှာ တလွင့်လွင့်ဖြစ်နေတဲ့ ဆံပင်အကောက်လေးတွေ ပုံပျက်သွားပြီလားဆိုပြီး ဂန္ဓီ လက်နဲ့ ဖိထားတယ်။

ကိုယ်က မဟုတ်တာ လုပ်ထားတဲ့သူဆိုတော့ ကျောင်းမှတ်တိုင် ရောက်လို့ ကားပေါ်က ဆင်းခါနီးမှာ စပယ်ယာကို ကျွန်မ အမေရောလို့ မေးရသေးတယ်။ စပယ်ယာက ခင်ဗျား အမေမှ မပါဘဲ သူနေခဲ့တယ်ဆိုမှ စိတ်အေးသွားတယ်။ ဂန္ဓီ ကို မယုံသင်္ကာဖြစ်ပြီး တိတ်တိတ်ကလေး အမေလိုက်လာမှာစိုးလို့ပေါ့။

မှတ်တိုင်မှာ ဂန္ဓီဆင်းလိုက်တာနဲ့ လူတစ်ယောက်အသံ ကြားရတယ်။ ဟော့ မောင်အောင်လာပြီ ထင်တယ်ကွတဲ့။ ဒါ ဦးအောင်သူငယ်ချင်း မြင်တဲ့လူ တစ်ယောက်ယောက် ဖြစ်ရမယ်။

အမေ မပါဘူးဆိုတာ ဦးအောင် သိအောင် ဂန္ဒီက ဦးအောင်လို့ ခေါ်လိုက်တယ်။ ဦးအောင်က ဂန္ဒီလာပြီလားဆိုပြီး အသံပြန်ပေးတယ်။ အဲဒီကနေ ဂန္ဒီတို့နှစ်ယောက် မြို့ထဲသွားတဲ့ ဘတ်စ်ကားပေါ် တက်လိုက်ခဲ့ကြပြီး ဘတ်စ်ကား ဂိတ်ဆုံးအထိ လိုက်သွားကြတယ်။ လမ်းမှာ စကားတွေ ပြောကြတာပေါ့။ ဘတ်စ်ကားနှစ်ယောက်ထိုင်ခုံလေးပေါ်မှာ ပူးပူးကပ်ကပ် ထိုင်ရင်းနဲ့လေ။ ဘတ်စ်ကားဂိတ်ဆုံး ရောက်တော့လည်း အဲဒီကားပေါ်က မဆင်းဘဲ အဲဒီကား ပြန်ထွက်တော့မှ ပြန်လိုက်ကြတယ်။ ဂန္ဒီတို့ကို ကားသမားတွေက ပြောင်ကြတယ်။ အချစ်မှာ မျက်စိမပါဘူးတဲ့ ဘာတို့ပေါ့။

အပြန်လမ်းမှာ ဂန္ဒီ့ကို အမေက အိမ်ထောင်မပြုစေချင်ဘူး ဆိုတဲ့အကြောင်း ဦးအောင်ကို ပြောပြတော့ ဦးအောင်က ဘယ်ရမလဲ၊ နင့်အမေ သဘောမတူရင် ငါ ခိုးယူမှာပေါ့တဲ့လေ။

ဦးအောင်ပြောတဲ့အတိုင်းပါပဲ၊ နောက်ဆုံးတော့ ဦးအောင်နောက်ကို ဂန္ဒီ တကယ်ခိုးရာလိုက်ခဲ့ရတာပဲ။

* * *

ခိုးရာလိုက်တဲ့နေ့ကလောက် စိတ်လှုပ်ရှားရတာ၊ ကိုယ့်ဘဝကိုယ် ဝမ်းနည်းအားငယ်ဖြစ်ရတာတော့ ရှိနိုင်မယ် မထင်တော့ပါဘူး။

ဦးအောင်က နေ့လယ်နှစ်နာရီမှာ ဂန္ဒီတို့လမ်းထိပ်ကနေ စောင့်နေမယ်၊ မြင်တဲ့သူငယ်ချင်းတွေ ပါမယ်။ ကားနဲ့စောင့်နေမယ်တဲ့။

အမေ ဆေးရုံကို ထွက်သွားပြီးကတည်းက ဂန္ဒီ လုပ်ငန်းစတော့တာပဲ။ ထမင်းဟင်းချက်နေတဲ့ အစ်မလုပ်တဲ့သူ အသံကို နားထောင်ပြီး အခန်းထဲမှာ ဂန္ဒီ အင်္ကျီနှစ်ထည်၊ ထဘီနှစ်ထည်ကို အိတ်ကလေးနဲ့ထည့်တယ်။ ပြီးတော့ ပလတ်စတစ်ဘီးလေးတစ်ချောင်းနဲ့ အစ်မရဲ့ မိတ်ကပ်ဘူး၊ နူတ်ခမ်းနီဘူးကို ထည့်တယ်။ အိတ်ကလေးကို ဂန္ဒီ့ခေါင်းအုံးအောက်ထဲ ဝှက်ထားခဲ့ပြီး အိမ်ရှေ့မှာ ထွက်ထိုင်တယ်။ ရင်ထဲမှာတော့ တထိတ်ထိတ်နဲ့ ဘယ်လိုနေမှန်း မသိဘူး၊ အစ်မ အသံကိုပဲ နားစွင့်နေရတယ်။ အစ်မ အခန်းထဲဝင်မှာကို ဂန္ဒီ တအား ကြောက်နေမိတယ်။

နေ့လယ်ရောက်ပြီး ထမင်းစားပြီးတာနဲ့ အစ်မ မြန်မြန်အိပ်ပါစေ ဆိုတာကိုပဲ ဆုတောင်းနေရတယ်။ အစ်မက ဂန္ဒီလို့ ခေါ်တိုင်း ထိတ်ထိတ်ပျာပျာနဲ့ ဘာလုပ်ရမှန်းမသိ ဖြစ်ဖြစ်သွားတယ်။

ဂန္ဒီ ထမင်းလည်း မစားနိုင်ဘူး။ ညီအစ်မနှစ်ယောက် ထမင်းစားပြီးတာနဲ့ အိမ်ရှေ့ ကပြင်လေးမှာ အစ်မရဲ့ ခေါင်းအုံးချသံကို ကြားရတယ်။ ရုပ်ပြစာအုပ်လှန်တဲ့အသံ ကြားရတယ်။ အဲဒီအချိန်မှာပဲ ခေါင်းရင်းအိမ် ရေဒီယိုက ဆယ့်နှစ်နာရီ ထိုးတဲ့အသံ ကြားလိုက်ရတယ်။

အို... ဂန္ဒီ ရင်တွေ တအားပူလာတာပဲ။ ဦးအောင် စောင့်နေတော့မယ်။ ဂန္ဒီ ဘယ်လိုထွက်ရမလဲ၊ အစ်မ အိပ်မှ ဂန္ဒီထွက်လို့ရမှာ။ အစ်မလို့ ဂန္ဒီခေါ်ကြည့်လိုက်တိုင်း အစ်မက ဘာလဲ... ဘာလဲနဲ့။ ခဏခဏလည်း မခေါ်ရဲဘူးလေ။

အဲဒီခဏအတွင်းမှာ ကိုယ့်ဘဝကိုယ် ဂန္ဒီဝမ်းနည်းလာမိတယ်။ အစ်မ ခိုးရာ လိုက်ပြေးတုန်းကဆို ဒီလို ဘယ်ဟုတ်ပါ့မလဲနော်၊ အမေနဲ့ အစ်ကိုတွေကြားကနေ အသာလေး ထွက်လိုက်သွားတာပဲ။ သူကတော့ အကောင်းကိုး။ ဘယ်နေရာ ထွက်သွားသွား ရနေတာပဲ။ ဘယ်သူမှလည်း လိုက်ပို့စရာ မလိုဘူး၊ လိုက်ကြည့်စရာ မလိုဘူး။ ဂန္ဒီတို့ဟာ လူကောင်းတွေထက် ဘယ်နေရာမှာပဲဖြစ်ဖြစ် တစ်ပန်းရှုံးနေတာပဲ။

အဲဒီနေ့ကျမှ အစ်မကလည်း မအိပ်နိုင်ဘူး။ အကြာကြီးပဲ။ ဂန္ဒီ့ကိုတောင် စကားတွေပြောနေသေးတယ်။ အဲဒီအချိန်မှာ ဂန္ဒီက ရင်တွေ ပူပြီး ငိုချင်နေပြီ။ ဦးအောင် ပြန်သွားပြီ ဆိုပြီးတော့ပေါ့။

အစ်မအိပ်ပျော်သွားတဲ့အချိန်မှာ ရေဒီယိုသိမ်းပြီ။ တစ်နာရီခွဲနေပြီ။ အစ်မဆီက အသက်ရှူသံပြင်းပြင်းကို ကြားနေရတာတောင်မှ ဂန္ဒီ ကြောက်ကြောက်ရယ်။ ကိုယ်မှ မမြင်ရတာလေ။ ဂန္ဒီကို မသင်္ကာလို့များ အစ်မ အိပ်ချင်ယောင် ဆောင်နေသလားမှ မသိတာ။ ဘယ်ပြောလို့ရမလဲ။ အစ်မ ... အစ်မလို့ ခေါ်တာကို မထူးဘဲ ငြိမ်နေပြီး မျက်လုံးပြူးကြီးနဲ့ ဂန္ဒီကို ကြည့်ချင်နေမှာပေါ့။ ဂန္ဒီက မမြင်ရတဲ့သူလေ၊ ဘာသိမှာလဲ။

အသံမကြားအောင် အိတ်ကလေးကို တိတ်တိတ်ကလေး အခန်းထဲ ဝင်ယူပြီး ထွက်လာတဲ့အထိ ဂန္ဒီလို့ ခေါ်လိုက်မယ့် အစ်မအသံကို ဂန္ဒီ နားစွင့်နေမိတယ်။ ကြောက်စိတ်နဲ့ တစ်ကိုယ်လုံးလည်း တုန်ယင်နေတာပဲ။ တကယ်လို့ လမ်းထိပ်မှာ ဦးအောင် မရှိတော့ဘူးဆိုရင် ဂန္ဒီ အိမ်ပြန်လာရမှာ။ အဲဒီအခါ အစ်မက မေးရင် ဂန္ဒီ ဘယ်လိုပြောမလဲ။ ကားသံ၊ လူသံ၊ သီချင်းဖွင့်သံတွေ ဆူညံနေတဲ့လမ်းထိပ်ကို ရောက်တော့ ဂန္ဒီနားကို လူတစ်ယောက် ရောက်လာတယ်။ မဂန္ဒီလား တဲ့...။ ကျွန်တော်တို့ စောင့်နေတာ ကြာလှပြီတဲ့...။

"ဦးအောင်ရော၊ ဦးအောင်"

ဂန္ဒီ ပျာပျာသလဲ မေးတော့ အဲဒီလူက ကိုအောင် ရှိပါတယ်။ ကားထဲမှာ၊ လာ လာ၊ ကျွန်တော်နဲ့ လိုက်ခဲ့တဲ့။ ဂန္ဒီ့လက်ကို အဲဒီလူက အသာဆွဲပြီး ခေါ်သွား

တယ်။

ကားစက်နှိုးသံ ကြားနေရတဲ့နေရာရောက်တော့ ကိုအောင် အသံလေး ဘာလေး ပေးဦးဗျ၊ ခင်ဗျား အမျိုးသမီး စိုးရိမ်နေတယ်လို့ ရယ်ပြီး ပြောတယ်။

အဲဒီကျမှ ဂန္ဒီ ဦးအောင်အသံကို ကြားရတယ်။ ဂန္ဒီ နင် မလာတော့ဘူးလားလို့တဲ့လေ။

ဂန္ဒီကို လာခိုးတဲ့ ကားလေးက လေးဘီးကားလို့ ဦးအောင်ပြောတယ်။ လေးဘီးကားလေးနဲ့ ဂန္ဒီနဲ့ ဦးအောင်ကို ကီလီကားဂိတ်ကို လိုက်ပို့ကြတယ်။ ကီလီမှာ ဦးအောင်တို့မြို့လေးကို သွားတဲ့ ကားလက်မှတ်နှစ်စောင် ဝယ်ပြီး ဂန္ဒီတို့ လိုက်ခဲ့ကြတယ်။ ဦးအောင်က သူ ဘယ်တော့မှ မပြန်တော့ဘူးဆိုတဲ့ သူ့မိဘတွေဆီ ပြေးတာလေ။

ဦးအောင်တို့ရွာမှာ ဂန္ဒီတို့ မင်္ဂလာဆောင်ကြတယ်။ ဦးအောင်တို့အိမ်မှာပေါ့။ မုန့်ဟင်းခါး ကျွေးတယ်။ သတို့သမီးဆိုပြီး ဂန္ဒီ့ကို စံပယ်ပန်းတွေ အများကြီး ပန်ပေးကြတယ်။ မွှေးကြိုင်နေတာပဲ။ စံပယ်ပန်းနံ့ဟာ ဂန္ဒီတို့ရဲ့ အိမ်ထောင်ဦး အနံ့ပေါ့။

ဦးအောင်တို့ရွာမှာလည်း သိပ်မကြာပါဘူး။ ဦးအောင်ရဲ့ အစ်ကိုကြီးက ရှက်တယ်ဆိုပြီး ထန်းရည်မူးမူးနဲ့ ရန်ခဏခဏ လုပ်လို့ ရန်ကုန် ပြန်ခဲ့ကြတယ်။

ဦးအောင်က ကျောင်းမှာ အလုပ်ရှိတော့ ဦးအောင်တို့ ကုန်ထုတ်သမတိုက်ခန်းတွေဘေးမှာ အဖီလေးချပြီး နေလိုက်ကြတာပေါ့။

https://t.me/mmebooks

# အပိုင်း (၅)

"စံပယ်ပန်းနံ့တွေ မွှေးလိုက်တာ ဦးအောင်ရယ်၊ ဘယ်ကပါလိမ့်"

ထမင်းစားနေရင်းက စံပယ်ပန်းနံ့ကို ဂန္ဓီက အားရပါးရ ရှူကြည့်လိုက်မိတယ်။ ထမင်းလုတ်ကြီးကြီး ပါးစပ်ထဲ ပြည့်နေတဲ့အသံနဲ့ ဦးအောင်က အင်း... အင်း တဲ့။ ဘာမှန်းလည်း မသိဘူး။

"စံပယ်ပန်းနံ့ ဘယ်က မွှေးနေတာလဲ"

မနေနိုင်တဲ့ ဂန္ဓီက ခပ်ကျယ်ကျယ် မှန်းအော်လိုက်တော့ ဒီက ဒီက ဂန္ဓီရဲ့ တဲ့။ မညိုစိမ့်ရဲ့ အသံ။

"ကိုကံဦး ဈေးက ဝယ်လာတာ ဂန္ဓီရေ"

"ဟုတ်လား၊ ကိုကံဦး ဈေးကို သွားတတ်တယ်"

"စမ်းသွားတာပါဟာ၊ ဘာပြောကောင်းမလဲ၊ လမ်းတွေ မှားလိုက်ပုံများ တော့၊ နေပူပူနဲ့၊ မညိုစိမ့်ရေ ငါ့ ရေတစ်ခွက် ပေးစမ်းပါဦး"

ကိုကံဦးက တဟူးဟူးနဲ့ လေတွေ မှုတ်ထုတ်နေတယ်။ ဟုတ်တယ်၊ နေက သိပ်ပူတာပဲ။ ဂန္ဓီ့သားလေးတောင် ဒီရောက်မှ မျက်စိပြန်နာနေချင်ပြန်ပြီ။ ဆေးခန်းလည်း မသွားနိုင်သေးပါဘူး။ ဆားရည်ကြည်လေးပဲ ကွင်းပေးရမှာပဲ။

"ဈေးက တော်တော် ဝေးတယ်ဟ့ေ၊ မလွယ်ဘူး၊ ဒီကနေ တော်တော် သွားပြီးရင် မီးရထားသံလမ်းရှိတယ်၊ မီးရထားသံလမ်းကနေ လျှောက်သွားပြီး တစ်ခါ ကွေ့ ရသေးတယ်။ ကားတွေ ဘာတွေတော့ သိပ်မရှုပ်ဘူး၊ ငါလည်း မေးမေးပြီး သွားတာပဲ၊ ဘယ်လိုမှ မရောက်ဘူး၊ နောက်တော့ လူတစ်ယောက်ကို အကျိုးအကြောင်းပြောပြပြီး လိုက်ပို့ခိုင်းရတယ်၊ အကွေ့လေးကို ရောက်ဖို့ပဲ၊ အကွေ့ရောက်ရင်တော့ ဈေးနဲ့က ကပ်နေပြီ"

"ခေါင်းတွဲတို့ကလည်း ပြန်မလာသေးဘူးနော်၊ ခေါင်းတွဲရှိရင် ကျွန်မတို့ ဘာမှ မပူရဘူး"

ဂန္ဓီက သတိတရ ပြောတော့ မညိုစိမ့်က အင်း... တဲ့။

"လာလည်း ကောင်း မလာလည်းကောင်းပဲ ဂန္ဓီရေ၊ ဒီမှာက သိတဲ့အတိုင်း ပဲ"

"ငါကတော့ လာစေချင်ပြီကွာ၊ ငါ့သားသမီးတွေ လွမ်းလှပြီ၊ တို့စားသလို ပေါ့"

"ဪ… တော်ကလည်း"

မညိုစိမ့် စကားမဆက်တော့ဘဲ ငြိမ်သက်သွားတယ်။

"ငါးပိနံ့ မွှေးတယ်ဟေ့၊ ဘယ်သူတွေ ထမင်းစားနေကြပြီလဲ၊ ဟင်…ကေန္တ တော့ ဟိုအငတ်သားအဖတွေ ဖြစ်ရမယ်၊ ဟုတ်တယ် မဟုတ်လားဟေ့"

အသံကျယ်ကျယ်ရှင်ရှင်နဲ့ မချို ရောက်လာတယ်။ မချိုဘေးမှာ ငြိမ်သက်နေမယ့် သူ့ ကိုထွေး ပါလာမှာလည်း သေချာတယ်။

"စားတာပေါ့ဟ၊ ဘာဖြစ်လဲ၊ နင်တို့သာ လင်မယားနှစ်ယောက် ကပ်စေးနဲ ပြီး မစားမသောက် နေကြ"

ဦးအောင်က သူ့သူငယ်ချင်းကို ပြန်ပြောရင်း ထမင်းအိုး စမ်းဖွင့်ပြန်တယ်။

"ဟဲ့… ကြည့် ကြည့်၊ ထမင်းအိုး ဖွင့်ပြန်ပြီ၊ ဂန္ဓီရယ်… နင်မို့ ဒီလို အစားပုတ် မျိုးကို ယူတယ်"

"ဒီလောက် အသံကျယ်ပြီး အရုပ်ဆိုးတဲ့မိန်းမကို ခင်ဗျားမို့ ယူတာဗျာ၊ ကို ထွေး… ကျွန်တော်သာ ဆိုရင်တော့…"

"အမယ် အမယ်၊ ကျုပ်ယောက်ျားကို ကိုထွေး ကိုထွေးနဲ့ မခေါ် ပါနဲ့၊ ကို ထွေးဆိုတာ ငါတစ်ယောက်တည်း မူပိုင်ဟဲ့၊ ကိုထွေးဆိုတာ ငါ့မူပိုင်သီချင်းလေ၊ ချစ်သူ လူညိုချောလေး"

စကားတတ်တဲ့ မချိုကို ဦးအောင် အမြဲအရှုံးပေးရတာပဲ။ ချစ်သူ လူညိုချော ဆိုတာ မချို ရေဒီယိုမှာ ခေတ်ပြားရခဲ့တဲ့ သီချင်းလေးလေ။ နေ့လယ်ပိုင်း အစီအစဉ်တွေမှာ ရေဒီယိုကနေ လာတတ်တယ်။

မချိုရဲ့ အဆိုတော် နာမည်က ချိုချိုအေးတဲ့။ မျက်မမြင်ကျောင်းကထွက်ပြီး နာမည်ကျော်သွားတဲ့ ဘလိုင်းထီးဆိုင်အဖွဲ့ထဲမှာ လိုက်ဆိုဖူးတယ်။ မချိုကိုတောင် လူတွေက ဘလိုင်းချိုပြုံးတဲ့။

"မချိုအိမ်က တော်တော်ပြီးပြီလား"

"မပြီးသေးပါဘူး ဂန္ဓီရယ်၊ ခုမှ တိုင်ထူထားတုန်းရှိသေးတာ၊ လက်သမား တွေ မလာပြန်ဘူး၊ ဆင့်တွေပေါ်မှာ ပလတ်စတစ်မိုးဆိုတော့ နေ့ခင်း မနေနိုင်ဘူး၊ ပူတာ၊ ဒါကြောင့် ညည်းတို့အလုပ်ရုံထဲ နေ့ခင်း လာနေရတာပေါ့…"

"လက်သမားတွေ လာရင် မချိုတို့က ဆက်ဆောက်ရုံပဲ၊ ဆောက်ပေးမယ့်လူ က ရှိပြီးသား၊ ကျွန်မတို့သာ ….၊ အလုပ်ရုံများ ချက်ချင်းရွှေ့ လာရင်တော့ ဒုက္ခပဲ"

"ညည်းအမေရော မလာဘူးလား"

"လာမယ်တော့ ပြောတာပဲ၊ သူလည်း မြို့သစ်မှာ အိမ်ဆောက်နေရတယ်လေ မချိုရဲ့"

"အိုအေ... ပူမနေစမ်းပါနဲ့၊ ဖြစ်သွားမှာပါ။ ကျောင်းကလည်း နောက်ထပ်သစ်တွေ ပေးဦးမယ်လို့ ပြောပါတယ်ဟဲ့"

"ဟဲ့... အဲဒါ ဘယ်တော့ပေးမှာလဲ၊ တကယ်လား မချိုရေ... လုပ်စမ်းပါဦး"

အပျိုကြီးမမကြင်ရဲ့အသံနဲ့အတူ ဂန္ဓိတို့နားမှာ လတ်ဆတ်တဲ့သနပ်ခါးနံ့ မွှေးကြိုင်သွားတယ်။

"အပျိုကြီးရယ်... သူများတွေ ပူဖို့များ ထားစမ်းပါဦး၊ မနေ့ကပဲ မောင်တွေ တစ်အုပ်ကြီးလာပြီး အိမ်ဆောက်ဖို့ စီစဉ်ပေးသွားပြီဆို"

"ဒါတော့....... ဒါပေါ့"

"ဒါပေါ့မနေနဲ့၊ ငြိမ်ငြိမ်နေ၊ အပျိုကြီးလိုနေ၊ ကြားလား။ အမယ်လေး ငါသာဆို ဒီများ လိုက်လာမနေဘူး၊ တစ်ကိုယ်ရေတစ်ကာယ၊ မောင်တွေအိမ်မှာ ဇိမ်နဲ့တစ်လှည့်စီ လိုက်နေမှာပဲ၊ ပြီးရော၊ အေးလို့"

"မနေချင်ပါဘူးအေ၊ ညည်းတို့ မသိပါဘူး၊ ဒုက္ခိတတစ်ယောက်ရဲ့ တာဝန်ကိုဘယ်သူမှ ကြာရှည်မယူနိုင်ပါဘူး။ ငါက သူများလည်း ဒုက္ခမပေးချင်ဘူး၊ ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးတယ်၊ မနေ့က မောင်တွေက အဖော်တစ်ယောက် လာထားပေးမယ်ဆိုတာတောင် ငါ လက်မခံလိုက်ဘူး"

"ယုံပါတယ်၊ ယုံပါတယ်၊ အပျိုကြီး သတ္တိကိုတော့၊ ခုလည်း ရေမိုးချိုးပြီးပြီပေါ့လေ၊ မွှေးကြိုင်နေတာပဲ၊ ပြောစမ်းပါဦး၊ ဒီနေ့ ဘာ ဝမ်းဆက်ဝတ်ထားလဲ"

"ထဘီအပြာပွင့်နဲ့ ရှန်သားအပြာ"

"အံမယ် လှမှလှဟေ့၊ အပျိုကြီးက.."

အပျိုကြီးက တကယ်ဉာဏ်ကောင်းတယ်။ အဝတ်အစားကို တခြားမြင်တဲ့သူ တွဲမပေးဘဲနဲ့ ဝမ်းဆက်ဖက်ရှင် ဝတ်နိုင်တာက အပျိုကြီးတစ်ယောက်ပဲ ရှိတယ်။ အပျိုကြီးက ဘာနဲ့မှတ်ထားလဲဆိုတော့ အင်္ကျီလုံချည် ချုပ်ရိုးနဲ့ မှတ်တယ်။ အထည်ရဲ့အသားကို စမ်းပြီး မှတ်တယ်။

ဈေးထဲသွားဝယ်တဲ့အခါ သူ ထဘီစနဲ့ အင်္ကျီစကို အပြာရောင်ဖြင့် အပြာရောင်၊ အနီရောင်ဖြင့် အနီရောင် ပေးပါဆိုပြီး ဈေးသည်ကို ပြောတယ်။ ဈေးသည်က အဆင်နဲ့အရောင်ရွေးပြီး ဒါက ထဘီအပြာပွင့်အင်္ကျီက ဘယ်လိုအစအပြာ၊ ဒါက ပါတိတ်အနီ၊ အင်္ကျီက အိရှန်အနီ ဆိုပြီး အပျိုကြီးကို ပေးလိုက်တယ်။ အဲ့ဒါကို သူက အထည်ရဲ့အသားကို စမ်းပြီး တစ်ခါမှတ်တယ်။ ပြီးတော့ စက်ချုပ်ဆိုင်

မှာ အပ်တဲ့အခါ အင်္ကျီပုံစံကို မတူအောင် မှတ်တယ်။ ချုပ်ရိုးကို မှတ်တယ်။ ဘယ်အချိန်မှာပဲ ထုတ်ဝတ်ဝတ် စေ့းသည်ပေးလိုက်တဲ့ ဝမ်းဆက်အတိုင်း ဘယ်တော့မှ မမှားဘူး။ အပြာဝမ်းဆက်၊ အနီဝမ်းဆက် သူ့ဟာနဲ့သူ ဟုတ်လို့။

ပြီးတော့ အပျိုကြီးက ရေ့ဆံပင်ခွဲကြောင်းကို ညီညီညာညာ ခွဲတတ်ပြီး ဆံထုံးပို့ပို့လေးကိုလည်း ကျကျနန ထုံးတတ်တယ်။ နေကာမျက်မှန် အမည်းလေးကိုလည်း အမြဲတပ်ဆင်ထားတတ်တယ်။ ရုတ်တရက်ကြည့်ရင် သူ့ကို မျက်မမြင်မိန်းမတစ်ယောက်လို့ ဘယ်လိုမှ ထင်စရာမရှိဘူး။

“ရေလေးရတာပဲ တော်ပါသေးတယ်နော်၊ အဝီစိတွင်းလေး ပြီးသွားလို့ ”

“ဟုတ်တယ်၊ အခု ရေက တစ်ထမ်းတစ်ကျပ် ဖြစ်သွားပြီ..."

ရေဖိုးကုန်ရမှာကြောက်တဲ့ ဂန္ဓီက အပျိုကြီးစကားကို အားရပါးရ ထောက်ခံမိတယ်။ ကိုယ်တိုင်ထမ်းရင် တစ်မတ်၊ သူများ အထမ်းကို ဝယ်ရင် ငါးမူးဆိုတာနဲ့ ဦးအောင် စမ်းတဝါးဝါး သွားထမ်းတာ မှောက်လျက်လဲပြီး ရေတွေဖိတ်ကုန်ပါရောလား။

“နေက တအားပူလာတော့ ရေက ရှားလာတာပေါ့”

“တို့အဝီစိတွင်းလေးကို ရိုရိုသေသေ သုံးရမှာပဲ”

“မိုးတွင်းဆိုရင်တော့ ရေက မပူရပါဘူး။ ခု နွေပိုင်းလေးတင်ပါ”

“မိုးမကျခင် တို့နေစရာလေး လုံခြုံသွားဖို့ အရေးကြီးတယ်”

ကိုယ့်အတွေးနဲ့ကိုယ် တစ်ယောက်တစ်ပေါက် ပြောနေကြတဲ့ ဂန္ဓီတို့တွေပေါ်ကို လေပူပူကြီး ဖြတ်တိုက်လာတယ်။ နေပူပူထဲမှာ ဂစ်တာသံကို ကျယ်ကျယ်လောင်လောင် ကြားကြရတယ်။

“လာကြလော့... အိမ်သူအိမ်သားများ ကျေးဇူးတော် အောက်မေ့ကြစို့၊ ကောင်းကင်နဲ့ မြေကြီးကို ဖန်ဆင်းသော ဘုရားအရှင်... ကျွန်ုပ်တို့ ဆင်းရဲသော နေရာသို့ ကြွလာပါမည်လော သခင်၊ အို.... ကျေးဇူးရှင်.. ကျေးဇူးရှင် ကြွလာတော်မူပါ သခင်"

ဘလိုင်းကိုင်ဇာဖိုးကျော်ရဲ့ ဓမ္မသီချင်းသံချိုချိုက အလုပ်ရုံထဲ အရောက်မှာ ရုတ်တရက် ရပ်သွားတယ်။

“ကဲ.... ကျွန်တော်တို့ ဘုရားရှိခိုးချင်လို့ပါခင်ဗျာ”

ကိုင်ဇာ့အသံအတိုင်း တစ်ထေရာတည်းတူတဲ့ ဖိုးကျော်ရဲ့ အတည်ပေါက်နောက်ပြောသံ ထွက်လာတာနဲ့ အာသွက်လျှာသွက် မချိုက

"ကျွန်မတို့မှာ အိမ်မရှိ ယာမရှိ၊ ဘုရားလည်း မရှိသေးလို့ မခိုးတော့ပါဘူး ရှင်"

ဖိုးကျော်က တဟဲဟဲရယ်ရင်း ဂစ်တာကို တမင် တဖြန်းဖြန်း တီးတယ်။

"ဟဲ့ ကောင်လေး... တော်စမ်းဟယ်၊ နားငြီးလိုက်တာ၊ အယ်နီရောပါလား ကလေးတွေ...."

"အယ်နီပါတယ် အစ်မကြီး... အကြီးမက လျှောက်ဆော့နေတယ်။ အငယ် လေး သိပ်နေမကောင်းလို့၊ အစ်မကြီး နေက သိပ်ပူတယ်နော့"

ဖိုးကျော်မိန်းမ အယ်နီတာရဲ့အသံက ဂ ွဲတဲဝဲတဲနဲ့။ သူက ဗမာ ကရင် ကပြား၊ ခရစ်ယာန်မလေး။ အသံလေးဝဲဝဲနဲ့ သူ ဓမ္မသီချင်းဆိုတာ သိပ်နားထောင် လို့ ကောင်းတယ်။

သူတို့လင်မယားနှစ်ယောက်က ခရစ်ယာန်အိမ်တွေမှာ တစ်အိမ်ဝင် တစ် အိမ်ထွက် ဂစ်တာကလေးတစ်လက်နဲ့ ဘုရားလိုက်ရှိခိုးကြတယ်။ ခရစ်ယာန်အိမ် တွေက ဘုရားရှိခိုးမယ်ဆို ငြင်းလေ့မရှိကြဘူးလေ။ ဘုရားရှိခိုးပေးတဲ့သူကို လက်ဆောင်ပေးရတယ်။ အဝတ်အထည်တို့၊ မုန့်တို့ပေါ့။ ဖိုးကျော်တို့ကိုတော့ ပိုက်ဆံလည်းပေးတယ်။ ဆန်တို့၊ ဟင်းချက်စရာတို့လည်း ပေးတယ်။

ဖိုးကျော်က အယ်နီတာနဲ့မရခင်က ဗုဒ္ဓဘာသာ။ နောက်တော့မှ ခရစ်ယာန် ထဲ ဝင်လိုက်တာ။

"ကိုကြီးကံ ခေါင်းတွဲတို့ ပြန်မလာသေးဘူးလားဗျ"

ဖိုးကျော်က ကိုကံဦးကို လှမ်းမေးတယ်။

"ခုနပဲ အဲဒါပြောနေတာ၊ ရောက်မှာပါ ဒီကောင်၊ ဒီနေ့ နက်ဖြန်ပေါ့"

"ဘုရားရှိခိုးထွက်ချင်တာ၊ ဆန်လည်းပြတ် ပိုက်ဆံလည်း ပြတ်နေပြီ၊ ခေါင်းတွဲနဲ့မှ ထွက်လို့ဖြစ်မှာ၊ ဒီကောင် ပြန်ရောက်မှ အဆင်ပြေမှာ"

"ဖိုးကျော်တို့ပဲ ကောင်းတယ်ဟယ်၊ ကုသိုလ်လည်းရ ဝမ်းလည်း ဝတယ်"

"ဟာ... မဂန္ဒီကလည်း၊ ဒီလိုပါပဲဗျာ"

"နင်တို့သွားတဲ့ ခရစ်ယာန်အိမ်က အနိုပ်လေး ဘာလေး ခေါ်ချင်ရင် ဦး အောင်ကို ခေါ်ဖို့ ပြောလိုက်နော်၊ ကြားလား"

"ပြောမှာပေါ့ဗျာ၊ ဒါပေမဲ့ ဒီမှာကျ လာခေါ်ရမှာ ဝေးတယ်ဗျ၊ ကျောင်းတုန်း ကသာ လွယ်တာ"

"အေးလေ...အဲဒါပေါ့ "

“ဖိုးကျော်၊ နင်တို့ရော ဘယ်လိုလဲ၊ အိမ် ဘယ်တော့ ဆောက်မလဲ"

“အိုး… ဝေးသေး၊ မချိုရယ် ကြိုးစားရဦးမှာ အများကြီး”

အယ်နီတော့ အသံလေးက ရိုးသားပြီး ချစ်စရာကောင်းနေတယ်။

ဖိုးကျော်ကတော့ ထုံးစံအတိုင်း ဂစ်တာကို တိုးတိုးလေး အသံစမ်းလို့။

“လုပ်ပါဦးကွ ဖိုးကျော်၊ ကိုင်ဇာသီချင်း တစ်ပုဒ်လောက်”

ဦးအောင်ကို အပျိုကြီးက ထောက်ခံတယ်။

“နှစ်ယောက် ဆိုပါဟယ်၊ နင်တို့နှစ်ယောက် စုံတွဲဆိုတဲ့ သီချင်းလေး ကောင်းတယ်”

မချိုက တဟားဟား ရယ်ရင်း…

“အမယ်…အပျိုကြီးက စုံတွဲသီချင်းတဲ့နော်”

“ဘာသီချင်းဖြစ်ဖြစ် စိတ်ညစ်ပြေတယ်ဟ့၊ ဘာသိလဲ၊ သီချင်းသံကြားရင် ရင်ပူပျောက်တယ်၊ နေပူတာလည်း သက်သာတယ်”

“ဟုတ်ပါတယ်၊ အယ်နီတို့မှာ အပန်းဖြေစရာဆိုလို့ ဒါလေးပဲ ရှိတာနော့၊ မချိုလည်း ဆိုပြဦးနော်၊ မချို သီချင်းဆိုရင် အယ်နီ အရမ်း အရမ်းငိုချင်တာပဲ၊ ကန္တရာသီချင်းလေးက အရမ်းငိုလို့ ကောင်းတာပဲ”

“အို…. အဲဒါက ညဘက်တွေ ဘာတွေမှ ကောင်းတာ၊ နင့်ယောက်ျား ဂစ်တာကြီးနဲ့လည်း ဆိုလို့ရတာ မဟုတ်ဘူး။ ကိုကံတို့၊ ကိုဆန်းမောင်တို့နဲ့မှ ဆိုဖြစ်တာ၊ အရေးထဲ ကိုကံ မယ်ဒလင်ကလည်း ကြိုးပြတ်နေတယ် တဲ့၊ ကိုဆန်းမောင်ရော အသံမကြားပါလား၊ ဘယ်သွားနေကြတုံး”

“ရေချိုးနေကြတယ် ထင်တယ်၊ ကိုဆန်းမောင် ခုနကမှ ရပ်ကွက်ထဲက ပြန်လာတာ၊ လက်သမား သွားငှားတာတဲ့…."

“နေသိပ်ပူတဲ့အချိန် ရေမချိုးရဘူးတဲ့နော်၊ ကြည့်ချိုးကြ၊ မရဲကြနဲ့"

“အို… သူများတော့ ပြော၊ ပြီးတော့ အပျိုကြီးပဲ ရေအကြိုက်ဆုံး၊ ရှူးထုတ်ချင်တာနဲ့ ရေ ခဏခဏချိုးတာ”

“ကဲ.. မအာချို၊ သီချင်း နားထောင်မလို့ပါဆိုမှ၊ လုပ်ကွာ ဖိုးကျော်”

မချိုက ဦးအောင်ကို ပွစိပွစိနဲ့ ဆဲတယ်။ ဖိုးကျော်ရဲ့ ဂစ်တာ အသံ စမ်းသံက အေးအေးငြိမ့်ငြိမ့်လေး ထွက်လာတယ်။

“အယ်နီ….. စ, မယ်နော်”

ဖိုးကျော်က အယ်နီကို အချက်ပေးရင်း သီချင်းကို စဆိုတယ်။ သူတို့ လင်မယားနှစ်ယောက် ဆိုနေကျ ကိုင်ဇာနဲ့မေဆွိရဲ့ သီချင်းလေးလေ။

"အသည်းထဲက ပြောတဲ့.. ချစ်စကားလေးတွေရယ်...တိုးတိုးကလေး ကြားလို့...တကယ်အားမရနိုင်တယ်... ရင်မှာ သေချာစွာ... သိခွင့်ပေးပါကွယ်... ရင်ခုန်ခြင်းများနဲ့ နားစွင့်လို့နေမယ်..."

"နှလုံးသားချင်း သိနှင့်နေပြီးသားပါကွယ်... ပြောပြမှ အားရမှာလား မေ့မောင်ရယ်.. လိုရာယူ... ကြည်ဖြူစိတ်နဲ့ ချစ်ပါတယ်... ဒါ... နောက်တစ်ခါက် ထပ်ပြောဖို့ လိုသလားကွယ်"

အယ်နီ အသံလေးက ချစ်စရာ သနားစရာကောင်းအောင် ချိုပြီး စူးနေတယ်။

ဖိုးကျော်က အတီးပိုဒ်ကို စိတ်ပါလက်ပါ ခေါင်းကလေး ငဲ့စောင်း တီးရင်း နောက်တစ်ကျော့ ထပ်ဆိုဖို့ အဝင်မှာ..

"အဖေရေ ... အမေ.... "

"ဟော... ခေါင်းတွဲတို့ လာပြီ"

ကိုကံဦးရဲ့ အားရဝမ်းသာ လှုပ်ရှားသံနဲ့အတူ ခဏအတွင်းမှာ အလုပ်ရုံတစ်ခုလုံး ကလေးသံ လူကြီးသံတွေနဲ့ ဆူညံသွားတယ်။

ခေါင်းတွဲရဲ့ အော်သံလေးက အစူးရှဆုံး။

"ခေါင်းတွဲရာ... မင်း မျှော်ရတာနဲ့ပဲကွာ"

"ကျွန်တော် မရှိတာ ကိုဖိုးကျော်တို့အားလုံး ဒုက္ခရောက်ကုန်ပြီမဟုတ်လား"

"အမယ်တော်… သူက"

"မဂန္ဓီ၊ ရဲထွန်းအောင်ရော"

"ဒီမှာ အိပ်နေတယ်"

"ဟဲ့... နင်တို့ကို ဘယ်သူ လိုက်ပို့လဲ"

ထုံးစံအတိုင်း အပျိုကြီး မမကြင်က ပူပူပင်ပင် မေးတယ်။ ခေါင်းတွဲက ခပ်အေးအေးပဲ။

"ကျွန်တော်တို့ဘာသာ ပြန်လာတာပေါ့ ကြီးကြီးရ။ အမျိုးတွေက ကားပေါ်ထိ လိုက်ပို့ပေးတယ်။ အင်းစိန်၊ တာမွေ လေးဆယ့်ငါး ကားနဲ့ တင်ပေးလိုက်တယ်။ တာမွေကနေ သုံးဆယ့်ကိုး အစိမ်းနဲ့ လိုက်လာ၊ ရောက်တာပဲ"

“ဖြစ်တယ်ဟော့၊ ခေါင်းတွဲတို့ကတော့”

“သားတို့ ဘာဖြစ်လို့ ကြာနေတာလဲ”

“ဟာ.. အဖေကလည်း ဒါတောင် အမျိုးတွေက သင်္ကြန်ပြီးမှ ပြန်တဲ့၊ သင်္ကြန်ကျ နင်တို့ဆီမှာ ဘာမှလည်း ရှိတာမဟုတ်ဘူးတဲ့၊ သားတို့က ပြန်လာလို့”

“အမေ သမီးဖို့ ရေဖလားလေး ဝယ်ပေးနော်”

ခေါင်းတွဲညီမ အငယ်ဆုံးလေးရဲ့ အသံစူးစူးလေး ထွက်လာတယ်။

“အေးပါဟယ်၊ နင်တို့ ပြန်လာတာနဲ့ ပူဆာသံကြားရပြီ”

“ဟုတ်ပါရဲ့ ၊ သင်္ကြန်တောင် ကျတော့မယ်နော်၊ ကိုယ့်အပူနဲ့ ကိုယ် သတိတောင် မရမိဘူး”

“ဩော်… မဂန္ဒီကလည်းဗျာ၊ သတိရတော့ကော သင်္ကြန်ဆိုတာ ကျွန်တော်တို့နဲ့ ဘာဆိုင်လို့လဲ”

ဂန္ဒီက ငြိမ်သက်သွားတယ်။ ဖိုးကျော်ကသာ ဆက်ပြီး ဆွေးဆွေးမြည့်မြည့်နဲ့…

“သင်္ကြန်ဆိုတာ ကျွန်တော့်အတွက်ကတော့ မီးလောင်တာပဲ”

“ဟဲ့ ကောင်လေး၊ မပြောကောင်း ပြောကောင်း နေပူလွန်းလို့မှ ရှိရတဲ့အထဲ၊ ဘယ့်နှယ် မီးလောင်ရမှာလဲ”

အပျိုကြီးရဲ့ အထိတ်တလန့်စကားကို ခေါင်းတွဲတို့နဲ့အတူ မချိတရိ လိုက်ရယ်ရင်း ဖိုးကျော်က ညည်းတယ်။

“သင်္ကြန်ဝေဒနာကို အစ်မကြီး နားမလည်နိုင်ပါဘူး အပျိုကြီးရယ်…"

https://t.me/mmebooks

# အပိုင်း (၆)

သကြ်္ကန်ဆိုတာ ဖိုးကျော်အတွက်ကတော့ တကယ့်ကို မီးလောင်သလိုပါပဲ။ ဒီလိုပဲ ဖိုးကျော်ခံစားရတယ်။

သကြ်္ကန်နံ့တွေ ရလာရင်၊ သကြ်္ကန်သီချင်းတွေ ကြားရရင်၊ သကြ်္ကန်နား နီးလာပြီဆိုရင် ဖိုးကျော် ထွက်ပြေးချင်တယ်။ သကြ်္ကန်မရှိတဲ့အရပ်ကို ထွက်ပြေးချင်တယ်။

သကြ်္ကန်ကျနေချိန်ဟာ ဖိုးကျော် ရင်တစ်ခုလုံးကို မီးလောင်နေသလို ပူပြင်းလောင်မြိုက်နေတယ်။ ဝမ်းနည်းစိတ်၊ အားငယ်စိတ်၊ နာကြည်းစိတ်၊ မချင့်မရဲဖြစ်စိတ်တွေက ဖိုးကျော် ရင်ကို မီးလောင်စေတယ်။

ဘာမှ မသိနားမလည်သေးတဲ့ ကလေးဘဝအရွယ်ကတော့ ရောယောင်ပြီး ပျော်ခဲ့သားလေ။ ငါးနှစ်၊ ခြောက်နှစ်၊ ခုနစ်နှစ်၊ ရှစ်နှစ်၊ ကိုးနှစ်၊ ဆယ်နှစ်ကျော်ကျော်လောက်ထိပါပဲလေ။

သကြ်္ကန်ဆိုတာ သီချင်း သီဆို တီးမှုတ်ကြပြီး လူတွေကို ရေတွေနဲ့ လိုက်ပက်ရတဲ့၊ မုန့်တွေ အများကြီး စားရတဲ့ ကစားပွဲတစ်ခုလို့ စိတ်ထဲမှာ ထင်ခဲ့မိတယ်။ လူဆိုတာ မမြင်ဖူးပေမဲ့ အသံကြားရာ၊ လူသံကြားရာကို အဘိုး ရေထည့်ပေးထားတဲ့ ရေပြွတ်လေးတစ်ချောင်းနဲ့ ရမ်းသမ်းလိုက်ပက်၊ သီချင်းသံတွေကို နားထောင်သဘောကျရင်း ခုန်ဆွခုန်ဆွ ပျော်ခဲ့ဖူးတယ်။ သီချင်းကိုတော့ အဲဒီကတည်းက ဖိုးကျော် ကြိုက်တယ် ထင်ပါရဲ့။

အဘွားကတော့ ပြောဖူးတယ်။ ဖိုးကျော် ငယ်ငယ်က သီချင်းဆိုသိပ်မှ အိပ်သတဲ့။ ဘယ်လောက်ငိုငို သီချင်းသာ ဆိုပြလိုက်၊ အငိုရပ်သွားတတ်တယ်တဲ့။ ပြီးတော့ အဘွားက ပြောဖူးသေးတယ်။ ငါ့မြေး မျက်လုံးလေးကကွယ် မျက်စိမမြင်တဲ့သူလို့ ထင်ရက်စရာမရှိပါဘူး။ ဝိုင်းလို့ ပြူးလို့တဲ့။

အဘွားရယ် မမြင်တာကတော့ မမြင်တာပါပဲ။ ဒီမျက်လုံးမမြင်တွေနဲ့ ဖိုးကျော်ဆိုတဲ့ ကောင်လေးကြောင့်ပဲ အဖေနဲ့အမေ ကွဲခဲ့ကြတာ မဟုတ်လား။ ဖိုးကျော် မျက်စိမမြင်ဘဲ မွေးလာရခြင်းဟာ သူ့အပြစ် ငါ့အပြစ်လို့ အဖေနဲ့ အမေ ငြင်းကြခုန်ကြ၊ နေ့စဉ်နဲ့အမျှ ရန်ဖြစ်ကြရင်းကပဲ ဖိုးကျော် နှစ်နှစ်သားမှာ ကွဲကြတယ်လေ။ နှစ်ယောက်လုံး နောက်အိမ်ထောင်ပြုကြတော့ ဖိုးကျော်အထက်က အစ်မကို အမေက ခေါ်သွားတယ်။ ဖိုးကျော်ကိုတော့ ဘယ်သူကမှ မခေါ်ပါဘူး။ အဘိုးတို့ အဘွားတို့ဆီမှာ ထားပစ်ခဲ့တာပေါ့။

အဘိုးနဲ့အဘွားက ဖိုးကျော်ကို ကောင်းကောင်းမွေးခဲ့ပါတယ်။ ဖိုးကျော် အားမငယ်အောင်၊ စိတ်မဆင်းရဲအောင် ထားခဲ့တယ်။ မျက်လုံးကိုလည်း တတ်နိုင်သလောက် ကုခဲ့သေးတယ်။

ဖိုးကျော် ဆယ်နှစ်သားလောက်မှာပေါ့။ မျက်လုံးခွဲရတယ်။ ဖိုးကျော်ဖြင့် အဲဒီတုန်းက လုံးဝ မကြောက်ဘူး။ မြင်ချင်ဇောနဲ့ တစ်စက်ကလေးတောင် မကြောက်ဘူး။ ဆယ်နှစ်သားဆိုတော့ သိတတ်စပြုပြီလေ။ မျက်စိမမြင်ဘူးဆိုတာကို ရှက်ရမှန်း သိပြီပေါ့။

အဘိုးနဲ့အဘွားမှာ ပိုက်ဆံရှိ မရှိလည်း မသိဘူး။ မျက်စိမြင်ချင်တယ်၊ မြင်ချင်တယ်နဲ့ ခဏခဏ ပူဆာတိုင်း အဘွားမှာ ခဏခဏ မျက်ရည်ကျရတယ်။ အဘွားတို့မှာက အိမ်တစ်ခြမ်းငှား လခလေးနဲ့၊ သားတွေ သမီးတွေ ဝိုင်းထောက်ပံ့ကြတာလေးနဲ့ စားနေကြရတာကို သူ ဘယ်သိပါ့မလဲ။ ဒါပေမဲ့ အဘိုးနဲ့အဘွား ခမျာမှာ သူတို့ အိုစာ မင်းစာအတွက် ထားတဲ့ ရွှေတိုရွှေစလေးတွေကို ရောင်းပြီး မြေးမျက်စိကို မြင်နိုးနိုး၊ ရနိုးနိုးနဲ့ ဆေးကုခဲ့တယ်။

ဆရာဝန်ကြီးက မရတော့ဘူးလို့ ဝမ်းနည်းစကား ပြောတဲ့အခါ အဘွားလေ ရှိုက်ကြီးတငင် ငိုရှာတယ်။ ဖိုးကျော်ကတော့ ဆရာဝန်ကြီးနှစ်သိမ့်တဲ့ နောက်တစ်ကြိမ် ကြိုးစားကြည့်သေးတာပေါ့ ဆိုတဲ့ မျှော်လင့်ချက်နဲ့ အဘွားလောက်တော့ မငိုမိဘူး။ နောက်တစ်ကြိမ်ဟာ ဘယ်တော့လဲဆိုတာကို ဖိုးကျော် မျှော်လင့်ရင်း သင်္ကြန်လေးကြိမ် ကျခဲ့တယ်။ လေးကြိမ်မြောက်သင်္ကြန်ချိန်မှာ ဖိုးကျော်အသက် ဆယ့်လေးနှစ်ရှိခဲ့ပြီ။ အသံအောအောနဲ့ ရှက်တတ်၊ ကြောက်တတ်ခဲ့ပြီ။

အဲဒီနေ့က သင်္ကြန်အကြတ်နေ့ကြီးပေါ့။ သင်္ကြန်ရဲ့ အစည်ဆုံးရက်လေ။ ပြီးတော့ ဖိုးကျော်တို့ မန္တလေးရဲ့ သင်္ကြန် အကြတ်နေ့လေ။

လူသံ၊ ကားသံ၊ သီချင်းသံတွေဟာ ဖိုးကျော်တို့ မြို့စွန်ရပ်ကွက်လေးမှာတောင် ဆူညံနေတာပဲ။ အဲဒီအချိန်မှာ ဖိုးကျော်တို့ မြေးအဘိုးသုံးယောက်က အိမ်က ဘုရားဆင်းတုတော်လေးကို ရေသပ္ပာယ်နေကြတယ်။ အဘွားက ဖိုးကျော် လက်ထဲ မွှေးနေတဲ့ ရေခွက်လေး ထည့်ပေးပြီး ဖိုးကျော် ညတိုင်း ရှိခိုးရပေမယ့် တစ်ခါမှ မမြင်ဖူးခဲ့တဲ့ ဘုရားကိုယ်တော်လေးကို ရေသပ္ပာယ်စေတယ်။ ပါးစပ်ကလည်း ဖိုးကျော်အတွက် ဆုတွေတောင်းလို့။ ဘဝဆက်တိုင်း ဒီလိုအဖြစ်မျိုးနဲ့ မတွေ့ ပါစေနဲ့၊ မကြုံပါစေနဲ့တဲ့။

အဲလိုနေတုန်း အိမ်ဝင်းထဲကို ကိုဦးတို့ကား ဝင်လာတော့တာပဲ။ ကိုဦးက ဖိုးကျော်ရဲ့ အစ်ကိုတစ်ဝမ်းကွဲပေါ့။ အဘိုးနဲ့အဘွားရဲ့ သားကြီးကမွေးတဲ့ မြေးတစ်ယောက်ပေါ့။ ညီအစ်ကိုဝမ်းကွဲတွေမှာ ဖိုးကျော်ကို သနားဆုံး၊ အခင်ဆုံးသူလေ။

"ဖိုးကျော် သင်္ကြန်လည်မယ်၊ လုပ်... အဝတ်အစားလဲ၊ မင်းကို လာခေါ်တာ"

သကြ်န်လည်ဖို့တဲ့။ ဖိုးကျော် သကြ်န်ကို တစ်ခါမှ မလည်ခဲ့ဖူးဘူးလေ။ သကြ်န်လည်တယ်ဆိုတာ ဘယ်လိုဟာလဲ။ ဖိုးကျော်စိတ်တွေ လှုပ်ရှားလာတယ်။

“ဖြစ်ပါ့မလား ကိုဦး”

“အို.. သိပ်ဖြစ်တာပေါ့၊ ကားတစ်ကားလုံး ငါတို့အရွယ်တွေချည်းပဲ၊ ပျော်စရာသိပ်ကောင်းတယ်၊ လုပ်ကွာ၊ မင်းမှာ ဘောင်းဘီရှည် ရှိလား”

“မရှိဘူး”

“ဒါဖြင့်… ရော့၊ ငါ့ဘောင်းဘီဝတ်၊ လဲချင်လဲဖို့ အပို ထည့်လာတာ၊ သကြ်န်လည်တာ ဘောင်းဘီနဲ့မှကွ”

ကိုဦးအစီအစဉ်အတိုင်း ဖိုးကျော်ကြီးမှာ တစ်ခါမှမဝတ်ဖူးတဲ့ ဂျင်းဘောင်းဘီရှည်ကို ဝတ်ရတယ်။ အင်္ကျီက ဖိုးကျော် တစ်ခါပဲ ဝတ်ရသေးတဲ့ စပို့ရှပ်အင်္ကျီအစင်းလေးကို ဝတ်ရတယ်။

"မင်း သိပ်မိသွားပြီ ဖိုးကျော်၊ အဘိုး အဘွား… ဖိုးကျော်ကို ကြည့်စမ်း"

အဘိုးနဲ့အဘွားကလည်း တအေးအေးနဲ့ ကိုဦး ပြောတာ သဘောကျနေကြတယ်။

“အိုကေ သွားမယ်”

ကားပေါ်ရောက်တာနဲ့ ဖိုးကျော်က လက်ကိုင်ပဝါနဲ့ မျက်လုံးကို စည်းတယ်။ နောက်တစ်ခါ မျက်လုံးမခွဲခင် မျက်လုံးမခိုက်မိအောင် ဂရုစိုက်ပါဆိုတဲ့ ဆရာဝန်ကြီးစကားကို ဖိုးကျော် နားထောင်ရမယ်လေ။

“ဟော့ကောင် ဖိုးကျော်၊ ဘာလုပ်တာလဲကွ၊ မင်းကလည်း သိသာအောင်"

“မဟုတ်ပါဘူး ကိုဦး၊ ဆရာဝန်က မှာထားလို့၊ မျက်လုံးဖွင့်ထားလည်း ဘာမှ ထူးတာမှမဟုတ်တာ ကိုဦးရာ”

“မေ့ထားစမ်းပါကွာ”

ကိုဦးက ဖိုးကျော်ပခုံးကို ဖက်ပြီး သူ့နားမှာ မတ်တတ်ရပ်ခိုင်းတယ်။

“လမ်းမပေါ် ရောက်ပြီကွ”

ဖိုးကျော်တို့ကားပေါ်က လူငယ်တွေရဲ့အသံ တစ်ပြိုင်နက် လှုပ်ရှားဆူညံလာတယ်။ အသွေးထဲအသားထဲကနေ ပျော်ရွှင်တက်ကြွ ဆူညံတဲ့အသံတွေ။ ရေလုံးတွေ တစ်လုံးပြီးတစ်လုံး ကားထဲ ဝင်လာတယ်။ အသံတွေ ပိုဆူညံလာတယ်။

ဖိုးကျော် ရင်တွေ တဒိတ်ဒိတ် ခုန်လာတယ်။ လှုပ်ရှားတက်ကြွလာတယ်။ ပြီးတော့ သိပ်ပျော်လာတယ်။ “ဟေ့”ခနဲ ဆိုတဲ့ အသံတစ်ခုကို ဖိုးကျော် အော်မိရက်သား ဖြစ်နေတယ်။ ပျော်ရွှင်တက်ကြွမှုက ဆယ့်လေးနှစ်ရွယ် ဖိုးကျော်ကို အမြန်ဆုံး ကူးစက်ခဲ့ပြီလေ။

ကြည်နူးမြူးကြွ ရင်ခုန်စရာကောင်းလှတဲ့ သင်္ကြန်သီချင်းသံတွေက တစ်မြို့လုံးကို ဖုံးလွှမ်းနေတော့တာပဲနော်။

သင်္ကြန်ရေတွေနဲ့ ရွှဲစိုနေပေမယ့် လမ်းမကြီးပေါ်မှာ တရိပ်ရိပ် ပြေးနေတဲ့ ဖိုးကျော်တို့ကားလေးပေါ်မှာတော့ အပျော်ကြီး ပျော်နေတဲ့ ဖိုးကျော်ကို အားလုံးက ဝိုင်းစသံတွေ ဖုံးလွှမ်းနေတယ်။

“ဖိုးကျော် စွံတယ်ကွ၊ ကောင်မလေးတွေက သူ့ချည်း လှမ်းပက်တာပဲ”

“ဒီကောင်က မိတယ်ကွ”

“အဝါဝမ်းဆက်နဲ့ ဟိုကောင်မလေးဆို ရေပိုက်က တစ်ချိန်လုံး ဖိုးကျော်ဆီမှာပဲ၊ တို့ဆီကို မရောက်ဘူး”

ကောင်မလေးတွေတဲ့။ အဝါဝမ်းဆက်တဲ့။ မျက်နှာပေါ်နဲ့ ကိုယ်ခန္ဓာပေါ်ကို ရေတွေကျလာတာကလွဲရင် ဖိုးကျော် ဘာမှ မသိရပါလား။ ဖိုးကျော် ရုတ်တရက် ငိုင်သွားတုန်း ကားလေးက ထိုးရပ်သွားတယ်။

“ဟေ့.. မေပိတောက် မဏ္ဍပ်ကွ၊ ဒီမှာ သဲသဲတို့ မိဇွန်တို့ ရှိတယ်”

ကိုဦးအသံက ပျော်ရွှင်ကြည်နူးနေသလို ဟေးခနဲ လိုက်အော်ကြတဲ့ ကိုဦးတို့ သူငယ်ချင်းတွေရဲ့ အသံကလည်း ပျော်ရွှင်ကြည်နူးမှုအပြည့်။

“ဟိုမှာ၊ ကိုကိုဦးတို့ဟေ့”

စူးရှတဲ့ မိန်းကလေးသံတစ်ခုကို ကြားလိုက်ရပြီး မိန်းကလေးသံတွေ အများကြီး ဖိုးကျော်တို့ကားနားကို ရောက်လာခဲ့တယ်။ ပြီးတော့ တဝုန်းဝုန်း ကျလာတဲ့ ရေတွေနဲ့ စူးစူးရှရှ ပျော်ရွှင်ရယ်မောသံတွေ။

“အမယ်... ဒီလို ချောင်ထဲ ကုပ်ထိုင်နေလို့ ဘယ်ရမလဲ”

ချိုလွင်စူးရှတဲ့ မိန်းကလေးသံတစ်သံကို ဖိုးကျော် အနီးကပ် ကြားလိုက်ရပြီး အင်္ကျီလည်ကုပ်ကြားထဲ အေးစိမ့်သွားတယ်။ အို...ကောင်မလေးက ရေခဲထည့်လိုက်တာ။

“ဟေ့.. သူက ဘလိုင်းမင်းသားတော့"

ဖိုးကျော် မျက်စိစည်းထားတဲ့ လက်ကိုင်ပဝါကို နူးညံ့တဲ့ လက်ကလေး တစ်ဖက်က ဆွဲဖြုတ်လိုက်တယ်။ ပြီးတော့ ချို့လွင်တဲ့ ရယ်မောသံတွေ၊ မျက်တောင်ပုတ်ခတ် ပုတ်ခတ်နဲ့ ဖိုးကျော် အိုက်တင်ကို သဘောကျ ရယ်မော သံတွေ။

ဘလိုင်းတဲ့၊ ဘလိုင်းမင်းသားတဲ့။

ဖိုးကျော် ရှက်တယ်။ ရင်တွေ တဒိုင်းဒိုင်း ခုန်နေတယ်။ ကြည်နူးချင်တဲ့ စိတ်ကလေးပေါ်ကို ဝမ်းနည်းစိတ်၊ အားငယ်စိတ်၊ ထွက်ပြေးလွတ်မြောက်ချင်စိတ်တွေက ဖုံးအုပ်လာတယ်။

"ဘလိုင်းမင်းသားက ရှက်နေတယ်ကွ"

"ဟော့... ဘလိုင်းမင်းသား၊ တို့ကို ရေမလောင်းတော့ဘူးလား၊ ရေလာလောင်းမှ သူ့လက်ကိုင်ပဝါ ပြန်ပေးမှာနော်"

ဖိုးကျော် သိပ်တုန်လှုပ်သွားတယ်။ ကိုဦးတို့ ကောင်မလေးတွေကို ရေလောင်းနေကြတာကိုး။ တို့ကို ဟန်ဆောင်မျက်မမြင်လို့ ထင်နေတဲ့ ကောင်မလေးရယ်၊ မင်းကို ရေသိပ်လောင်းချင်ပါတယ်။ ဒါပေမဲ့ မင်းကို တို့မမြင်ရဘူးလေ၊ မင်းလက်ကလေးနဲ့ လက်ကိုင်ပဝါကို ဆွဲဖြုတ်လိုက်လည်း တို့မျက်လုံးတွေဟာ မှောင်မြဲမှောင်နေလျက်ဆိုတာ မင်း မသိပါဘူး။

"ကြည့်စမ်း၊ သူ သိပ်မာနကြီးတာပဲ"

"သဲသဲ"

ကိုဦးရဲ့ ခပ်ဆတ်ဆတ်ခေါ်သံကို သူနားလည်မှာ မဟုတ်ပါဘူး။ သွားကြပါစို့ ကိုဦးရယ်၊ ကြာရင် ကျွန်တော် အော်ဟစ်ထွက်ပြေးမိတော့မယ်၊ မြန်မြန်သွားကြပါစို့။

"ဘလိုင်းမင်းသားကို ကားပေါ်က ဆွဲချမယ်ကွာ"

"ဩော်.. မိဇွန်၊ ဘယ်လိုဖြစ်နေတာလဲ"

ကားထိုင်ခုံကို ဖိုးကျော် အထိတ်တလန့် ဆုပ်လိုက်မိတုန်းမှာပဲ ကိုဦးရဲ့ ငေါက်သံကို ကြားရတယ်။ ပြီးတော့ ဖိုးကျော် ဘေးနားက ပျော်ရွှင်ရယ်မောသံတွေ တိတ်ဆိတ်ငြိမ်သက်သွားတယ်။ ဖိုးကျော် သိလိုက်ပါပြီ။ ဖိုးကျော် အကြောင်းကို သူတို့ သိသွားကြတော့မယ်။

ဖိုးကျော်အတွက် နာရီပေါင်းများစွာ ကြာတယ်လို့ ထင်ရတဲ့ ခဏကလေးအကြာမှာတော့ သင်းပျံ့တဲ့ကိုယ်နံ့လေးတစ်ခု ဖိုးကျော်ဘေးကို ရောက်လာခဲ့တယ်။

"တို့ကို ခွင့်လွှတ်ပါနော်၊ တို့ တကယ်မသိလို့ပါ"

လှုပ်ရှားတုန်ယင်နေတဲ့ အသံလေးက ဖိုးကျော်မျက်လုံးတွေကို လက်ကိုင်ပဝါနဲ့ တယုတယ ပြန်စည်းပေးတယ်။

“ဆောရီးနော်၊ တို့ သူ့ကို သိပ်သနားတာပဲ”

နူးညံ့တဲ့ လက်ကလေးတစ်ဖက်က ဖိုးကျော်လက်ကို တင်းတင်း ဆုပ်လိုက်တယ်။ ပြီးတော့ ဖျတ်ခနဲ ပြန်လွှတ်ချရင်း ကိုယ်သင်းနံ့လေး ပျောက်သွားခဲ့တယ်။

ကားစက်နှိုးသံ၊ သကြံန်သီချင်းသံတွေရဲ့ ဆူညံသံဟာ ဖိုးကျော်ရဲ့ ရင်ထဲက အော်ဟစ်သံလောက် မပြင်းထန် မဆူညံပါဘူး။ ကြောက်တယ်။ သကြံန်ကို ကြောက်တယ်။ သကြံန်ကို မုန်းတယ်။ ကိုယ့်ဘဝကို မုန်းတယ်။ သကြံန်ရှိတဲ့ အရပ်မှာ မနေပါရစေနဲ့။ သကြံန်မရှိတဲ့နေရာကို ပို့ပေးကြပါ။ သကြံန်ဆိုတာ ကျွန်တော့်အတွက်ကတော့ မီးလောင်တာပါပဲ။

* * *

“မြေကြီးပေါ်မှာ ဒုက္ခဆင်းရဲရောက်သောအခါ... မျှော်လင့်ခြင်းကင်း စိတ်ပျက်ခြင်းတို့ ခံရလျှင်... ခံစားရာ ကောင်းချီးမင်္ဂလာ ရေတွက်ပါ ပြုတော်မူသော ကျေးဇူးတော် အံ့ဩလိမ့်မည်။

ကောင်းချီးတစ်ခု နောက်တစ်ခု ရေတွက်၊ ပြုတော်မူသော ကျေးဇူးတော် ရေတွက်၊ ကောင်းချီးရေတွက်တစ်ခု... နောက်တစ်ခု... ပြုတော်မူသော ကျေးဇူးတော် အံ့ဩလိမ့်မည်။

ကြောင့်ကြဝန်ထုပ်ကို သင်သည် ထမ်းရသလား... သင် ထမ်းရသော လက်ဝါးကပ်တိုင် လေးသလား.. ခံစားရာ ကောင်းချီးမင်္ဂလာ ရေတွက်ပါ၊ ယုံမှား ခြင်းကင်း သီချင်းကို သင်ဆိုလိမ့်မည်။

ကောင်းစားသောသူများကို သင်မြင်သောခါ ကိုယ်တော်ထားသော ကတိတော်ကို အောက်မေ့ပါ၊ ခံစားရာ ကောင်းချီးမင်္ဂလာ ရေတွက်ပါ ၊ စည်းစိမ်ဖြင့် ကောင်းကင်ချမ်းသာ မဝယ်နိုင်ပါ။

ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံရသောအခါ... စိတ်မပျက်ရာ ကိုယ်တော်ကိုသာ အားကိုးပါ၊ ခံစားရာ ကောင်းချီးမင်္ဂလာ ရေတွက်ပါ၊ လမ်းဆုံးတိုင်အောင် သင့်ကို စောင်မ ပို့ဆောင်မည်”

“အာမင်"

ဖိုးကျော်နဲ့ အယ်နီတာတို့ ဘေးနားမှာရပ်ပြီး ကိုယ်တော်ကို အာရုံပြုနေတဲ့ အိမ်ရှင်မိန်းမက သက်ပြင်းတစ်ချက်ကို ခပ်ဖွဖွလေး ချရင်း တိုးတိုးလေး လိုက်ဆိုတယ်။

"ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံရသောအခါ စိတ်မပျက်ရာ ကိုယ်တော်ကိုသာ အားကိုးပါ...အာမင်"

အိမ်ရှင်မိန်းမက မျက်လုံးတွေကို ဖွင့်လိုက်ပြီး သူ့အသံဆီကို မှန်းပြီး ငေးကြည့်နေကြတဲ့ ဖိုးကျော်နဲ့ အယ်နီတာကို ပြုံးပြလိုက်တယ်။

"ဘုရားရှိခိုးပေးတာ ကျေးဇူးတင်ပါတယ်။ ကျွန်မ တော်တော်စိတ်ချမ်းသာသွားတယ်၊ ထိုင်ကြနော်"

"ခေါင်းတွဲရေ"

ဖိုးကျော်က လှမ်းအသံပြုလိုက်တော့ အိမ်ပြင်ဘက်မှာ ဖိုးကျော် သားအငယ်လေးကို ပွေ့ချီထိန်းကျောင်းရင်း ဖိုးကျော်တို့ ဘုရားရှိခိုးတာကို စောင့်နေတဲ့ ခေါင်းတွဲ ဝင်လာတယ်။

"မအယ်နီသားက ကောင်းကောင်းလည်း မနေဘူး"

"သူ နေမကောင်းဖြစ်နေတယ် ခေါင်းတွဲရဲ့၊ ပေး.. ပေး.. ဒီကို"

ခေါင်းတွဲက ကလေးကို အယ်နီတာ့ရင်ခွင်ထဲ ထည့်ပေးတယ်။ ပြီးတော့မှ အယ်နီနဲ့ ကလေးကို ဆွဲပြီး ခုံပေါ် ထိုင်ပေးတယ်။ ပြီးတော့ ဖိုးကျော်ကို တွဲပြီး ခုံတစ်ခုပေါ် ထိုင်ပေးတယ်။

"ရော့.. မုန့်စားကြဦး၊ သားက သူတို့ကို ပေးလိုက်နော်၊ ရော့..."

အိမ်ရှင်မိန်းမက ကိတ်မုန့် တစ်ယောက်တစ်ချပ်စီ ကျွေးတယ်။ ငှက်ပျောသီးလည်း ကျွေးတယ်။ ဒီအချိန်ဟာ ခေါင်းတွဲမျှော်လင့်နေတဲ့အချိန်ပေါ့။ တချို့အိမ်တွေ ဆို ဒီထက်ကောင်းတဲ့ မုန့်တွေ ကျွေးတတ်တယ်။ သကြားလုံးလည်း အိတ်ထောင်အပြည့် ရတတ်တယ်။ တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်ရင်း သကြားလုံး တစ်လုံးပြီးတစ်လုံး မြုံ့ပြီး စုပ်ရတာ သိပ်ကောင်းတဲ့အလုပ်ပဲ။ လမ်းလျှောက်ရတာ ညောင်းပေမယ့် ဖိုးကျော်တို့ အယ်နီတို့နဲ့ ဘုရားရှိခိုးလိုက်ရတာကို ခေါင်းတွဲပျော်တယ်။ မုန့်စားရတယ်လေ...။

"ရော့ ဒီမှာ အလှူငွေနဲ့ မုန့်ထုပ်လေးနော်၊ ကလေး စားရအောင်လို့ ဟုတ်လား"

ခေါင်းတွဲက အိမ်ရှင်မိန်းမပေးတဲ့ အလှူငွေဆယ့်ငါးကျပ်နဲ့ မုန့်ထုတ်လေးကို ယူပြီး ဖိုးကျော်လက်ထဲ ထည့်တယ်။

ဖိုးကျော်က ပိုက်ဆံကို အိပ်ထောင်ထဲထည့်ပြီး အိပ်ထောင်ဖုံးက နှိပ်သီးကို သေသေချာချာ နှိပ်တယ်။ မုန့်ထုပ်ကိုတော့ ခေါင်းတွဲ လွယ်ရမယ့် အိတ်ထဲ ထည့်တယ်။

“ကလေးလေးကတော့ မျက်စိမြင်ရဲ့လား”

“ဟုတ်ကဲ့... မြင်မယ်ထင်တာပဲ၊ သူက အခါလည်ကျော်ပဲ ရှိသေးတာ၊ သမီး အကြီးလေးတော့ မြင်ပါတယ်”

“ကျွန်တော်တို့ သွားပါဦးမယ် ခင်ဗျ၊ ဘုရားသခင်က ကောင်းချီးပေးပါစေ... အာမင်”

“အာမင်”

အိမ်ရှင်မိန်းမက နှဖူးနဲ့ ပခုံးနှစ်ဖက်ကို လက်နဲ့ အသာအယာ ထိတယ်။ ခေါင်းတွဲက ဖိုးကျော် ဂစ်တာကို ယူပြီး လွယ်တယ်။ တစ်ဖက်က ပစ္စည်းထည့်တဲ့ အိတ်ကိုပါ လွယ်တယ်။

“ဂစ်တာ ငါ့ပေးပါ ၊ နှစ်ခုဆို မင်း မနိုင်ပါဘူး”

“နိုင်ပါတယ်”

ဂစ်တာဆို သိပ်လွယ်ချင်တဲ့ သိပ်တီးချင်တဲ့ကောင်။ ဒီကောင့်ကို ဂစ်တာတီး ကောင်းကောင်း သင်ခိုင်းရမယ်။

ဖိုးကျော်က ဘာမှ မပြောတော့ဘဲ ခေါင်းတွဲပခုံးကို စမ်းပြီး ဆုပ်လိုက်တယ်။

“အယ်နီ”

အယ်နီက ဖိုးကျော် အသံပေးတဲ့ဆီကို တိုးကပ်လာပြီး ဖိုးကျော်လက်မောင်း ကို ကိုင်တယ်၊ ကလေးက အယ်နီပခုံးပေါ်မှာ အိပ်ပျော်သွားခဲ့ပြီ။

ဖိုးကျော်တို့ သုံးယောက် အိမ်ရှေ့လမ်းမပေါ် ထွက်သွားတာကို အိမ်ရှင် မိန်းမက ငေးကြည့်ခဲ့တယ်။ နေက ပူလိုက်တာ။

“ကိုဖိုးကျော်၊ ကျွန်တော်တို့ ဘယ်အိမ်ကို သွားမလဲ၊ သကြားလုံးတွေ အများ ကြီးပေးတဲ့ အိမ်ကို သွားမယ်လေ၊ ဘယ့်နှယ်လဲ”

“ခေါင်းတွဲက အဲဒီအိမ်ကို အားကြီး ကြိုက်တယ်ဟေ့၊ နော.. "

အယ်နီတာရဲ့ ရယ်သံဝဲဝဲလေးက ပင်ပန်းနေတယ်။

“အယ်နီ၊ နင်ရော နေကောင်းရဲ့လား၊ ညကလည်း ကလေး ငိုလို့ အိပ်ရေးပျက်ထားတာ”

“အိုး... ကောင်းပါတယ်၊ နေပူတော့ နွမ်းတာပ၊ ဖိုးကျော် အလှူငွေ ဘယ်လောက်ရပြီလဲဟင်”

“သုံးဆယ်ရပြီ၊ ဟိုတစ်အိမ်က ဆန်ပေးတယ်လေဟာ”

“အေးလေ၊ ဒီနေ့ ဟိုတစ်ခါလို တအားစေတနာကောင်းတဲ့ အိမ်မျိုးတွေ့ ရင် ကောင်းမယ်၊ တစ်ရာ လှူလိုက်တဲ့ အိမ်ဟာကော”

“မအယ်နီတို့ဘုရားသခင်ဆီမှာ ဆုတောင်းပေါ့၊ အဲလိုအိမ်မျိုး များများတွေ့ ပါစေလို့”

“အေးပါ၊ ခေါင်းတွဲရယ်၊ ငါတို့ကို ဘုရားသခင်က အိမ် မြန်မြန် ဆောက်ပေး ပါစေ.. အာမင်"

ဖိုးကျော်က သက်ပြင်းတစ်ချက်ကို ချတယ်။

“ဖြည်းဖြည်းတော့ ဖြစ်လာမှာပေါ့ဟာ၊ နင်က သိပ်နားပူတာပဲ”

“နားပူတာ မဟုတ်ပါဘူးဟယ်၊ ကလေးတွေ ဒုက္ခရောက်ကုန်မှာ စိုးလို့ပါ၊ မြေကြီးပေါ် ကြာရှည်အိပ်ရင် မကောင်းဘူးလေ၊ နေ့လယ် နေ့ခင်းလည်း နေပူခို စရာ မရှိ”

“တို့ပိုက်ဆံလေး နည်းနည်းပါးပါး စုမိလာရင် ဆောက်တာပေါ့၊ အပျိုကြီး အိမ်ကို ဆောက်နေတဲ့ လက်သမားတွေကို ငါ မေးကြည့်ထားတယ်။ တစ်ခန်းအိမ် လေးပဲ ဆောက်ရင်တော့ သိပ်မကုန်ဘူးတဲ့။ လက်သမားခလည်း လျှော့ယူမယ် တဲ့"

“ဟုတ်လား၊ တစ်ခန်းတည်းလည်း အယ်နီတို့မိသားစု နေလို့ရပါတယ် နော...”

“ကြီးကြီးကြွင်အိမ်က ပြီးတော့မယ်နော်၊ သူတစ်ယောက်တည်း နေမှာများ ဆောက်တာ အကြီးကြီးပဲ။ ကျွန်တော်တို့မိသားစုစာလောက် ရှိတယ်”

“သိပ်လည်းကြီး မထင်ပါဘူး ခေါင်းတွဲရာ၊ နှစ်ခန်းအိမ်လို့ပဲ အပျိုကြီး လက်သမားတွေက ပြောပါတယ်၊ အပျိုကြီးက တစ်ယောက်တည်းပေမယ့် ပိုပြီး လုံလုံခြုံခြုံရှိအောင်လို့ပေါ့”

“ကျွန်တော်တို့အိမ်လည်း မဆောက်သေးဘူးတဲ့၊ အမေက ပြောတယ်။ အလုပ်ရုံထဲ နေဦးမယ်တဲ့။ အလုပ်ရုံရွှေ့လာမှ ဆောက်တော့မယ်နဲ့ တူတယ်”

“မချိုတို့အိမ်ရော ပြီးပြီလားဟင် ခေါင်းတွဲ"

“မပြီးသေးဘူး၊ ထရံကာတွေ မကာရသေးဘူး"

“မဂန္ဒီတို့ရော ဆောက်ပြီလား”

“မဆောက်သေးပါဘူး၊ မဂန္ဒီက သူ့အမေပဲ တစ်ချိန်လုံး မျှော်နေတာ၊ ရဲထွန်းအောင်လေး မျက်စိကလည်း တအားဆိုးတာပဲ၊ ဆေးခန်းလည်း သွားမပြဘူး”

“အိုး… သနားပါတယ်”

“ပိုက်ဆံမရှိဘဲ ဘာမှ လုပ်လို့ မရဘူးကွ ခေါင်းတွဲရ၊ မှတ်ထား၊ ဟာ…ရေဆာလိုက်တာကွာ”

“ဟိုနားမှာ ရေအိုးစင်တွေ့ တယ်၊ အဲဒီသွားမယ်”

သစ်ပင်ခြေမှာ ကပ်ရိုက်ထားတဲ့ ရေအိုးစင်လေးက ရန်ကုန်မှာ ရှားရှားပါးပါးတွေ့ရတတ်တဲ့ ရေအိုးစင်မျိုးလေး။ သဲအိုးလေးက နီရဲစွတ်စိုနေပြီး သစ်သားရေအိုးဖုံး အသစ်လေး၊ အုန်းမှုတ်အသစ်လေးနဲ့ သောက်ချင့်စဖွယ်လေး။

ခေါင်းတွဲက နှစ်မှုတ်၊ အယ်နီတာက နှစ်မှုတ်၊ ဖိုးကျော်က သုံးမှုတ်တောင်သောက်တယ်။

“ရေအိုးတည်တဲ့လူကို ဘုရားသခင်က ကောင်းချီးပေးပါစေဟယ်”

အယ်နီတာက မောဟိုက်သံနဲ့ အသက်ပြင်းပြင်း ရှူရာက ဆုတောင်းတယ်။ ဖိုးကျော်ကတော့ ခေါင်းတွဲပခုံးကို ဆုပ်ကိုင်အားပြုရာက “ခေါင်းတွဲကိုလည်း ဘုရားသခင်က ကောင်းချီးပေးပါစေဟာ၊ ငါတို့မှာ သူပါလို့ဟ၊ သူ မပါရင် တို့ ဘာမှ အလုပ်ဖြစ်မှာ မဟုတ်ဘူး၊ ဒီကောင် ကျောင်းဖွင့်ရင်တော့ တို့ ခက်သေး”

ခေါင်းတွဲက ဘာမှပြန်မပြောဘဲ ခဏငြိမ်နေတယ်။ ပြီးတော့မှ..

“ကိစ္စမရှိပါဘူး၊ ဒီတစ်ခါ ကျောင်းဖွင့်ရင် ကျွန်တော်မှ ကျောင်းမလိုက်ရတော့ဘဲ၊ အမေက ထွက်တော့တဲ့”

“ဟင်”

“ခေါင်းတွဲက စာတော်သားနဲ့ဟယ်၊ ဒီနှစ်… နင် ဘယ်နှတန်း.."

“ခြောက်တန်း”

“အေးလေဟယ်”

သုံးယောက်စလုံး ငြိမ်သက်သွားကြပြီးမှ ခေါင်းတွဲက

“သွားစို့ဗျာ… ကိုဖိုးကျော်”

"အေး …..အေး"

“ဟိုအိမ်ပဲ သွားရမလား"

"သွားလေ..."

ခရစ်ယာန်အိမ်တွေ အများကြီးရှိတဲ့ ချိုင့်ဝှမ်းထဲကို ခေါင်းတွဲက ဆင်းတယ်။ ချိုင့်ဝှမ်းထဲက သိပ်သာယာတာပဲ။ သစ်ပင်ပန်းပင်လေးတွေနဲ့ စိမ်းစိုနေပြီ အိမ်ကလေးတွေ၊ အိမ်ကြီးတွေကလည်း လှတယ်။ အိမ်ရှေ့မှာ ခရစ်စမတ်ပင်လေးတွေလည်း ရှိတယ်။ သကြားလုံး ပေးတဲ့ အိမ်ကြီးက ပန်းပင်တွေ ပိုတောင် စုံသေးတယ်။

"ရောက်ပြီ.. ကိုဖိုးကျော်"

ခေါင်းတွဲက ခြံဝင်းဝမှာ ရပ်လိုက်တဲ့အခါ ဖိုးကျော်က အသာအယာ ချောင်းဟန့်ရင်း...

"ဟဲလို... ကျွန်တော်တို့ ဘုရားရှိခိုးချင်လို့ပါ"

အိမ်ထဲက တံခါးတစ်ချပ် ပွင့်သွားတာကို ခေါင်းတွဲ မြင်ရတယ်။ တံခါးဖွင့်ပေးမယ့် လူကြီးတစ်ယောက်လည်း လာနေပြီ... ။ ခဏနေရင် ဖိုးကျော်နဲ့ မအယ်နီက သီချင်းဆိုပြီး ဘုရားရှိခိုးမယ်။ ပြီးရင် အလှူငွေရမယ်။ မုန့်ရမယ်။ ပြီးရင် နောက်တစ်အိမ်။ ညနေစောင်းပြန်ရင်တော့ ဖိုးကျော်ဆီက မုန့်နဲ့ ပိုက်ဆံ တစ်ဆယ်... ခေါင်းတွဲရမယ်။

" သခင်ဘုရား.... ကယ်မ၊ သနား

ကျွန်ုပ် အပြစ်လွှတ်တော်မူပါ၊

ကရုဏာတော် ကြွယ်ဝတည်နေ

ခြေတော်ရင်း၌ ခိုလှုံပါစေ..."

ဂစ်တာသံနဲ့ ညီညီညာညာ ဆိုနေကြတဲ့ ဖိုးကျော်နဲ့ အယ်နီကို ကလေးပွေ့ထားတဲ့ ခေါင်းတွဲက ထိုင်ငေးကြည့်နေတယ်။

မအယ်နီအသားတွေ နီရဲနေတာပဲ၊ မအယ်နီရဲ့မျက်လုံးလေးတွေဟာ ချိုင့်မနေရင် သိပ်ကို ကောင်းမှာနော်။ ဖိုးကျော်မျက်လုံးတွေကတော့ ပြူးပြူးဝိုင်းဝိုင်းပေမဲ့ မီးခိုးရောင်တိမ်တွေက ရှိနေရှာတယ်။

"... ကျွန်ုပ် ဝိညာဉ်... ဆေးကြောတော်မူ ..အပြစ်အမျိုးမျိုးမှ.. စင်အောင်..."

ခေါင်းကလေး ငဲ့စောင်း ဆိုရင်း ဖိုးကျော်က အယ်နီအသံကို နားထောင်တယ်။ ဝဲပြီး ချိုနေတတ်တဲ့ အယ်နီအသံလေး တိုးပြီး တုန်နေသလိုပဲ။ ပင်ပန်းနေရှာတယ်နဲ့ တူပါရဲ့....။ နို့မို့သာတော့ အယ်နီတာ ဓမ္မသီချင်းကို အသံလေး စူးရှနေအောင် အားရပါးရ ဆိုတတ်တာ။ ဓမ္မသီချင်းတင် မဟုတ်ပါဘူး၊ ခရစ်စမတ်သီချင်း

ကိုလည်း အယ်နီ သိပ်နားထောင်ကောင်းအောင် ဆိုတတ်တယ်နော်။ ဖိုးကျော်ကို ငယ်စဉ်ကာလတစ်လျှောက်လုံး စွဲလမ်းဖမ်းစားခဲ့ဖူးတဲ့ ချိုလွင်စူးရှနေတဲ့ အသံလေးနဲ့လေ။

ဖိုးကျော် အသက်ဆယ့်ငါးနှစ်မှာ မျက်မမြင်ကျောင်းကို ရောက်တယ်။ မရောက် ရောက်အောင် ဖွတ်ပို့ပေးတဲ့ ကိုဦးကို ကျေးဇူးတင်ပါတယ်။

ဖိုးကျော် ကြောက်လန့်ဝမ်းနည်းခဲ့ရတဲ့ သင်္ကြန်အပြီးမှာ အဘွား ဆုံးသွားခဲ့တယ်လေ။ ဖိုးကျော်နဲ့ အဘိုးကို ကိုဦးတို့အိမ်က လာခေါ်သွားတယ်။ အဘိုးနဲ့ အဘွားရဲ့ အိမ်လေးကို ရောင်းပစ်လိုက်ကြတယ်။ အဘိုးကလည်း ကျန်းမာရေး သိပ်မကောင်းလှဘူး။

ကိုဦးတို့အိမ်မှာ ဖိုးကျော်ကို ချစ်ခင်ဂရုစိုက်မယ့်သူဟာ ကိုဦး တစ်ယောက်တည်းပဲ ရှိတယ်ဆိုတာ ဖိုးကျော် သိပါတယ်။ ဒါပေမဲ့ ဖိုးကျော်က ဘယ်မှာ သွားနေရမှာလဲ။

ကိုဦးတို့အိမ် နေရတဲ့တစ်နှစ်မှာ ဖိုးကျော် ပိန်ချုံးသွားတယ်။ ကိုဦးတို့ မောင်နှမတွေ ကျောင်းသွားကြတဲ့အချိန်၊ စာကျက်ကြတဲ့အချိန်၊ ရုပ်ရှင်သွားကြည့်ကြတဲ့ အချိန်မျိုးတွေဟာ ဖိုးကျော် ဆောက်တည်ရာမရ အဖြစ်ဆုံးအချိန်တွေပေါ့။ ရုပ်ရှင်သွားရင် ကိုဦးကတော့ ခေါ်ရှာပါရဲ့။ ဘေးကနေ ဖိုးကျော်ကို ပြောပြရှာပါရဲ့၊ ဒါပေမဲ့ ကိုဦးညီမတွေ ရှက်သလို ဖိုးကျော်လည်းရှက်တယ်။ မလိုက်ချင်ဘူး။ ပြီးတော့ ကိုဦးတို့အမေ သူ့သားသမီးတွေကို ဆူပူရင်း ဖိုးကျော်ကို စောင်းမြောင်း ငြိုငြင်တဲ့အချိန် ဖိုးကျော် လောကကြီးထဲကနေ ကွယ်ပျောက်သွားချင်ဆုံး အချိန်ပေါ့။

အဆိုးဆုံး ရင်ဆိုင်ရတဲ့ အချိန်ကတော့ အဲဒီနှစ်က သင်္ကြန်အချိန်ပေါ့။ ကိုဦးတို့ညီမတွေနဲ့ သူငယ်ချင်းတွေက အိမ်မှာ အကတိုက်ကြတယ်လေ။ ဖိုးကျော်အတွက် နေစရာမရှိဘူး။ ထပ်တလဲလဲ ကြားနေရတဲ့ သင်္ကြန်သီချင်းသံတွေနဲ့ ဝေးရာအရပ်ကို ပြေးစရာမြေ ဖိုးကျော်မှာ မရှိပါဘူး။ အဘိုးအိပ်ရာဘေးနားမှာ နားနှစ်ဖက်ကို ဂွမ်းဆို့ပြီး ထိုင်နေလိုက်ခြင်းဟာ ဖိုးကျော်အတွက် စိတ်သက်သာရာ အရဆုံးပါပဲ။

အဲဒီတုန်းက အဘိုးနဲ့ စကားပြောရင်း ဖိုးကျော် အသွားချင်ဆုံး၊ အနေချင်ဆုံးနေရာဟာ နိုင်ငံခြားဆိုတဲ့ နေရာပဲ။ အဘိုးက ပြောတယ်လေ၊ နိုင်ငံခြားမှာ သင်္ကြန် မရှိဘူးတဲ့။ သင်္ကြန်မရှိတဲ့အရပ်ရှိလားဟင် အဘိုး လို့ ဖိုးကျော်က မေးတာကိုး။ နိုင်ငံခြားကို ငါ ဘယ်လိုသွားနေရပါ့မလဲဆိုတာကို ဖိုးကျော် အပြင်းအထန် စဉ်းစားမိတော့တာပဲ။

အဲဒီနှစ် သင်္ကြန်လည်တဲ့အချိန်မှာတော့ ကိုဦးက ဖိုးကျော်ကို မခေါ်ရှာတော့ပါဘူး။ ထားပစ်ခဲ့တယ်။ ဒါပေမဲ့ ဖိုးကျော် ကံမကောင်းပါဘူး။ သင်္ကြန် နောက်ဆုံးနေ့ ညနေကျတော့လေ။ ဖိုးကျော်တို့အိမ်မှာ နှုတ်ဆက်ရေပက်ပွဲလေးတစ်ခု ဖြစ်တယ်။ ကိုဦးညီမတွေနဲ့ ကိုဦးရဲ့ သူငယ်ချင်းတွေ၊ ကိုဦးတို့နဲ့ ကိုဦးတို့သူငယ်ချင်းမတွေ နှုတ်ဆက်ရေပက်ကြတဲ့ ပွဲပေါ့။

တံခါးပိတ်ထားတဲ့ အဘိုးရဲ့အခန်းထဲက ဖိုးကျော်ကို မျက်ရည်ပေါက်ပေါက်ကျအောင် နှိပ်စက်ကလူပြုသူကတော့ ဖိုးကျော် မှတ်မိနေတဲ့ အသံချိုချိုစူးရှရှလေးလေ။ နူးညံ့တဲ့ လက်ပိုင်ရှင်မလေးရဲ့ အသံလေးလေ။

ရေပက်ပွဲပြီးလို့ အဘိုးအခန်းထဲ ကိုဦး ဝင်လာတဲ့အခါမှာတော့ ကိုဦးပခုံးပေါ်မှာ ဖိုးကျော် ရှိုက်ကြီးတငင် ငိုမိတော့တယ်။ ကိုဦးဟာ ဖိုးကျော်ကို အနားလည်ဆုံး လူတစ်ယောက်ပါပဲ။ သင်္ကြန်ပြီးတာနဲ့ ဖိုးကျော်ကို မျက်မမြင်ကျောင်းပို့ဖို့ စီစဉ်တယ်။ ကျောင်းဖွင့်ခါနီးတော့ သူကိုယ်တိုင် ရန်ကုန် လိုက်ပို့တယ်။ ကိုဦးအမေကလည်း ဒါကိုတော့ သဘောတူတယ်။ သဘောမတူပေမယ့် ဘာမှမပြောရှာတဲ့သူကတော့ အဘိုးပေါ့။

ကျောင်းဟာ ဖိုးကျော်ဘဝကို အများကြီး ပြောင်းလဲစေခဲ့တယ်။ ဘဝတူသူငယ်ချင်းတွေ၊ ဘဝတူဆရာတွေ။ ပြီးတော့ ဖိုးကျော် သိပ်သင်ချင်တဲ့စာ။

မျက်မမြင် မူလတန်းကို ဖိုးကျော် ဂုဏ်ထူးတွေနဲ့ အောင်ခဲ့တယ်။ ဖိုးကျော် ဆယ့်ကိုးနှစ်မှာပေါ့။ အဲဒီအချိန်မှာ ချင်းအမျိုးသား ဆရာတစ်ယောက်က သင်ပေးလို့ ဖိုးကျော် ဂစ်တာကိုလည်း ကောင်းကောင်းတီးတတ်နေပြီ။ ကြိမ်ကုလားထိုင်၊ ကြိမ်ခြင်းတို့လည်း ထိုးတတ်ပြီ။ သင်္ကြန်နဲ့ ကောင်မလေးတွေကို ကြောက်နေသေးတာကလွဲရင် ဖိုးကျော် နည်းနည်းတော့ ပျော်နေပြီလေ။ ဒါပေမဲ့ ဖိုးကျော် အိမ်ပြန်ရတော့မယ်။

ကျောင်းက အသက် ဆယ့်ရှစ်နှစ်ထိပဲ နေခွင့်ရှိတယ်လေ။ သူငယ်ချင်းတွေနဲ့ ဆရာ ဆရာမတွေကတော့ ဖိုးကျော်ကို အပြင်ကျောင်း ဆက်နေစေ့ချင်ကြတယ်။ ဖိုးကျော်တို့အိမ်ကသာ ကျောင်းစရိတ် ထောက်မယ်ဆိုရင် ဒီမှာပဲ ဆက်နေခွင့်ပေးထားမယ်။ ထမင်းတော့ ကျွေးလို့မရတော့ဘူးပေါ့။ ဖိုးကျော်ကလည်း အိမ်ကို မပြန်ချင်ပါဘူး။ အဘိုးနဲ့ကိုဦးကို တွေ့ချင်တာတောင် ဖိုးကျော် မပြန်ခဲ့ဘူး။

ကိုဦးကတော့ တစ်ခေါက် လာတွေ့ သေးတယ်။ ဂစ်တာ တစ်လက်လည်း ဝယ်ပေးခဲ့တယ်။ ကိုဦးက ဘွဲ့တွေ ဘာတွေရပြီး စီးပွားရေး လုပ်နေပြီလေ။ အကျိုးအကြောင်းကို ကိုဦးဆီ ဖိုးကျော်ဆရာက စာရေးလိုက်တော့ ကိုဦးက ကျောင်းဆက်နေပါတဲ့။ အဘိုးနဲ့ သူနဲ့က ကျောင်းစရိတ်ထောက်မယ်လို့ ပြောတယ်။

ဖိုးကျော် ကျောင်းဆက်နေဖြစ်သွားတယ်။ ကျောင်းစရိတ်ကို ထမင်းစရိတ်နဲ့ ခွဲသုံးရင်း ဖိုးကျော် စာကြိုးစားခဲ့ပါတယ်။ တစ်နှစ် တစ်တန်းလည်း မှန်မှန်အောင်ခဲ့တယ်။

ဖိုးကျော်ကံကလည်း မွေးကတည်းက ဆိုးခဲ့တယ်နဲ့ တူပါရဲ့။ ဖိုးကျော် ခုနစ်တန်းမှာ အဘိုးဆုံးတယ်။ ကိုဦး စီးပွားရေးကလည်း မကောင်းဘူးတဲ့။ ဖိုးကျော် ကျောင်းထွက်လိုက်တာပေါ့။ မျက်မမြင်တစ်ယောက်အဖို့ ဒါလောက်ဆို တော်လောက်ပြီပေါ့။ ကိုဦးလို လူမျိုးကို ဖိုးကျော် ဆက်ဒုက္ခမပေးချင်တော့ပါဘူး။ ကိုဦးဆီကိုလည်း ဖိုးကျော် မပြန်တော့ဘူး။ ကျောင်းမှာ ဆက်နေရင်း ထမင်းစားဖို့ ကြံရဖန်ရတော့တယ်။

ကျောင်း ကုန်ထုတ်သမမှာလည်း အလုပ်ခေါ်တာနဲ့ မကြုံသေးတော့ လုပ်လို့မရဘူး။

ဂစ်တာလေးက ဖိုးကျော်ကို ထမင်းကျွေးခဲ့တာ။ ဖိုးကျော် တဖြစ်လဲ ဘလိုင်းကိုင်ဇာဘဝနဲ့ပေါ့။

* * *

ခရစ်ယာန် ဘုရားကျောင်းဝင်း မြက်ခင်းပြင်ပေါ်ကို မိုးစက်လေးတွေက တဖွဲဖွဲကျနေတယ်။

"မိုးရွာတာ.. ရပ်လိုက်ပေးပါ ဒေဝါအမွှန့်ရှင်ရယ်… ခုဆိုရင် ကျွန်တော့်ရဲ့ အချစ် ချမ်းနေရှာရော့တော့မယ်… ဖြူစင်စွာ သူ့ရဲ့အုတ်ဂူဖြူဖြူအိမ်လေးထဲမှာ.. မေးပျော်ကာ အိပ်နေတာလေး မနိုးပါစေနဲ့ မိုးရယ်… "

ထီးကိုယ်စီနဲ့ ပရိသတ်ဆီက လက်ခုပ်သံတွေ ထွက်လာတယ်။ ဘလိုင်းကိုင်ဇာကို အားပေးကြတဲ့ ပရိသတ်ပေါ့။

မြက်ခင်းပြင်ပေါ်မှာ ဖိုးကျော်နဲ့အတူ လိုက်တီးပေးနေတဲ့ မျက်မမြင် ခရစ်ယာန် သူငယ်ချင်းသုံးယောက်ရှိတယ်။ ဖိုးကျော်တို့ကျောင်းနားမှာပဲ ခရစ်ယာန် မျက်မမြင်ကျောင်း ရှိတယ်လေ။ အဲဒီက ခရစ်ယာန်သူငယ်ချင်းတွေက ဖိုးကျော်ကို တနင်္ဂနွေနေ့တွေမှာ ဘုရားကျောင်းကို ခေါ်သွားတယ်။ ဟိုမှာ လူတွေ ဘုရားရှိခိုးပြီးတဲ့အချိန် ဖိုးကျော်တို့ မြက်ခင်းပြင်မှာ ဂစ်တာနဲ့ သီချင်းဆိုကြတယ်။ ဓမ္မသီချင်းရော၊ ကာလပေါ်သီချင်းရော အစုံဆိုကြတယ်။ နားထောင်တဲ့ ပရိသတ်က အလှူငွေထည့်တယ်လေ။ စတူဒီယိုအဆိုတော် ကိုင်ဇာ့အသံနဲ့တူတဲ့ ဖိုးကျော်ကို ပရိသတ်က သဘောကျကြတယ်။

တနင်္ဂနွေတစ်ပတ်ဆို ဖိုးကျော်တို့ သူငယ်ချင်းတွေ တစ်ရာကျော် နှစ်ရာလောက် ရတတ်တယ်။ ခွဲလိုက်ကြတော့ ဖိုးကျော်အတွက် တစ်ပတ်ကို ငါးဆယ်လောက်တော့ ရတယ်။ တစ်ပတ်ကို ငါးဆယ်နဲ့ ဖြစ်အောင် ဖိုးကျော် ထမင်းစားတတ်ပါတယ်။

"…. မိုးကလေး ညိုလာရင် လွမ်းမျက်ရည်လေး လည်…. ငယ်ငယ်တုန်းက သူငယ်ချင်းကို သတိရပါတယ်…

"… မိုးကလေး ညိုလာရင် လွမ်းမျက်ရည်လေးလည်… ငယ်ငယ်တုန်းက သူငယ်ချင်းကို သတိရပါတယ်…"

ပရိသတ်တွေက ကိုင်ဇာ့သီချင်းတွေကို တစ်ပုဒ်ပြီးတစ်ပုဒ် အဆိုခိုင်းကြတယ်။ အလှူငွေလည်း ထည့်ကြပါတယ်။ မောနေအောင် ဆိုရပေမဲ့ ဖိုးကျော် ပျော်ပါတယ်။ ကိုယ်ကလည်း သီချင်းဆိုချင်တာကိုး…။

အဲဒီနေ့က ဖိုးကျော်တို့ တော်တော် ပိုက်ဆံရတယ်။ ခရစ်ယာန် မျက်မမြင် သူငယ်ချင်း ရစ်ချတ်က ပိုက်ဆံရေပြီး ခွဲပေးတယ်။ ရစ်ချတ်က ဖိုးကျော်တို့ထက် ပိုက်ဆံရေတာ မြန်တယ်။ စမ်းတာ ပိုမြန်တာပေါ့။

ပိုက်ဆံများများ အရွယ်မျိုးစုံကို အထိတွေ့ ရဆုံးသူက ပိုက်ဆံကို ပိုမှတ်မိမှာပေါ့။ ပိုက်ဆံကို ဖိုးကျော်တို့ အရွယ်အစားနဲ့ ခွဲတယ်။ လက်ဖဝါးပေါ်မှာ တင်ပြီး အရွယ်ကို မှန်းကြည့်တာပေါ့။ တစ်ရွက်နဲ့တစ်ရွက် ကွာတဲ့ အရွယ်ကို မှတ်ထားတယ်။ ငါးကျပ်တန်နဲ့ ဆယ့်ငါးကျပ်ဆို အနံ့တူတယ်။ အလျားကွာတယ်။ ပြီးတော့ ပိုက်ဆံမှာ အနံ့ရှိတယ် လေ…။ ဖိုးကျော်တို့ အသိဆုံးဖြစ်တဲ့ အနံ့နဲ့လည်း ပိုက်ဆံကို ခွဲလို့ရပါတယ်။

ပိုက်ဆံခွဲပြီး ဖိုးကျော်တို့ ကျောင်းကို ပြန်ခဲ့ကြတော့ မိုးက ပိုအေးစိမ့်လာတယ်။ ရစ်ချတ်က ပြင်းပြင်းပြပြ ညည်းတယ်။

"အရက်သောက်ရရင် သိပ်ကောင်းမှာပဲကွာ"

"ငါတော့ တစ်ခါမှ မသောက်ဖူးဘူး"

ရစ်ချတ်က ဖိုးကျော်ကို "အိုး… ဂေါ့" လို့ ညည်းညူရင်း…

"မင်းကို ခရစ်စမတ်ကျရင် စပယ်ရှယ် အရက်ကောင်းကောင်း ငါတိုက်မယ် သူငယ်ချင်း"

"ခရစ်စမတ်ကို ငါ တစ်ခါမှ မကြုံဖူးသေးဘူး၊ ခရစ်စမတ်မှာ မင်းတို့ ဘာလုပ်ကြတာလဲ"

"ပျော်ကြတာပေါ့ကွ။ သီချင်းဆို ဘုရားရှိခိုးတယ်၊ အိမ်တွေမှာ အကျွေးအမွေးတွေနဲ့ ညှော့ခံတယ်၊ လက်ဆောင်တွေ ပေးကြတယ်။ ခရစ်စမတ် သစ်ပင် မီးထွန်းတယ်။ တစ်အိမ်ဝင် တစ်အိမ်ထွက် သီချင်းဆိုပြီး လိုက်အလှူခံကြတယ်။ ဒီခရစ်စမတ် မင်း ဂစ်တာလိုက်တီးပေးနော်၊ သီချင်းလည်း ဆိုပေး..."

"ဖြစ်ပါ့မလားကွ"

"ဖြစ်ပါတယ်၊ ခရစ်စမတ်ဟာ နှစ်သစ်ကူးပွဲတော်လေ၊ အားလုံး ပျော်လို့ရပါတယ်"

"ငါတို့သင်္ကြန်လိုပေါ့နော်"

ဖိုးကျော်အသံ ဆွေးမြည့်နာကျင်နေတာကို ရစ်ချတ်ကတော့ သတိမထားမိပါဘူး။

"ခရစ်စမတ်မှာ ကောင်မလေးတွေနဲ့ သီချင်းတူတူ ဆိုရတာကွ"

"ကောင်မလေးတွေ..၊ ခရစ်စမတ်က ဘယ်တော့လဲ"

*ဒီဇင်ဘာလလေ၊ ဆောင်းတွင်းပေါ့"

အေးမြလှတဲ့ တစ်ခုသော ခရစ်စမတ်မှာ ပူပြင်းလှတဲ့ တစ်ခုသော သင်္ကြန်က ချိုလွင်စူးရှတဲ့ အသံမျိုးလေးနဲ့ တွေ့ကြုံဆုံစည်းလိမ့်မယ်လို့ ဖိုးကျော် မထင်ခဲ့မိပါဘူး။ သူကလေးက ဖိုးကျော် ကြောက်တဲ့ ဘဝမတူ ကောင်မလေးမျိုး မဟုတ်ဘူးလေ။ ခမ္ဘသီချင်း အဆိုကောင်းလှတယ်လို့ နာမည်ကြီးတဲ့ အယ်နီတာလေးဟာ ဖိုးကျော်နဲ့ ဘဝတူ မျက်မမြင် ခရစ်ယာန်မလေးလေ...။

"မဲရီး ခရစ်စမတ်၊ ဟက်ပီး ခရစ်စမတ်" သံတွေ လှိုင်ဝေနေတဲ့ ခရစ်စမတ် အကြိုညဟာ ပျော်စရာ ရှားပါးခဲ့တဲ့ ဖိုးကျော်ဘဝရဲ့ အပျော်ဆုံး ညတစ်ညပါပဲ။

* * *

"ဘုန်းကြီးကောင်းကင်တမန်ပေါ်လာ...

အံ့သြလှဖွယ် သီချင်း၊

ငြိမ်သက်သာယာသော သန်းခေါင်မှာ... ရွှေစောင်းတီးလျက် ကျူးရင့်

အို...ကြောက်ရွံ့ခြင်း မရှိကြရ

လူအပေါင်းတို့အဖို့

အလွန် ဝမ်းမြောက်ဝမ်းသာစရာ

သတင်းကို ငါ ပြောဆို၊

ယနေ့တွင်... ဒါဝဒ်၏မြို့၌

ကယ်တင်ပိုင် အရှင်သည်

သင်တို့အဖို့ ဖွားမြင်ခြင်းကို တာဝန်ခံတော်မူလေပြီ...”

အသံလေးက ချိုလွင်ပြီး စူးရှတယ်။ ငြိမ့်အေးပြီး ဝဲတယ်။ အားရပါးရလည်း ရှိလှတယ်။

ဂစ်တာကို စိတ်ပါလက်ပါ တီးပေးရင်း ဖိုးကျော် ရင်တွေ ခုန်နေတယ်၊ ကြည်နူးနေတယ်။ ရှက်စိတ်၊ ဝမ်းနည်းစိတ်၊ အားငယ်စိတ်၊ ထွက်ပြေးချင်စိတ်တွေ ထူးထူးခြားခြား ပျောက်ကွယ်နေကြတယ်။

တစ်အိမ်တက်ဆင်း အလှူလိုက်ခံကြပြီး မျက်စိမြင်တဲ့ ရစ်ချတ် ဦးလေး တစ်ယောက်ရဲ့ခြံမှာ ခရစ်စမတ်အကြို ညပွဲလေး ကျင်းပကြတယ်။ ဖိုးကျော်တို့ လူစုကလည်း မနည်းဘူး။ ပျော်စရာ သိပ်ကောင်းတယ်။ သီချင်းသံရယ်၊ ရယ်မောသံရယ်နဲ့သာ အလှဆင် သာယာနိုင်တဲ့ ဖိုးကျော်တို့ခရစ်စမတ်ပွဲလေးကို ပိုလှပြီး သာယာသွားအောင် ရစ်ချတ်ဦးလေးက ဖြည့်စွက်ပေးတယ်။

“မင်းတို့အတွက် အင်မတန်လှတဲ့ ခရစ်စမတ် အကြိုညလေးပါပဲကွာ။ နှင်းလေးတွေက ဖွဲဖွဲ ဖွဲဖွဲ ကျနေတယ်။ လ,ရောင်လေးကလည်း လင်းလို့။ နှင်းဆိုတာ အဖြူရောင် မိုးစက်လေးတွေပေါ့။ မိုးစက်လိုပဲ အေးမြတယ်လေ။ လရောင်ဆိုတာ ကတော့ ... နေ့မှာ ပူတဲ့ နေမင်းကြီးက အရောင်မျိုးပေါ့။ ဒါပေမဲ့ လ,ရောင်က မပူဘူး၊ အေးမြတယ်၊ ချစ်စရာကောင်းတယ်။ မိန်းကလေးတွေဆို လ,ရောင်အောက်မှာ ပိုလှနေကြတယ်”

ဖိုးကျော်တို့အားလုံး အမှောင်ကမ္ဘာထဲမှာ လရောင်နဲ့ နှင်းဆိုတာကို ဖြည့်စွက်ခံစားကြည့်ကြတယ်။ ရယ်သံတွေလည်း ထွက်လာတယ်။ အယ်နီတာတို့ မိန်းကလေးတွေဆိုကလေ။ လရောင်အောက်မှာ အယ်နီတာ တကယ်လှရဲ့လားလို့ ဖိုးကျော် ကြည့်ချင်လာတယ်။ ဖိုးကျော်ရဲ့အမှောင်ကမ္ဘာထဲမှာတော့ အယ်နီတာ ဟာ အလှဆုံး မိန်းကလေးပါပဲ။

“မဲရီး ခရစ်စမတ် ဖိုးကျော်”

အယ်နီတာနဲ့ သီချင်းတစ်ပုဒ် ဆိုအပြီးမှာ အသံဝဲဝဲလေးက ဖိုးကျော်ကို မဲရီး ခရစ်စမတ်လုပ်တော့ ရှက်တတ်တတ်နဲ့ပဲ ဖိုးကျော်က “မဲရီးခရစ်စမတ်” လို့ မြန်မြန် ပြန်ပြောလိုက်တယ်။

“ခရစ်စမတ်ကို ပျော်ရဲ့လား”

“ပျော်ပါတယ်”

“ဖိုးကျော်အသံက ကိုင်ဇာနဲ့ တကယ်တူတယ်နော်။ ရစ်ချတ် ပြောတော့ မယုံဘူး။ အယ်နီက ကိုင်ဇာ့ဆို အသည်းစွဲပဲ”

အယ်နီက ရိုးသားပွင့်လင်းတဲ့ အသံလေးနဲ့ ရယ်တယ်။

“သီချင်းတွေကို ပြောတာနော၊ လူကိုပြောတာ မဟုတ်ပါဘူး”

“ဟာ... အယ်နီကလည်း”

အယ်နီတာနဲ့တူတူ ဖိုးကျော် လိုက်ရယ်ရတော့တယ်။ ကောင်မလေးတွေထဲက ကောင်မလေးတစ်ယောက်ကို ဖိုးကျော် မကြောက်တော့ပါလား။

“ဖိုးကျော် ကိတ်မုန့်စားမလား၊ အယ်နီ သွားယူပေးရမလား”

“ဟင့်အင်း… ကျွန်တော် မဆာပါဘူး”

“အယ်နီတော့ ဆာတယ်၊ သီချင်းဆိုရတာ မောပြီး ဆာလာတယ်၊ ကိတ်မုန့် သွားယူလိုက်ဦးမယ်နော်၊ ပြန်လာခဲ့မယ်”

ဖိုးကျော်နားက အသံဝဲဝဲလေး ပျောက်သွားပြီး ခဏနေတော့ အော်သံဝဲဝဲလေးကို ကြားရတယ်။

“ဖိုးကျော်၊ ဂစ်တာတီးပြပါ၊ အယ်နီ မလာတတ်တော့ဘူး… ရစ်ချတ်တို့ ဝိုင်းပြောင်ကြတဲ့ကြားထဲကပဲ ကိုင်ဇာရဲ့ သီချင်းတစ်ပုဒ် အစတီးလုံးလေးကို ဖိုးကျော် တီးပြပြီး အယ်နီကို လမ်းပြရတယ်။

“ရော့.. မုန့်တစ်ခု စားပါဦး၊ သကြားလုံးတွေ ပါတယ်”

အယ်နီလက်ဖျားလေးတွေက အေးစက်နူးညံ့နေတယ်။ အယ်နီဟာ လှပြီး ချစ်စရာကောင်းတဲ့ ကောင်မလေးဖြစ်မှာ အသေအချာပါ။ ဒီလို မိန်းကလေးမျိုးမှာမှ မျက်မမြင်မလေး ဖြစ်ရတယ်လို့နော်။

“အယ်နီက ဘယ်မှာ နေတာလဲ”

“အင်းစိန်မှာ နေတယ်၊ အလုပ်လုပ်တော့ အယ်နီတို့ခရစ်ယာန်ကျောင်းမှာပေါ့၊ ရက်ကန်းခတ်တယ်လေ”

“ဟိုကနေ နေ့တိုင်း လာရတာပေါ့၊ အယ်နီတစ်ယောက်တည်း လာတတ်လို့လား”

“အယ်နီတစ်ယောက်တည်း မဟုတ်ဘူးလေ၊ ရစ်ချက်တို့လည်း ပါတယ်၊ အယ်နီလို မိန်းကလေးတစ်ယောက်လည်း ပါတယ်လေ၊ အယ်နီ့သူငယ်ချင်းက ဝါး တားတား မြင်ရတယ်။ သူ့နောက်က အယ်နီတို့ လိုက်ရတာပေါ့”

“အယ်နီ သူငယ်ချင်းက ကံကောင်းလိုက်တာနော်”

“ဟုတ်တယ်၊ သူက ဘုရားသခင် ကောင်းချီးပေးတာ ခံရတယ်။ အယ်နီတို့ကို ဘုရားသခင်က ကောင်းချီး မပေးခဲ့ဘူးလေ၊ မွေးကတည်းကပဲ အယ်နီက မမြင်ရတာ”

“တို့လည်း အတူတူပါပဲ၊ အယ်နီလိုပဲ"

“အေး… ဖိုးကျော်ရယ်၊ အယ်နီတို့ကျမှ ဘာလို့ လာဖြစ်ရလဲ မသိပါဘူးနော်၊ တကယ်ဆို ဖိုးကျော်နဲ့ အယ်နီ အခု ခင်ကြတယ်၊ စကားပြောကြတယ်။ ဖိုးကျော်ကို အယ်နီ တွေ့နေရမယ်၊ ဖိုးကျော် ဘယ်လိုလဲဆိုတာ မြင်နေရမယ်၊ ဖိုးကျော်ကလည်း အယ်နီ ဘယ်လိုလဲ ဆိုတာကို မြင်နေရမယ်ဆိုရင် ဘယ်လောက်များ ကောင်းလိုက်မလဲ နော်”

အယ်နီ စကားပြောတာလေးက သိပ်နားထောင်လို့ ကောင်းတယ်။ အယ်နီ စကားပြောတာကို ဖိုးကျော် တစ်ချိန်လုံး နားထောင်နေချင်တယ်။ အယ်နီကကော တို့နားမှာ တစ်ချိန်လုံး ထိုင်ပြီး စကားပြောနေချင်ပါ့မလား ဟင်။

“… အားလုံးပေါ့နော်၊ သူငယ်ချင်းကိုလည်း မြင်ချင်တာပဲ၊ အဖေ အမေကိုလည်း မြင်ချင်တာပဲ၊ ညီအစ်ကို မောင်နှမလည်း မြင်ချင်တာပဲ၊ သားသမီးဆိုလည်း အားကြီးမြင်ချင်တာပဲ”

“အယ်နီမှာ အဖေတို့ အမေတို့ ရှိသေးလားဟင်၊ အဘိုး အဘွားရော"

“အဘိုး အဘွားဆိုတာ ဘာမှန်းတောင် အယ်နီ မသိလိုက်ရဘူး၊ အဖေအမေလည်း မရှိတော့ဘူး”

အယ်နီ့အသံလေးက တိုးသွားတယ်။ အားယူသလို ခဏ ငြိမ်သက်နေပြီးမှ…

“အယ်နီမှာ သမီးလေးတစ်ယောက် ရှိတယ်”

“ဟင်…”

https://t.me/mmebooks

# အပိုင်း (၈)

အဲဒီတုန်းက အယ်နီ့အသက်က ငယ်သေးတယ်ပေါ့နော။ ဆယ့်ကိုးနှစ်လေ၊ ခရစ်ယာန်ကျောင်းမှာ ရက်ကန်းခတ် သင်နေတဲ့ အချိန်ပေါ့။

အင်းစိန်ကနေ နေ့တိုင်း လာသင်ရတယ်။ အယ်နီက ကျောင်းမှာ ကျောင်းအိပ်ကျောင်းစား အားကြီးနေချင်တာပဲ။ ဒါပေမဲ့ အယ်နီ့အဒေါ်က မနေရဘူး။ သူက မုဆိုးမ၊ အသက်ကြီးပြီလေ။ သူ့မှာ အဖော်မရှိဘူး ဆိုတော့ အယ်နီ့ကို သူ့နားမှာပဲ နေစေချင်တယ်။ သူ့မှာ သားသမီးလည်း မရှိဘူး။ အယ်နီက သူ့ရဲ့တူမ၊ သူ့ရဲ့ သမီးပေါ့နော။ အဒေါ်က အိမ်မှာ ကုန်စုံဆိုင်လေး ဖွင့်ထားတယ်။

အယ်နီနဲ့ သူနဲ့က လမ်းပေါ်မှာ တွေ့ရတာပေါ့။ အယ်နီတို့ ဘတ်စ်ကားစီးတဲ့ မှတ်တိုင်နားက လက်ဖက်ရည်ဆိုင်မှာ သူက အမြဲတမ်း ထိုင်တယ်။ အဲဒီကနေ အယ်နီ့ကို တွေ့တာပေါ့လေ။

အယ်နီ့ကို သနားလို့တဲ့။ ဟိုခါကတော့ ယုံမိတာပေါ့နော။ ခုချိန်မှာတော့ အားကြီး ရယ်ချင်စရာကောင်းတယ်။

သူက နေ့တိုင်း အယ်နီတို့နဲ့ ဘတ်စ်ကားဂိတ်မှာ လာပြီး စကားပြောတယ်။ ပြီးရင် သူက အယ်နီတို့နဲ့ ကျောင်းထိ လိုက်လာတယ်။ ညနေကျလည်း ဘတ်စ်ကားဂိတ်ကနေ စောင့်နေတယ်။ သူ့အလုပ်က အိမ်မှာပဲ လုပ်ရတဲ့ အလုပ်တဲ့။ သူတို့အိမ်က အရောင်းအဝယ် လုပ်တာလို့ ပြောတယ်။

အယ်နီလေ အားလုံးကို ယုံလိုက်တာပဲ။ သိတယ် မဟုတ်လား ဖိုးကျော်ရယ်၊ အယ်နီတို့ကို မျက်စိမြင်တဲ့သူတွေက အရေးတယူ ခင်မင်ဂရုစိုက်ရင် အယ်နီတို့ သိပ်ဝမ်းသာတယ်မို့လား။

ဒါပေမဲ့ သူက အယ်နီ့ကို ရည်းစားစကားပြောတော့ အယ်နီ မယုံနိုင်ပါဘူး။ လက်ထပ်ယူမယ်ဆိုတာကို ပိုတောင် မယုံသေး။ အယ်နီလို မျက်မမြင်တစ်ယောက် တာဝန်ကို ဘယ်သူက ယူချင်မှာလဲနော်။ သူနဲ့အယ်နီတို့က ဘာသာချင်းလည်း မတူ။

အယ်နီ သူ့ကို ငြင်းပါတယ်။ အယ်နီ့ဘဝနဲ့ အယ်နီ နေပါစေလို့လည်း ပြောပါတယ်။ သူက မရဘူးလေ၊ ဇွတ်အတင်း တွယ်ကပ်ပြီး နေတော့တာပဲ။

အို.... နောက်ဆုံးတော့ အယ်နီလည်း သနားပြီး ပြန်ချစ်လိုက်မိတာပေါ့။ သူ့နောက်ကိုလည်း လိုက်ခဲ့တယ်။ အယ်နီ အဒေါ်ကိုလည်း ထားပစ်ခဲ့တယ်။

သူကလေ အယ်နီကို သူ့မိဘအိမ်ကို ခေါ်သွားတော့ သူ့အမေရယ် သူ့အစ်မတွေရယ်က မကောင်းဆိုးဝါးတစ်ကောင်ကို ခေါ်လာသလိုပဲ ဝိုင်းအော်ကြတယ်၊ ငိုကြတယ်၊ သူ့အမေကြီး တက်သွားတယ်။

အယ်နီ ကြောက်လိုက်တာလေ အရမ်းပဲ။ သူ့ကို အဒေါ်ဆီ ပြန်ပို့ပေးဖို့ အယ်နီ တောင်းပန်ပါတယ်။ မရပါဘူး။ သူက သူ့သူငယ်ချင်းတစ်ယောက်အိမ်ကို ခေါ်သွားတယ်။ အဲဒီအိမ်မှာ အယ်နီတို့ ကပ်နေကြရတယ်။ တစ်လလောက်ကြာတယ်။ သူက သူ့မိဘတွေဆီ သွားသွားပြီး ပိုက်ဆံတောင်းတယ်။ ပြန်လာရင် အယ်နီနဲ့ ရန်ဖြစ်တယ်။

သူ့သူငယ်ချင်းအိမ်ကလည်း ကြာတော့ ဘယ်ထားချင်တော့မလဲနော်။ အယ်နီ့ကိုပဲ ပြောတယ်။

သူ့ကို ပြောတော့ သူက အယ်နီ မနေချင် ကိုယ့်အိမ်ကိုယ်ပြန်တော့တဲ့။ သူလည်း သူ့အိမ်သူ ပြန်တော့မယ်တဲ့လေ။

ဖိုးကျော်ရယ်... သူ တကယ်အိမ်ပြန်သွားခဲ့တာ။ အယ်နီဆီကို ပြန်မလာတော့ဘူး။ အယ်နီကို သူ့သူငယ်ချင်းအိမ်က ပြန်လိုက်ပို့ပေးပါတယ်။ အယ်နီ့အဒေါ်ဆီကိုလေ။

အယ်နီ့သမီးလေး မွေးခါနီးလောက်မှာ အယ်နီ့အဒေါ် ဆုံးသွားတယ်။ အယ်နီ ယောကျ်ားနောက်လိုက်သွားတုန်းက အဒေါ့်ယောကျ်ားဘက်က ခေါ်ထားတဲ့ တူနဲ့တူမ မိသားစုက အယ်နီနဲ့ ဆက်နေကြတယ်။ သမီးလေးကို မွေးပြီးတော့လည်း သူတို့နဲ့ပဲ ဆက်နေရတာပေါ့။ သမီးလေးက သိပ်လှ၊ သိပ်ချစ်စရာကောင်းတယ် ဖိုးကျော်ရဲ့။ မျက်စိလည်းမြင်တယ်။ သူများပြောတာလေ။ ပြီးတော့ သမီးလေးဟာ အားကြီးသနားစရာကောင်းပါတယ် ဖိုးကျော်ရယ်။

ဖိုးကျော်အတွက်တော့ သမီးလေးထက် သမီးလေးအမေ မန္တးမနပ် မလည်မဝယ်မလေးကို ပိုလို့သနားမိတယ်။ အယ်နီတာရယ် မင်းကို ငါချစ်တယ်။ မင်းဟာ ငါ့လိုပဲ မွေးကတည်းက ကံဆိုးရှာတဲ့ ကောင်မလေးပဲ။ မွေးကတည်းက ကံဆိုးခဲ့တဲ့ ငါဟာ တစ်ခုလပ် ကလေးတစ်ယောက်အမေမလေးကို ယူရလို့တော့ ထူးပြီး ကံဆိုးမသွားနိုင်တော့ပါဘူး။ မင်းကို ရမယ့်အတွက်၊ သမီးငယ်လေးရဲ့ အဖေ လုပ်ပေးရမယ့်အတွက် ငါပျော်ပါတယ်။

"အယ်နီ.... နင့်ကို ငါယူမယ်"

"အို..."

"နင့်ကို ငါချစ်တယ်၊ သနားတယ်။ တို့နှစ်ယောက် ယူပြီးရင် ငါတို့ ကျောင်းထဲမှာ သူများတွေလို အဖီလေးချပြီး နေကြမယ်လေ... နော်"

“အို… ဘုရားသခင်”

အယ်နီဝိုင်သံလေးဟာလည်း ရိုးသားပွင့်လင်းပြီး သနားစရာ ချိုအေးနေခဲ့တယ်နော်။

* * *

နေပူလွင်ပြင်အလယ်ကောင်မှာ ပထမဆုံး ပြီးစီးသွားတဲ့ အိမ်ကလေးကတော့ အပျိုကြီးမမကြင်ရဲ့ အိမ်ကလေးပေါ့။

ခနိမိုး ထရံကာ နှစ်ခန်း ခြေတံရှည်အိမ်ကလေးရဲ့ ဘေးနားမှာလည်း တိုင်ပဲထူထားတဲ့၊ အမိုးပဲ မိုးထားတဲ့၊ အကာပဲ ကာထားရသေးတဲ့ အိမ်တစ်ဝက်တစ်ပျက်လေးတွေ ပေါ်လာကြပြီတဲ့။ အဲဒီထဲမှာ ဂန္ဒီတို့ မပါနိုင်သေးဘူး။ ကိုဆန်းမောင်တို့လည်း မပါနိုင်သေးဘူး။ ဖိုးကျော်တို့လည်း မပါနိုင်သေးပါဘူး။ မချိုနဲ့ ကိုထွေးတို့ပဲ တိုင်ထူထားနိုင်တဲ့အထဲ ပါလို့ရတာ။

သင်္ကြန်ပြီးမှ နေပူရှိန်ကလည်း ပိုပြင်းလာသလိုပဲ။ အိမ်တစ်ဝက်တစ်ပျက်လေးတွေရဲ့ ဖြစ်ကတတ်ဆန်း အမိုးအကာအောက်မှာ အားလုံး ငြိမ်သက်နေကြတယ်။ အလုပ်ရုံကြီးအောက်မှာလည်း အုတ်ကြွပ်မိုး အပူရှိန်ဒဏ်ကို လှိမ့်ခံနေကြရင်း အားလုံး ငြိမ်သက်လို့။

အပျိုကြီးမမကြင်ရဲ့ သနပ်ခါး တရှဲရှဲ သွေးသံနဲ့ ဂန္ဒီ သား ရဲထွန်းအောင်မျက်လုံးကိုက်လို့ တအီအီ ငိုနေတဲ့အသံပဲ ကြားနေရတယ်။ ပြီးတော့ ကိုကံဦးရဲ့ မယ်ဒလင်စမ်းသံသွဲ့သွဲ့။

“ဂန္ဒီ… ဂန္ဒီ၊ ကလေးက ညည်းလိုက်တာဟယ်၊ မျက်လုံးက တော်တော်ဆိုးနေရှာ ထင်ပါရဲ့”

မနေနိုင်တဲ့ အပျိုကြီး မမကြင်အသံ ပေါ်လာတယ်။ လက်က သနပ်ခါး ညီညီညာညာ ပွတ်လူးနေတယ်။ သူ့ရှေ့မှာ မှန်တင်ခုံအသေးလေးက ကျကျနန ထောင်ရက်သား ရှိတယ်။ မှန်တင်ခုံလေးပေါ်မှာ ပေါင်ဒါ၊ မိတ်ကပ်၊ နှုတ်ခမ်းနီ၊ ရေမွှေး၊ အစုံရှိတယ်။

"အပျိုကြီး သနပ်ခါးလိမ်းနေတာ ရေချိုးရလို့လား၊ ရေ ဘယ်လို ချိုးလဲ"

ရဲထွန်းအောင်ရဲ့ ညည်းသံလေးနှင့်အတူ ဂန္ဒီအသံ အနားရောက်လာတယ်။

“ရေလား၊ မချိုးရပါဘူးအေ၊ ရတဲ့ ရေလေး တစ်ခွက်နှစ်ခွက်နဲ့ မျက်နှာသစ်၊ ရေပတ်တိုက်တာပေါ့၊ ပူကပူနဲ့၊ ဒီအတိုင်းကြီး နေတတ်ဘူးဟေ့”

“ရေတိုင်ကလည်း စိတ်ညစ်တယ်၊ ဘာများ ဖြစ်သွားတယ် မသိပါဘူး၊ ကလေးတွေကြောင့်များလား၊ ရေတိုင်တူးတဲ့လူကြီးတွေက ပြောသွားတယ်လေ၊ ကလေးတွေ မလုပ်ခိုင်းနဲ့တဲ့”

“ဂန္ဒီရယ်... ကလေးတွေကို တို့မှ မပြောနိုင်ဘဲ၊ ဘယ့်နှယ် တတ်နိုင်မတုံး၊ ပြင်ပေးဖို့ပဲ ပြောကြရုံရှိတာပေါ့”

“ဟုတ်တယ်၊ ရေက တစ်ခါလှုပ် တစ်ခွက်ပဲ ထွက်တော့တာ၊ သောက်ရေ တောင် မနည်း ခပ်ရတယ်၊ ကျွတ်.. ကျွတ်.. မငိုပါနဲ့ သားရယ်၊ ပျောက်တော့မှာ နော်”

“ကလေးက တော်တော်ဆိုးနေတယ်နဲ့ တူပါတယ်အေ၊ ကြံဖန်ပြီး ဆေးခန်း သွားဦး၊ ပေါ့မနေနဲ့ ဂန္ဒီ၊ မွေးတုန်းက အကောင်းလေး၊ ပေါ့တာနဲ့ ကိုယ်ကျိုးနည်း ဦးမယ်”

“သူ့အဘွားကို မျှော်နေတာ အပျိုကြီးရဲ့၊ အမေ့ခမျာမလည်း မအားရှာဘူးနဲ့ တူပါတယ် အပျိုကြီးရယ်၊ ဦးအောင်ကို ရပ်ကွက်ထဲက အနိုင် ခေါ်သွားတာက လည်း တစ်ဆယ်ပဲ ရတယ်”

အပျိုကြီးက သက်ပြင်းချတယ်။

“အလုပ်ရုံ ဒီရွှေ့ပြီးရင်တော့ လုပ်ခတွေ တိုးမယ်တဲ့၊ လုပ်ငန်းလည်း ချဲ့မယ် ပြောတယ်”

“အလုပ်ရုံ မရွှေ့သေးတာပဲ ကျေးဇူးတင်နေရတာ အပျိုကြီးကလည်း၊ အလုပ်ရုံရွှေ့လာရင် နေစရာ ဘုံပျောက်မှာ”

“အေးလေ၊ ဒါလည်း ဟုတ်တယ်”

ရှားရှားပါးပါး တိုက်လိုက်တဲ့ လေပူပူထဲမှာ အပျိုကြီးဆီက ရေမွှေးနံ့ စူးစူး ကို ရှူရှိုက်ရတယ်။

“ကိုကံဦးရေ မယ်ဒလင်ချပြီး တော့်သားသမီးတွေ ခေါ်စမ်းပါဦး၊ ဒီလောက် ပူနေတာကို အထဲ မဝင်ဘူး”

အိပ်ရာက နိုးလာဟန်တူတဲ့ မညိုစိမ့်ရဲ့ ပူပန်သံအဆုံးမှာ ကိုကံဦး မယ်ဒလင်စမ်းသံ ပျောက်သွားပြီး "ခေါင်းတွဲရေ... ခေါင်းတွဲ” ဆိုတဲ့ အော်သံ ပေါ်လာတယ်။

“ခေါ်ဟဲ့ ခေါ်ဟဲ့။ ဒီလောက် ပူတာကြီးထဲမှာ အကုန်ဖျားနာပြီး ဒုက္ခရောက် မယ်”

အပျိုကြီးက မညိုစိမ့်တို့ထဲကို မနေနိုင်မထိုင်နိုင် ဝင်ပါလိုက်ပြီး သူ့သေတ္တာကို ဂျလောက် ဂျလောက်နဲ့ သော့စမ်းပိတ်နေဟန် တူတယ်။

"ဂန္ဓီ.. နို့မို့သာဖြင့် ငါ ညည်းကို ပိုက်ဆံချေးပြီး ကလေးကို သွားပြခိုင်းတယ်၊ မနေ့က လက်သမားခ ငါးရာပေးလိုက်ရတာ ငါ ရှိစုမဲ့စု ကုန်ရော၊ ငါ့မောင်တွေ နက်ဖြန် သန်ဘက် လာလိမ့်မယ် ထင်တယ်၊ သူတို့လာမှ ပိုက်ဆံက ရမှာ"

"နေပါစေ အပျိုကြီးရယ်၊ အပျိုကြီးဆီ အကြွေးပဲထပ်နေမယ်၊ အရင်က အကြွေးတွေလည်း ပေးရသေးတာ မဟုတ်ဘူး၊ ဒီတစ်ရက် နှစ်ရက်အတွင်း အမေ ရောက်လာမှာပါ၊ ကျွန်မ သိတယ်"

"မောင်အောင်ရော အိပ်နေသလား"

"အနိုပ်လာခေါ်လို့ လိုက်သွားတယ်၊ မနက်တည်းက ထမင်းပါ ကျွေးမယ်ဆိုပြီး ခေါ်သွားတယ်"

မနက်က ထမင်းစားခါနီး လာခေါ်တော့ ဦးအောင် ဝမ်းသာပြီး လိုက်သွားရှာတာ။ ငါးပိရည်နဲ့နယ်ပြီး ထမင်းဇလုံကြီးကို ချထားပစ်ခဲ့တယ်လေ။ဘာပဲဖြစ်ဖြစ် ထမင်းကျွေးမယ်ဆိုကတည်းက ဟင်းကောင်းလေးနဲ့တော့ ကျွေးမှာပါ။

ငါးပိရည်နဲ့ နယ်ထားတဲ့ ထမင်းမျိုးတော့ ကျွေးမှာမဟုတ်ပါဘူး။ ဦးအောင်အတွက် ဝမ်းသာရင်း သူ့ထမင်းဇလုံကြီးကို ဂန္ဓီ ဖြုပစ်လိုက်တာပေါ့။

"မညိုစိမ့်ရေ... မင့်သားသမီးတွေ တစ်ကောင်မှ မတွေ့ခဲ့ဘူး၊ ရပ်ကွက်ထဲ များ သွားကြလား မသိဘူး၊ ခေါင်းတွဲက သွားတတ်တယ်"

စိတ်ပူညည်းညူပြီး ပြန်ဝင်လာတဲ့ ကိုကံဦးအသံနဲ့ မရှေးမနှောင်းမှာပဲ...

"အဖေရေ... အဖေ၊ ဒီကို ခဏ ခဏ"

"ဟော.. ခေါင်းတွဲ အသံ မဟုတ်လား"

အပျိုကြီးအသံက အရင်ဆုံး ထွက်လာတယ်။ ခေါင်းတွဲအသံ စူးစူးနဲ့အတူ ပေါ်လာတာက မချိုရဲ့ ဟောင်ဖွာ ဟောင်ဖွာ ကျယ်လောင် ကျယ်လောင်အသံ။

"ကိုကံဦး လာလိမ့်မယ်လေ ကိုထွေး၊ နေဦးနော်၊ ပစ်မချလိုက်နဲ့ဦး၊ ခြေထောက်ပေါ် ကျလိုက်မှဖြင့်၊ ကိုကံရေ... လာစမ်းပါ"

"လာပါပြီဟ၊ ဘာတွေဖြစ်လာကြတုံး"

ကိုကံဦးက အသံကြားရာကို တစမ်းစမ်းနဲ့ ရောက်လာတယ်။ သစ်နှစ်ချောင်းစည်းကို ကိုထွေးက ထမ်းလို့။ ခေါင်းတွဲပခုံးကို လက်တစ်ဖက်က ကိုင်လို့။

မချူကြ ထုံးစံအတိုင်း သူ့ကိုထွေး အနာတရဖြစ်မှာ ကြောက်ပြီး ပျာယာခတ် အော်လို့။

"အဖေ.. အဖေ... ဒီကိုလာ"

ခေါင်းတွဲက သူ့အဖေကို လှမ်းဆွဲခေါ်ရင်း သစ်သားစည်းကို လက်နဲ့ ထိပေးတယ်။

"ကိုင်ထားနော် အဖေ၊ ဦးထွေးက နောက်ဆုတ်၊ ကျွန်တော် နောက်ကနေ ထိန်းမပေးမယ်"

မချူရဲ့ကိုထွေးက နောက်ဆုတ် နောက်ဆုတ်နဲ့ သစ်သားစည်းကို စမ်းရင်း ခေါင်းတွဲ ကိုင်ထားတဲ့ အဖျားနား ရောက်လာတယ်။

"ဟုတ်တယ်ဦးထွေး ကိုင်ထား၊ တစ်... နှစ်..သုံး... ချတော့"

ခေါင်းတွဲရဲ့ တစ် နှစ် သုံး အဆုံးမှာ ကိုကံဦးနဲ့ ကိုထွေးက သစ်သားစည်းကို ပစ်ချလိုက်ကြတယ်။

"ကိုထွေး... မောနေလားဟင်၊ မောတာပေါ့နော်၊ နေဦး၊ မချူ ရေခပ်ပေးမယ်၊ ဂန္ဓီတို့ မညိုစိမ့်တို့ ရေလေးတစ်ခွက် ပေးကြစမ်းပါ၊ ကျုပ်ယောကျ်ား မောလာလို့၊ ဒီမှာ"

"လာပြီ လာပြီမချူ၊ မဟုတ်ဘူး မပို၊ လာပြီ"

မညိုစိမ့်က မချူကို ရယ်မောရင်း ရေအိုးဆီကို လှမ်းစမ်းနေတယ်။

"မပြောချင်ဘူး မညိုစိမ့်ရေ၊ လက်သမားက နက်ဖြန်ဝင်မယ်တဲ့၊ ကြမ်းခင်း ခင်းမယ်တဲ့၊ ဆင့်နှစ်ချောင်းလိုတာ ဝယ်ထားဆိုလို့ ခေါင်းတွဲခေါ်ပြီး သွားဝယ်ရတာ၊ အိုး.. ပူလိုက်တာ မပြောနဲ့၊ သစ်ဈေးတွေကလည်း ကြီးသလား မမေးနဲ့၊ အိမ်တွေ ဆောက်နေကြလို့ ဈေးတက်တာတဲ့၊ ကိုထွေး လာလေ၊ ရော့ ဒီမှာ ရေလေး သောက်လိုက်"

မချူ စကားသံတွေ ဆူဝေ စီညံနေသလောက် ကိုထွေးကတော့ ထုံးစံ အတိုင်း ငြိမ်သက်တိတ်ဆိတ်နေမြဲပဲ။

"ဘယ်... ကိုယ့်ယောကျ်ားကို ထမ်းခိုင်းချင်ပါ့မလဲ၊ ဆိုက်ကားနဲ့ တင်လာရတာပေါ့၊ ဆိုက်ကားခက နှစ်ဆယ်တဲ့၊ ဝေးလို့တဲ့၊ ကိုထွေး မထမ်းလို့ ဘယ်လိုလုပ်တော့မှာလဲ၊ မချူ ရွက်ခဲ့မယ် ဆိုတော့လည်း မိန်းမကို မလုပ်ရဘူးတဲ့လေ"

"မချူကို ရေတိုက်လိုက်ကြပါဦးဟဲ့"

အပျိုကြီး မမကြင်က ဝင်အော်တော့ ကိုထွေးဆီက အဟဲ ဆိုတဲ့ ရယ်သံ ထွက်လာတယ်။ မချိုကတော့ ဆတ်ဆတ်ထိ မခံဘဲ။

"အပျိုကြီးနော်၊ အားကျမနေနဲ့… ဟင်း.. မသိရင် ခက်မယ်၊ အိမ်မပြောင်းသေးဘူးလား၊ ပြောင်းရင် ယောက်ျား တစ်ခါတည်း ပေးစားပေးလိုက်မယ်၊ ဘာမှတ်လဲ"

"အလို… ညည်းပေးစားတိုင်း ကျုပ်က ယူရမှာလား"

"ဟုတ်သားပဲ၊ အပျိုကြီး အိမ်တက်ရင် တစ်ခုခု ကျွေးရမယ်၊ ဘာကျွေးမှာလဲ"

ဂန္ဒီက သတိတရ ဝင်ပြောတော့ ခေါင်းတွဲက အော်တယ်။ ဝက်သားဟင်းနဲ့ ထမင်းကျွေးတဲ့။ ကိုကံဦးက…

"အပျိုကြီးအိမ်တက်ကျ ကျွန်တော်တို့တီးဝိုင်းအဖွဲ့ကလည်း ကူပါ့မယ်"

"ဟုတ်တယ်… ဟုတ်တယ် ကိုကံရေ၊ မချိုတို့ သီချင်းတွေ ဘာတွေ တိုက်ဦးမှ၊ သီချင်းကောင်းဖို့ မကောင်းဖို့ကတော့ ကျွေးတဲ့ မွေးတဲ့ပေါ်မှာ မူတည်တာပေါ့လေ..."

"ပဲလှော်နဲ့ ရေနွေးပဲ တတ်နိုင်တယ်ဟေ့"

အပျိုကြီးက ထအော်တော့ မချိုက တကျွတ်ကျွတ် စုတ်သပ်တယ်။

"ကြားလား.. ကိုထွေး၊ အပျိုကြီးများ တယ်ကပ်စေးနဲ့တာပဲနော်၊ ကိုထွေးကံကောင်းတယ်၊ မချိုကို ယူမိလို့၊ အလို အပျိုကြီးမျိုးများ ယူမိရင် ဒုက္ခ၊ သိလား"

"ဟုတ်ပါ့၊ ခေါင်းတွဲ ပြောတာ ဟုတ်ပါ့၊ ကလေးကတောင် သိတယ်"

"အမယ်လေးတော်၊ ကျုပ် ကိုထွေးကိုပဲ ခလုတ်တိုက်နေကြတာပဲ၊ မလုပ်ပါနဲ့၊ မချိုမှာ ချစ်စရာ အားကိုးစရာ တွယ်တာစရာ ဆိုလို့ ဒီ ကိုထွေးတစ်ယောက်ရှိတာ..."

"သမီးလေး ရှိသေးတယ်လေကွာ၊ မချိုကလည်း…"

မမျှော်လင့်ဘဲ ကိုထွေး အသံ ပေါ်လာတယ်။ ခဏငြိမ်သွားပြီးမှ ခါးခါးသီးသီး ပေါ်လာတဲ့ မချိုအသံက အေးစက်နေတယ်။ နာကျင်နေတယ်။

"အို.. ကိုထွေးကလည်း သမီးလေးနဲ့ မချိုတို့နဲ့က ဘာဆိုင်တော့လို့လဲ၊ ဘဝခြားသွားပြီ ကိုထွေးရဲ့၊ သူနဲ့ မချိုတို့က ဘဝခြားသွားပြီ"

* * *

ဟုတ်တယ်။ သမီးလေးနဲ့ မချိုတို့နဲ့က ဘဝခြားသွားပြီ။ အဲလိုပြောလို့ မချို ကို စိတ်မဆိုးပါနဲ့ ကိုထွေးရယ်...။ ဘဝ ခြားတယ်ဆိုတာ တစ်ဦးတစ်ယောက်က သေဆုံးသွားမှ ဘဝခြားတယ် ခေါ် တာ မဟုတ်ဘူး ကိုထွေးရဲ့..။ အသက်ရှင် နေလျက်နဲ့ ဘဝခြားနေရတဲ့ သူတွေလည်း ရှိတယ်။ မချိုတို့နဲ့ သမီးလေး အပါအဝင်ပေါ့ ။

သမီးလေးဟာ မချိုနဲ့ ကိုထွေးတို့ရဲ့ အသွေးအသားတွေ ပေါင်းစပ်ထားတဲ့ သမီးလေးအစစ်ပါပဲ။ မချို ဗိုက်ထဲကနေ မွေးထုတ်ခဲ့တဲ့ သမီးလေးအစစ်ပါပဲ။ ဒါပေမဲ့ ခု သူက ဘယ်မှာလဲ။ မချိုတို့နားမှာ ရှိလို့လား။ ခုချိန်ဆို သူက ဂါဝန် တကားကား၊ တလွှားလွှားနဲ့ မမကြီးနဲ့ ကိုကြီးကျော်မင်းတို့နားမှာ ဖေဖေ၊ မေမေ ခေါ်နေမှာပေါ့။ တစ်ခုခုအကြောင်း စကားတွေ ကွယ်နေမှာပေါ့၊ တစ်ခုခုကို ပူဆာ နေမှာပေါ့...။

သူ့နာမည်ကတောင်မှ သီရိကျော်မင်း ပါတဲ့ဆိုမှ.. ။ သူ့ကို မမွေးခင် ကတည်းက ကိုထွေး မှည့်ထားတဲ့ 'ချိုထွေး' ဆိုတဲ့ နာမည် ဘယ်မှာ ဟုတ်လို့ လဲ....။ အဲဒီသီရိကျော်မင်းဆိုတဲ့ ကောင်မလေးက သူ့အဖေ အမေအရင်းကို ခေါ် တတ်တာက မချိုနဲ့ကိုထွေးတဲ့။

မချိုတို့ဆီကနေ မွေးကတည်းက သူထွက်သွားပြီ။ သူနဲ့ မချိုတို့ ပြန်ပြီး တွေ့ကြရတဲ့အချိန်မှာ သူက စကားပြောတတ်ခါစလေး။

ကိုထွေး မှတ်မိတယ် မဟုတ်လားဟင်...။ သူက မချိုနဲ့ကိုထွေးကို တွေ့ တာ နဲ့ စကားက ကြောက်တယ်.. ကြောက်တယ်တဲ့လေ။ ပြီးတော့ ငိုလိုက်တာ စူးစူးဝါးဝါး။ အဲဒီကတည်းက သူနဲ့မချိုတို့ ဘဝခြားသွားပြီဆိုတာ မချိုသိလိုက်ပါ တယ်။

ဘဝခြားတယ်ဆိုတာ ဒါမျိုး မဟုတ်လို့ ဘာလဲ ကိုထွေးရဲ့...။ မျက်လုံး အချိုင့်ကြီးတွေနဲ့ ကြောက်စရာကောင်းတယ် ဆိုတဲ့ ကိုထွေး ... ပြောပါဦး..။

ကိုထွေးရယ်... သူ့ကြောင့် ကိုထွေး တစ်ညလုံး ကျိတ်ငိုခဲ့ရတယ်နော်။

မချို ဘယ်လိုလုပ် မေ့နိုင်မှာတဲ့လဲ...။

အဲဒီနေ့က။

သီရိကျော်မင်းဆိုတဲ့ ကောင်မလေး ရောက်လာမယ့်နေ့က ကိုထွေးရယ်လေ ထူးထူးခြားခြား စကားတွေအများကြီး ပြောပြီး ပျော်နေတာ မချို ကောင်းကောင်း မှတ်မိတာပေါ့။

မနက်အစောကြီး အလုပ်မသွားခင် ထမင်းကြော်တစ်ပန်းကန် လင်မယား နှစ်ယောက် လက်ဆုံစားရင်းလေ....။ မချိုတို့ရဲ့ကျောင်းထဲက တစ်ခုသော အဖီလေးထဲမှာပေါ့။ ကိုထွေးက သူ ညက အိပ်မက်မက်တယ်တဲ့..။

"အိပ်မက်ထဲမှာလေ သမီးလေး အသံကို ကောင်းကောင်း ကြားနေရတယ် မချို..။ အသံလေးက သိပ်သာယာတာပဲ၊ စူးလည်း စူးတယ်၊ သူ ငိုလည်း ငိုတယ်ကွ၊ ပြီးတော့လေ ဖေဖေ... ဖေဖေတဲ့"

ကိုထွေး အသံတွေလေ တုန်တောင်နေတယ်။ ကိုထွေးရယ်... သမီးလေးကို ကိုထွေး ဘယ်လောက် အောက်မေ့ စွဲလမ်းနေခဲ့သလဲဆိုတာ မချို သိပါပြီ။ မချိုကို စိတ်မဆိုးပါနဲ့နော်..။ မချိုလည်း သမီးလေးကို ချစ်ပါတယ်။ ဒါပေမဲ့ မချစ်ချင်ဘူး၊ သိလား ကိုထွေး။ သမီးလေးဟာ မချိုတို့ မချစ်ထိုက်ပါဘူး။ မမကြီးတို့လို ကိုကြီးကျော်မင်းတို့လို လူမျိုးတွေပဲ ချစ်ထိုက်ပါတယ်။ ပိုင်ဆိုင်ထိုက်ပါတယ်...။

မချို သမီးလေးကို စိတ်ထဲမှာပဲ ဆိုင်နေချင်တယ်။ မပိုင်ချင်ဘူး။ မမကြီးပဲ ပိုင်ပါစေ။ ဒါကြောင့် မချို မမကြီးကို ယူခွင့်ပေးလိုက်တယ်။ မွေးပြီးပြီးချင်း သမီးလား၊ သားလားဆိုတာကို မချို မသိခင်မှာ မမကြီး ယူသွားတော့လို့လေ...။

မမကြီးက ကလေးရူး။ အထူးသဖြင့် သမီးရူးဆိုတော့ မချိုစကားကို နားထောင်ပါတယ်။

ကောင်းပါတယ်။ မချိုကလည်း မွေးပြီး မေ့သွားတာလား၊ အိပ်ပျော်သွားတာလား မသိပါဘူး။ ကလေးငိုသံတောင် မကြားရဘူး..။ မချို နိုးပြီး သတိရလာတဲ့အခါ ဘာမှ မရှိတော့ဘူး၊ ရှင်းသွားပြီ။ ပြီးသွားပြီ။ မချို အပျိုပြန်ဖြစ်သွားပြီ...။

မချို ရင်ထဲမှာ တစ်ခုပဲ ရှိတယ် ကိုထွေး..။ ကိုထွေးနဲ့မချိုတို့ နှစ်ယောက်တည်းပဲ ဘဝကို ရင်ဆိုင်ကြမယ်နော်..။ မချိုတို့ဘဝထဲကို အပြစ်မဲ့ သတ္တဝါလေးတွေ မခေါ်ကြေးလေ။ မချိုက 'နော်... ကိုထွေး' ဆိုတော့ သူက 'အင်း...အင်း'လို့ ပဲ အသံတိုးတိုးနဲ့ ဖြေတယ်။ ကိုထွေးဟာ အင်မတန် မျိုသိပ်နိုင်တာပဲနော်။ ကိုထွေးရဲ့ ကြိတ်မှိတ်မျိုသိပ် သည်းခံတတ်တဲ့ အကျင့်ကို ဘယ်အရာတွေကများ သင်ကြားပေးခဲ့ပါလိမ့် ကိုထွေးရယ်။

သမီးလေး ပါသွားပြီးနောက် သုံးလေးငါးလလောက် ရှိတော့မှ မချိုကလေ လွတ်ခန် ခုဆို ကလေး အတော်ကြီးရော့မယ်လို့ ပြောမိတော့မှ ကိုထွေးရယ်လေ အသံတုန်တုန်နဲ့... မချို သမီးလေး အသားလေးတွေက သိပ်နူးညံ့တာပဲ။ မမကြီး လက်ထဲမှာ ကိုထွေး စမ်းကြည့်လိုက်တာတဲ့..။

ကိုထွေး စိတ်သက်သာအောင် မချို ရယ်မောပစ်ရင်း 'ဘာတွေလျှောက်ပြောနေတာလဲ၊ မချိုက အပျို။ ဆိုတော် ချိုချိုအေးဟာ အပျို ရှင့်၊ ကိုထွေးနဲ့ သီချင်း

ဟာ မချုံအတွက် အရေးကြီးဆုံးနော်...ကိုထွေး' လို့ ဆိုရင်တော့ 'အင်း... အင်း.......၊ ဟုတ်ပါတယ်လေ' တဲ့။ ကိုထွေး မျိုသိပ်ပစ်လိုက်ပြန်ပြီ...။

နောက် တစ်နှစ်ကျော်ကြာ ကောင်မလေး ရောက်လာမယ့်နေ့ မနက်ကျမှ တစ်ခါ ကိုထွေး ပွင့်အန်ပြန်တယ်။ အိပ်မက်မက်သတဲ့..၊ သမီးလေးကို အိပ်မက်မက်သတဲ့။ ကိုထွေးရယ်... အိပ်မက်ဆိုတာ စွဲလမ်းမှ မက်တတ်တာ..။ စွဲလမ်းဖို့ မကြိုးစားတဲ့ မချိုကျတော့ အိပ်မက်က မမက်ခဲ့ဘူးနော်...။ ကောင်မလေးကို မချို တစ်ခါမှ အိပ်မက်မမက်ဖူးဘူး။ မချို အိပ်မက်တွေက အမေရယ်၊ ကိုထွေးရယ်၊ သချင်းတွေရယ် ... ကိုယ်နဲ့အတူနေရတဲ့ ဂန္ဒီတို့၊ အပျိုကြီးတို့၊ မညိုစိမ့်တို့တွေရယ်၊ ဒါတွေပဲ မက်တာ။ မချိုတို့ရဲ့ အိပ်မက်တွေဟာ အသံတွေနဲ့ပဲ ဖွဲ့စည်းထားတယ်။ အသံအားကိုးနဲ့ အသက်ရှင်ကြီးပြင်းရတဲ့ မချိုတို့ရဲ့ အိပ်မက်တွေထဲမှာ ဒီအသံတွေပဲ ကြားရတယ်...။

ကြောက်စရာအိပ်မက်မက်ရင် ကြောက်စရာကောင်းတဲ့အသံတွေ ကြားရတယ်။ အသံနက်နက်အောအောကြီးတွေနဲ့ ရယ်တာ ငိုတာ စကားပြောတာမျိုးပေါ့။ ပျော်စရာကောင်းတဲ့ အိပ်မက်ဆိုရင် သာယာတဲ့အသံတွေ တသိမ့်သိမ့်နဲ့ ကြည်နူးရတဲ့ အရသာမျိုးတွေ၊ ပျော်ရွှင်ရယ်မောသံတွေကို ကြားနေရတယ်။ ခံစားနေရတယ်။ ကိုထွေးကို အိပ်မက်မက်ရင် ကိုထွေးရယ်တာ၊ ကိုထွေးစကား ပြောတာ၊ ကိုထွေးရဲ့ကြင်နာယုယပုံတွေကို ကြားနေရတာ၊ ခံစားနေရတာ

ပေါ့။ အိပ်မက်ထဲမှာလည်း မချိုတို့ကမ္ဘာဟာ အမှောင်ပါပဲ၊ မှောင်နေမြဲပါပဲ။

ကိုထွေးက အိပ်မက်ထဲမှာ ကိုထွေးသမီးရဲ့အသံကို ကြားရတယ်ပေါ့လေ။ အမယ်...ဖေဖေ ဖေဖေလို့များ သူ့ကို ခေါ်သေးသတဲ့၊ ဟာ ဟ... ။ တကယ်တမ်းတွေ့ တော့ ခေါ်တဲ့ဖေဖေက သူ့ကိုလည်း မဟုတ်ဘူး။

ကိုထွေးကလေ အဲဒီနေ့မနက်က အိပ်မက်အကြောင်းတွေ ပြောပြီး အလုပ်သွားရော။ ကုန်ထုတ်သမမှာ ကြိမ်အလုပ်လုပ်ဖို့အတွက်ပေါ့။ ကိုထွေးသွားတော့ မချိုက ထမင်းချက်ဖို့ လုပ်ရော။ ထမင်းပါပဲ။ ထမင်းပဲ ချက်တယ်။ ဟင်းကတော့ အခြောက်ပဲ။ ဂန္ဒီကို လုပ်ခိုင်းပြီး ပုလင်းထဲ ထည့်ထားတဲ့ မန်ကျည်းမှည့်နှစ်များများ ပုစွန်ခြောက်မပါတဲ့ ဘာလချောင်ငါးပိကြော်ရှိတယ်လေ။ ဟင်းတွေဘာတွေ ထွေလီကာလီ မချို မချက်တတ်ဘူး၊ ဝါသနာလည်း မပါဘူး။

ကိုထွေးကိုတော့ ရှင်းရှင်းပဲ ပြောထားတယ်။ မချို ယောကျ်ားကို ချစ်ပဲချစ်တယ်။ ဖွယ်ဖွယ်ရာရာတွေနဲ့ မပြုစုတတ်ဘူးလို့။ အိမ်ထောင်မှုတွေ ဘာတွေလည်း မတတ်ဘူးလို့။

အမေက မချိုကို ရောဂါသည်တစ်ယောက်လို ပြုစုယုယခဲ့တာလေ။ တစ်သက်လုံးပဲ သူက မချိုကို ဂရုစိုက် ပြုစုသွားနိုင်မယ်လို့ သူ ထင်တာကိုး။

သူသေသွားတော့လည်း ဘာတတ်နိုင်လဲ။ မချို ဒီလိုပဲ နေခဲ့ရတာပဲ မဟုတ်လား။ ကိုထွေးနဲ့ တွေ့ ပေလို့ပေါ့နော်။

ကိုထွေးကို ချစ်တဲ့ဇောနဲ့ ညားခါစမှာ မချို ချက်ဖို့ပြုတ်ဖို့ ကြိုးစားကြည့်ဖူးပါသေးတယ်နော်။ ဟား... ဟား... တကယ်ရယ်ရတယ်။ ဒီလိုပဲ ကိုယ်ထွေးအလုပ်သွားတော့ မချိုက ချက်ဖို့ပြုတ်ဖို့ စဉ်းစားတယ်လေ။ အဲ... ကိုထွေးက ငါးဟင်းကြိုက်တယ်၊ ကန်စွန်းရွက်ကြော် ကြိုက်တယ်လို့ ပြောတယ်။ ဟုတ်ပြီ။ ကန်စွန်းရွက်တော့ ကြော်မကျွေးဘူး၊ ငါးချက်ကျွေးမယ်ဆိုပြီး ဈေးကိုသွားတယ်။ ခေါင်းတွဲနဲ့ပေါ့။

ဈေးကျ ငါးက ဈေးကြီးတော့ မဝယ်နိုင်ဘူး။ ငါးအစား ငါးခြောက်ရိုး ထုတ်ပြီးသားလေးတွေ ဝယ်ပြီး ပြန်လာတယ်။ ဂန္ဒီနဲ့ မညိုစိမ့်ကို မေးပြီး ချက်တာပေါ့။

ကိုထွေးပြန်လာတော့ လင်မယားနှစ်ယောက် စားကြ။ စားလို့ကောင်းလိုက်တာ အရမ်းပဲ။ ကိုထွေးက “မင်း ငါးခြောက်ရိုးက မငန်ဘဲ ချိုလိုက်တာကွာ၊ မင်းဘယ်လိုများ ချက်သလဲ” တဲ့လေ။

“တကယ်လား၊ အချိုမှုန့်တောင်မပါဘူး ကိုထွေးရဲ့” လို့ အမယ်လေး ဂုဏ်ယူဝင့်ကြွားနေတုန်း ကျောင်းက ထမင်းချက်အဒေါ်ကြီးက မချိုတို့ ထမင်းစားတဲ့နေရာကို လာကြည့်တယ်။ ပြီးတော့ "ဟဲ့...မချိုရယ်၊ နင့်ဟင်းတစ်ခုလုံး ပလူကောင်တွေချည်းပဲ။ ဘယ်လိုများ ဖြစ်တာလဲ" တဲ့။ ကဲ ပြီးပါလေရော။

ဆီခွက်ကို ညက မဖုံးမိတော့ ဆီခွက်ထဲကို ပလူကောင်တွေ ကျနေတာပေါ့။ ဟား...ဟား... ကိုထွေးက ချိုလိုက်တာတဲ့။ ပလူကောင်တွေက ချိုနေတာလေ။

နောက်တစ်ခါကျတော့ ငရုံ့ပလူရွက်ကို ကြော်တာ၊ ကန်စွန်းရွက်ကြော်ဆိုတာ ရိုးမှာပေါ့လေ။ ငရုံ့ပလူရွက်ဆိုတာက ဆန်းတယ်၊ အဲဒါကြော်မယ်။ ဈေးလည်း သက်သာတယ်ဆိုပြီး ကြော်တာ။ မချိုက ထင်တာလေ။ ဘာကိုပဲကြော်ကြော်၊ ကြော်တယ်ဆိုတာ ဆီထဲမှာထည့်ပြီး ကြွပ်နေအောင် ကြော်ရတာလို့ပဲ ထင်တာကိုး။ ငရုံ့ပလူရွက်တွေကို ဆီနည်းနည်းမှာ ကြွပ်နေအောင် ကြော်ပြီး ဆားဖြူးတာပေါ့။ စားလို့လည်းမကောင်းဘူး။ ဂန္ဒီတို့သိတော့ ဝိုင်းရယ်လိုက်ကြတာ။ ကိုထွေးကတော့ စားရှာတာပဲ။ မချိုကို အပြစ်မပြောပါဘူး။

ဒါနဲ့လေ အဲဒီနေ့က မချို ထမင်းချက်ပေါ့။ ချက်ပြီးတာနဲ့ အဝတ်လျှော်ရင်း သီချင်းဆိုမယ်ပေါ့။ ခေတ်ပြားရ အဆိုတော် ခင်ချိုအေးရဲ့ သီချင်းဆို လေ့ကျင့်နေတဲ့နေရာဟာ အဝတ်လျှော်တဲ့နေရာလေ။ အဝတ်ရေစိမ်ရင်း ချိုပြုံးရဲ့ 'ဘဝချင်းဆုံတွေ့ပါရစေ' ကို အစလေး ပျိုးကာရှိသေး။

“ဟယ်.... မမကြီးလား”

မမကြီးအသံကို မချို ချက်ချင်း မှတ်မိလိုက်တာပေါ့။ မမကြီးက လာခဲ့ပေမယ့် မချို မှတ်မိပါတယ်။ ကိုယ်နဲ့နှစ်ပေါင်းများစွာ အတူနေလာခဲ့တဲ့ ကိုယ့်အစ်မအရင်းခေါက်ခေါက်ပဲဟာ။ မမကြီးအသံဆီကို ပြေးမိရင်း မချို ဘာဖြစ်လို့များ တုန်တုန်ယင်ယင်ဖြစ်လာလဲ မသိပါဘူး။ မမကြီးနဲ့ မတွေ့ရတာ ... မချို ကလေးမွေးပြီးကတည်းကပေါ့။ မချိုဆီကို မောင်နှမတွေက ပိုက်ဆံတို့ ပစ္စည်းပစ္စယတို့ လာပို့ရင်လည်း သူ လိုက်မလာတတ်ဘူးလေ။

"မချို... မတွေ့ရတာ ကြာလို့ လာတာ၊ မလတ်တို့လည်း မအားကြလို့"

ရေစိုနေတဲ့ မချိုလက်တွေကို မမကြီးလက်တွေက လာပြီး ဆုပ်လိုက်တော့ မချိုရင်ထဲမှာ ဟာသွားတယ်။ မမကြီးက တစ်ယောက်တည်း လာတာနော်။

"ကိုကြီးကျော်မင်းကော နေကောင်းရဲ့လား မမကြီး"

"အေး... ကောင်းပါတယ်၊ ကလေးလည်း နေကောင်းတယ်"

မမကြီးက စကားကို မြန်မြန်ပြောရင်း မချိုကို အိတ်တစ်လုံး ပေးတယ်။

"နင့်အတွက် ထဘီနဲ့အင်္ကျီ၊ ပိုက်ဆံလည်း ပါတယ်၊ နင့်ယောကျ်ားရော အလုပ်သွားနေလား"

"ဟုတ်တယ်"

"ဒါပဲ၊ အထူးကိစ္စ မရှိပါဘူး။ နေကောင်းအောင် နေပေါ့၊ ငါသွားတော့မယ်နော်"

"မမကြီး"

မချို ဘာလို့ခေါ်မိမှန်းလည်း မသိပါဘူး၊ ခေါ်ပြီးမှ စိတ်ရှုပ်ရှုပ်နဲ့...

"ဘာမှ မဟုတ်ပါဘူး၊ သွားတော့နော် မမကြီး"

အဲဒီအချိန်မှာပဲ မချိုနားထဲကို ကလေးငိုသံ စူးစူးရှရှ ဝင်လာခဲ့တာ။ ပြီးတော့ မချို့တစ်ကိုယ်လုံးကို စိမ့်အေးသွားစေတဲ့ 'မေမေ မေမေ ရေ'တဲ့။ သူ ဘယ်သူလဲ။ မချို အလိုလို သိပါတယ်။ ဒါပေမဲ့....

"အို... သမီး ဘာဖြစ်လို့လဲ၊ ကိုကျော်မင်းကလည်း ကလေးငိုတာကို ဒါလောက်လေးမှ ရှင် မချော့တတ်ဘူးလား၊ ဒီထိအောင် လိုက်လာရတယ်လို့၊ ရှင် သိပ်ခက်တာပဲ"

"မင်းကလည်း ချော့တာပဲကွ၊ သမီးက မရဘူး၊ မင်းဆီပဲ လိုက်ပို့ခိုင်းနေတာ၊ တမေမေနဲ့ အော်နေတာ"

ဟုတ်ပါတယ် မမကြီးရယ်၊ ကိုကြီးကျော်မင်းပြောတာ မှန်သားပဲ။ ကလေးက အော်နေတယ်လေ။ မချို ကြားသားပဲ။ မေမေ.. မေမေ ရေတဲ့။ မပီကလာ ပီကလာလေးနဲ့။ မမကြီးက ကလေးကို အလျင်အမြန် ယူပြီး ပွေ့ချီလိုက်သလား။

"တိတ်ပါ သမီးရယ် တိတ်ပါ၊ မေမေ ရှိတယ်လေ" တဲ့။

သူ့အမေရင်ခွင်ထဲ ရောက်သွားလို့နဲ့ တူပါရဲ့ ။ ကလေးငိုသံလေးက တဖြည်းဖြည်း တိုးသွားခဲ့တယ်နော်။

ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေတဲ့ မချိုကို သူတို့မိသားစုက ဂရုမစိုက်အားကြဘူး။ သူတို့သမီးလေးအတွက် အရေးကြီးနေကြတာလေ။

"အင်္ကျီတစ်ခုလုံးလည်း မျက်ရည်တွေနဲ့ ရွဲအိလို့၊ အင်္ကျီအပိုလေး ထုတ်လိုက်ဦးလေ ကိုကျော်မင်း"

"အေးပါ ...အေးပါ"

အဲလိုနေတုန်းမှာပဲ မချိုကို ကျောက်ရုပ်ဘဝကနေ အသက်ဝင် လှုပ်ရှားစေတဲ့ အသံပေါ်လာခဲ့တယ်။ 'မချိုရေ'တဲ့။

"မချို... ဘယ်သူတွေလဲ"

ကိုထွေး ထမင်းစားပြန်လာတာလေ။ မျက်မမြင်မ မချိုက ဘာများ တတ်နိုင်မှာတဲ့လဲ။

"ဟော... ဟိုမယ်၊ ဘယ်သူ မချိုယောက်ျား ပြန်လာပြီ"

ကိုကြီးကျော်မင်းရဲ့ ယောင်ဝါးဝါး နှုတ်ဆက်စကားကို ကြားတာနဲ့ ကိုထွေးရယ်လေ ဘယ်လောက် မှတ်ဉာဏ်ကောင်းလိုက်သလဲ၊ လှုပ်လှုပ်ရှားရှားနဲ့...

"မချို... မချို၊ မမကြီးတို့လားဟင်၊ ခုန နှုတ်ဆက်တာ မမကြီးယောက်ျား မဟုတ်လား"

"ဟုတ်တယ်၊ မမကြီးတို့ လာလည်တာ"

ကိုထွေးဟာလေ မချို ပြန်ပြောတဲ့ အေးစက်စက်အသံကိုတောင် ဂရုမထားနိုင်လောက်အောင် ဝမ်းသာအားရနဲ့ အားခနဲ အော်လိုက်ပြီး

"သမီးလေးပါတယ် မဟုတ်လား မချို၊ ညက ဒါကြောင့် အိပ်မက် မက်တာ၊ ဘယ်မှာလဲ သမီးလေး၊ မချို မင်း ချီထားလား"

"ဩော်... ဒီမှာ ကလေးက၊ မချိုဆီမှာ မဟုတ်ဘူး"

“ဟုတ်လား၊ ဒါဖြင့် ခဏ ခဏ မမကြီး၊ ကျွန်တော့်ကို ခဏလေး ပေးပါ၊ သမီးလေးကို ကျွန်တော် ချီဦးမယ်၊ သမီးလာ၊ ဖေဖေ့ဆီကို လာဦးနော်၊ သမီးလေး စကားပြောတတ်ပြီလားဟင်”

တုန်ယင်လှုပ်ရှားနေတဲ့ ကိုထွေးအသံနဲ့အတူ ပေါ်လာတာက စူးစူးဝါးဝါး အော်ဟစ်ငိုယိုလိုက်တဲ့ ကလေးငိုသံ။ ပြီးတော့ ကိုထွေး ရင်ကို ခွဲလိုက်တဲ့ ခေးသွား အသံ ရှုရှုလေး။

“ကြောက်တယ်၊ ကြောက်တယ်”

"အို.. မကြောက်ရဘူး သမီးရဲ့”

မမကြီးက ချော့မော့ပြီး ကိုထွေးဆီ ထိုးပေးတယ် ထင်ပါရဲ့။ စူးစူးဝါးဝါး အော်ရင်း အားကိုးတကြီး ခေါ်တဲ့ မပီကလာအသံလေး ထွက်လာတယ်။ "ဖေဖေ့၊ ဖေဖေ့ဆီ သွားမယ်” တဲ့။ ကြားရဲ့လားဟင် ကိုထွေး။

“ကလေး ကြောက်နေပြီကွ၊ ပေးစမ်း”

ကိုကြီးကျော်မင်းရဲ့ စိတ်တိုသံ။ ပြီးတော့ ချော့မော့သံ။

“မကြောက်နဲ့သမီး၊ ဖေဖေရှိတယ်နော်”

“ဖေဖေ့၊ ဖေဖေ့…. မျက်လုံးကြီး”

သမီးက ဖအေကို ချစ်ခင်အားကိုး တိုင်တောသံလေး။ ကိုထွေး ကောင်းကောင်းကြီး ကြားလိုက်တယ် မဟုတ်လားဟင်။ မချိုကတော့ ကြား တယ်။ သိပ်ကို ကြားတယ်။ အဲဒီ သီရိကျော်မင်း ဆိုတဲ့ ကောင်မလေးနဲ့ မချိုတို့ရဲ့ ဘဝခြားသံကို မချို ကောင်းကောင်းကြီး ကြားလိုက်ပါတယ်။

မကြားနိုင်တာ ကိုထွေး ညံ့လို့ပေါ့။ ချော့မော့လို့ မရနိုင်ဘဲ တစ်ညလုံး ကျိတ် ငိုခဲ့တယ်နော်။ မချိုကတော့ မငိုပါဘူး။ ဘာဖြစ်လို့ ငိုရမှာလဲ ကိုထွေးရဲ့ ။

* * *

“တစ်နေရာဆီ… ရေမြေခြား… ထွက်သွားသူ… အို သမီးငယ်… မြတ်နိုးမှု တွယ်… အမေလွမ်းတယ်… ရင်အသည်းနွမ်းလျ ဆွေးပြီကွယ်.. ငယ်စဉ်အခါ ငို လွန်းလို့… ဟိုအဝေးဆီ… မေမေသွားမယ်… မြူပြောတဲ့အခါ… ချစ်သမီးက.. သူ လည်း လိုက်မယ်…… ပြုံးကဗျာ ကြွယ်… တီတီတာတာ… ပလီပလာစကားနဲ့.. အ မေ့ကိုကွယ်…အစဉ် သာ ကြင်နာ.. ရင်မှာ အမြဲတဲ့… ပြောခဲ့တယ်…”

ဤကမ္ဘာမြေမှာ…ရေမြေခြားတဲ့ သမီးငယ်ရယ်.. မေမေ့အချစ် ကို မမေ့စေ ချင်တယ်… ဟိုအဝေးက သမီးငယ်…အို…. တကယ် … ပြန်ဆုံစည်းဖို့…"

"မချို မဆိုပါနဲ့ကွာ"

လက်သမားတွေရဲ့ တူထုသံ ရိုက်သံတွေကြားထဲမှာ အကျယ်ကြီး အော်ဆိုနေတဲ့ မချိုရဲ့အသံကို ကိုထွေးရဲ့ တောင်းပန်သံတိုးတိုးက မလွှမ်းနိုင်ရှာဘူး။ တစ်ဝက်တစ်ပျက် ပြီးနေတဲ့ ကြမ်းခင်း အရိပ်အောက်က တိုင်ကို ခေါင်းမှီ မျက်စိမှိတ်ပြီး အားရပါးရ ဆိုနေတာ။

"မချို... မချို လို့ဆို"

"ဘာလဲ ကိုထွေး"

"ဒီမြွေသီချင်းဆိုပါ"

မချိုက ညည်းညည်းညူညူ ရယ်တယ်။

"ကိုထွေးကလည်း၊ အစွဲချွတ်လို့ပဲ မရနိုင်ဘူး၊ ဘာဖြစ်လဲ၊ မချို ဆိုလို့ကောင်းတဲ့သီချင်း ဆိုတာ၊ အဝေးရောက် သမီးငယ်လေးသို့က ဆိုလို့ ကောင်းတယ်၊ ဘလိုင်းထီးဆိုင်အဖွဲ့မှာ မသက်ဆိုတုန်းကဆို ကိုထွေးကြီး ငိုတာပဲနော်၊ ခုကော မငိုဘူးလား"

"မချိုကလည်းကွာ"

ဒါလောက်ပဲ ပြောတတ်တဲ့ ကိုထွေးကို မချိုသနားပါတယ်။ စကားနိုင်မလုတော့ပါဘူး။ စကားနိုင်လုလို့ကတော့ မချိုကို ကိုထွေး ဘယ်တော့မှ မနိုင်ဘူး။ ဟိုတုန်းကလည်း မနိုင်ခဲ့ပါဘူး။ အင်း...ကိုထွေးက အနိုင်မယူခဲ့တာပါနော်...၊ မချိုကို ချစ်လို့နော်။ စကားရည်လုပွဲမှာလေ ကိုထွေးကို မချို အပြတ်နိုင်လိုက်တာပေါ့။ အပြတ်လည်း သနားသွားပြီး အပြတ်လည်း ချစ်သွားတာပဲနော် ကိုထွေး။

ကျောင်းနှစ်ပတ်လည် အခမ်းအနားမှာ လုပ်တဲ့ စကားရည်လုပွဲမှာပေါ့။

"မမြင်သောသူများသည် မြင်သောသူများကဲ့သို့ပင် အလုပ် လုပ်နိုင်သည်" ဆိုတဲ့ ခေါင်းစဉ်နဲ့ပေါ့။

မချိုက အဆိုဘက်က။ ကိုထွေးက အချေဘက်ကလေ...။

"ပရိသတ်ကြီးရှင်၊ တခြားမကြည့်ပါနဲ့...၊ ကျွန်မကိုပဲ ကြည့်ပါ။ ကျွန်မဟာ မွေးကတည်းက မျက်စိမမြင်ခဲ့တဲ့သူပါ၊ ဒါပေမဲ့ ကျွန်မ ခုချိန်မှာ မျက်စိမြင်တဲ့လူတွေလိုပဲ သွားတယ်၊ လာတယ်၊ နေတယ်၊ ထိုင်တယ်။ သူတို့လို ကျွန်မ စာဖတ်နိုင်တယ်၊ စာရေးနိုင်တယ်၊ ကြိမ် ကောင်းကောင်း ထိုးတတ်တယ်။ ထမင်းဟင်းလည်း ချက်နိုင်တဲ့ မိန်းမတစ်ယောက်ပါ...."

"မျက်စိမြင်တဲ့ မိန်းမတွေထဲမှာ ထမင်းဟင်း မချက်တတ်တဲ့ မိန်းမတွေ အများကြီးလို့ ကျွန်မ ကြားဖူးတာပဲ၊ ကျွန်မက သူတို့ထက်တောင် သာသေးတဲ့

အချက်က သီချင်းဆိုတတ်တာပဲရှင့်၊ ကျွန်မ သီချင်းဆိုတတ်တယ်။ လူတစ်ရာမှာ တစ်ယောက်ဟာ သီချင်းဆိုတတ်ဖို့ မလွယ်ဘူးလို့ ကျွန်မ ကြားဖူးပါတယ်ရှင်...”

ပြောချင်တာတွေ အားရပါးရ ပြောချခဲ့ပြီး... အချောဘက်က လူနာမည် ကြေညာသံကို နားစွင့်လိုက်တော့ ကိုအောင်ခိုင်တဲ့။ အဲဒါ ကိုထွေးလေ...။ မချိုရဲ့ ကိုထွေး ဖြစ်လာမယ့် သူလေ...။

အဲဒီ ကိုအောင်ခိုင့်စကားသံထွက်လာတော့ တိုးတိုးလေး..။ ဒါပေမဲ့ အသံက အောင်တယ်။ ပြတ်သားတယ်။ ဆွဲဆောင်မှုရှိတယ်။ သူပြောတာတွေက ရိုးသား ပြီး ရင်နင့်စရာကောင်းလိုက်တာ။

မျက်မမြင်တွေရဲ့ အမြဲတမ်း တစ်ပန်းရှုံးနေရတဲ့ဘဝကို သူ ပြောပြတာတွေ ဟာ အမှန်တွေချည့်ပါ။ မချိုသာ ဒိုင်သူကြီးဆိုရင် သူတို့ဘက်ကိုပဲ အနိုင်ပေး ပစ်လိုက်မှာ။ သူ့ကို သနားလို့လေ သူ့ဘဝအကြောင်းကို သူပြောပြနေတဲ့အချိန်မှာ မချို မျက်ရည်ကျတယ်... သိလား။

“ကျွန်တော့်ဇာတိက ထားဝယ်ဘက်က ရွာကလေး တစ်ရွာကပါ၊ ကျွန်တော် က မောင်နှမငါးယောက်မှာ အငယ်ဆုံးသားပါ။ ကျွန်တော့်မိဘတွေက ကျွန်တော့် မွေးပြီး မကြာခင် ရှေ့ဆင့်နောက်ဆင့် သေသွားကြပြီး စီးပွားလည်းပျက်လို့ ကျွန်တော်က ခိုက်တယ်ဆိုပြီး အစ်မတွေ အစ်ကိုတွေက ကျွန်တော့်ကို မချစ်ကြပါ ဘူး။ ကျွန်တော် နှစ်နှစ်သားလောက်မှာ မျက်စိနာရာကစပြီး မျက်လုံးကွယ်ခဲ့ပါ တယ်”

“ကျွန်တော်က မျက်စိနာလွန်းလို့ ငိုတာကို အစ်မတွေက အိမ်ပူတယ်ဆိုပြီး မောင်းထုတ်ကြတယ်တဲ့...။ အစ်မတွေက ရိုးလည်းရိုး၊ အ, လည်း အ,ကြတော့ မျက်စိကို ဆေးကုရမှန်းမသိ၊ ဂရုလည်းမစိုက်နဲ့ တဖြည်းဖြည်းနဲ့ မှုန်ပြီး ကျွန် တော့် မျက်စိကွယ်ခဲ့ရပါတယ်။ ဆယ့်ငါးနှစ်သားထိ ကျွန်တော် စာလည်းမတတ်၊ ယောင်လည်လည်နဲ့ အစ်မတွေအိမ်မှာ အငြိုအငြင်ခံပြီး နေခဲ့ရတယ်”

“နောက်တော့မှ ကျွန်တော့်ကိုသနားတဲ့ အမျိုးထဲက တစ်ယောက် မျက်မမြင်ကျောင်းကို ပို့လိုက်တာပါ။ ကျွန်တော့်နာမည်က ထွေးမောင်ပါ။ ငယ် ငယ်က ကိုထွေးလို့ပဲ အားလုံးက ခေါ်ကြပါတယ်။ နောက်တော့ အစ်မတို့က ဒီ နာမည်က ခိုက်တယ်ဆိုပြီး အောင်ခိုင်လို့ ပြောင်းလိုက်ပါတယ်..."

ဪ... ကိုထွေးရယ်...။ သနားစရာကောင်းတဲ့ နာမည်လေးကို မချို တတွတ်တွတ် ခေါ်မိတော့တာပဲ..။

ကိုထွေးအသံကို နားထောင်ပြီးတော့လည်း တစ်ထိုင်တည်း ဆုံးဖြတ်မိ တော့တယ်။ ကိုထွေးဟာ သိပ်သဘောလည်းကောင်းတယ်၊ ဥပမိရုပ်လည်း ကောင်းရမယ်လို့လေ…။

မချို မှန်ပါတယ်နော်...။ စကားရည်လုပွဲပြီးလို့ မောင်အောင်တို့ကို မေးကြည့်တော့ ကိုထွေးဟာ သိပ်သဘောကောင်းတယ်တဲ့။ သူတို့နဲ့ ကုန်ထုတ်သမလုပ်တယ်တဲ့...။

ထမင်းချက်အဒေါ်ကြီးကို အသာမေးကြည့်တော့လည်း ကိုထွေးဟာ အသားညိုညို အရပ်ထောင်ထောင်မောင်းမောင်း မျက်ခုံးကောင်းကောင်းနဲ့ မျက်နှာပေါက်ကလည်း ကြည့်ကောင်းတယ်လို့ ပြောတယ်လေ။

ဟဲ ဟဲ... ဘာရမလဲ ကိုထွေးရယ်။ ကိုထွေးကို မချိုလက်က ဘယ် အလွတ်ခံလိမ့်မလဲ..။ မချိုက ကိုယ်လိုချင်တာဆိုရင် ငယ်ငယ်ကတည်းက အမေ့အားကိုးနဲ့ ရအောင် ယူတတ်တယ်။ အင်း... ကိုထွေးလောက်ကတော့ အမေ မပါဘဲနဲ့ ရအောင် ယူနိုင်ပါတယ်။

ကိုထွေးကလည်း မချို သီချင်းဆိုတာကို ကြားပြီး သဘောကျ နေတာတဲ့လေ....။ ဘာလိုသေးလဲ ကိုထွေးရယ်။ ကိုထွေးကို မချို အပိုင်ရလိုက်တာပေါ့။

"မချို"

သီချင်းမဆိုတော့ဘဲ ငြိမ်သက်သွားတဲ့ မချိုကို ကိုထွေး ခေါ်ကြည့်ပြန်တယ်။

အတွေးထဲမှာ ကြည်နူးနေတဲ့ မချိုက ပြန်မထူးဘူး....။ ငြိမ်သက်ခံစားလို့ နေဆဲ...။

“အင်း... ဘာလဲကွာ၊ ကိုထွေးကလဲ”

“လက်သမားဆရာကြီးက ပြောနေတယ်၊ သံလိုသေးတယ်၊ သွားဝယ်ဦးတဲ့..၊ ခေါင်းတွဲ ခေါ်ပြီး လိုက်သွားမယ်၊ ပိုက်ဆံပေး "

“ဟာ... ပြဿနာပဲ”

မချိုက စိတ်ပျက်လက်ပျက် ခေါင်းကို ကုတ်ဖွတယ်။

“မချိုမှာ ပိုက်ဆံ မရှိတော့ဘူး ကိုထွေးရဲ့၊ ဒီတစ်ခါ ကိုလေးတို့ လာပေးမှ ရမှာ..."

“အဲလိုဆို... လက်သမားဆရာတွေ ဘယ့်နှယ်လုပ်မလဲ”

“ပြန်တော့လို့ ပြောလိုက်ပေါ့”

ကိုထွေးက ထုံးစံအတိုင်း အင်း အင်း ဆိုပြီး သွားပြောတယ်နဲ့ တူပါရဲ့။ ခဏနေတော့ တူထု၊ သံရိုက်သံတွေ ပျောက်သွားပြီး ကိုထွေးလည်း ပြန်ရောက်လာတယ်။

"လက်သမားခ တောင်းနေသေးလား ကိုထွေး"

"အင်း... ရှိရင်တော့ ယူချင်တယ်တဲ့"

"ရှိမှ မရှိသေးဘဲ၊ မချို ပြောပြီးသားပါ၊ အားလုံးပြီးမှ ပေါင်းပေးမယ်ဆိုတာ သဘောတူပြီးသား"

ကိုထွေးက ငြိမ်နေတယ်။ မချိုနှားမှာ ကပ်ထိုင်နေကျ ကိုထွေးကို လက်နဲ့ ရမ်းစမ်းပြီး ကိုထွေး ဆိုတော့လည်း မရှိဘူး..။ မချို သိပြီ...။

"ကိုထွေး... ကြမ်းခင်းတွေ သွားစမ်းနေပြန်ပြီ မဟုတ်လား၊ လာခဲ့၊ ဆင်းခဲ့၊ ဝါးတွေ ဘာတွေ ရှုလိုက်လို့ တစ်ခါတည်း ဒုက္ခများသွားမယ်"

မချို ခေါင်းပေါ် ကြမ်းခင်းက ကျိုးကျိုးကျွီကျွီ မြည်သံ ကြားရတယ်။

ကိုထွေးကတော့လေ... တကယ်ပဲ။ အိမ်စဆောက်ကတည်းက လက်သမား တွေ ပြန်ပြီဆိုရင် သူ့မှာ အလုပ်တစ်ခု။ လက်သမားတွေ လုပ်ခဲ့တာတွေကို လိုက် စမ်းကြည့်ရတာလေ။ တိုင်စမ်းကြည့်ရတာနဲ့၊ ဆင့်စမ်းကြည့်ရတာနဲ့၊ ထရံ စမ်း ကြည့်ရတာနဲ့။ သေချာရဲ့လားလို့တဲ့။ ကဲ... တော်တော်ရယ်ရတဲ့ ကိုထွေး...။ မ သေချာတော့ကော၊ မကောင်းတော့ကော ကိုထွေးက ဘာတတ်နိုင်မှာမို့လို့လဲ။ အိမ်ဆိုတာ ဘယ်လိုဟာဆိုတာ ကိုထွေး မမြင်ဖူးဘဲနဲ့များ ကိုထွေးရယ်....။

"ဆင်းခဲ့လို့ဆိုနေဘ်... ကိုထွေး"

"အင်းပါ"

"ခု ဆင်းခဲ့လေ"

"အင်း... အင်း၊ ကိုလေးတို့က ဘယ်တော့လာမှာလဲဟင် မချို၊ ဒီကြမ်းခင်း လေး ပြီးသွားရင် အိမ်ပေါ်တက်နေလို့ ရပြီ..."

"လာမယ်ပြောတာပဲလေ၊ ဟိုနေ့က မလတ် လာတုန်းက ပြောသွားတာပဲ၊ လာမှာပေါ့"

"မမကြီးတို့လည်း လာမလို့ဆို"

ကိုထွေး အသံတိုးတိုးက မဝံ့မရဲနဲ့ လမ်းကြုံမေးသလို တမင် ဟန်ဆောင် ထားတယ်။

ဟန်မဆောင်တတ်ဘဲနဲ့ ကိုထွေးရယ်။ ရယ်စရာတွေ လုပ်မနေစမ်းပါနဲ့...။

"မမကြီးတို့က လာရင်လည်း သူတို့လင်မယားနှစ်ယောက်ပဲ လာမှာပေါ့။ သူ တို့ သမီးလေးတော့ ခေါ်လာမှာ မဟုတ်တော့ဘူး။ မချိုတို့ ဒီကို ပြောင်းခါစ သူတို့

လာတုန်းကလေ ကိုထွေး သိသားပဲ၊ သီရိကျော်မင်းက ဒီနေရာကို မလာချင်တော့ဘူးတဲ့။ မချိုနဲ့ကိုထွေးက ဒီမှာ ဘာလုပ်နေရတာလဲတဲ့..ပြောတယ်လေ”

“ကိုထွေးနဲ့မချိုကို အိမ်ခေါ်ခဲ့ပါလားလို့လည်း.. ပြောရှာပါသေးတယ်၊ သမီးလေးက"

သနားစရာကောင်းလိုက်တဲ့ ကိုထွေးရယ်၊ သီရိကျော်မင်းဆိုတဲ့ ကောင်မလေးက ကိုထွေးလို့ ခေါ်တာကို ဘာမှ မဖြစ်နိုင်ဘဲ အိမ်ခေါ် ခဲ့ပါလား ဆိုတာလေးကို သူ့မှာ ကျေနပ်လို့ မဆုံးနိုင်ဘူး။

မချိုကတော့ အဲဒီကောင်မလေးက ‘မချို… မချို'လို့ ခေါ်ရင် မကြားချင်ယောင်ဆောင် နေပစ်လိုက်တာပဲ။ မထူးပေါင်၊ ဘာဖြစ်လို့ ထူးရမှာလဲ..။

“မချို သီချင်းဆိုဦးလေ...၊ အပျိုကြီး အိမ်တက်မှာ ဆိုရမှာဆို”

မချို ငြိမ်ပြီး စိတ်ဆိုးသွားမှန်းသိလို့ ကိုထွေး စကားလွှဲရှာတာလေ...။ မချိုသိပါတယ် ကိုထွေးရယ်...။

“မချိုက ဟိုသီချင်းပဲ ဆိုမှာလား၊ ချစ်သူလူညိုချော”

“ဘာလဲ၊ ကိုထွေးက ဆိုစေချင်လို့လား”

ကိုထွေးကလေ...မချိုအကြောင်းကို ကောင်းကောင်းသိ။ မချို ကျေနပ်ရပြီပေါ့။

“ကိုထွေး ဆိုစေချင်..မချို ဆိုရမှာပေါ့၊ အဲဒီသီချင်းက ကိုထွေးသီချင်းပဲဟာနော်”

“မဟုတ်ပါဘူး”

ဘာမဟုတ်ပါဘူးလဲ။ အဲဒီသီချင်းဟာ ကိုထွေး သီချင်းအစစ်။ ဆရာကလည်း ကိုထွေးကို ကြည့်ပြီး စပ်ပေးတာ။ ကိုထွေးက အဲဒီဆရာ့ဝိုင်းမှာ ဗွတ်ဆိုခိုင်းလို့လည်း မချို အဲဒီသီချင်းနဲ့ ဓာတ်ပြားရတာပေါ့။ ကိုထွေးကလေ... လူသာအေးတာ၊ စကားသာမပြောတာ၊ တကယ်တော့ မချိုကို အဆိုတော်ဖြစ်အောင်လုပ်ပေးတာ ကိုထွေးရယ်။

https://t.me/mmebooks

# အပိုင်း (၁၀)

မချိုနဲ့ကိုထွေးနဲ့ ကြိုက်ခါစပေါ့။ မချို ကျောင်းက အပြန်မှာ ကိုထွေးက လိုက်လိုက်ပို့တတ်တယ်။ မချိုက ကျောင်း သမကုန်စုံဆိုင်မှာ အလုပ်လုပ်တယ်လေ။ နေ့စားပေါ့။ ကိုထွေးတို့လိုပဲ တစ်နေ့ လေးကျပ်ပေါ့။

ကိုထွေးက မောင်အောင်ခိုင်တို့နဲ့ ကြိမ်အလုပ်ရုံဘက်မှာ လုပ်ရတယ်။ တကယ်တော့ မချိုကို အလုပ်လုပ်တာ မချိုတို့အိမ်က သိပ်ကြိုက်တာ မဟုတ်ဘူး။ မချိုကို ပြောလို့မရလို့...။ အမေ မရှိတော့ပေမယ့် မချိုညီအစ်ကို မောင်နှမတွေက မချိုတစ်ယောက်ကိုတော့ ကောင်းကောင်း ကျွေးထားနိုင်တယ်လေ။

မချိုကလည်း အမေမရှိတော့တာနဲ့ကို စိတ်ပြေလက်ပျောက် အလုပ်လုပ်တာပါ။ အလုပ်မှာက မချိုတို့ဘဝတူချင်းတွေ တွေ့ နေရတယ်လေ...။ မချို ပျော်တယ်...။ အမေ့ကို သတိရတာတွေ ပျောက်တယ်။

အမေဟာ မျက်စိမြင်ပေမယ့် မချိုနဲ့ဘဝတူ တစ်ယောက်လို နေပေးဖော်ရတဲ့ မချိုရဲ့ အလိုက်အသိဆုံး အားအကိုးရဆုံးအဖော်ပေါ့။ မချို စကားပြောတတ်ပြီဆိုကတည်းက မချို မေးသမျှတွေ အကုန်လုံးကို စိတ်ရှည်လက်ရှည် ဖြေတယ်။ ရှင်းပြတယ်။ မချိုကို စိတ်အားမငယ်အောင်၊ လောကကြီးကို ရင်ဆိုင်နိုင်အောင် အားတွေ မွေးပေးခဲ့တာ အမေပေါ့။ အမေဟာ မုဆိုးမတစ်ယောက်ပေမယ့် သားသမီးလေးယောက်နဲ့ စားဝတ်နေရေး ပြေလည်အောင် ဘယ်လိုကြိုးစားခဲ့တာတွေ၊ အဖေ ထားခဲ့တဲ့ ဝပ်ရှော့ကို သားအငယ်လေးနဲ့ တွဲပြီး ဆက်ပြီး လုပ်ခဲ့ပုံတွေဟာ မချို အင်မတန် နားထောင်လို့ကောင်းတဲ့ စိတ်အားတက်ကြွဖွယ်ရာ ပုံပြင်တွေပေါ့။

မချိုက သားသမီးလေးယောက်ထဲမှာ နို့ညှာ။ မကြီးရယ်၊ မလတ်ရယ်၊ ကိုလေးရယ်၊ ပြီးတော့ မချို။ မချိုပြီးတော့မှ အငယ်ဆုံး မောင်လေးပေါ့။ မောင်နှမလေးယောက်ထဲမှာ မချိုတစ်ယောက်ပဲ ကံဆိုးခဲ့တာပါ။

အမေ့ခမျာလေ.. ကုလိုက်တာမှ စုံနေရှာတာပါပဲ။ ဗမာဆေး၊ အင်္ဂလိပ်ဆေး၊ နတ်ဆရာ စုံနေတာပဲ။ အမေ မတတ်နိုင်တဲ့ နိုင်ငံခြားတစ်ခုပဲ ကျန်တယ်။ မချို မျက်လုံး နှစ်ခါခွဲပြီးလို့ မရတော့ဘူးဆိုမှ အမေ လက်လျှော့တော့တာ။ အဲဒီကတည်းက မချို လိုချင်တာမှန်သမျှ ရအောင် အမေ အလိုလိုက်ခဲ့တာပဲ။

အိပ်ရာထဲမှာ ကပ်နားထောင်ဖို့ အမေ ရေဒီယို အသေးလေး ဝယ်ပေးပါ ဆိုရင်လည်း ချက်ချင်း ကိုလေးကို သွားဝယ်ခိုင်းတာပဲ။ သီချင်းဝါသနာပါတဲ့ မချိုအတွက် တစ်အိမ်လုံး ဝါသနာမပါတဲ့ ကက်ဆက်ကို ဈေးကြီးပေးပြီးတော့လည်း

အမေ ဝယ်ပေးခဲ့တယ်နော်။ ကုလေးဆီမှာ ကက်ဆက်ဖွင့်ပိတ်တာကို စမ်းသပ်ရင်း အူမြူးနေတဲ့ မချိုကို ကြည့်ပြီး အမေ မြှောက်ပေးခဲ့တာ။

ဖွင့်စမ်း သမီး၊ တစ်နေ့ကုန်၊ အမေ နားမငြီးပါဘူးတဲ့။ မောင်နှမတွေက တစ်နေ့လုံး ဆူညံနေတဲ့ ကက်ဆက်သံကို ငြီးငြင်ရင်လည်း အမေ့ပါးစပ်နဲ့ တွေ့ရော။ နင်တို့ နားငြီးရင် အိမ်ပေါ်က ဆင်းကြလို့ကို ပြောတာ။

ကက်ဆက်ဇာတ်လမ်းတွေကို မချိုက အသည်းစွဲကြိုက်တော့ ဇာတ်လမ်းခွေအသစ်ထွက်တာနဲ့ အမေက ငှားပေးတတ်တယ်။ မချို နားမလည်တဲ့ ဇာတ်လမ်းထဲက စကားလုံးတွေ၊ သီချင်းတွေထဲက စကားလုံးတွေကိုလည်း အမေက သူ တတ်သမျှ မှတ်သမျှ ရှင်းပြတတ်တယ်။ မချိုကလည်း စကားများများနဲ့ လျှောက်မေးနေတတ်တယ်။ အိမ်ထဲမှာ အမေ့အသံကြားတဲ့နေရာ လိုက်ပြီး မေးနေတာပဲ။ အမေ အိမ်သာတက်ရင်တောင် အပေါက်ကနေ မချို မေးဖူးတယ်။

မှတ်မှတ်ရရ အဲဒီတုန်းက ဘာလို့လဲ မသိဘူး အမေ ငိုတယ်။ ပထမတော့ မချိုက ကက်ဆက်ဇာတ်လမ်းထဲက မင်းသမီး တင်တင်နွဲ့ ကို သဘောကျပြီး သွားပြောတာ။ အမေက အိမ်သာထဲမှာပေါ့။ မချိုနဲ့ စကားပြောလို့ရအောင် တံခါးလေးကို ဟ, ထားပြီး မချိုက ကိုင်ထားရတယ်။

"အမေ တင်တင်နွဲ့က တော်တော်လှသလား"

"လှတာပေါ့အေ"

"အမေ့ထက် ကြီးလား၊ ငယ်လား"

"ငယ်တာပေါ့"

"သူ့အသံလို သမီးကောင်းချင်တယ်။ သူ့လို စကားပြောတတ်ချင်တယ်"

"အို... သမီးအသံက သူ့ထက်တောင် ကောင်းဦးမှာ၊ သမီးက ငယ်သေးလို့"

"တကယ်လား အမေ"

"တကယ်ပေါ့"

"အမေ

"ဟင်"

"ဘုရားစေတီဆိုတာ ဘယ်လိုဟာလဲ"

"ဘုရားစေတီဆိုတာ အမေတို့ တစ်ခါသွားတဲ့ ရွှေတိဂုံစေတီကို ပြောတာ၊ သမီးတောင် ရှိခိုးသေးတယ်လေ။ ဘုရားစေတီက ရှည်ရှည်ချွန်ချွန်နဲ့၊ အုတ်တွေနဲ့ ဆောက်ရတယ်။ အထဲမှာ ဘုရားရဲ့ ဓာတ်တော်တို့၊ ဆံတော်တို့၊ ရွှေငွေတို့ကို

ထည့်ထားတယ်။ ပြီးတော့ အပေါ်က ရွှေချထားတယ်၊ ဝင်းလို့။ ဒီတစ်ခါ ရွှေတိဂုံဘုရား သွားရင် စေတီငယ်လေးတွေပုံစံ လုပ်ထားတာကို သမီး စမ်းကြည့်ပေါ့၊ ဒါမှ သိမှာ..."

"မော်တော်ကားရုပ်တို့၊ မီးရထားရုပ်တို့ကို သမီး စမ်းကြည့်သလိုပေါ့နော်"

အမေက ...

"အေး အေး... ဟုတ်တယ်"

"အင်း... နေဦး၊ နောက်တစ်ခုရှိသေးတယ်၊ ဟိုဟာလေ အမေ၊ မျက်စောင်းထိုးတယ်ဆိုတာ ဘာလဲဟင်"

အမေကလေ... ဒီတစ်ခါတော့ ချက်ချင်း ပြန်မဖြေဘဲ ငြိမ်သွားတယ်။

"ဟင်လို့ အမေ၊ မကြီးက မလတ်ကို ငေါ့လိုက်ပြီး မျက်စောင်းမထိုးနဲ့လို့ ပြောတာ သမီးကြားတယ်၊ ကက်ဆက်ဇာတ်လမ်းထဲမှာလည်း မျက်စောင်းထိုးရင် မျက်ရိုးကျိုးလိမ့်မယ်လို့ ပြောတယ်"

အဲဒီမှာတင် အမေ ငိုတာပေါ့။ အိမ်သာထဲ ရှိုက်ရှိုက်ပြီး ငိုတာ။ မချို မေးလည်း မပြောဘူး။ အမေရယ်... နောက်မမေးတော့ပါဘူး ပြောလည်း ငိုနေတာပဲ။

မကြီးတို့၊ မလတ်တို့ သိတော့ မချိုကို ဆူကြတယ်။ နင်ကိုက အမေ စိတ်မကောင်းအောင် ပေါက်ပေါက်ရှာရှာ မေးတာကိုးတဲ့။ နောက်တစ်ခါ အမေ ငိုရတာက မချိုကို ရှုံးသွားပြီလို့ သူ ထင်တုန်းကပေါ့။

အမေက မချိုကို ပိုက်ဆံလေးတွေ စမ်းခိုင်းပြီး တွက်တာ ချက်တာကို သင်ပေးတယ်။ ငါးပြားစေ့၊ ဆယ်ပြားစေ့တို့၊ မတ်စေ့၊ ငါးမူးစေ့တို့ကို မှတ်မိအောင် စမ်းခိုင်းပြီး ငါးပြားစေ့ ငါးစေ့ဆို တစ်မတ်။ ဆယ်စေ့ဆို ငါးမူး။ အစေ့နှစ်ဆယ်ဆို တစ်ကျပ်။ တစ်ကျပ်ဆိုရင် ဘယ်လိုဆိုပြီး စိတ်ရှည်လက်ရှည် သင်ပေးတယ်။

မချိုက သိပ်စိတ်ဝင်စားသွားပြီး တစ်ချိန်လုံး တွက်ကြည့်နေတော့တာ။ မတ်စေ့ လေးစေ့ကို တစ်ကျပ်ဆိုတော့ မတ်စေ့ ဆယ်စေ့ဆို ဘယ်လောက်လဲ တွက်၊ တွက်ပြီးရင် အမေရေ ဟုတ်လားလို့ မေးလိုက်၊ မှားရင် အမေက ပြင်ပေးလိုက်၊ ပြီးတော့ ပြန်တွက်လိုက်နဲ့ လုပ်တာပေါ့။ တစ်ယောက်တည်း ပါးစပ်က နေ တတွတ်တွတ်ရွတ်ပြီး တွက်လိုက်၊ ခေါင်းခါလိုက်၊ ပြန်ရွတ်လိုက်နဲ့ လုပ်နေတာကို အမေက မြင်တာကိုး။ မချိုက ပိုက်ဆံအတွက်ကို စိတ်ဝင်စားပြီး ကက်ဆက်လည်း မဖွင့်တော့ဘူးလေ။ အဲဒီတော့ တစ်နေ့တစ်နေ့ ပါးစပ်က တွတ်တွတ် တွတ်တွတ် ရွတ်လိုက်၊ ခေါင်းခါလိုက် လုပ်နေတဲ့ မချိုကိုကြည့်ပြီး သူ့သမီး ရူးပါပြီ ဆိုပြီး ငိုတာလေ။

အမေရယ်… မချို့ကို ဘယ်လောက်ချစ်ချစ်၊ ဘယ်လောက်စိတ် မချချ နောက်ဆုံးတော့ အမေ ထားခဲ့ရတာပါပဲ။ အမေ လေဖြတ်ပြီး ရှတ်တရက် ဆုံးတော့ မချိုက ဆယ့်နှစ်နှစ်သမီးရှိပြီ။ ငါ့သမီးကို မခွဲနိုင်ဘူးဆိုပြီး မျက်မမြင်ကျောင်းပို့ဖို့ ငြင်းဆန်ခဲ့တဲ့အမေဟာ အစ်မတွေ အစ်ကိုတွေက မချိုကို ကျောင်းပို့တော့ ဘာတတ်နိုင်သေးလို့လဲ။

မကြီးတို့ မလတ်တို့ကလည်း မချိုအတွက် ကောင်းအောင် စီစဉ်ပေးတာပါ။ ဘော်ဒါဆောင် မထားဘူး၊ အိမ်ကနေပဲ ကျောင်းတက်ခိုင်းတယ်။ ပထမနှစ် စတက်တော့ ဝပ်ရှော့က ကြုံရာကားနဲ့ လိုက်ပို့တယ်။ နောက်နှစ်တွေကျ မချိုလိုနေ့ကျောင်းတက်တဲ့မိန်းကလေး အဖော်တစ်ယောက် ရသွားတော့ မချို အိမ်ကလိုက်မပို့ခိုင်းတော့ဘူး။ အဖော်နဲ့ ဘတ်စ်ကားစီးတတ်အောင်လုပ်ပြီး ရအောင်သွားတယ်။ မချိုတို့ တောင်ဥက္ကလာကနေဆို ကြည့်မြင်တိုင်ထိ ကားနှစ်ဆင့် စီးရတာ။ တောင်ဥက္ကလာကနေ ကားတစ်ဆင့်စီးလာပြီး ကျောက်ကုန်းမှာ ဆင်း၊ ကျောက်ကုန်း ရောက်ခါနီးပြီဆို ကားက အရှိန်နဲ့ကွေ့ တယ်။ အဲဒီကွေ့ကို သေချာမှတ်ထားတာပေါ့။

ကွေ့ကို ကွေ့ပြီဆိုတာနဲ့ ကားထဲက တိုးထွက်ထားရတယ်။ နောက်ကားတစ်ဆင့်ကတော့ မခက်ပါဘူး။ တက်စီး ထိုင်လိုက်ပြီး ကြည့်မြင်တိုင် ညဈေးမှတ်တိုင်ဆို ဆင်းလိုက်တာပဲ။ ဈေးနံ့ကိုရရင် ဆင်းရတော့မယ်ဆိုတာ သိပြီ။ ဈေးထဲကနေ မချိုတို့ဖြတ်ပြီး ကျောင်းကို သွားတာပေါ့။

မချိုကို ကျောင်းပို့လို့ မမကြီးတို့ကို မချို စိတ်မနာပါဘူး။ ကျေးဇူးတောင်တင်သေးတယ်။ ကျောင်းသာ မရောက်ရင် မချိုလေ အမေ့စိတ်နဲ့ တစ်ခုခုဖြစ်လောက်တယ်။

မချို မမြင်ဖူးလိုက်တဲ့ အမေ့မျက်နှာလေးကို နောက်ဆုံး စမ်းကြည့်ရတဲ့အချိန်ဟာ မျက်မမြင်ဘဝကို မချို စိတ်အနာဆုံးအချိန်ပေါ့။ အားအငယ်ရဆုံးအချိန်လည်း ဖြစ်ခဲ့တယ်။

ကျောင်းတက်လိုက်ရတာ မချိုအတွက် တော်တော်ကောင်းသွားခဲ့ပါတယ်။ အဲဒီမှာ မောင်အောင်တို့နဲ့ သူငယ်ချင်းဖြစ်တာပေါ့။ တစ်နှစ်တည်း ရောက်လာတဲ့ သူတွေလေ။ ကိုထွေးကတော့ အဲဒီအချိန် ကျောင်းကို ဘယ်ရောက်သေးမလဲ။ သူ့အစ်မတွေရဲ့ အငြိုအငြင်ကြားထဲမှာ ရှိရှာသေးတာပေါ့။

မချိုတို့ မျက်မမြင် မူလတန်းအောင်မှ ကိုထွေးက ကျောင်းကို ရောက်လာတာ။ အသက်လည်း မချိုက တစ်နှစ်ကြီးတယ်။ အလုပ်ကျတော့လည်း မချိုက အရင် အလုပ်ဝင်ရတယ်။ ကြိမ်အလုပ်ဘက်မှာလည်း မဟုတ်တော့ ကိုထွေးကို ဘယ်သိမလဲ။ စကားရည်လုပွဲလေးကြောင့်သာနော်။

ကိုထွေးနဲ့ကြိုက်ခါစ၊ မချိုကို ကိုထွေး လိုက်လိုက်ပြီး ပို့နေတာကို မကြီးတို့၊ မလတ်တို့ မသိအောင် အတူပါတဲ့အဖော်ကို နှုတ်ပိတ်ခတွေ ဘာတွေနဲ့ ပိတ်ထားရတယ်။ ညနေအပြန် မုန့်ဟင်းခါးလေး ဘာလေး ကျွေးပေါ့။ ကိုထွေးကို ကျွေးချင်တာလည်း တစ်ကြောင်းပါ။

ကိုထွေးခမျာက ဆယ့်ရှစ်နှစ်ပြည့်ပြီး ကျောင်းဘော်ဒါက ထွက်ရတော့ ကိုယ့်လို မမြင်သူငယ်ချင်းတစ်ယောက်အိမ်မှာ ကပ်နေရရှာတယ်။ တစ်နေ့လေး ကျပ်နဲ့ အစားအသောက်လည်း ချို့ငဲ့ရှာတာပေါ့။ သနားပါတယ်။

ကိုထွေးနဲ့ မကြိုက်သေးဘဲ ခင်ခါစဘဝတုန်းကတည်းက နေ့တိုင်း မချိုက တစ်ခုခု ဖွတ်ကျွေးတာပဲ။ ကြိုက်သွားပြီဆိုတော့လည်း အလုပ်အပြန် ညနေတိုင်း တစ်ခုခု အမြဲစားကြတယ်။ မချိုမှာက မုန့်ဖိုးမပြတ်ဘူးလေ။ မချိုနဲ့အတူတက်တဲ့ အဖော်ကလည်း နွမ်းပါးရှာတယ်။ သိပ်ရယ်ရတာပဲ။ အဖော်ကို မချိုရည်းစားထားတဲ့အကြောင်း မကြီးတို့ မလတ်တို့ကို ပြန်မပြောအောင် နှုတ်တွေပိတ်လို့။ တကယ်တမ်း သိတာကျတော့ ကားပေါ်က အဆင်းမှာ မလတ်မြင်သွားတာ။

ကိုထွေးက မချိုလက်ကို ဆွဲပြီး ဆင်းနေတာကို မလတ်က သေချာ ရပ်ကြည့်နေတာ။ ကဲ...မချိုအဖော်လည်း ဘာတတ်နိုင်သလဲ။ မချိုတို့ကမှ မမြင်ရတာကိုး... နော်။

ဒါပေမဲ့ မလတ်က တော်ရှာပါတယ်။ မကြီး မသိအောင် တိတ်တိတ်ကလေး ပြောတယ်။ မချိုဘဝနဲ့ ဒုက္ခမရှာဖို့ပေါ့။ မချို တစ်ကိုယ်တည်းဆို သူတို့ တစ်သက်လုံး ကျွေးထားနိုင်တယ်ပေါ့။

ဘယ်ရမလဲ မချိုက 'မလတ်ရယ်...မချိုက ဒုက္ခရှာတာ မဟုတ်ဘူး၊ သုခကို ရှာတာ၊ မချိုလည်း လူပဲ၊ အိမ်ထောင်ရေးသုခကို မချို မခံစားထိုက်ဘူးလား'လို့ မေးလိုက်တော့ မလတ် စိတ်ဆိုးပြီး မချိုကို မပြောတော့ဘူး။ မမကြီးကိုလည်း တိုင်တယ်ထင်ပါရဲ့။ မမကြီးကလည်း သွယ်ဝိုက်ပြီး ဆုံးမတယ်။ မရပါဘူး။ မချိုကတော့ ကိုထွေးအတွက် အားလုံးကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားပြီးသားလေ။

ကိုထွေးကလေ လူကသာ စကားမပြောတာ။ မချိုသီချင်းဆိုဖို့အတွက် သူက ကျိတ်ကြံတာရယ်။ သူ့ရဲ့မြင်တဲ့သူငယ်ချင်းတွေကို သူလိုက်ပြောတာတဲ့။ ကျွန်တော့်အမျိုးသမီးပေါ့၊ သီချင်းဆိုတတ်တယ်၊ အသံလည်း ကောင်းတယ်၊ ခင်ဗျားတို့မှာ အဆက်အသွယ်ရှိရင် လုပ်ပေးစမ်းပါနဲ့ပေါ့။ အဲဒါ တီးဝိုင်းဆရာတစ်ယောက်နဲ့ တွေ့ လာပြီး မချိုကို ခေါ်သွားတယ်။ မချိုက သီချင်းတွေကို ဆိုပြရတယ်။

ဆရာက မချိုအသံက ချိုပြုံးတို့၊ အေဝမ်းတင်တင်လှတို့အသံမျိုးတဲ့။ မချိုကို သီချင်းတစ်ပုဒ်စပ်ပေးမယ်။ အဲဒါနဲ့ ရေဒီယိုမှာ အသံလွှင့်ရမယ်တဲ့။

ပြော်လည်းပြော်လိုက်ရော ထမင်းမစားနိုင်ပါဘူးဆိုမှ။ တကယ် ကိုထွေးကို လည်း ကျေးဇူးတင်လိုက်တာ။

ဆရာက 'ချစ်သူလူညိုချော'ဆိုတဲ့ သီချင်းကို စပ်ပေးတာပေါ့၊ သီချင်းက သိပ်ကောင်းတာပဲ။ မချိုအသံနဲ့လည်း လိုက်တယ်။ ဆရာ့ကို သီချင်းစပ်ပေးခ၊ မ ချိုသီချင်းဆိုခ သုံးရာပေးရတယ်။ မမကြီးက ပေးရှာလို့ တော်သေးတယ်။

အသံလွှင့်ရုံမှာ အသံသွင်းတော့ ကိုထွေးလည်း လိုက်လာတယ်။ မချိုက မ ကြောက်ပါဘူး။ ပညာရဲရင့်ပွဲလယ်တင့်လို့ အမေ ပြောဖူးတယ်လေ။ ပြီးတော့ အသံလွှင့်ရုံဆိုတာကြီး ဘယ်လောက်ကြီးကျယ်နေနေ မချိုမှမမြင်ရတာ၊ ဘာ ကြောက်စရာလိုတုံး။

ကိုယ့်အလှည့်ရောက်တော့ ဆိုချလိုက်တာပဲ။ တစ်ခါပဲ သွင်းရတယ်။ တစ် ချက်မှ မမှားဘူး။ တန်းပြီး အဲဒီတစ်ပုဒ်တည်းနဲ့ ခတ်ပြားရတာပဲ။ ခတ်ပြားရတဲ့ အတွက် ပိုက်ဆံရတယ်လို့ ဆရာက ပြောတယ်။ ဒါပေမဲ့ မချို မရပါဘူး။

တီးဝိုင်းကုန်ကျစရိတ်ထဲ ထည့်ရမယ်ဆိုတော့ ထည့်လိုက်တာပေါ့။ ဘာဖြစ် လဲ၊ ပိုက်ဆံနဲ့ ခတ်ပြားရ အဆိုတော်ချိုချိုအေးနဲ့ မလဲနိုင်ပါဘူးနော။

အသံလွှင့်ပြီး မကြာဘူး။ မချိုကို ဘလိုင်းထီးဆိုင် အဖွဲ့က ဆက်သွယ် တယ်။ အဲဒီတုန်းက ဘလိုင်းထီးဆိုင်က နာမည်သိပ်ကြီးနေတာ၊ မချိုတို့ကျောင်း က ထွက်တာပဲလေ။

လာခေါ်တော့ မချို လိုက်ချင်တာပေါ့။ ဒါပေမဲ့ မကြီးတို့၊ မလတ်တို့က သဘောမတူဘူး။ မလိုက်ရဘူး။ ကိုထွေးကတော့ လိုက်စေချင်တယ်။ ဒါမှ မချို ဘဝတိုးတက်မှာတဲ့။ မချိုကို အဆိုတော် ချိုချိုအေး ဖြစ်စေချင်တယ်တဲ့။

ကိုထွေး ဖြစ်စေချင် ဖြစ်ရမှာပေါ့။ တစ်ခါတည်း ခိုးရာလိုက်ပြီးသားလည်း ဖြစ်ရောလေ။

မကြီးတို့က မချိုကို မခေါ်တော့ဘူး။ ပစ်ထားလိုက်တာပေါ့...။ မဖျိုပါဘူး။ မချိုတို့က မကြီးတို့ကို သတိတောင် မရဘူး။ ကိုထွေးကို အနားမှာထားပြီး နယ် တကာလှည့်ပြီး သီချင်းဆိုနေရရင် မချို အားလုံးကို မေ့နိုင်တာပဲ။ ဒါပေမဲ့ မချို ဗိုက်ထဲမှာ သီရိကျော်မင်းဖြစ်မယ့် ကောင်မလေး ရောက်လာတော့ ဒုက္ခရောက် ကုန်တာပေါ့။

မချို ကလေး မမွေးချင်ဘူး။ သီချင်းပဲ ဆိုချင်တယ်။ မချိုက အမေမဖြစ်ချင် ဘူး၊ သမီးပဲဖြစ်ချင်တယ်။ ပြီးတော့ အရာရာပါပဲလေ။ မချိုတို့ဘဝနဲ့ ကလေးနဲ့ မ ဖြစ်ဘူး ထင်တယ် ကိုထွေးရယ်။ မချို မမွေးချင်ဘူးလို့ ကလေးရှူးရှူးပြီး ပြုံးပျော် နေတဲ့ ကိုထွေးကို မချို ပြောပါသေးတယ်။

ကိုထွေးက သဘောမတူဘူး။ မချိုကို တောင်းပန်ချော့မော့ပြီး အဖွဲ့ထဲက ထွက်တယ်။ ရန်ကုန်ပြန်ခဲ့ပြီး ကျောင်းထဲမှာ သူများတွေလို အဖိုလေးချပြီး နေကြ ရင်း ကိုထွေး အလုပ်ပြန်ဝင်တယ်။ အလုပ်က တော်တော်နဲ့ ပြန်ဝင်လို့ မရဘူး။ သီချင်းဆိုထားတဲ့ ပိုက်ဆံလေးတွေ ကုန်တော့မှ အလုပ်ပြန်ဝင်လို့ရတာ။ ဒါ တောင် ကိုထွေးက လူဟောင်းဖြစ်တဲ့အပြင် အလုပ်တော်လို့...။ မချိုဆို လုပ်လို့ မ ရတော့ဘူး။

မချို မွေးခါနီး ဖွားခါနီးလောက်မှာတော့ မမကြီး ရောက်လာတယ်။ မမကြီး တို့လင်မယားမှာ သားသမီး မရှိဘူး။ ကလေးလည်း မရနိုင်တော့ဘူးလေ။

မမကြီး မတောင်းခင်မှာပဲ မချိုက ပေးလိုက်ပါတယ်။ ယူလိုက်ပါတော့ မမ ကြီးရယ်လို့။

နားမလည်နိုင်တာက ကိုထွေး။ သနားစရာကောင်းတာက ကိုထွေးနော်။ သီရိကျော်မင်းဆိုတဲ့ ကောင်မလေး သံယောဇဉ်က သူ့မှာ ကြီးလွန်းလှတယ်။ ခက် သေးတယ်။ ကိုထွေးဟာလေ.. တကယ့် ကလေးလေးလိုပဲ။

ဟိုနေ့ကလည်း မချိုက ရယ်စရာပြောတာပါ။ မြေကွက်တွေ ဒီလိုပေးမှန်း သိရင် ကိုထွေးကို သမီးရည်းစားဘဝမှာပဲ ထားပါတယ်။ အဲလိုဆို တစ်ယောက် တစ်ကွက် ရချင်ရမှာနော်လို့ ပြောတာကို ကိုထွေး ကျိတ်ပြီး စိတ်ကောက်နေသေး တယ်။

အိမ်လေးကိုလည်း စမ်းစမ်းကြည့်ပြီး သူ့မှာ ပြီးချင်လှပြီ။ အိမ်ကလေး ပြီး လို့ နေစရာအတွက် စိတ်ချရရင်တော့ မချိုလည်း အလုပ်ရှာရဦးမယ်။ ကိုထွေး လုပ်ခနဲ့ စားမဖြစ်တာ ကြာပေါ့ဟာ...။ မကြီးတို့ မလတ်တို့ဆီကို အမြဲတမ်း လက် ဖြန့်မနေချင်ပါဘူး။ အိမ်လေးဆောက်ပေးပြီးရင် တော်ပြီပေါ့။

သီချင်းဆိုတာနဲ့ စားဖို့ကလည်း ဘလိုင်းထီးဆိုင်အဖွဲ့က မရှိတော့ဘူးလေ။ ခတ်ပြားရ သီချင်းစပ်ပေးတဲ့ ဆရာရဲ့ဝိုင်းကတော့ လာခေါ်ပါရဲ့။ ဒါပေမဲ့ သူက သီချင်းဆိုခ ပေးရမှာ။ သီချင်းဆိုခကလည်း မချိုတို့ ဆိုတုန်းကလိုတောင် မဟုတ် တော့ဘူး။ သုံးရာ မရတော့ဘူး။ ဈေးတက်သွားပြီ။ ငါးရာပေးမှ ဆိုလို့ ရမယ်တဲ့။ ဒီ တစ်သက်တော့ မချို သီချင်းဆိုရဖို့ လွယ်မယ် မထင်တော့ပါဘူး။

https://t.me/mmebooks

# အပိုင်း (၁၁)

"အောင်ကြပါစေ... နောင်ဘဝတာရှည်... အောင်ကြပါစေ... အဖုံဖုံ အလီလီ... ဘယာဘေး.. ဝေးကွာရှောင်ရှား သွားကြစေ... ဥုံ ဟရီ.. ဟရီ... ဂါထာ တန်ခိုးနဲ့... စည်းစိမ်တွေ တိုးလို့... ရတနာမိုး.. သွန်းဖြိုးလို့ရွာသည်"

မျက်မမြင်အိမ်ရာကွက်လပ်ရဲ့ ညနေခင်းကို ကိုကံဦးရဲ့ မယ်ဒလင် လက်သံက ကျက်သရေမင်္ဂလာနဲ့ ဖွတ်အတင်း ပြည့်စုံစေတယ်။ အပျိုကြီးမမကြင်ရဲ့ အိမ်တက်မင်္ဂလာအခါလေ။

အပျိုကြီးရဲ့ ခြေတံရှည်အိမ်သစ်လေးက လူလမ်းလျှောက်လိုက်တိုင်း တသိမ့်သိမ့် လှုပ်နေတယ်။ အိမ်ခေါင်းရင်းမှာ ကိုကံဦးတို့၊ မချိုတို့ တီးဝိုင်းအဖွဲ့က ကျကျနန နေရာယူထားတယ်။ ဝိုင်းတော်သားတွေအားလုံး အစုံအညီပေါ့။ ကိုကံဦး၊ မညိုစိမ့်၊ ကိုဆန်းမောင်၊ ဖိုးကျော်၊ အယ်နီ၊ မချို။

ဒီလိုပွဲမျိုး မနွှဲရတာကြာပြီလေ။ မညိုစိမ့်တောင်မှ မဆိုရတာ ကြာလို့ သူ့အင်မတန်ပိုင်တဲ့ မင်္ဂလာဆယ့်နှစ်ပါးကို အသံတွေ ယိုင်နေတယ်။ ကိုယ့်အလှည့်ကို စောင့်ရင်း ခတ်ပြားရအဆိုတော် ချိုချိုအေးက ချောင်းဟန့်ဟန့်နဲ့ ပါးစပ်ပြင်နေတယ်။

အပျိုကြီးက သူ့အိမ်တက်မှာ လက်ဖက်သုပ် ရေနွေးကြမ်းနဲ့ ဧည့်ခံတယ်လေ။ မျက်မမြင်အိမ်ရာကွက်လပ်ရဲ့ အိမ်ထောင်စု နှစ်ဆယ်လုံးက လူတွေအကုန်လာစားကြတာပေါ့။ ဂန္ဒီတို့ဆို ထမင်းတောင် ခူးလာသေးတယ်။ လက်ဖက်သုပ်နဲ့ ထမင်းနဲ့စားပြီး ညနေစာပြီးအောင် ကြံတာလေ။

"ဟဲ့... ဘယ်သူတွေ လာကြပြန်ပြီလဲ၊ ဖြည်းဖြည်းဟဲ့၊ ငါ့အိမ်တော့ မနေရခင် ပြိုတော့မှာပဲ"

"ကျွန်တော်တို့ပါ၊ ကြီးကြီးကလဲ"

"ဟယ်... ခေါင်းတွဲလား၊ နင် ဘယ်သွားနေတုံး၊ ခုနက ခိုင်းချင်လို့ခေါ်တာ မရဘူး"

"မဂန္ဒီ မပြောဘူးလား၊ ဦးအောင်တို့နဲ့ ဝါးဝယ်တာ လိုက်သွားရတာ ကြီးကြီးရဲ့"

"မပြောပါဘူး၊ မိဂန္ဒီကလည်း လက်ဖက်သုပ်ပဲ ငမ်းနေတာ"

"လက်ဖက်သုပ် ဘယ်မှာလဲ ကြီးကြီး"

“ဂန္ဒီကို မေး၊ အဲ.. နေဦး၊ သမီးရေ… ခေါင်းတွဲတို့ မောင်အောင်တို့အတွက် လက်ဖက်သုပ်လိုက်ဦးဟေ့..”

အပျိုကြီးက သူ့ကို လာကူပြောင်းပေးတဲ့ သူ့တူမလေးကို လှမ်းပြောတယ်။ ဂန္ဒီက စမ်းတဝါးဝါးနဲ့ လျှောက်လာရင်း…

“ဦးအောင် ပြန်လာပြီလား၊ ရခဲ့လား ဝါး”

“ဦးအောင်က မလာသေးဘူး၊ ဝါးတွေ သိမ်းနေတုန်း”

ခေါင်းတွဲက ဂန္ဒီကိုပြောရင်း "သွားလိုက်ရတာ မဂန္ဒီရာ၊ အဝေးကြီးပဲ။ ဦးအောင်ကလည်း အရမ်းကြေးများတာပဲ၊ ဝါးတွေကို စမ်းနေတာ၊ ကျွန်တော်က ကောင်းပါတယ်ဆိုလည်း မရဘူး"လို့ ညည်းညူတယ်။

“ဦးအောင်က ဒီလိုပဲ”

“ဝါးက ကြမ်းခင်းအတွက်လားဟဲ့ ဂန္ဒီ”

“ဟုတ်တယ်၊ ကြမ်းခင်းအတွက်၊ အမိုးနဲ့ ကြမ်းခင်းပြီးရင် ကျွန်မတော့ တော်တော်စိတ်အေးသွားပြီ။ အကာက ကိစ္စမရှိဘူး”

ဂန္ဒီ စကားပြောလို့ ကောင်းနေတုန်း နားထဲကို ကလေးငိုသံနဲ့ ခြူသံလေး ဝင်လာတယ်။

“ဟောတော့၊ ရဲထွန်းအောင်ကို မေ့နေတာ၊ ဘယ်နားကပါလိမ့်၊ ခေါင်းတွဲ ကြည့်လိုက်စမ်းပါ”

“အဲ… ခင်ဗျားသား ရေတွေ စိုရွှဲလို့၊ လှေကားရင်းမှာ၊ လှေကားထစ်တွေ လိုက်စမ်းနေတယ်”

“အို… စမ်းတာ မဟုတ်ပါဘူးဟဲ့၊ သားလေး… လာ.. လာ..ဒီကိုလာ"

ရဲထွန်းအောင်လေးက လေးဘက်သွားရာကနေ မတ်တတ်ရပ်ချင်နေပြီလေ။

သားလေး သွားရင် စမ်းစမ်းနေတယ်လို့ ပြောကြတာကို ဂန္ဒီ သိပ်ဒေါသဖြစ်တာပဲ။ ဆေးခန်းသွားပြပြီးပြီလေ။ ဂန္ဒီတို့ဆီကို အမေ လာသွားပြီးပြီ။ အမေလာတာ ဂန္ဒီကို ဘုရားမတာပါပဲ။

အမေက သူ့ပိုက်ဆံချေးထားတဲ့ထဲက ငွေတစ်ထောင် ပေးတယ်။ အိမ်ဆောက်ဖို့ပေါ့။ အမေ့ခမျာ သူ့မြေးအတွက်လည်း မုန့်တွေ ဝယ်လာရှာသေးတယ်။ ရဲထွန်းအောင် မျက်လုံးကို ကြည့်ပြီးတော့လည်း စိုးရိမ်လို့တဲ့၊ ဆေးခန်းသွားပြဖို့ အတန်တန်မှာတယ်။ သူ မြို့သစ်မှာ အိမ်ဆောက်ပြီးရင် သူ့မြေးကို သူ့ဆီခေါ်ထားတော့မယ်တဲ့။

အမေ့ဆီက ပိုက်ဆံရတာနဲ့ ဂန္ဒီတော့ မဖြစ်ဖြစ်အောင် အမ်ဆောက်တော့တာပဲ။ လက်သမားခတွေ ဘာတွေ နောင်ခါလာ နောင်စျေးပဲ။ လောလောဆယ် သူများနည်းတူ အိမ်ကလေးတစ်လုံးတော့ ဖြစ်ချင်တယ်။

"ဂန္ဒီ... ကလေးက ဘာလို့ ငိုနေတာလဲ"

ဟော... ဦးအောင်လာပြီ။ ဦးအောင်အသံနဲ့အတူ သားလေးရဲ့ ခြူသံလေး တချွင်ချွင်ကို ကြားရတယ်။ ဂန္ဒီဆီမလာဘဲ သူ့အဖေဆီ ပြေးတာနဲ့ တူရဲ့။ သားလေး ခြေထောက်မှာ ခြူကလေးတွေ ဆွဲပေးရပြီလေ။ ခေါင်းတွဲတို့ယယ်ယယ်တုန်း ကလိုပေါ့။ သူတို့လေးတွေ တောက်တက်တောက်တက် ပြေးချိန်မှာ မျက်မမြင်အမေတွေ ဘယ်လိုလုပ် လိုက်ထိန်းမလဲ။ ကလေးတွေခြေထောက်မှာ ခြူကလေးတွေ ဆွဲပေးထားရတာပေါ့။ ရဲထွန်းအောင်ကို ဆွဲပေးတဲ့ ခြူကလေးက ခေါင်းတွဲယယ်က ခြူကလေးပဲ။ မညိုစိမ့်က ရဲထွန်းအောင်ကိုပေးတာ။

"ရေတွေကို စိုရွှဲနေတာပဲ၊ ရေတိုင်နား သွားတယ် ထင်တယ်၊ ဒီကောင်"

ဦးအောင်က သူ့သားကို ပွေ့ပြီး အပျိုကြီးအိမ်ပေါ် တက်လာတယ်။

"ရဲထွန်းအောင်က ရေတိုင်နားက ရေဇလုံကြီးကို မမြင်ဘူး၊ ဒါနဲ့ ရေစိုကုန်တာ"

ခေါင်းတွဲညီမလေးရဲ့ ရယ်တစ်ဝက်နဲ့ ပြောတဲ့အသံ။

ဂန္ဒီ ရင်ထဲမှာ အပူလုံးကြီး ဆို့သွားသလိုပဲ။ သားလေးက စမ်းပြီး သွားနေတာတဲ့၊ ရေဇလုံကြီးကို မမြင်ဘူးတဲ့။ ဟင့်အင်း... မဟုတ်ပါဘူး၊ မပြောကြပါနဲ့။ ဂန္ဒီ့သားလေး စမ်းမသွားပါဘူး။ ရေဇလုံကြီးကိုလည်း မြင်ပါတယ်။ သူ ရေတွေ ဆော့လာတာပါနော်... သားလေးရယ်။ ဆေးခန်းကို မနက်ဖြန် သွားဖြစ်အောင် သွားမယ်။

"သဲ...ငွေ... သောင်းယံဦးမှာ... စန္ဒာ... စန္ဒီ.. ကိန္နရီတို့မှာ

ပန်းပေါင်းဝေဝေ ညှာရွှေနီပြာ... ဆင်မြန်းတာပဲ... ကခုန်မြူးရှာ..."

မချိုက သူ့ရဲ့နာမည်ကျော် စန္ဒကိန္နရီကို အစွမ်းပြနေပါပေါ့လား။ မချို ဒီသီချင်းဆိုရင် အမြင်ိုတဲ့ အယ်နီတစ်ယောက် ငိုနေပြီလားမသိ။

အပျိုကြီးက သူ့အိမ်တက်မင်္ဂလာမှာ ငိုရင်တော့ ကြိုက်မှာ မဟုတ်ဘူး။ ဒါပေမဲ့ ရှိုက်သံမထွက်ဘဲ မျက်ရည်ကျရင် သူမြင်ရတာမှတ်လို့။ ဂန္ဒီတို့အားလုံးဟာ ငိုသံကြားဖူးပေမယ့် မျက်ရည်ကျတာကိုတော့ ဘယ်သူမှ မမြင်ဖူးကြပါဘူးလေ။

"သူ့လင်... သက်ဝေ... ချစ်သူဆွေကို.. ဇီဝိန်ကြွေအောင် စိန်စီမြားနဲ့ .... တအားပဲ... ခွင်းကာ.."

မချို့က မာမာအေးလိုပဲ ရှုက်သံတွေ ဘာတွေနဲ့ အကျအန ဆိုနေတယ်။ ခုနက စကားပြောနေတဲ့ ပရိသတ်လည်း ငြိမ်လို့...။ သေချာပါတယ်၊ ခုချိန်ဆို အယ်နီကတော့ မျက်ရည်ကျနေလောက်ပါပြီ။

ကိုကံဦးနဲ့ ကိုဆန်းမောင်ရဲ့ မယ်ဒလင် လက်စွမ်းပြသံနဲ့အတူ ညနေခင်း လေအေးလေးက အပျိုကြီးအိမ်ပေါ်ကို ခပ်ပြင်းပြင်းလေး တိုက်လာတယ်။

“မိုးရွာတော့မယ်ထင်တယ် မဂနီ၊ မိုးသားတွေ မည်းလာတယ်”

ခေါင်းတွဲက တိုးတိုးလေး ပြောတယ်။ ဟုတ်လောက်တယ်၊ လေကလေးက အေးနေတာပဲ။

“ပျော်မြူးစွာ ကိန္နရီ ကိန္နရာ.. မောင်မယ်ချစ်ကြောင်း နှစ်ပေါင်း တစ်ထောင် ပင်ကြာ...”

မချို့ရဲ့ စန္ဒကိန္နရီအဆုံးမှာပဲ မိုးစက်လေးတွေ အပျိုကြီးရဲ့ အမိုးသစ်လေး ပေါ်ကို တပေါက်ပေါက် ကျလာခဲ့တယ်။

“အဖေ... မိုးရွာလာပြီ”

ခေါင်းတွဲ အော်တော့ ကိုကံဦးက မယ်ဒလင်အသံ စမ်းမပျက်ဘဲ "အေး အေး "တဲ့။ ပြီးတော့.....

“ကဲ...မချို ဆိုမလား၊ မညိုစိမ့် ဆိုမလား၊ ချစ်မိုးကြီး ဆိုဟေ့"

မညိုစိမ့်က "မချို ဆို.. မချို့က ပိုကောင်းတယ်"တဲ့။

ကိုကံဦးက မယ်ဒလင်ကို အသံစမ်းလိုက်တယ်။ မချို့က ချောင်းတစ်ချက် ဟန့်ရင်း...

“ညိုယောင်... မှိုင်းမို....”

မိုးပေါက်ကျတဲ့အရှိန်က ရုတ်တရက် ပိုပြင်းလာတယ်။ မချို သီချင်းသံ ရပ် သွားပြီး ကပျာကယာနဲ့ “ကိုထွေး.. အိမ်ကို ပြေးဦး၊ မိုးတွေ ပက်ရင် အိပ်ရာတွေ အကုန် ရွှဲကုန်လိမ့်မယ်လေ”

ကိုထွေးက အင်း... အင်း ဆိုပြီး ဆင်းသွားတယ်။

အိမ်က ထရံမကာရသေးဘူးလို့ မချို့က ညည်းရင်း..... “ကဲ... ဘယ်နှား ရောက်သွားမှန်းတောင် မသိတော့ဘူး။ အဲ.. ညိုယောင်မှိုင်း.....အစကပဲ ပြန်ဆိုပါ့ မယ်”

မိုးက လေပြင်းပြင်းနဲ့အတူ သဲသဲမဲမဲ ရွာချလိုက်တယ်။

"... မိုးတိမ်ယံက ဆိုင်း... ဆိုင်းခဲ့လေပြီ”

မိုးသံတွေကြားမှာ.. မချိုအသံက စူးထွက်လာတယ်။ မိုးက ပိုရွာလာတယ်။ မျက်မမြင် အိမ်ရာကွက်လပ်ပေါ်ကို မိုးဦးဟာ အရှိန်ပြင်းပြင်းနှင့် စတင်ကျရောက်လို့ လာခဲ့ပြီ။

* * *

မိုးဦးကျတဲ့ တစ်ညလုံး ဂန္ဒီတို့အလုပ်ရုံထဲက လူတွေ မအိပ်ရဘူး။

အလုပ်ရုံခေါင်က မလုံဘဲ မိုးတွေ ယိုကျလာတယ်။ အလုပ်ရုံ ဟိုဘက်ဒီဘက် ထိပ်မှာ နေရာရတဲ့သူတွေရဲ့ ပစ္စည်းတွေ မိုးပက်ပြီး ရွဲကုန်တယ်။ ဂန္ဒီတို့လည်း ပါတာပေါ့။ ခေါင်းအုံးတွေ စိုကုန်တာတော့ အဆိုးဆုံးပဲ။ ခြင်ထောင်စိုတာ လည်း ဆိုးတာပါပဲလေ။ ခြင်တွေက တအားကိုက်တာ။

အလုပ်ရုံအမိုးက အမိုးဟောင်းကြီးလေ။ အုတ်ကြွပ်မိုးဟောင်းကြီးတဲ့။ အရင်က ဒီနေရာက ကုလားသူဌေးတစ်ယောက်ရဲ့ စက်ရုံနေရာလို့ ပြောတယ်။ ဒီနေရာကို သူက ဂန္ဒီတို့လူမျိုးတွေ တစ်ခုခု ဒုက္ခိတဖြစ်နေတဲ့ လူမျိုးတွေပေါ့လေ၊ ဒီလူတွေအတွက် လှူပစ်ခဲ့တာတဲ့။ ကွက်လပ်ထဲမှာ ကျန်ခဲ့တဲ့ အဆောက်အဦအဟောင်းကြီးကို ပြင်ပြီး ဂန္ဒီတို့အတွက် အလုပ်ရုံ လုပ်ထားတာပေါ့။ အုတ်ကြွပ်မိုးပေမဲ့ နှစ်ပေါင်းကြာလှပြီဆိုတော့ ဘယ်လုံနိုင်ပါတော့မလဲ။ တစ်ခုတော်သေးတာက ခေါင်တစ်လျှောက် တအားယိုပြီး ကျန်တဲ့နေရာတွေက သိပ်မယိုဘူး။

အလုပ်ရုံထဲ နေကြတဲ့လူတွေက နံရံဘေး ကပ်နေကြတာ ဆိုတော့ အလယ်ကောင် လူသွားလမ်းပေါ်ကိုပဲ မိုးရေတွေ ကျလို့ပေါ့။ ဒါပေမဲ့ မြေကြီးပေါ်နေကြရတဲ့ ဂန္ဒီတို့တွေဆီကို မိုးရေတွေ စီးမလာအောင် ကိုယ့်ရှိသမျှ ခွက်တွေ၊ ပုံးတွေ၊ ဒန်အိုးတွေနဲ့ မိုးရေခံထားကြရတယ်။

ခေါင်းတွဲတို့ မောင်နှမသုံးယောက် အပင်ပန်းဆုံးပေါ့။ ဂန္ဒီတို့က ဘာလုပ်တတ်မှာလဲ။ ကိုယ့်ခေါင်းပေါ် မိုးရေကျလာတော့မှ ဒီနေရာမှာ ဒန်အိုးချရမယ်၊ ခွက်ချရမယ်ဆိုတာ သိတာ။

ကလေးတွေဆိုတော့ ခေါင်းကွဲတို့ကတော့ ပျော်လို့။

“မိုးရွာရင်... မိုးရေချိုးမယ်၊ မိုးရွာရင်... မိုးရေချိုးမယ်..... ဗျို့.... ကိုဖိုးကျော်... ဂစ်တာတီးပေးပါဗျို့ ”

အလုပ်ရှုပ်ပြင်ဘက် မြေကွက်လပ်ဆီကို လှမ်းပြီးတော့လည်း ဖိုးကျော်ကို အော်လိုက်ကြသေးတယ်။ ဖိုးကျော်ခမျာမှာတော့ ဂစ်တာတီးဖို့ နေနေသာသာ သူတို့ကို စကားပြန်တောင် မပေးနိုင်ဘူး။ အိမ်တိုင်လေးတွေပဲ ထူထားရသေးတဲ့ သူ့နေရာလေးက ဖြစ်ကတတ်ဆန်း ပလတ်စတစ်မိုးလေးအောက်မှာ ကလေးနှစ်ယောက်နဲ့ ဂစ်တာကို မိုးရေလုံအောင် ကြိုးစားနေရတယ်။

အပျိုကြီး အိမ်အသစ်ကျပ်ချွတ်ဆီကလည်း ကျွက်စီကျွက်စီ အသံတွေကြားရတယ်။ အမိုးအသစ်က မိုးယိုလို့တဲ့။ လက်သမားတွေကို မေတ္တာပို့နေတယ်။ ဟုတ်ပါရဲ့နော်... လူတွေကလည်း ကိုယ်ချင်းစာတရားလေးတော့ ထားဖို့သင့်ပါတယ်။ ဂန္ဒီတို့တစ်တွေဟာ သူတို့ ဘာလုပ်သွားသွား ဘာမှ မတတ်နိုင်တဲ့သူတွေပါ။

မိုးက ရွာလိုက်၊ တိတ်လိုက်၊ လေတိုက်လိုက်နဲ့ တော်တော်လေးကြာတော့ ခေါင်းတွဲက အော်ပြန်တယ်။

“ဟာ... အဖေ့နားမှာ ကင်းကြီး ကင်းကြီး”

ခေါင်းတွဲက တဘုန်းဘုန်းနဲ့ ရိုက်တယ်။ တော်သေးတယ်... ကျွန်တော် ခတ်မီးနဲ့ထိုးကြည့်တုန်း မြင်လိုက်ရလို့တဲ့။

ဘုရား... ဘုရား။ ဂန္ဒီတို့အားလုံး တစ်ခါမှ မမြင်ဖူးတဲ့ ဘုရားကို တ,ရုံကလွဲလို့ ဘာများ တတ်နိုင်မှာတဲ့လဲ။

“မိုးဦးကျဆို တွင်းအောင်းကောင်ကြီးတွေ ထွက်ပြီကွ၊ မြေငွေ့ရိုက်ပြီး ပူတာကိုး”

ကိုကံဦးကတော့ သိပ်ကြောက်ဟန် မတူဘူး။ ကင်းခြေများမို့လို့ပါ။ မြွေဆိုရင် ကိုကံဦး ဘယ်မကြောက်ဘဲ နေလိမ့်မလဲ။

“ခေါင်းတွဲရယ်၊ ခတ်မီးလေးနဲ့ သေချာကြည့်စမ်းပါဦး၊ မြွေတွေ ဘာတွေ ရှိနေပါဦးမယ်”

ဂန္ဒီ ပြောမလို့လုပ်တုန်း မညိုစိမ့်က သူ့သားကို ပြောတယ်။

“အမေတို့က ခတ်ခဲအသစ် ဝယ်ပေးပါဆိုတော့ ဝယ်မပေးဘူး၊ ခုကျမှ ခတ်မီးလေးနဲ့လုပ်နေ၊ အမေတို့ မလိုပေမဲ့ သားတို့ လိုတယ်ဗျ”

“ဟုတ်တယ်၊ မှောင်မည်းကြီးထဲနေရတာ ကြောက်စရာကြီး”

ခေါင်းတွဲတို့ ညီအစ်ကိုနှစ်ယောက်က သူ့အဖေနဲ့အမေကို မကျေမနပ် ပြောကြတော့ သားသမီးချစ်တဲ့ ကိုကံဦးက သားတွေကို ကျီစယ်တယ်။

"အဖေတို့ဖြင့် မှောင်မည်းကြီးနေရဟာ ကြာလှပါပြီ မောင်ရာ၊ ကြောက်စရာလည်း မရှိပါဘူး"

"ဟုတ်တယ်၊ အဖေတို့က ဒါမျိုး... ဒါမျိုး ဖြစ်နေတာကိုး.."

အငယ်ကောင်က သူ့အဖေရဲ့ မမြင်အမှုအရာ လုပ်ပြပြန် တူတယ်။ ခေါင်းတွဲတို့မောင်နှမသုံးယောက် တခစ်ခစ် ရယ်ကြတယ်။

"ခါတ်ခဲဝယ်ပေးနော် ဖေဖေ"

"ဖယောင်းတိုင်လည်း ဝယ်ဦးနော် ဖေဖေ"

"အေးပါကွာ၊ အေးပါကွာ"

ကိုကံဦးက ထုံးစံအတိုင်း အလိုလိုက်မယ့်ပုံနဲ့ နှစ်သိမ့်ရပြန်တယ်။

သားတို့ရယ်.... တစ်နေ့ကို လေးကျပ်နှုန်းနဲ့ အဖေနဲ့အမေ နှစ်ယောက်ရတဲ့ လခ နှစ်ရာ့လေးဆယ်နဲ့ သားတို့ ဘယ်လိုစားနေရသတုံး။ သားတို့ကို ခါတ်ခဲလည်း ဝယ်ပေးချင်တာပါ၊ ဖယောင်းတိုင်မီးလေးလည်း ထွန်းပေးချင်တာပေါ့။

အဖေတို့နဲ့အတူ အမှောင်ထဲမှာ ဘယ်နေခိုင်းချင်ပါ့မလဲကွ။ တကယ်တော့ သားတို့ဟာ အဖေတို့ထဲကိုလာပြီး မဝင်စားသင့်ဘူး...။

"အဖေရေ... လေတွေ တိုက်လာပြန်ပြီ"

မိုးလေးအတိတ်မှာ အိပ်ကြမယ်လုပ်တုန်း ခေါင်းတွဲအော်သံ ကြားရပြန်တယ်။

မိုးစက်တွေနဲ့ လေပြင်းပြင်းက အလုပ်ရုံထဲကို တရဟော ဝင်လာတယ်၊ ဂန်နီတို့ ခင်းထားတဲ့ ဖျာက လေနဲ့လန်ပြီး လာရိုက်တော့ ရဲထွန်းအောင်က ငိုရော။

"တိတ်.. တိတ်.. သား တိတ်၊ မနာပါဘူး။ ဦးအောင်ရေ ... နို့ဆီခွက်လေး လိမ့်သွားသံ ကြားတယ်၊ လိုက်စမ်းပါဦး"

"ဟာ... နေပါဦး၊ ဂန်နီကလည်း နို့ဆီခွက်မတွေ့ဘဲ မြွေကို စမ်းမိမှ ဟုတ်ပေ့ဖြစ်နေမယ်၊ မနက်ကျမှ ခေါင်းတွဲ ရှာခိုင်း..."

"အဲ... ဟိုမှာ အဖေရေ... ဦးထွေးတို့၊ အန်တီချိုတို့ အိမ်မိုးကြီး လန်သွားပြီဗျ၊ သူတို့ သိလည်း မသိဘူး"

"လှမ်းအော်ပြောလိုက်လေကွာ"

"အို.. ကိုကံဦးကလည်း ပြောတော့ မချိုတို့က ဘာလုပ်ရမှာလဲ၊ ဒုက္ခပါပဲတော်၊ မိုးက တစ်မျိုး... လေက တစ်မှောင့်"

လေတိုက်ပြီး မိုးက ပြန်သည်းလာပြန်တယ်။ သွားပါပြီ။ ဒီနေ့ ညကတော့ အိပ်ရမယ့်လမ်း မမြင်တော့ပါဘူး။

"ဟော... ဦးထွေးတို့ သားတို့ဆီ ပြေးလာကြပြီ"

ကြမ်းတစ်ဝက်တစ်ပျက် ခင်းလက်စအိမ်အောက်မှာ ဘယ်လိုမှ မိုးခိုလို့ မရတဲ့အဆုံး အလုပ်ရုံထဲကို မချိုတို့ ရောက်လာကြတယ်။

"အသုံးမကျတဲ့မိုး အကုန်ရွှဲကုန်ပြီ၊ ကိုထွေး... ပုဆိုးအခြောက်လေး ခြုံထား၊ ခေါင်းတွေလည်း သုတ်ပစ်လိုက်ဦး၊ အအေးပတ်နေမယ်"

"အန်တီချိုတို့အိမ်မိုးကြီး လန်သွားပြီ... သိလား"

"ဟယ်တော်... ဒုက္ခ၊ ကိုထွေး အိမ်မိုးကြီးလန်သွားပြီတဲ့။ ပိုက်ဆံ မရှိပါဘူးဆိုမှ ပိုက်ဆံကုန်ရလိမ့်ဦးမယ်"

"မချို ချစ်မိုးကြီးလေး မဆိုတော့ဘူးလား၊ လုပ်စမ်းပါဦး"

"ဟဲ့... သေနာကောင်၊ သေနာကျ မောင်အောင်၊ သူများ ဒုက္ခဖြစ်တာကို"

အလုပ်ရုံထဲမှာ မချိုဆဲသံတွေ ဆူညံသွားတယ်။ ကျယ်လောင်ကျယ်လောင်နဲ့ မပြီးနိုင်တော့ဘူး။

"အဖေ.. ကိုဖိုးကျော်တို့ ဒီထဲ ခေါ်လိုက်ရမလား"

ခေါင်းတွဲက သူ့ဂစ်တာဆရာအတွက် ပူပန်ပြီး လှမ်းအော်ခေါ် တော့ အယ်နီ အသံစူးစူးလေး ပေါ်လာတယ်။

"ခေါင်းတွဲရေ ...ငါတို့ အပျိုကြီးတို့အိမ်ပေါ်မှာ ရောက်နေပြီဟေ့"

"တော်သေးတာပေါ့"

အလုပ်ရုံထဲကို အပြင်ဘက် မြေကြီးပေါ်က မိသားစုတချို့ ပစ္စည်းတွေ တို့လို့တွဲလောင်းနဲ့ ဝင်လာကြပြန်တယ်။

ကလေးတစ်ယောက်က တအင်းအင်း ညည်းလို့။ အကောင် တစ်ကောင် ကောင် ကိုက်သွားတာတဲ့။ ဘာကောင်ကိုက်မှန်းလည်း မသိဘူး။

"အမယ်လေး... မိုးမြန်မြန်လင်းပါစေတော့"

တစ်ယောက်ယောက်က ညည်းညူလိုက်သံကို ကြားရတယ်။ ဟုတ်တယ်... မိုးမြန်မြန်လင်းပါစေတော့။ စိတ်ပျက်စရာကောင်းတဲ့ မိုးဦးညကြီး မြန်မြန်ကုန်ပါစေတော့။

"မိုးဦးကျတာကလည်း ဒီလောက်ပဲ ပြင်းရတယ်လို့တော်"

မချို ရဲ့ မကျေနပ်သံကို ကိုကံဦးက ပြန်ပြောတယ်။

“မိုးဦး၊ လေဦး ဒီလောက်ကောင်းရင် မိုးလယ်မိုးနှောင်းလည်းကောင်းတတ်တယ်တဲ့ ဟ”

* * *

မိုးက တဖွဲဖွဲရွာနေတယ်။

ကွက်လပ်ထဲက အိမ်တစ်ဝက်တစ်ပျက်လေးကို မိုးရေစိုရွဲလို့။ အလုပ်ရုံအောက်မှာ လူတွေ ရုံးစုရုံးစုနဲ့ တစ်စုံတစ်ရာကို မျှော်နေကြတယ်။ ဆန်ကားကို မျှော်နေကြတာလေ။

ကိုကံဦးနဲ့ ဦးအောင်တို့ သွားထုတ်ကြတဲ့ဆန်ကို မျှော်နေကြတာ။ ကုန်ထုတ်သမက ထုတ်ပေးတဲ့ ဆန်ပေါ့။ ကုန်ထုတ်သမမှာ လုပ်တဲ့လူတစ်ယောက်ကို ဆန်ဆယ့်နှစ်ပြည် ရတယ်။ ဒီကနေ ကြည့်မြင်တိုင်ကို တစ်ဦးချင်း ဘယ်သွားထုတ်နိုင်ပါ့မလဲ။ ကားနှစ်ဆင့် စီးရမယ်။ လူတွေ ဒါလောက်ကျပ်တဲ့ ဘတ်စ်ကားထဲမှာ မမြင်မပြုနဲ့ ဆန်ဆယ့်နှစ်ပြည်ကို ဘယ်လိုလုပ် သယ်မလဲ။ ဒီတော့ လဆန်းရက် ဆန်ထုတ်ပြီဆိုရင် ကိုကံဦးနဲ့ဦးအောင်က တာဝန်ယူပြီး သွားထုတ်ကြတယ်။ ကားငှားပြီး တစ်ခါတည်း စုသယ်လာတော့ ကိစ္စအေးရော၊ ကားခကို အချိုးကျ စုပေးကြရတာပေါ့။

အရင် သွားထုတ်ခါစကတော့ ခေါင်းတွဲ ပါရသေးတယ်။ ဒီကနေ သွားတာတို့၊ ကားငှားတာတို့၊ ဒီနေရာကို သိအောင် ကားကို လမ်းညွှန်ရတာတို့မှာ ခေါင်းတွဲမပါလို့ ဘယ်ဖြစ်မလဲ။ နောက်ကျတော့ ဒီကနေ အသွားကိုလည်း ကိုကံဦးတို့၊ ဦးအောင်တို့က ကားစီးတတ်လာတယ်။ ကားကလည်း ကျောင်းနားလေးက ကားဆိုတော့ အမြဲတမ်း ဖြစ်သွားပြီး နေရာကို ညွှန်စရာ မလိုတော့ဘူး။ ကားသမားကြီးက သနားပြီး ကားခကို လျှော့ယူရှာပါတယ်။ ဆန်က အိမ်ထောင်စု နှစ်ဆယ်အတွက် တင်းနှစ်ဆယ်လောက် ရှိတယ်။ ကားသမားကြီးက ကားခတစ်ရာနဲ့ လိုက်ပို့တယ်။ ဆန်ဆယ့်နှစ်ပြည် သယ်ခအတွက် ငါးကျပ်စီ ကောက်တယ်။ နှစ်ဆယ့်လေးပြည်ရတဲ့သူဆိုရင် တစ်ဆယ်ပေါ့။

မိုးကရွာနေတော့ ဆန်ထုတ်ဖို့ နောက်ကျသွားတယ်။ တစ်ရက် နောက်ကျသွားတာနဲ့ ဆန်ပြတ်ကုန်ကြပြီလေ။ ဆန်ကားလာမှ ထမင်းချက်ရမယ့်သူ တော်တော်များတယ်။ အလုပ်ရုံထဲမှာ စုပြုံပြီး စောင့်နေကြတယ်။

“မိုးလေးဖွဲဖွဲတောင် မြေကြီးတွေက ချော်ချင်တယ်၊ မိုးများလာရင်တော့ မလွယ်ဘူး”

"ဟုတ်တယ်၊ ဒီမြေက မြေစေးတွေ"

"အကောင်ပလောင်တွေကလည်း ထွက်ပါ့၊ တော်သေးတယ်၊ ခုထိတော့ ဆိုးဆိုးဝါးဝါး အကိုက်ခံရတာတွေ ဘာတွေ မရှိသေးလို့၊ ကိုယ်က မမြင်ပေမယ့် သတ္တဝါက မြင်ပြီး ရှောင်တယ်နဲ့ တူပါရဲ့"

"ကျွန်မကတော့ ဘုရားစာရွတ်၊ မေတ္တာပို့ရတာပဲ။ နို့မို့ဆို မအိပ်ရဲဘူး။ ဟိုနားက ရှရှ ရှရှနဲ့ တက်လာသလိုလို၊ ဒီနားက ရှရှ ရှရှနဲ့ တက်လာသလိုလိုနဲ့"

"အရေးကြီးတာက မိုးသိပ်မကျလာခင် အိမ်ပြီးဖို့ပါပဲ"

"ဟုတ်တယ်"

"နေစရာလေးရယ်၊ စားစရာလေး နပ်မှန်ဖို့ရယ်၊ ဒါဆို တို့ဘဝမှာ ပြီးနေပါပြီ၊ ဒီ့ထက်ပိုပြီး ဘာမှ မမျှော်ပါဘူး"

"ရေဒီယိုလေး တစ်လုံးတောင် မလိုချင်တော့ဘူးလား"

"မလိုချင်ပါဘူး၊ ဒီဘဝမှာ နားအာရုံလည်း မခံစားပါရစေနဲ့တော့၊ နေရေးစားရေးပဲ၊ ဒါပြီးရင် ပြီးတာပဲ"

"လုပ်မနေနဲ့၊ မမြင်ဘဝမှာ ရေဒီယိုလေး တစ်လုံးတော့ ကိုယ့်နားမှာ ရှိရမယ်။ ကျုပ်တို့ကတော့ မိုးလုံ လေလုံအောက်မှာ ရေဒီယို နားထောင်ရင်း ထမင်းစားချင်တယ်"

တစ်ယောက်တစ်ပေါက် ပြောကြသံတွေကို မချိုက စကားတတ်တတ်နဲ့ နောက်ဆုံး အနိုင်ပိုင်းရင်း နားကို စွင့်ထားတယ်။

"ဟော.. ဂန္ဓီရေ၊ ကားသံ မဟုတ်လား၊ ဒေါ့ဂျစ်သံ ထင်တာပဲ"

"ဟုတ်တယ်၊ ဒါ ဆန်ကားသံ၊ ကျွန်မ သိတယ်"

"ဆန်ကား လာပြီဟေ့"

ကားသံက ဖြည်းဖြည်းချင်း နီးလာတယ်။

"အပျိုကြီး ခေါ်ထားကြဦးလေ "

"အပျိုကြီးကလည်း သူ့အိမ်ကြီးပေါ်ကကို မဆင်းတော့ဘူး"

"အပျိုကြီးရေ.. ဆန်ကားလာပြီတော်ရေ့"

မချိုအော်သံက အိမ်ရာကွက်လပ်တစ်ခုလုံး ကြားရလောက်တယ်။ အပျိုကြီးဆီကတော့ ဘာသံမှ မကြားရဘူး။ အပျိုကြီးထုံးစံအတိုင်း ပြန်တော့ မအော်ဘဲ ဗျစ်တောက် ဗျစ်တောက်နဲ့ လှုပ်ရွလှုပ်ရွ လာနေမှာ။

“ခေါင်းတွဲ…ခေါင်းတွဲ ပြန်ရောက်ပလားဟေ့”

ကားဆိုက်သံနဲ့အတူ ကိုကံဦး အော်သံ ကြားရတယ်။

“ခေါင်းတွဲ မရောက်သေးဘူး၊ သိသားနဲ့ဟာ၊ ညနေစောင်းမှပြန်ရောက်မှာ ပေါ့၊ ရှင်ကလည်း”

“မဟုတ်ဘူး၊ ဒီနေ့ သူတို့ကို ဖိတ်တဲ့အိမ် တစ်အိမ်တည်း ရှိခိုးပြီး ပြန်လာမှာ လို့ ဖိုးကျော် ပြောသွားလို့ကွ”

အလုပ်ရုံထဲကို ကိုကံဦး ရောက်လာတယ်။ ကိုကံဦး ဘာစိတ်တိုလာတယ် မသိဘူး။ မညိုစိမ့် အငေါက်ခံလိုက်ရတယ်။

“လမ်းတွေက ဆိုးလိုက်တာလွန်ရော၊ ဘယ်ကားမှ မလိုက်ချင်ဘူး၊ ဖောက်သည်ကားက မရှိလို့ ဒုက္ခကိုများရော၊ ကားခလည်း ပိုပေးရသေးတယ်။ တစ်ရာ့ငါးဆယ် ပေးရတယ်၊ ဒါတောင် နှစ်ရာမှဆိုလို့ မနည်း တောင်းပန်ရတယ်၊ ပိုက်ဆံထပ်ပေးကြဦး”

ဆန်အိတ်တွေကို အလုပ်ရုံထဲက ယောကျ်ားတွေ စမ်းပြီး သွားထမ်းကြတယ်။ ခြံဝင်းဝနဲ့ အလုပ်ရုံလောက်ကတော့ အသံနဲ့မှန်းပြီး ထမ်းလို့ရတယ်။

“တစ်ယောက်နှစ်ကျပ်စီ ပေးကြ၊ နှစ်ဆယ့်လေးပြည် လူတွေက သုံးကျပ် ပေး”

ကိုကံဦးက ပိုက်ဆံလိုက်ကောက်ပြီး စိတ်တိုနေသလောက် ဦးအောင်ကတော့ ငြိမ်လို့။ ရောက်ကတည်းက ဂန္ဒီကိုတောင် စကားမပြောဘဲ ဆန်အိတ်ပဲ သယ်နေတယ်။

“အပျိုကြီး ဆန်အိတ်တွေ သယ်ပြီးရင် ခွဲတော့လေ၊ ဒီမှာ ချက်ရပြုတ်ရဦး မယ့်သူတွေနဲ့”

“နင် လျှာမရှည်နဲ့၊ ဒီမှာ ဆန်အိတ်တွေ သယ်လို့မပြီးသေးဘူး၊ ဒါလေးတော့ ခဏစောင့်ရမှာပေါ့”

??????

“ဘာတုံး”

“ငါ့လင်ကိုထွေး ထမင်းဆာနေမှာစိုးလို့ပေါ့ဟဲ့”

ဦးအောင်က ခုမှ မချိုကို ရန်ဖြစ်ဖော်ရတယ်။ မချိုက ခပ်သွက်သွက်လေး ပြန်ရန်ဖြစ်ရင်း ဒီအကောင့်အသံ ခုမှ ကြားရတယ်တဲ့။

အပျိုကြီးက ဆန်အိတ်တွေထဲကနေ ကုန်ထုတ်သမဆိုင်က ပြည်တောင်းနဲ့ ဆန်တွေကို ခွဲပေးတယ်။ အပျိုကြီးက တိတိကျကျ သပ်သပ်ရပ်ရပ်နဲ့ အလေအလွင့် အဖိတ်အစဉ် မရှိအောင် ခွဲတတ်တယ်လေ။

"ဆန်ကောင်းတယ်ထင်တယ်။ အနံ့လေး ကောင်းတယ်"

အပျိုကြီးက ဆန်တစ်ဆုပ်ကို နမ်းကြည့်ပြီး အကဲဖြတ်တယ်။

"ဆန်ကတော့ ရောရာပဲ၊ တချို့ အိတ်ကတော့ ကောင်းတယ်တဲ့၊ ဖွေးဖွေး သွယ်သွယ်လေးတွေလို့ ပြောတာပဲ၊ မကောင်းတဲ့အိတ်လည်း ပါမှာပေါ့"

ကိုကံဦးက ရှင်းပြရင်း မညိုစိမ့်ဆီကို ဆေးလိပ်တို တောင်းတယ်။ ဆေးလိပ် ဖွာရင်း အတော်ကြီး ကြာအောင် ငြိမ်နေတယ်။ ဆန်ခွဲရင်း ဆန်ယူရင်း ပြောနေကြတဲ့ တစ်ယောက်တစ်ပေါက်သံတွေ သူ့နားထဲ မဝင်ဘူး။

"ဒီအိတ်က ဆန်ကတော့ ကြွေတယ်ဟေ့"

"ဟုတ်ပ၊ နံလည်း နံတယ်"

"ကျရာပဲနေ၁်၊ ကိုယ့်ကံနဲ့ ကိုယ်ပဲ၊ လာကြ၊ နောက်ဆုတ်မနေကြနဲ့"

"ကဲပါ… ထည့်ပါ၊ ကျုပ်တို့ကတော့ နောက်မဆုတ်ပါဘူး၊ အိုးထဲ ရောက်မှာ ချင်း အတူတူပဲ"

မချို ဟောင်ဖွာဟောင်ဖွာလုပ်တဲ့ အသံကြားမှာ မတတ်တတတ် တီးခတ် လာတဲ့ ဂစ်တာသံကို ကြားရတယ်။ ပြီးတော့ တစ်ခုခုကို ဆိုလာတဲ့ ခေါင်းတွဲရဲ့ အသံစူးစူးကိုလည်း ကြားရတယ်။

"ဟော.. ရှင့်သား လာပါပြီ"

မညိုစိမ့်အသံ မဆုံးသေးဘူး၊ ကစားနေရာက သူ့အစ်ကိုဆီ ပြေးပြီး သကြားလုံးတောင်းတဲ့ အငယ်နှစ်ယောက်အသံ၊ ခေါင်းတွဲက အော်ပြီး ပြောလာ သံတွေ ဆူညံသွားတယ်။

"အမေ… ဟောဒီမှာ..၊ ကိုခေါင်းတွဲက မပေးဘူးတဲ့"

"ဟေ့ကောင် မလုနဲ့…၊ အမေ"

ကိုကံဦးက သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင်ကြီး ချလိုက်တယ်။

"ကဲ နေကြဦး၊ ပြောစရာရှိတယ်၊ နောက်လကစပြီး ကျုပ်တို့လခတွေ ခဏ ရပ်ထားမယ်တဲ့"

"ဟင်"

“ဒီလိုလေအလုပ်ရုံကို ဒီရွှေ့ပြီး အလုပ်ပြန်လုပ်ကြရတော့မှ ပြန်ပေးမယ်တဲ့၊ ခု လောလောဆယ် အလုပ်အော်ဒါလည်း မရဘူးတဲ့၊ ခု အဲ.. ဆန်တော့ ရမယ်၊ ဆန်ကတော့ ပေးနေမှာပဲ”

အားလုံး ငြိမ်သက်သွားကြတယ်။ လုပ်ခမရှိဘဲ ဆန်ကို ဘယ့်နှယ် ထုတ်မှာလဲ ဆိုတဲ့ ဂန္ဓီ ရဲ့ ငိုချင်တဲ့ ညည်းညူသံသဲ့သဲ့လေး ကြားရတယ်။

ခေါင်းတွဲလက်ကလေးနှစ်ဖက်က ကိုကံဦးလည်ပင်းကို ရစ်ပတ်လာတယ်။

“စိတ်မညစ်ပါနဲ့ အဖေကလည်း၊ ကိုဖိုးကျော်တို့ ဘုရားရှိခိုး မထွက်တဲ့နေ့ဆို သား စျေးရောင်းလို့ရပါတယ်”

သားလက်ကလေးကို ကိုကံဦး ချုပ်ကိုင်လိုက်မိတယ်။ အားငယ်ငြိမ်သက်သွားကြရှာတဲ့ အဖေ့လို လူတွေကြားထဲမှာ အားကိုးစရာ သားကလေး အဖေ့မှာ ရှိသေးတယ်နော်။ စာတော်တဲ့ သားကလေးကို စျေးရောင်းခိုင်းပြီး အဖေတို့က စားရမှာလား။

ဟောဒီလိုမိုးဖွဲဖွဲလေးပဲ။ သားကလေးဟာ အင်မတန်ငယ်သေးတဲ့ လက်ကလေးနှစ်ဖက်နဲ့ ခုလိုပဲ ဖအေ့လည်ပင်းဖက်ပြီး စိတ်မညစ်ပါနဲ့ အဖေကလဲလို့ အားပေးခဲ့ဖူးတယ်နော်။ အဖေတို့သားအဖနှစ်ယောက် ခေါက်မုန့် လည်ရောင်းကြတုန်းကလေ။

https://t.me/mmebooks

# အပိုင်း (၁၂)

အဲဒီတုန်းက သားကလေးဟာ ငါးနှစ်သားပဲ ရှိသေးတယ်။ ငါးနှစ်သား ကတည်းက ကိုကံဦးရဲ့ ခေါင်းတွဲကလေးဖြစ်နေခဲ့ရှာပြီ။ ကန်တော်ကြီးနဲ့ အင်းလျားကန်တစ်ဝိုက်ရဲ့ စနေ တနင်္ဂနွေနေ့တွေမှာ ခေါက်မုန့်ပုံးတစ်လုံးနဲ့ သားအဖနှစ်ယောက်ကို တွေ့နိုင်တယ်။

သားကလေးက ငါးနှစ်ရွယ်။ ပါးဖောင်းဖောင်း၊ မျက်တောင်ကော့၊ မျက်လုံးဝိုင်းလေးတွေနဲ့ လူတိုင်းမကြည့်ဘဲ မနေနိုင်အောင် ချစ်စရာကောင်းလွန်း လှတယ်။ မျက်နှာလေးမှာ သနပ်ခါးကလည်း အဖွေးသား၊ အင်္ကျီနဲ့ ဘောင်းဘီ ကလေးကတော့ နွမ်းရှာတယ်။ အဖေလုပ်သူက အသက်သုံးဆယ်အရွယ်၊ အသား ညိုညို၊ အရပ်မြင့်မြင့်၊ ကိုယ်ဟန်တောင့်တင်းတယ်။ နှာတံ၊ ပါးစပ်နဲ့ မည်းနက်နေ တဲ့ မျက်ခုံးတွေက သားကလေးနဲ့ တစ်ထေရာတည်းပဲ။ ဒါပေမဲ့ မျက်လုံးတွေ ကတော့ သားလေးလို မျက်တောင်ကော့ မျက်လုံးဝိုင်းတွေ မဟုတ်ဘူး။ အဖေလုပ် သူရဲ့ မျက်လုံးက မျက်လုံးအိမ်ထဲကို ချိုင့်ဝင်နေကြတယ်။ သိမ်ဝင်နေတဲ့ မမြင် မျက်လုံးတွေ။ ချစ်စရာကောင်းလှတဲ့ သားကလေးနဲ့ လောကကြီးကို ဘယ်တော့မှ မမြင်နိုင်တော့တဲ့ မမြင်မျက်လုံးတွေနဲ့လေ။

မျက်မမြင်အဖေကို သားကလေးက လက်ဆွဲ လမ်းပြလို့။ ပါးစပ်ကလည်း အဖေ အသံအောအောကြီးနဲ့ အော်သလို အသံသေးသေးနဲ့ ခေါက်မုန့်၊ ခေါက်မုန့် လို့ အော်တတ်တယ်။ ကလေးတွေ စုပေးကစား ဆူညံနေတတ်တဲ့ နေရာမျိုးမှာ သူ့အဖေ အော်တတ်တဲ့ သားတို့သမီးတို့ရေ ခေါက်မုန့်လေဆိုတဲ့ အော်သံကို အတု လိုက်အော်တဲ့အခါမျိုးမှာတော့ သူ့ဘာသူ သဘောကျပြီး တခစ်ခစ် ရယ်နေတတ် တယ်။

သားကလေးလို သဘောကောင်းမနောကောင်း (သူများတွေ ပြောသလို) အင်မတန် ချစ်စရာကောင်းတဲ့ ကလေးတစ်ယောက်ဟာ ဘာဖြစ်လို့များ ကိုကံဦး တို့ဘဝထဲမှာ ဝင်စားခဲ့ပါလိမ့်နော်။ သားကလေးရဲ့ ကုသိုလ်ကံလို့ပဲ ဆိုရတော့မှာ ပေါ့။ သားကလေးဟာ အရင်ဘဝက မကောင်းခဲ့တဲ့ ကုသိုလ်ကံကြောင့်သာ ကိုကံ ဦးတို့ဘဝထဲ ဝင်စားခဲ့ပေမယ့် ဒီဘဝမှာတော့ သူ့ကို လူချစ်လူခင် ပေါလှတယ်။ မြင်သူတိုင်းက ချစ်ပြီး မြင်သူတိုင်းက သနားကြတယ်။ ပြီးတော့ အပြီးအပိုင် မွေးစားချင်ကြပြီး အတင်းတောင်းတတ်ကြတယ်။

သားကလေးနဲ့ ခေါက်မုန့်သွားရောင်းတဲ့နေ့တိုင်း ကိုကံဦး ရင်ဆိုင်ရတာက၊ စိတ်ဆင်းရဲရတာက ကလေးတောင်းတဲ့သူတွေကိုပဲ။ ခေါက်မုန့်လာပါဦး ဆိုတာနဲ့ သွားလိုက်ရော။ အနားရောက်တော့ ခေါက်မုန့် ဘယ်နှခုလဲလို့ အမေးကို မပြော

နိုင်ဘဲ ဟယ်… ကလေးလေးက ချစ်စရာကောင်းလိုက်တာ ဆိုပြီး မေးတော့ မြန်း တော့ တောင်းတော့တာပဲ။

ပေးလိုက်ပါလားဟင်၊ ရှင့်မှာလည်း တာဝန်ပေါ့သွားတာပေါ့၊ ဆိုတဲ့ တချို့ မိန်းမတွေရဲ့ ယဉ်ကျေးဖွယ်ရာ စကားတို့ကို ကိုကံဦး အသည်းခိုက်အောင် နာလှ တယ်။ အဲလိုအခါမျိုးကျရင်တော့ ခေါက်မုန့် မြန်မြန်ရောင်းပြီး သားကလေးလက် ကို မလွှတ်တမ်း ဆွဲထားရင်း ကိုကံဦး ထွက်ပြေးရတာပဲ။ သားကလေးကတော့ အလိုက်သိရှာပါတယ်။ ဖအေကိုလည်း သူသိပ်ချစ်ရှာပါတယ်။ ဘယ်သူက တောင်းတောင်း၊ လိုက်မလား နေမလားလို့ ဘယ်သူက မေးမေး….ဟင့်အင်း.. မ လိုက်ဘူး၊ သား မနေချင်ဘူးလို့ အမြဲတမ်း ဖြေရှာတယ်။

တစ်ခါတလေတော့လည်း ကိုယ့်ကိုယ်ကိုယ် မတရားဘူးလို့ စိတ်ဆိုးဒေါသ ဖြစ်မိတယ်။ မရေရာ မသေချာတဲ့ ကိုယ့်ဘဝထဲမှာ သားလေးကို ထားမယ့်အစား သားလေးကို တကယ်ချစ်ပြီး၊ တကယ် လိုချင်ပြီး၊ ကောင်းကောင်းမွန်မွန် မ တောင့်မတ၊ မကြောင့်မကြနေရမယ့် ဘဝမျိုးထဲမှာ မထားသင့်ဘူးလား။

တစ်ခါတော့ ကိုကံဦး ဖြစ်ခဲ့ဖူးတယ်၊ သားကလေးကို ပေးလိုက်လုနီးနီး အဖြစ်ကို ဖြစ်ခဲ့မိဖူးတယ်။ ကန်တော်ကြီးစောင်းမှာပဲ။ သားအဖနှစ်ယောက် ခေါက်မုန့် ခေါက်မုန့်နဲ့ တစ်ယောက်တလဲ အော်နေကြတုန်း..

“အဖေ… ဟိုမှာ.. အန်တီတစ်ယောက် ခေါ်နေတယ်”

“ဘယ်နားကလဲကွ၊ အဖေ မကြားပါဘူး”

“သူက လက်ယပ်ခေါ်နေတာ၊ ဟိုသစ်ပင်ရိပ်အောက်မှာ၊ သူ့နားလေးက ကားလေးက လှလိုက်တာ အဖေရာ၊ အနီရောင် ရှည်ရှည်မျောမျောလေး၊ ဘာကား ခေါ်လဲ အဖေ သိလား"

“ဘယ်သိမှာလဲကွ၊ အဖေမှ မော်တော်ကား ဆိုတာကို မသိတာ”

“အဖေ တစ်ခါမှ မမြင်ဖူးဘူးပေါ့”

“အမေလည်း ဘယ်မြင်ဖူးမလဲ”

“သနားပါတယ်၊ သားကြီးလာရင် အဖေတို့ကို မြင်အောင် လုပ်ပေးမယ် နော်… အဖေ”

“အေးပါကွာ”

“အဖေ… ဟိုမှာ ခေါ်နေပြန်ပြီ၊ သွားရမှာလား”

“သွားပေါ့ကွ၊ သူက ခေါက်မုန့်ဝယ်မလို့ နေမှာပေါ့၊ သူ့နားမှာ ကလေးလေး တွေ မရှိဘူးလား”

“မရှိပါဘူး”

“လျှောက်ဆော့နေမှာပေါ့ကွာ”

သားအဖနှစ်ယောက် စကားတပြောပြောနဲ့ အဲဒီအမျိုးသမီးနား ရောက်တော့ သားလေးက တံ့ခနဲ ရပ်တယ်။ ရောက်ပြီအဖေတဲ့…။

“ခေါက်မုန့် ဘယ်လိုရောင်းလဲဟင်”

“တစ်ကျပ်ဖိုး ဆယ်ခုပါခင်ဗျာ”

ခေါက်မုန့်ပုံးကို ဖွင့်ရင်းက အမျိုးသမီးရဲ့အသံကို ကိုကံဦး သတိထားမိတယ်။

ချိုသာနူးညံ့ပြီး ကရုဏာရှိတဲ့အသံ။ ဘယ်လိုပြောမလဲ၊ စိတ်ကောင်းနှလုံးကောင်းရှိတဲ့ အသံမျိုးပေါ့။ ဒီလို အသံပိုင်ရှင်မျိုးဟာ ရုပ်ရည်လည်း လှမယ်နဲ့ တူပါရဲ့။

“ဘယ်နှခု ယူမလဲခင်ဗျာ”

“ယူမယ်လေ၊ ခဏနော်၊ ဒီသားလေးက ရှင့်ကလေးလားဟင်..."

ကိုကံဦးရင်ထဲ ထိတ်ခနဲ ဖြစ်သွားတယ်။ ထုံးစံအတိုင်း ဇာတ်လမ်းတော့ စပြီ။ ကိုကံဦး ရင်ဆိုင်ရတော့မယ်။

“ဟုတ်ပါတယ်၊ ကျွန်တော့်သားလေးပါ”

“စိတ်မရှိပါနဲ့နော်၊ ကလေးအမေကရော”

“သူ့အမေ ရှိပါတယ်၊ အိမ်မှာပဲ၊ အငယ်ကလေးနှစ်ယောက်နဲ့လေ၊ သူက သားအကြီးဆုံးပေါ့”

“ဟို...ဟို... အမေကတော့ မျက်စိ.."

“မမြင်ဘူး၊ ကျွန်တော့်လိုပဲ၊ ကျွန်တော်တို့ လင်မယားနှစ်ယောက်လုံး မျက်စိမမြင်ကြဘူး”

“သြော်... စိတ်မကောင်းပါဘူးရှင်၊ ရှင်တို့မှာ သားသမီးသုံးယောက်တောင် ရှိတယ်နော်၊ သားကလေးက အရမ်းချစ်ဖို့ကောင်းတာပဲ၊ လာပါဦး၊ သား အန်တီဆီလာပါဦး”

ကရုဏာသံနဲ့ မိန်းမက သားကလေးကို ဆွဲယူလိုက်တယ် ထင်ပါရဲ့၊ ကိုကံဦးလက်ကို ဆုပ်ထားတဲ့ သားလေး လက်ကလေး ပြုတ်ထွက်သွားတယ်။

“သားနာမည် ဘယ်လိုခေါ်လဲဟင်”

“လင်းလင်း”

“ဟုတ်လား၊ သား ကျောင်းနေပြီလား”

“ကျောင်းမနေသေးဘူး”

“အို.. ဘာပြုလို့လဲ”

“သူက ငါးနှစ်ပဲ ရှိသေးတယ်၊ ကျောင်းထားလို့ မရသေးဘူး”

“အေးလေ... ဟုတ်တာပေါ့၊ ဒါပေမဲ့ အိမ်မှာတော့ စာသင်ပေးသင့်ပြီ”

အမျိုးသမီးက သူ့ဟာသူ ပြောသလို တိုးတိုးလေး ပြောတယ်။ ပြီးတော့ သက်ပြင်းတစ်ချက်ချတယ်။

“မိဘဆိုတာ ကိုယ့်သားသမီးကို ချစ်ကြမှာချည့်ပဲပေါ့နော်၊ ကျွန်မကိုတော့ သားသမီးမရှိလို့ ကိုယ်ချင်းမစာ ပြောရက်တယ်လို့ မထင်ပါနဲ့နော်၊ ဒီသားလေးကို ကျွန်မ မွေးစားလို့ ရမလားဟင်”

အမျိုးသမီးအသံက နူးညံ့ပြီး ဝမ်းနည်းကြေကွဲနေသလိုပဲ၊ ဒီလို ပြောခံရတိုင်း ဟာ... မဖြစ်ပါဘူးဗျာလို့ ခပ်သွက်သွက် ပြန်ပြောနေကျ ကိုကံဦးပါးစပ်က တွန့်ဆုတ်လို့ နေတယ်။

“ကျွန်မဟာ သားသမီး မရနိုင်တော့တဲ့ မိန်းမတစ်ယောက်ပါ၊ ကျွန်မ ယောကျ်ားရော ကျွန်မရော ကလေးချစ်တတ်ကြပါတယ်၊ ချစ်ချင်ကြတယ်လေ၊ ဒါပေမဲ့ ကျွန်မတို့မှာ မျှော်လင့်ချက် မရှိတော့ဘူး၊ ကျွန်မယောကျ်ားက စီးပွားရေး လုပ်ငန်းရှင်တစ်ဦးပဲ၊ ကလေးအတွက် ဘာမှ မပူရပါဘူး၊ သူလည်း သားလေးကို မြင်ရင် ချစ်မှာပဲ၊ ဘယ့်နှယ်လဲ၊ ဒီသားလေးကို ကျွန်မ မပေးနိုင်ဘူးလားဟင်"

ခက်တော့တာပါပဲ။ သူ့လို မိန်းမမျိုးက ကိုကံဦးလို လူမျိုးကို အသနားခံ တောင်းပန်နေလိုက်တာ။ ပြီးတော့လည်း သနားပါတယ်။ သူဟာ ကလေးမရနိုင်ရှာတော့တဲ့ မိန်းမတဲ့။ စကားပြန်ပြောဖို့ ကိုကံဦး အားယူတုန်း ရုတ်တရက် သားကလေးရဲ့ အသံလေး ပေါ်လာတယ်။

“ဒီကားလေးက အန်တီ့ကားလား”

"ဟုတ်တယ်... သားရဲ့၊ သားစီးကြည့်ချင်လို့လား၊ အန်တီ တစ်ပတ် မောင်းပေးမယ်လေ”

“အန်တီမောင်းမယ် ဟုတ်လား”

“အေးလေ၊ အန်တီ မောင်းတတ်ပါတယ်သားရဲ့၊ သား အန်ကယ်က အလုပ်သွားနေတော့ အန်တီပဲ မောင်းရတာပေါ့၊ သား အန်တီတို့နဲ့ လိုက်နေရင်တော့

သားကြီးလာရင် သားက အန်တီတို့ကို မောင်းပို့ပေါ့နော်”

“သား မမောင်းချင်ပါဘူး”

“ဘာဖြစ်လို့လဲ သားရဲ့၊ ကားမောင်းရတာ သိပ်ပျော်စရာကောင်းတာ၊ သားကို အန်တီက ကားလှလှလေးတစ်စင်း ဝယ်ပေးမှာပေါ့၊ အန်ကယ်လည်း သူ့ကားနဲ့သူ အန်တီလည်း အန်တီ့ကားနဲ့ အန်တီ မောင်းကြတာ”

“အန်တီတို့မှာ ကားနှစ်စင်းတောင် ရှိတယ်"

“အေးပေါ့၊ သားအတွက်ဝယ်ရင် သုံးစင်းဖြစ်ပြီနော်၊ ပြီးတော့ တခြား သားလိုချင်တာတွေအားလုံး အန်တီက ဝယ်ပေးမယ်နော်၊ နေမယ်မဟုတ်လား။ အန်တီတို့တိုက်ကလေးထဲမှာ အန်ကယ်ရယ်၊ အန်တီရယ်၊ သားရယ်၊ ခိုင်းတဲ့မိန်းမရယ် ဒါပဲ နေရမှာ”

ဘာများ လိုသေးလဲ သားကလေးရယ်။ မင်းဟာ ဒီလိုဘဝမျိုးက ဒီလိုမိဘတွေရဲ့ ဗိုက်ထဲမှာ ဘာလို့များ မဝင်စားခဲ့ရသလဲ။ မင်းကသာ နေချင်တယ်လို့ ပြောလိုက်ရင် အဖေထည့်လိုက်မိတော့မှာ။ မင်းအမေနဲ့တော့ နောက်မှ ပြဿနာ ရှင်းရတော့မှာပေါ့။ ဒါပေမဲ့ မင်းကလေးကလေ....။

“သား အောက်မေ့ရင်... အဖေတို့ဆီ ပြန်လို့ရလား”

ကိုကံဦး ရုတ်တရက် အသက်ရှူ ရပ်သွားသလိုပဲ။ သြော်... သားကလေး၊ မင်း လိုက်သွားချင်တယ်နော်၊ အမျိုးသမီးက ငြိမ်နေတယ်၊ ပြီးတော့မှ...

“ခဏ ခဏတော့ ပြန်လို့မရဘူးပေါ့ သားရဲ့”

“ဟင်း... သားက ခဏခဏပြန်ချင်တာ၊ ဒါဖြင့် အဖေ သား... အန်တီနဲ့ မလိုက်တော့ပါဘူးနော်... အဖေ"

သားလေးရယ်။ လက်မောင်းကို လာကိုင်တဲ့ သားလက်ကလေးတွေကို ကိုကံဦး မလွတ်တမ်း ဆုပ်ထားလိုက်မိတယ်။

“အစ်မကြီးကို အားနာပါတယ်၊ ကျွန်တော်တို့ သွားဦးမယ်”

သားလေးလက်ကိုဆွဲပြီး ထုံးစံအတိုင်း ကိုကံဦး ပြေးဖို့ပြင်တော့ အမျိုးသမီးက..

“အို.. နေပါဦး၊ ရှင်ကကော ကလေးကို မထည့်ချင်ဘူးလား ဟင်၊ ရှင်နားလည်မှာပါနော်”

“အဲ့... ကျွန်တော်ကတော့...

“သား မလိုက်ချင်ဘူး အဖေ၊ သားမလိုက်ဘူး”

အမျိုးသမီးက အဲဒီကျမှ ငြိမ်သက်သွားပြီး သားကလေးလက်ထဲကို မုန့်ဖိုး ပိုက်ဆံတွေ ထည့်ပေးတယ်။

"ကျွန်မ နောက်တစ်ပတ် ဒီမှာ လာစောင့်နေမယ်၊ စဉ်းစားခဲ့ပါဦး၊ တာ့တာ နော်... သား"

ကိုကံဦးတို့သားအဖ အမျိုးသမီးနားက ပြေးခဲ့ကြတယ်။ သားလေးက သူ တစ်ခါမှ မကိုင်ဖူးတဲ့ ပိုက်ဆံတွေကို ကိုင်ပြီး ခုန်ဆွ ခုန်ဆွ ပျော်လို့။ သူဌေးဖြစ်ပြီ ကွ တဲ့။

ကိုကံဦးကတော့ တစ်ထိုင်တည်းမှာ ဆုံးဖြတ်တယ်။ နောက်အပတ်ကစပြီး ကန်တော်ကြီးကို မလာတော့ဘူးလို့။

"တော်ပါသေးရဲ့ကွာ၊ ငါ့သား လိုက်များ လိုက်သွားမလားလို့"

မိုးဖွဲဖွဲမှာ သစ်ပင်ရိပ်တစ်ရိပ်အောက် သားအဖနှစ်ယောက် ထိုင်နားကြရင်း စိတ်မောလူမောနဲ့ ကိုကံဦးက ပြောတော့ လက်သေးသေးလေးနှစ်ဖက်က ကိုကံ ဦးလည်ပင်းကို ရစ်ပတ်လာတယ်။

"အဖေက စိတ်ညစ်သွားတာလား"

"ဒါပေါ့ကွ"

"စိတ်မညစ်ပါနဲ့ အဖေကလဲ"

အဖေ့ကို အားပေးရင်းနဲ့ ပင်ပန်းနေရှာတဲ့ သားကလေးက သစ်ရိပ်အောက် အဖေ့ရင်ခွင်မှာ တစ်ရေး အိပ်ပျော်တော့ မြင်သူတိုင်း လိုချင်လှတဲ့ သားကလေးရဲ့ မျက်နှာလေးကို ကိုကံဦး စမ်းသပ်ကြည့်မိတယ်။

"လင်းလင်းရယ်.. ငါ့သားဟာ ဘယ်လောက်များ ချောလှနေတုံး၊ အဖေသိ ချင်လိုက်တာ"

ဝမ်းနည်းအားငယ်စရာကောင်းတဲ့၊ လူချင်းအတူတူမှာ အမြဲ တစ်ပန်းရှုံးနေ တဲ့ မမြင်ဘဝရဲ့ အမှောင်လောကထဲမှာ သားကလေးပဲဖြစ်ဖြစ်၊ သမီးကလေးပဲ ဖြစ်ဖြစ် မကျင်လည်စေချင်ဘူး။ သားကလေး မျက်စိမြင်မမြင်ကို ဒီမွေးခါစ အရွယ်လေးမှာ ဘယ်လို သိနိုင်ပါ့မလဲလို့ ကိုကံဦး စဉ်းစားရင်း ကိုယ်တွေးမိတာကို ဘေးက လူတွေဆီမှာ မေးရတယ်။ ကလေးမျက်စိက ဘယ်လိုနေလဲ၊ မျက်လုံးအိမ် က ကျွန်တော့်လို ချိုင့်များနေလား၊ သူ့အမေလို မျက်လုံးထဲမှာ တိမ်ဆိုတဲ့ဟာမျိုး တွေ ပါသလား ဆိုတာတွေပေါ့။

လင်းလင်းလေး မွေးခါစတုန်းကလည်း ကိုကံဦး အဲလိုပဲ စမ်းကြည့်ခဲ့ဖူး တယ်။ အဲဒီတုန်းကလည်း သားကလေးဟာ ချောလှချည်ရဲ့လို့ ဘေးက လူတွေက

ဝိုင်းပြော်ကြတာကိုး။ တကယ်တမ်း ကိုကံဦး သိချင်နေတာကတော့ သားလေး ချော မချော မဟုတ်ပါဘူး။ သားလေး မျက်စိ မြင်မမြင်ကိုသာ သိချင်တာပါ။ ကိုကံဦးက သုံးနှစ်သားလောက်မှ ကွယ်တာပေမယ့် မညိုစိမ့်က မွေးကတည်းက မမြင်တာလေ။

ပြောကြတာကတော့ အမျိုးမျိုးပါပဲ။ မိဘနှစ်ဦးစလုံး မွေးကတည်းက မမြင်တာဆိုရင် ကလေးကျ မြင်တယ်တဲ့။

မိဘတစ်ဦးက မွေးကတည်းက မမြင်၊ တစ်ဦးက ကြီးမှ မမြင်တာ ဆိုရင် ကလေးကျ မမြင်ဖြစ်တတ်တယ်တဲ့။

တချို့ကျတော့လည်း ဘာမှမဟုတ်ဘူး။ ဘယ်လိုမိဘကပဲ မွေး မွေး သူဖြစ်ချင် ဖြစ်မှာပဲတဲ့။

ဘာပဲပြောပြော ကိုကံဦးမှာတော့ မညိုစိမ့် ကိုယ်ဝန်စ,ရကတည်းက စိတ်ထဲမှာ ကျိတ်ပြီး ဆုတောင်းရတာ အမောပါပဲ။ မွေးလာမယ့်ကလေးဟာ အမြင်ကလေးပဲ ဖြစ်ပါစေ၊ ဖြစ်ပါစေနဲ့။ မြင်တဲ့လူတွေအားလုံးက တညီတညွတ်တည်း ဖြေကြပါတယ်။ ကလေးမျက်လုံးလေးတွေဟာ ဝိုင်းစက်ပြူးကျယ်ပြီး လှမှ လှတဲ့။

အဲလို ပြောလိုက်မှပဲ မညိုစိမ့်က ငိုတော့တယ်။ လှတယ်ဆိုတာ ဘာလဲ၊ ကျွန်မသား လှတာကို ကြည့်ချင်တယ် တဲ့။ အားလုံးက ဝိုင်းပြီး ချော့ကြတယ်။ ကိုကံဦးကတော့ မညိုစိမ့်ကို မချော့ချင်ဘဲ မညိုစိမ့်အမေကြီး မီးနေခန်းအပြင်ဘက်မှာ လာငိုနေသလို ငိုချင်နေတယ်။ သူလည်း မညိုစိမ့်လို သားကလေးကို မြင်ချင်တယ်လေ။

ဩော်.. နောက်သားသမီးတွေကျတော့လည်း ဒီအဖြစ်ကို ရိုးရတော့တာ။ ကိုယ့်ဘဝပေးအခြေအနေအတိုင်း နေရတော့မယ်လေ...။ ဒါပေမဲ့ မညိုစိမ့်ကတော့ ကလေးတစ်ယောက် မွေးတိုင်း တစ်ခါ ငိုမြဲ။ မိခင်ပေကိုး။ ကိုကံဦးကတော့ ယောကျ်ားပီပီ စိတ်ထိန်းရတော့တယ်။

သားလင်းလင်းကို မွေးတုန်းက မညိုစိမ့်တို့အိမ်၊ ယောက္ခမအိမ်မှာပေါ့။ ယောက္ခမက မျက်မမြင်သမီးကို သနားပြီး အိမ်ပေါ် ခေါ် တင်ထားတယ်လေ။ ကိုကံဦးနဲ့ မညိုစိမ့်နဲ့က နှစ်ဦးသဘောတူ ထွက်ပြေးကြပြီး သူငယ်ချင်းတစ်ယောက် အိမ်မှာ သွားနေတုန်း ယောက္ခမကြီးက လာခေါ် တာ။

မညိုစိမ့်တို့အိမ်မှာ မညိုစိမ့်တို့တင်မဟုတ်ဘူး။ အိမ်ထောင်ခွဲ ညီအစ်ကို မောင်နှမသုံးယောက် ရှိသေးတယ်။ ညီမအပျိုတစ်ယောက် ရှိသေးတယ်။ အိမ်ထောင်ခွဲတွေက မွေးတဲ့ကလေးတွေနဲ့ မညိုစိမ့်တို့အိမ်က နေချင်စရာတော့ မကောင်းဘူး။ ဒါပေမဲ့ သူငယ်ချင်းအိမ် ကပ်နေရတာနဲ့စာရင်တော့ မိဘအိမ်က

တော်သေးတာပေါ့။ မညိုစိမ့်အနေနဲ့လည်း သူ့အမေအိမ်ဆိုတော့ စိတ်ကျယ်ကျယ် လွင့်လွင့် နေရတာပေါ့။

မညိုစိမ့်တို့မှာ အဖေက မရှိတော့ဘူး။ ကိုကံဦးမှာတော့ အဖေ ရှိသေး တယ်။ လောကကြီးတစ်နေရာမှာ အဖေရှိသေးတယ်ပေါ့။ ကိုကံဦး ဘဝထဲမှာ အဖေမရှိတာတော့ ကြာပါပြီ။ ကြာဆို အမေ ဆုံးပြီးကတည်းကပေါ့။ အမေဆုံး တော့ ကိုကံဦး နှစ်နှစ်သားပဲ ရှိသေးတယ် ။သားကလေးနှစ်နှစ်သားနဲ့ ယောင်ချာချာ ကျန်ရစ်ခဲ့တဲ့အဖေဟာ ခြောက်လအတွင်းမှာ ကိုကံဦးအတွက် အ မေအသစ်ရှာလာခဲ့တယ်။ အဖေဘာတွေပဲလုပ်လုပ် ကိုကံဦးကတော့ ဘာမှမသိ ပါဘူး။

မိထွေးနဲ့ အဖေ နယ်ပြောင်းသွားတော့ ကိုကံဦးကို အဖေတို့ရွာက အဖွဲ့ရဲ့ အစ်မဆီမှာ အပ်ထားခဲ့တယ်။ အဖေက ဟိုမှာ အခြေကျမှ ကလေး လာခေါ်မယ် ပေါ့။ အဖေက မြေတိုင်းအင်စပက်တော်လုပ်တယ်။ အဖေ တစ်ရက်လာခေါ်နိုး လာခေါ်နိုးနဲ့ အဖွဲ့အစ်မက မျှော်ရင်း ကလေးကိုတော့ ကြည့်ထားရတာပေါ့လေ။ ဒါနဲ့ တစ်နှစ်ရှိလို့ ကလေးသာ အပြင်းဖျားပြီး မျက်စိသာ မှုန်သွားရော။ အဖေက လုံးဝ မလာခဲ့ဘူး။

ကိုကံဦး သုံးနှစ်သားပေါ့။ ရုတ်တရက် အပြင်းဖျားပြီး အဖျားကျသွားတဲ့အခါ မျက်စိတွေ မှုန်ပြီး ကလေးက ယဲ့ယဲ့ကလေးပဲ ကျန်တော့တယ်။ အဲဒီမှာ အဖွဲ့ အစ်မက အဖွဲ့ကို သံကြိုးရိုက်ပြီး ခေါ်တယ်။ အလုပ်ရှုပ်နေလို့ဆိုပြီး အဖေက တော်တော်နဲ့ မလာဘူး။ အဖေလာတဲ့ အချိန်မှာတော့ သားမျက်မမြင်လေးကိုပဲ တွေ့ရတော့တယ်။

မျက်မမြင်မှ မျက်လုံးအိမ်တွေ ချိုင့်ဝင်နေတဲ့ အင်မတန် ရုပ်ဆိုးတဲ့ မျက်မမြင်လေးကို အဖေ တွေ့ရတာပေါ့။ အဖေ မလာနိုင်ခင်မှာ ကိုကံဦး ကြီးတော်က ပျောက်ပါစေတော့ဆိုပြီး မျက်စိကို ရွာက ဗိန္ဓောဆရာနဲ့ ကုတယ် လေ။ အဲဒီဆရာက မျက်လုံးထဲကို ဆီမန်းလောင်းထည့်လိုက်တာ၊ တစ်ခါတည်း ဖောင်းခနဲ ပေါက်ထွက်သွားတော့တာပဲ။ တစ်ခါတည်း ကွယ်သွားခဲ့ပြီလေ။ ဘယ်တော့မှ မမြင်နိုင်တော့ဘူးပေါ့။ မျက်လုံးတွေ ပေါက်ထွက်သွားပြီး တဖြည်းဖြည်းနဲ့ မျက်လုံးအိမ်တွေ ချိုင့်ဝင်သွားတာပေါ့။

အဖေက ကိုကံဦးကို ခေါ်သွားပါတယ်။ ဟိုမှာ မိထွေးက ကလေးတစ် ယောက် ရနေပြီလေ။ မိထွေးက ကိုကံဦးကို သိပ်မုန်းတယ်။ ကျက်သရေကောင် လေးလို့ အမြဲတမ်း ခေါ်တတ်တယ်။

အဖေက ခဏခဏ အလုပ်တာဝန်နဲ့ ခရီးထွက်ရတော့ ကိုကံဦးဘဝထဲမှာ အဖေမရှိတာ များတယ်။ ပြီးတော့ အဖွဲ့ရုပ်ကိုလည်း ကိုကံဦး မမှတ်မိတော့ဘူး။

စိတ်ထဲမှာ အဖေ့ရုပ်ပုံဟာ မပီပြင်တော့ဘူး။ အမေ့ရုပ်ပုံလည်း ဒီလိုပါပဲ။ ခပ်ဝါးဝါး ပဲ မှတ်မိတော့တယ်။

မိထွေးလက်ထဲမှာ ကိုကံဦး ဆယ့်ငါးနှစ်နေခဲ့ရတယ်။ အဲဒီဆယ့်ငါးနှစ်ဟာ ကိုကံဦး ဘယ်တော့မှ ပြန်မတွေးချင်တဲ့ နှစ်တွေပေါ့။ မိထွေး ကျွေးတာစား၊ မိထွေးပြောတာ နားထောင်၊ သူ ထိုင်ဆို ထိုင်၊ အိပ်ဆို အိပ်၊ သူ စိတ်မကြည်လို့ ရိုက်ရင် ခံပေါ့။

ကိုကံဦးအတွက် စိတ်ဖြေသာစရာလေးတစ်ခုက အဖေ ခရီးထွက်ရာက ပြန်လာလို့ အိမ်မှာ ဝိုင်းဖွဲ့ကြတဲ့အခါပဲ။ အဖေကြောင့်တော့ မဟုတ်ပါဘူး။ အဖေ့ မိတ်ဆွေတစ်ယောက်ကြောင့်ပါ။

အဖေ့မိတ်ဆွေက အဲဒီဝိုင်းမှာ သူ့မယ်ဒလင်လေး ယူလာပြီး တီးတတ်တယ်။ အဖေတို့က မူးလာရင် သီချင်းတွေ အော်ဆိုကြတယ်။ အဖေတို့ သိပ်မူးရင်တော့ သူက တီးမပေးတော့ဘဲ ကိုကံဦးကို လာဟေ့ မောင်ကံ ဆိုပြီး ခြံထောင့်မှာ သွားတီးတတ်တယ်။ အဲဒီ အဖေ့မိတ်ဆွေက ကိုကံဦးကို သနားတယ်၊ ခင်လည်း ခင်တယ်။ မယ်ဒလင်ကို ကိုကံဦး သဘောကျမှန်းသိတော့ သင်ပေးတယ်။

ကိုကံဦး ဆယ့်ခြောက်နှစ်မှာ အဲဒီ အဖေ့မိတ်ဆွေက ပြောတယ်၊ မင်း ဒီအတိုင်း နေလို့မဖြစ်ဘူး မောင်ကံ..၊ မျက်မမြင်ကျောင်းလေး ဘာလေး တက်ပါလားတဲ့။ ရန်ကုန်မှာ ရှိတယ်တဲ့။

ကိုကံဦးက ဘာသိမှာလဲ။ ကျောင်း ရှိတယ်ဆိုတာတောင် မသိဘူး။ အဖေ့ကို ပြောတော့ အဖေက နေဦး.. ငါ စုံစမ်းဦးမယ်လို့ ပြောပြီး နှစ်နှစ်ထပ်ကြာသွားတယ်။ နောက်ကျတော့ အဖေ့ပေါ် စိတ်နာတာတွေ ပြန်စဉ်းစားရင် အဲဒီ အချက်ကို ကိုကံဦး အနာဆုံးပဲ။

အဖေ စဉ်းစားတာ နှစ်နှစ်ကြာခဲ့လို့ ကိုကံဦး ဆယ့်ရှစ်နှစ်ဖြစ်သွားပြီး ကျောင်းမှာ ဘော်ဒါကျောင်းသားအဖြစ် နေခွင့် မရတော့ဘူးလေ။ အပြင် ကျောင်းသားအဖြစ်နဲ့ပဲ တက်ခွင့်ရတော့တာပေါ့။

ဒါတောင် အဖေက လုပ်သေးတယ်။ အပြင်ကနေ ကျောင်းတက်ရရင် စားစရိတ်၊ နေစရိတ် သူ မထောက်နိုင်ဘူးတဲ့။ ဒီတော့ အိမ်ပြန်လိုက်ခဲ့ရမယ်လို့ ပြောတယ်။ ကျောင်းကို အဖေလိုက်ပို့မယ်ဆိုကတည်း အဖေ့အိမ်ကို ကိုကံဦး အပြီး နှုတ်ဆက်ခဲ့ပြီးသား။ ဘယ်တော့မှ ပြန်မသွားတော့ဘူးလို့။

အဖေနဲ့ တူတူပါလာတဲ့၊ ကိုကံဦးကို သနားတဲ့ အဖေ့မိတ်ဆွေကို ကိုကံဦးက ငိုယိုပြောတော့မှ အဖေက မျက်မမြင်ကျောင်းနဲ့ မနီးမဝေး ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ အဖေ့မိတ်ဆွေအကူအညီနဲ့ ထားပေးတယ်။ ဘုန်းကြီးကလည်း ကိုကံ

ဦးကို သနားစိတ်နဲ့ လိုလိုချင်ချင် လက်ခံရှာပါတယ်။ စားစရိတ်နဲ့ နေစရိတ် အတွက်တော့ မပူနဲ့၊ ဒကာကြီးလည်း မပို့နိုင် မပို့နဲ့လို့တောင် ပြောရှာတယ်။

အဖေက တစ်နှစ်လောက်အတွင်းမှာ ငွေတစ်ရာ သုံးခါ ပို့ဖူးပြီး နောက်နှစ် တွေမှာ အဆက်အသွယ် လုံးဝမရှိတော့ပါဘူး။

ကျောင်းမှာကျတော့ ကိုကံဦး စဉ်းစားတယ်။ ငါ စာပဲ အရင် သင်မလား။ အသက်မွေးဝမ်းကျောင်းပညာပဲ အရင် သင်မလားလို့။ နောက်တော့ ကိုကံဦး ဆုံးဖြတ်လိုက်တယ်။ လောလောဆယ် အခြေအနေအရ စာတတ်ဖို့ မလိုဘူး၊ အသက်မွေးဝမ်းကျောင်းပညာ တစ်ခုခု တတ်မှ ဖြစ်မယ်လေ။

ကျောင်းမှာ ကြိမ်ထိုးပညာ ကိုကံဦး သင်လိုက်တယ်။ အားတဲ့အချိန် ကျောင်းက မျက်မမြင်ဆရာတစ်ယောက်ဆီမှာ မယ်ဒလင် သင်တယ်။

ကြိမ်ပညာ သုံးနှစ်သင်ပြီး ကုန်ထုတ်သမမှာ ကိုကံဦး အလုပ်ရတယ်။ တစ်နေ့ လေးကျပ်နဲ့ပေါ့။

ပိုက်ဆံလေး ဘာလေး ဝင်လာတော့ ဘုန်းဘုန်းကို မုန့်လေး ဘာလေး လှူ နိုင်လာသလို ဘုန်းဘုန်းလည်း သူ့ဒကာ၊ ဒကာမတွေဆီက ယောကျ်ားဝတ် အင်္ကျီ အနွမ်း၊ အကျတွေ တောင်းပေးစရာ မလိုတော့ဘူးပေါ့။ စားစရိတ် မကုန်ရတော့ ရ တဲ့လခလေး စုပြီး အင်္ကျီလေးပုဆိုးလေး ဝယ်လို့ရတယ်။ မယ်ဒလင်အဟောင်း လေးတစ်လက်လည်း ဝယ်လို့ ရတယ်လေ။

အဲဒီအချိန်မှာမှ မညိုစိမ့်က ကျောင်းကို ရောက်လာတာ။ သူလည်း ကိုကံဦး လိုပဲ နေ့ကျောင်းသူအဖြစ်နဲ့ပဲ ရောက်လာတာ။ သူက ကိုကံဦးလို အဖေမျိုး ကြောင့် ကျောင်းကို ရောက်မလာနိုင်တာ မဟုတ်ပါဘူး။ ကိုကံဦးလို ကံဆိုးလို့ မဟုတ်ပါဘူး။ သူက အပြင်လောကမှာ ပျော်နေတာလေ။ အမေနဲ့ ရင်အုပ်မကွာ မ ပူမပင်နေရပြီး ရပ်ကွက်တီးဝိုင်းမှာလည်း အဆိုတော်မကြီးကိုး။ သူ့အမေက အိမ်ထောင်ပြုမှာစိုးလို့ တီးဝိုင်းမှာ သီချင်းမဆိုရတော့ဘဲ ကျောင်းတက်ခိုင်းတာ။

မညိုစိမ့်က မျက်မမြင်စာ ရေးတတ် ဖတ်တတ်ပြီး… ကြိမ်အလုပ်ရုံကို ရောက်လာတော့ ကိုကံဦးတို့က ကြိမ်ထိုးဆရာကြီးတွေပေါ့။ မညိုစိမ့်ကို ကြိမ် ပညာသင်ပေးရင်း ကိုကံဦး ကြိုက်တာ မဟုတ်ပါဘူး။ မညိုစိမ့်အသံကို စ,ကြားလိုက်ရကတည်းက ကိုကံဦး တစ်ခါတည်း ကြိုက်သွားတာ။

https://t.me/mmebooks

# အပိုင်း (၁၃)

မညိုစိမ့်အသံကို စကြားရတယ်ဆိုတာ စကားပြောတဲ့အသံ မဟုတ်ဘူး။ သီချင်းဆိုတဲ့ အသံ။ မညိုစိမ့်က အလုပ်ရုံထဲမှာ အလုပ်လုပ်ရင်း သီချင်း ဆိုနေတာလေ။ ဆိုနေတဲ့သီချင်းက ကိုကံဦး သိပ်ကြိုက်ပြီး မယ်ဒလင်နဲ့လည်း အပိုင်ရတဲ့ ချစ်မိုးကြီး။ ကိုကံဦး ရင်တွေခုန်၊ လက်တွေ ခြေတွေ တုန်တုန်ယင်ယင်နဲ့ တစ်ခါတည်း ကြိုက်မိတော့တာပဲ။

မနေနိုင်ဘဲ ချက်ချင်း အတူတူ အလုပ်လုပ်နေတဲ့ ကိုဆန်းမောင်ကို

"သူ ဘယ်သူလဲဗျ… ကိုဆန်းမောင်"

"ကြိမ်သင်တန်းသူ အသစ်တွေလေဗျာ"

"သီချင်းဆိုနေတဲ့ အမျိုးသမီးကို ပြောတာဗျ"

"အေးလေ.. သူလည်း သင်တန်းသူပဲ၊ အပြင်မှာ သီချင်းတွေ ဘာတွေ ဆိုတယ်လို့လည်း ပြောတယ်၊ မညိုစိမ့်ဆိုလား၊ ညိုညိုစိမ့် ဆိုလား မသိဘူး"

"အသံလေးက ကောင်းလိုက်တာဗျာ၊ ကျွန်တော် ကြိုက်တယ်"

"အောင်မာ…. အသံလား၊ လူလား၊ ဘာကြိုက်တာတုံး ခင်ဗျားက.."

"အသံရော လူရောပဲဗျာ၊ ဒီလိုအသံမျိုးလေးဟာ မုချ လှရမယ်ဗျ၊ အလှကြီး မဟုတ်တောင် ရုပ်ရည်လေး အသင့်အတင့်တော့ သေချာပေါက် ဖြစ်မယ်၊ လင်ယောကျ်ားကိုလည်း ချစ်မြတ်နိုးတတ်ပြီး အိမ်ထောင်မှုကိုလည်း နိုင်နင်းမယ့် အသံဗျ"

ကိုဆန်းမောင်ကတော့ ကိုကံဦးကို ရယ်တယ်။ ရယ်ပါစေ။ ကိုကံဦးကတော့ ကိုယ့်ဘာသာကိုယ် သေချာတယ်။ ကိုကံဦးက ကိုယ့်စမ်းသပ်ချက်နဲ့ကိုယ်လေ။ မိထွေးနဲ့နေတုန်း တစ်လျှောက်လုံး၊ မိထွေးအသံ၊ မိထွေးဆီကို လာတဲ့ မိန်းမတွေရဲ့အသံကို ကိုကံဦး အမြဲတမ်း ကြားနေရတယ်။ အသံတွေကို သေချာနားထောင်မှတ်ထားပြီး မြင်တဲ့ သူငယ်ချင်းတွေကို မေးမေးကြည့်တော့ ဘယ်မိန်းမရဲ့ ရုပ်ရည်က ဘယ်လို၊ စိတ်သဘောထားက ဘယ်လို ဆိုတာ သိရတယ်။

ကိုယ့်စိတ်ထဲ တွေးထားတာနဲ့ ကိုကံဦးက ကိုက်ကိုက်ကြည့်တာပေါ့။

ကိုကံဦးရဲ့ မိထွေးဆိုရင် အသံက သိပ်စူးပြီး သေးသေးလေး။ ဒေါသသံနဲ့လည်း အမြဲစကားပြောတတ်တယ်။ မြင်တဲ့လူတွေ ပြောတာကတော့ မိထွေးဟာ မလှဘူးတဲ့။ စိတ်သဘောထားလည်း မကောင်းဘူးတဲ့။ အသံချိုသာအေးမြပြီး ရုပ်

မလှတဲ့ မိန်းမတွေလည်း ရှိတော့ရှိပါတယ်။ ဒါပေမဲ့ အဲဒီမိန်းမမျိုးဟာ စိတ်ထား ကတော့ ကောင်းတတ်ပါတယ်။

မညိုစိမ့်ကိုလည်း ကိုကံဦးက သူ့ထုံးစံအတိုင်း စမ်းသပ်စစ်ဆေးတယ်။ သူ ကိုယ်တိုင် လေ့လာရုံတင် မဟုတ်ဘူး၊ မြင်တဲ့ သူငယ်ချင်းတွေပါ ပြပြီး မေးရ တယ်။

ကိုယ် ယုံရမယ့်သူကိုပေါ့။ ကိုကံဦးတို့မှာ လူယုံရှိတယ်။ လူယုံထားရတယ် လေ။ ကိုယ်က ဘာမှ မသိနိုင် မမြင်နိုင်တဲ့လူ။ မြင်တဲ့လူ ပြောသမျှကို အဟုတ် မှတ်ယုံရတာ။ သူတို့က မှန်မှန်ကန်ကန် ပြောမှလေ။

ကိုကံဦး လူပျိုပေါက်တုန်းက ခံဖူးပြီးပြီ။ ခပ်ရှုပ်ရှုပ် သူငယ်ချင်းတွေကပေါ့။ လမ်းကင်းတမှာ ထိုင်ကြရင်း ကောင်မလေးတစ်ယောက်က လှမ်းခေါ်နေတယ်ဆို ပြီး လုပ်တာ။ သူတို့က လှမ်းအော်မေးသံတွေလည်း ကိုကံဦး ကြားရတယ်။ ဘယ် သူ့ကိုလဲ၊ ဒီကောင်လား ဘာလားနဲ့။ ပြီးတော့ ဟေ့ကောင်၊ မင်းကို ခေါ်တာ၊ သွား သွားတဲ့။ ကိုကံဦးက ရှက်လည်းရှက်၊ ကြောက်လည်းကြောက်ပြီး မသွားဘူး။ သူ တို့က တစ်ခါတည်း ကိုကံဦးလက်ဆွဲပြီး လာ.. ငါတို့ လိုက်ပို့မယ်။ မင်းကို ဘာပေး မလို့မှန်း မသိဘူး၊ လက်ထဲမှာ အထုပ်ကလေးလည်း ပါတယ်၊ ကောင်မလေးက ချောတယ်ကွ၊ သိလားနဲ့ ကိုကံဦးကို ဆွဲခေါ်သွားကြပြီး အတည်ပေါက်နဲ့ ဟောဒီ မှာ... ဒီကောင်က မလာရဲလို့ ကျွန်တော်တို့ လိုက်ပို့တာဆိုပြီး ပြေးထွက်သွားကြ တယ်။ ဒီကောင်တွေ ပြေးထွက်သွားတာနဲ့ 'ဘာလဲ.. ဘာလူဝါးဝတာလဲ၊ မျက်မမြင်က' ဆိုတဲ့ ကောင်မလေးတစ်ယောက်ရဲ့ အသံစွာစွာ စူးစူးကို ကြားလိုက်ရတော့တာပဲ။ တစ်ခါတည်း ကိုကံဦး မှတ်သွားတာပဲ။ အဲဒီ ကောင်မလေးရဲ့ အသံဟာ တော်တော်နဲ့မပျောက်ဘဲ နားထဲမှာ စွဲနေတော့တာပဲ။

အဲဒီကတည်းက ကိုကံဦး မြင်တဲ့သူတွေကို မယုံရဲတော့ဘူး။ မြင်တဲ့သူတွေ ကို မယုံရဲတဲ့စိတ်ဟာ ကိုကံဦးတို့ မျက်မမြင်တိုင်းမှာ ရှိတယ်။ ဘဝပေးအသိလေ။

မညိုစိမ့်ကိုတော့ ကိုကံဦးရဲ့အမြင်သူငယ်ချင်း လူယုံနှစ်ယောက်က အမှတ်ပေးကြတယ်။

“အသားလေးတော့ နည်းနည်းညိုတယ်ကွ၊ သူ့နာမည်လို ညိုစိမ့်စိမ့်လေး ပေါ့ကွာ၊ ကိုယ်လုံးလေးကတော့ တကယ်လှတယ် မောင်၊ သွားလေး နည်းနည်း ခေါချင်တယ်၊ ဒါပေမဲ့ အဆိုးကြီး မဟုတ်ပါဘူး၊ မျက်နှာပေါက်လေးကလည်း သွယ်သွယ်လေးပဲ၊ ဆံပင်လည်း ရှည်ရှည်လေးကွ၊ မျက်လုံးကလည်း မင်းလို မ ချွင့်ဘူး၊ ဒါပေမဲ့ သူ့မျက်လုံးမှာ တိမ်တွေတော့ ရှိရှာတယ်”

“တိမ်ဆိုတာ ဘယ်လိုဟာမျိုးလဲကွ၊ တော်တော် ကြည့်ရဆိုးလား”

"မျက်လုံးအိမ်ထဲမှာ အဖြူအစက်စက်လေးတွေပေါ့ကွာ၊ သိပ်ကြည့်ရမဆိုးပါဘူး"

"ငါ...... သူ့ကို ယူမယ်ကွာ"

ဆုံးဖြတ်ပြီးတာနဲ့ မညိုစိမ့်ကိုရဖို့ ကိုကံဦး ကြိုးစားရတယ်။ အလုပ်ရုံထဲမှာ အလုပ်လုပ်ကြရင်း တစ်ယောက်နဲ့ တစ်ယောက် နာမည်တော့ သိနေကြပြီလေ။ စကားတော့ သိပ်မပြောဖူးသေးဘူးပေါ့။

မညိုစိမ့် စကားပြောချင်လာအောင် ကိုဆန်းမောင်က ကိုကံဦး မယ်ဒလင် တီးတတ်ကြောင်း၊ အင်မတန် တော်ကြောင်းတွေကို ပြောပြရတယ်။ မညိုစိမ့်က ကိုကံဦးကို အရင်ကထက် တော်တော်လေး ပိုခင်လာပါတယ်။ ဒါပေမဲ့ ဂီတ ဘက်တော်သား၊ ဂီတ ဝါသနာပါသူချင်းချင်း အနေနဲ့ပါ။ အဲဒီအချိန်မှာ သူက ရည်ရွယ်ထားသူ ရှိနှင့်နေပြီကိုး။

ကိုကံဦးတို့ကတော့ မသိပါဘူး။ ကျောင်းနားက မြင်တဲ့သူငယ်ချင်းတွေ ပြောလို့ သိရတာ။ ဟော့... မောင်ကံ မင်းကောင်မလေးမှာ ရည်းစားရှိတယ်ကွဆိုတဲ့ စကားကို ကြားလိုက်တုန်းကများ ကိုကံဦး ဘယ်လိုဖြစ်သွားမှန်း မသိဘူး။

အဲဒီကောင်က မျက်စိမြင်တယ်ကွဆိုတဲ့ စကားက ကိုကံဦးကို ပိုပြီး ဝမ်းနည်းနာကြည်းစေတယ်။ တစ်ပြိုင်နက်တည်းမှာ မခံချင်စိတ်ကလည်း ဖြစ်လာတယ်။ မညိုစိမ့်ကို မရရအောင် ယူမယ်လို့ ကြိမ်းဝါးပြီး မညိုစိမ့်ကို စာပေးလိုက်တယ်။ ကိုကံဦးက စာမရေးတတ်တော့ ကိုဆန်းမောင်ကို စာရေးခိုင်းပြီး ပေးရတာပေါ့။

မျက်မမြင် စာတစ်စောင်ဖြစ်ဖို့ကလည်း မလွယ်လိုက်တာ၊ ကိုကံဦးတို့က အလုပ်ထဲရောက်နေကြပြီဆိုတော့ စာရေးစရာ စာရွက်တို့ ရေးစရာကိရိယာတို့ ဘယ်ရှိမလဲ။ ကျောင်းသားတွေဆီမှာပဲ ရှိတာပေါ့။ စာရွက်ကလည်း သီးသန့် စာရွက်ဆိုတော့ စာတစ်ရွက်ရဖို့ မလွယ်ဘူးလေ။ ကျောင်းသားတွေဆီကနေ ကိုဆန်းမောင် မရရအောင် ကြံဖန်ပြီး ရေးပေးရတာ။ ကိုဆန်းမောင်ကိုတော့ လက်ဖက်ရည်နဲ့ မုန့် ကျွေးရတာပေါ့။

ဖြစ်ရပုံများကတော့ မညိုစိမ့်က စာပြန်လာတဲ့အခါ ကိုကံဦး ဒုက္ခရောက်တော့တာပဲ။ စာက မဖတ်တတ်ဘူးလေ၊ အကျိုးအကြောင်းက သိချင်၊ ကိုဆန်းမောင်ကလည်း မအားသေးနဲ့။ ကိုယ် စာမဖတ်တတ်တာ မညိုစိမ့် သိသွားမှာလည်း ကြောက်သေးတယ်။ ကိုဆန်းမောင် မအားတဲ့ကြားထဲက ဖွတ်အတင်းခေါ်ပြီး လက်ဖက်ရည်ဆိုင်မှာ ဖတ်ခိုင်းရတယ်။

မညိုစိမ့်က စာထဲမှာ ဟိုမျက်စိမြင်တဲ့လူအကြောင်း ထည့်ရေးထားတယ်။ အဲဒီလူကို မယုံရဲလို့ သူ အဖြေမပေးရသေးပါဘူးတဲ့။ အဲဒီလူက သူတို့ရပ်ကွက်ထဲ

ကလူပဲ။ ရပ်ကွက်တီးဝိုင်းမှာ မညိုစိမ့်သီချင်း ဆိုတာကို သဘောကျပြီး ကြုံကြုံ တာတဲ့။ သူက အတည်တကျ လက်ထပ်ယူမယ်လို့ ပြောပေမယ့် မညိုစိမ့်အမေက သဘောမတူဘူးတဲ့။ ကိုကံဦးကိုတော့ မောင်နှမလို ခင်ပါတယ်ပေါ့။

အဲဒီစာရကတည်းက ကိုကံဦး သိပ်ပျော်သွားတော့တာပဲ။ ဟိုလူနဲ့ ရည်းစား မဖြစ်သေးဘူး ဆိုလို့လေ။ ဟိုလူ့အပေါ် မညိုစိမ့် စိတ်ယိုင်နေတာလည်း သိတယ်။ ဒါပေမဲ့ မညိုစိမ့်ကို သူ ရကို ရရမယ်။ ဘာရမလဲ။ ဂီတဆိုတာ လူတွေရဲ့စိတ်ကို နူးညံ့ပျော့ပျောင်းစေတယ် မဟုတ်လား။ အထူးသဖြင့် မိန်းကလေးတွေရဲ့ စိတ်ကို ပေါ့။ ပြီးတော့ မညိုစိမ့်က ဂီတကို ပိုပြီးခံစားတတ်တဲ့ အဆိုတော်လေ။ ကိုကံဦးရဲ့ ဂီတဆရာတောင်မှ မျက်စိမမြင်ဘဲနဲ့ မျက်စိမြင်တဲ့ အချောအလှ မိန်းမတစ် ယောက်ကို မယ်ဒလင်နဲ့ ရအောင်ယူခဲ့သေးတာပဲ။

နေ့လယ် အလုပ်နားချိန်မှာ ကိုကံဦးက မယ်ဒလင်ယူလာပြီး မညိုစိမ့်နဲ့ သီချင်းဆိုကြတယ်။ မညိုစိမ့် မရတဲ့သီချင်း တက်ပေးသလို သူ မရတဲ့ သီချင်းကို လည်း မညိုစိမ့်က ချပေးပေါ့။ ပြီးတော့ အဖြေတောင်းတယ်။ ကိုဆန်းမောင်တို့ သူငယ်ချင်းတွေကလည်း ဝိုင်းပြီး ဘေးတီးပေးကြတာပေါ့။ မညိုစိမ့်လည်း ဘာ သားနဲ့ ထုထားတာမို့လဲ။

ဘဝတူချင်းပဲ စဉ်းစားပါ မညိုစိမ့်ရယ်၊ မတူတဲ့ ဘဝချင်းဆိုတာ ဘယ်တော့ မှ ပေါင်းလို့မရပါဘူး။ မျက်စိမြင်တဲ့သူတွေကို ယုံလို့ မရဘူးဆိုတာ မညိုစိမ့်လည်း သိပါတယ်ဆိုတဲ့ ကိုကံဦးရဲ့ စကားတွေနဲ့ ကိုကံဦးနောက် ပါလာတော့တာပဲ။

ကိုကံဦးနဲ့မညိုစိမ့် အိမ်ထောင်ကျတော့ ကိုကံဦးက အသက် အစိတ်၊ မညို စိမ့်က နှစ်ဆယ့်လေးနှစ်။ အစကတော့ ခိုးရာလိုက်ပြေးဖို့ အစီအစဉ် မရှိပါဘူး။ မ ညိုစိမ့်တို့အမေကို လူကြီးတွေ ဘာတွေနဲ့ သွားတောင်းမယ်လို့ စီစဉ်ထားတာပါ။ ဒါပေမဲ့ မညိုစိမ့်အမေက မရဘူး။ သူ့သမီးဒုက္ခရောက်မှာစိုးလို့ ဘယ်သူနဲ့မှ မယူရ ဘူးတဲ့။ မြင်တဲ့သူနဲ့တောင် မပေးစားတာ၊ မမြင်တဲ့သူနဲ့ဆို ပိုဝေးသေးဆိုပြီး မညို စိမ့်ကို ကျောင်းက ထွက်ခိုင်းတယ်။

မညိုစိမ့်က ကြိမ်ထိုးသင်တန်းပြီးအောင် သင်ပြီးမှ ထွက်ပါ့မယ်၊ ကိုကံဦးနဲ့ မယူပါဘူးလို့ ကျိန်တွယ်ကတိပေးပြီးမှ ကျောင်းပြန်တက်ရတယ်။ ခိုးရာလိုက်ပြေး လိမ့်မယ်တော့ မညိုစိမ့်အမေက မထင်ဘူးလေ။ ခိုးပြေးပြီဆိုတော့လည်း ဘာ တတ်နိုင်မှာလဲ။ အဘွားကြီး သူ့သမီး ပြန်မလာလို့ ကျောင်းကို လိုက်လာတော့ ကို ကံဦးတို့က ကျောင်းနားက ကိုကံဦးရဲ့ သူငယ်ချင်းအိမ်မှာလေ။ အဘွားကြီးက ကြည့်မြင်တိုင်ဘူတာတို့ ဘာတို့ လိုက်ရှာသေးတယ်။

အစကတည်းက ကိုကံဦးက စဉ်းစားထားတာ။ ကိုယ့်မှာမှ ပိုက်ဆံမရှိဘဲ။ ဘယ့်နှယ်လုပ်ပြီး အဝေးပြေးနိုင်မလဲ။ အဝေးမှာ အားကိုးစရာလည်း မရှိဘူး။ အဖေတို့ဆီကိုတော့ မစဉ်းစားပါဘူး။ သူငယ်ချင်းအိမ်မှာ ခိုနေရင်း ကိုကံဦးက

အလုပ်ဆင်း၊ မညိုစိမ့်က ကြမ်ခင်းတန်းပြီးအောင် ပြန်တက်တယ်။ သင်တန်းပြီးတော့ မညိုစိမ့်လည်း အလုပ်ရတယ်။ လင်းလင်းလေးကိုလည်း ဗိုက်ထဲမှာ လွယ်ထားရပြီလေ။

မညိုစိမ့်တို့အမေ အဲဒီကျမှ လာပြီးခေါ်တယ်။ မညိုစိမ့်က လိုက်ချင်တော့ ကိုကံဦးလည်း လိုက်သွားရတာပေါ့။ သူငယ်ချင်းအိမ်မှာလည်း အားလည်း နာနေပြီ။ ပြီးတော့ မီးဖွားစရိတ်တို့ ဘာတို့အပြင် မညိုစိမ့် မီးဖွားတဲ့အချိန်မှာ ဘေးနားမှာ သူ့အမေရှိနေတော့ ပိုကောင်းတာပေါ့။

မညိုစိမ့်တို့အိမ်က အင်းစိန်မြို့စွန်မှာ။ ကိုကံဦး အလုပ်လာတော့ အဝေးကြီးလာရတယ်။ ကားနှစ်ဆင့် စီးရတယ်။ အဲဒီတုန်းက ဘတ်စ်ကားခက ပြားသုံးဆယ်မို့ပေါ့၊ ခုလိုသာ တစ်ကျပ်ဆိုရင် လုပ်ခလေးကျပ်က ကားခစရိတ်နဲ့ ကုန်ပြီပေါ့။

လင်းလင်းကို မွေးပြီးတော့ မညိုစိမ့်လည်း အလုပ်ဆက်လုပ်တယ်။ ကလေးကိုတော့ ဘွားအေလက်ထဲ ထားခဲ့ရတာပေါ့။

သားကလေးဟာ သနားစရာကောင်းပါတယ်။ မအေရဲ့ နို့ကို မအေ သွားခါနီး တစ်ခါ စို့လိုက်ရပြီး တစ်နေကုန်လုံး ဘွားအေ ဝယ်တိုက်တဲ့ နို့ဆီဖျော်ရည်နဲ့ အဘွားနို့ပိန်နဲ့ပဲ နေရရှာတယ်။ ညနေ မအေ ပြန်လာမှ စို့ရရှာတယ်။

အလတ်ကောင်ကိုမွေးပြီးတဲ့အချိန်မှာတော့ ကိုကံဦး မနေချင်တော့ဘူး။ မညိုစိမ့်အမေလည်း ဆုံးပြီလေ။ ညီအစ်ကိုမောင်နှမတွေကလည်း ပြဿနာတွေရှုပ်၊ အလုပ်သွားရတာလည်း ဝေးနဲ့ ဘယ်လိုမှ နေမဖြစ်တော့ဘူး။ ကားစရိတ်ထောင်းပြီး စားစရိတ် သောက်စရိတ်အတွက်လည်း ဒုက္ခရောက်လာနိုင်တယ်။ ပြီးတော့ ကိုဆန်းမောင်တို့လို ကျောင်းထဲက ကုန်ထုတ်သမ တိုက်ခန်းတွေဘေးမှာ အဖီချတဲ့လူတွေလည်း ရှိနေပြီလေ။

လင်းလင်း သုံးနှစ်သားမှာ သားအမိ သားအဖတစ်တွေ ကျောင်းထဲကို ပြောင်းခဲ့ကြတာပေါ့။

* * *

မိုးက သဲသဲမဲမဲ ရွာနေတယ်။

မျက်မမြင် အိမ်ရာကွက်လပ်ထဲက တစ်ဝက်တစ်ပျက် အိမ်လေးတွေရဲ့ ခေါင်မိုးတွေပေါ်ကို မိုးစက်မိုးပေါက်တွေက အပြိုင်းတကြီး သွန်ချနေသလိုပဲ။

အလုပ်ရုံခေါင်မိုးက မိုးယိုတာ နည်းသွားပေမယ့် အလုပ်ရုံ ထိပ်နှစ်ဖက်ကနေ မိုးတဖျန်းဖျန်း ပက်နေတာက ဆိုးလှတယ်။ ထိပ်ဘက်မှာ နေတဲ့သူတွေ

အလယ်ကို ကပ်စုပြီး နေကြရတယ်။ မိုးရေတွေကတော့ ပေါပါရဲ့။ အဝီစိတွင်းပျက်မှာတော့ မပူရတော့ပါဘူး။ ဒါပေမဲ့ မိုးမိဒဏ်၊ မိုးပက်ဒဏ်တွေကြောင့် ကလေးတွေ အအေးမိပြီး ဖျားကြတယ်။

တော်သေးတယ်။ လူကြီးတွေကတော့ ဖျားတာ ပြုတာ မဖြစ်သေးလို့။ လူကြီးတွေက ခုချိန်ထိတော့ မဖျားနာကြသေးဘဲ ခါးနာ၊ လက်အဆစ်လွဲ၊ ကျောအောင့်၊ ခြေထောက်နာတဲ့သူတွေကတော့ အတော်များနေပြီ။

ရက်ဆက်မိုးဒဏ်ကြောင့် မြေကြီးက တအားစေးပြီး တအား ချောနေတယ်။ ရွှံ့စေးထဲမှာ ဘယ်လိုမှ လမ်းသွားလို့မရဘဲ တဖိုင်းဖိုင်း ချော်လဲကြတယ်လေ။

“ခေါင်းတွဲ၊ ခေါင်းတွဲရေ”

“ဘာလဲ မဂန္ဒီ၊ ဘာလုပ်မလို့လဲ”

“ဟောဒီမယ်၊ နင့်ဦးအောင်ကို အိမ်သာလိုက်ပို့လိုက်ဦး၊ အရေးထဲမှ အရာပေါ်တယ်၊ ဦးအောင်တစ်ယောက်ကတော့”

“ခေါင်းတွဲ သွားလို့ကော ဖြစ်ပါ့မလားကွ၊ ငါတို့ နှစ်ယောက်စလုံး ချော်လဲနေဦးမယ်”

“လဲတာက လဲမှာပဲ၊ ဒီလိုပဲ သွားရတာပဲ၊ ဦးအောင်ကလည်း... လာပါ... ရပါတယ်၊ ခုလို မိုးအများကြီး ရွာနေရင် သွားရတာ နည်းနည်းကောင်းတယ်”

"အေး... အေး"

“ဦးအောင်... ပုဆိုး မကောင်းတာ လဲလိုက်ဦးလေ၊ ရွှံ့စေးတွေ ပေမှာ"

“မလဲတော့ပါဘူးကွာ၊ ဒါလည်း မကောင်းပါဘူး၊ ငါ့မှာ ပုဆိုးနှစ်ထည်ပဲ ရှိတာကွ”

“ဦးအောင်ကလည်း ပုဆိုးပေါ်ကြောင်း ကြွားနေပြန်ပြီ..ဟီးဟီး"

“ခေါင်းတွဲ၊ နင်တို့ ဒီနေ့ ဘုရားရှိခိုး မသွားဘူးလား”

“သွားမလို့ဘဲ၊ မိုးတွေ ဒါလောက် ရွာနေတော့ ဘယ်လိုလုပ် သွားမလဲ၊ မဂန္ဒီ.. ဦးအောင် ခေါင်းဆောင်းဖို့ ပေးဦးလေ”

“ရော့... ဒီမှာ ပလတ်စတစ်ခြုံသွားလေ”

“ဟာ ပလတ်စတစ်ကြီးက ကိုးရိုးကားရားနဲ့၊ ထီးပေးပါဗျ မဂန္ဒီရ”

“ငါ့ထီးလေး မရှိတော့ဘူး ခေါင်းတွဲရဲ့၊ လက်သမားခ ပေးတဲ့ထဲ ပါသွားပြီ၊ အမေ ဝယ်ပေးတဲ့ ထီးလေး"

“နေဦး.. ကျွန်တော့် အမေ့ဆီက ထီးတောင်းဦးမယ်၊ ထီးနဲ့မှ လမ်းလျှောက်ကောင်းတာ၊ လာလေ ဦးအောင်”

ခေါင်းတွဲက ဦးအောင် လက်ကို တွဲပြီး ခေါ်တယ်။ ဦးအောင်က တိုးတိုးလေး... ခေါင်းတွဲ... မြန်မြန်လုပ်ကွတဲ့။ ခေါင်းတွဲက သူ့အမေဆီက ထီးကို ယူရင်း တဟီးဟီး ရယ်တယ်။

“ဒီနေ့မနက် ကျွန်တော် အိမ်သာလိုက်ပို့ရတာ ဦးအောင်နဲ့ဆို ငါးယောက်ရှိပြီ”

ခေါင်းတွဲက ထီးကို ဖွင့်ပြီး ဦးအောင်ပါ လုံအောင် ဆောင်းတယ်။ ဦးအောင်က ခေါင်းတွဲပခုံးကို ဖက်ပြီး ကိုင်တယ်။ ဦးအောင် မြဲမြဲဖက်ထားနော်ဆိုပြီး ခေါင်းတွဲက မိုးရေထဲ စထွက်တယ်။

“မြေကြီးကို ခြေချောင်းလေးတွေနဲ့ ကုတ်ထားနော် ဦးအောင်၊ ဖြည်းဖြည်းသွား၊ ချော်သွားရင်လည်း အလိုက်သင့်လေး လဲလိုက်။ ဟိုနေ့ကပဲ အမေနဲ့ ကျွန်တော်နဲ့ လဲတာ၊ အမေ လက်ထောက်လိုက်လို့ လက်ကြီး နာနေပြီ”

“အေး အေး"

ပြောသာပြောနေရတယ်။ ရွှံ့စေးတွေကြားမှာ ခြေထောက်တွေကို မနည်း ကုတ်ထားရတယ်။

အိမ်သာကို သွားရတဲ့ ဒီဒုက္ခကလည်း တမျောင့်ပါပဲ။ အိမ်သာ နှစ်လုံးက ကွက်လပ်ရဲ့အစွန်ဆုံးမှာ ရှိတယ်လေ။ နွေတုန်းကတော့ ပြဿနာမရှိပါဘူး။ ရောက်ခါစကသာ လူတွဲနဲ့ သွားရတာ။ နောက်ကျတော့ ကိုယ့်ဟာကိုယ် အိမ်သာကို သွားတတ်ကြပါပြီ။

မိုးတွင်းကျမှပဲ ပြဿနာတက်တော့တာပဲ။ တအား ချော်ထွက်နေတဲ့ ရွှံ့စေးတွေထဲမှာ လူတွဲမပါဘဲ ဘယ်လိုမှ သွားလို့မရတော့ဘူး။ ခေါင်းတွဲကိုပဲ အားကိုးကြရတယ်။ ခေါင်းတွဲ ဘုရားရှိခိုးလိုက်သွားတဲ့ နေ့ဆို အကုန်လုံး ဒုက္ခရောက်ကုန်တာပဲ။

ခေါင်းတွဲညီ အငယ်ကောင်ကိုလည်း တလောလေးကတင် မညိုစိမ့်အမျိုးတွေဆီ ပို့လိုက်တော့ ဒုက္ခရောက်တာပေါ့။ အငယ်ဆုံးမလေးကတော့ လိုက်ပို့နိုင်ပေမယ့် ခေါင်းတွဲလောက် စိတ်မချရဘူးလေ။ အထူးသဖြင့် အိမ်သာကို လိုက်ပို့တတ်တာက ခေါင်းတွဲမှ။ စိတ်ရှည်လက်ရှည်နဲ့ ဘယ်သူ့ကိုပဲဖြစ်ဖြစ် မငြင်းဆန် လိုက်ပို့ရှာတယ်။

“ဦးအောင်... သတိထားနော်၊ အိမ်သာနား ရောက်ပြီ။ အိမ်သာနားမှာ ချော်လဲရာကြီးတွေ တွေ့ တယ်၊ သိလား”

ဦးအောင်က အေးအေးလို့ ပြောရင်း အိမ်သာဆီကို လက်နဲ့ အစမ်းမှာ လျှောခနဲ ချော်လဲတော့တယ်။

"ဦးအောင်.. ဦးအောင်၊ အဲ... ကျွန်တော် မပြောဘူးလား၊ ထ...ထ၊ နာသွားသေးလား"

"အား.. မင်း ပြောသလို အလိုက်သင့် လဲပစ်လိုက်တာပါကွ၊ မနာပါဘူး"

"ဟား ဟား... မနာဘူးသာဆိုတယ်၊ ဦးအောင်မျက်နှာကြီးက ရှုံ့မဲ့နေတာပဲ၊ ထလေ၊ ကျွန်တော့်လက်ကို ဖြည်းဖြည်းဆွဲထနော်၊ ကျွန်တော်ပါ လဲသွားဦးမယ်"

"အိမ်သာတက်ချင်စိတ်တောင် ပျောက်သွားပါပြီကွာ"

ခေါင်းတွဲက တခစ်ခစ်ရယ်ရင်း ဦးအောင်ကို အိမ်သာပေါ်ရောက်အောင် ပို့တယ်။ ပြီးတော့ အိမ်သာနားမှာ ထီးကလေးဆောင်းပြီး ရပ်စောင့်နေတယ်။

ဦးအောင်က အသံပေးလိုက်တော့မှ အိမ်သာနား သွား တွဲချ။ အောက်ရောက်တော့မှ သူ့ပခုံးကို ကိုင်ခိုင်းပြီး ပြန်လျှောက်ရတယ်။

"ညရေးညတာများဆို ဒုက္ခပဲကွ နော်.."

"ညသွားချင်လည်း ကျွန်တော့်ကို နှိုးပေါ့ ဦးအောင်ရဲ့"

"ငါက ညတော့ မသွားတတ်ပါဘူးကွာ၊ တော်သေးတာပေါ့၊ မိုးကလည်း ကောင်းလိုက်တာကွာ"

"ဟုတ်တယ်၊ မိုးကောင်းကောင်းနဲ့ သူခိုးလည်း ကြောက်ရတယ်ဗျ၊ ရပ်ကွက်ထဲမှာ သူခိုးတွေ တအား ခိုးတယ်တဲ့၊ ကျွန်တော်တို့ဆီလည်း လာချင်လာမှာ၊ ဒီကို ပြောင်းလာခါစက တစ်ခါ လာခိုးသေးတယ် ဆို၊ ကျွန်တော် မရှိဘူးလေ၊ အဲဒီတုန်းက.."

"အေး အေး.... ဟုတ်တယ်၊ ဂန္ဓီတောင် သူ့ခေါတ်ဘူး နှမြောပြီး ငိုသေးတယ်"

"အို...ဒီခါဆိုရင်တော့ မရဘူး။ ကျွန်တော်က ခု ခေါတ်မီးကို ခေါင်းအုံးဘေးမှာ ထားအိပ်တာ၊ အသံကြားရင် ထိုးကြည့်တာပဲ"

"တွေ့ ရင် မင်းက ဘာလုပ်မှာတုံး"

"အောင်မယ်၊ ပြေးပြီး ရိုက်ပစ်မှာပေါ့၊ ပြီးတော့ အော်မှာပေါ့"

"အေး ဟုတ်တယ်။ မင်းအော်လို့ ပြေးလာမယ့်လူတွေက ဘာမှ မမြင်တဲ့သူတွေ၊ သူခိုး ဘယ်နားမှာ ရှိတယ်ဆိုတာ ဘယ်လိုလုပ်သိမလဲ၊ မင်းကို သူခိုးက ပြန်

ရိုက်နေရင်လည်း ငါတို့က မြင်ရတာ မဟုတ်ဘူးကွ၊ ရိုက်တော့ မရိုက်ပါနဲ့ကွာ၊ မင်းက ကလေးရယ်၊ အော်သာအော်ပါ၊ သူ ထွက်ပြေးသွားမှာပါ"

"ပစ္စည်းတွေနဲ့ ထွက်ပြေးတော့ ဘယ့်နှယ်လုပ်မလဲ ဦးအောင်ရ၊ ကျွန်တော်က မကြောက်ပါဘူး၊ ချမှာပဲ"

ခေါင်းတွဲက စိတ်နဲ့မာန်နဲ့ အားတက်သရော ပြောနေတယ်။ ခေါင်းတွဲလေးဟာ ဒီလိုချည့်ပဲ အမြဲတမ်း စိတ်နဲ့မာန်နဲ့ သတ္တိကလေးနဲ့ ဖွဲလေးလည်း ရှိတယ်။ ယောကျ်ားလည်း ယောကျ်ားလေးမို့နဲ့ တူပါရဲ့။ ဒါပေမဲ့လေ သူဟာ မျက်စိမြင်တဲ့ ယောကျ်ားလေးမို့ပါ။ မျက်မမြင် ယောကျ်ားတစ်ယောက်သာဆိုရင်တော့ သူ့မှာ ရှိတဲ့ အားတွေ မာန်တွေ၊ သတ္တိတွေ ဖွဲတွေကို ချောင်ထိုးထားရမှာပါ။ ခေါင်းတွဲလေးကတော့ သူ့အဖေ အမေတွေ တကယ်အားကိုးရတဲ့ ယောကျ်ားတစ်ယောက်ဖြစ်လာမှာပါ။

သားကလေးပဲ၊ ရဲထွန်းအောင်ကလေးပဲ၊ သားလေး ကံဆိုးရှာတယ်။ သားလေး မျက်စိအခြေအနေ သိပ်မကောင်းဘူးဆိုတာ ဦးအောင် သိပါတယ်။ ဂန္ဓီတော့ သူ့သားကို စမ်းသွားနေတယ်လို့ ပြောတဲ့သူတိုင်းကို ရန်လိုနေတတ်တယ်။ သူ လက်မခံနိုင်ရှာသေးဘူးလေ။ ဒါပေမဲ့ ဦးအောင်ရင်ထဲမှာတော့ မျှော်လင့်ချက် မျှင်မျှင်လေးတော့ ရှိသေးတယ်။ သားကလေးကို အချိန်မီ ဆေးကုနိုင်ခဲ့ရင်...။

အချိန်မီ ဆေးကုနိုင်ခဲ့ရင်ပေါ့...

"ဦးအောင်... မိုးနည်းနည်း စဲသွားပြီဗျ"

"ကောင်းပါလေကွာ၊ ဒါမှ အနိုပ်လေးဘာလေး လာခေါ်မှာကွ"

"ဟုတ်တယ်၊ ကျွန်တော်လည်း ကားဂိတ်မှာ ဈေးသွားရောင်းမလို့။ ဆေးလိပ်တို့၊ သကြားလုံးတို့၊ အမွေ့အစ်မ ကျွန်တော်တို့ကြီးဒေါ် က အရင်းထုတ်ပေးမယ်တဲ့"

"ဖိုးကျော်တို့နဲ့ မလိုက်တော့ဘူးလား"

"လိုက်မှာပေါ့၊ ကိုဖိုးကျော်တို့ မသွားတဲ့နေ့မှာ ဈေးရောင်းမှာပေါ့"

"သူတို့ကမှ ဟန်ကျသေးတယ်ကွာ။ ကုသိုလ်လည်း ရ၊ ဝမ်းလည်း ဝတယ်။ ပိုက်ဆံမရှိရင် ဘုရားရှိခိုးထွက်လိုက်ရုံပဲ၊ သူတို့အိမ်လေးရော ပြီးသွားပလားကွ"

"မပြီးသေးဘူးလေ၊ ကျွန်တော်တို့အိမ်လိုပဲ အမိုး မိုးပြီး အကာ မကာရသေးဘူး"

"တို့လည်း ဒီလိုပါပဲကွာ၊ အကာမရှိသေးတဲ့ဟာကို ဂန္ဓီကလည်း အတင်းပြောင်းချင်နေတယ်၊ စောင်ကာနေမလို့တဲ့၊ ဘယ်ဖြစ်မလဲ၊ မိုးက တအားပက်တာ

ကိုး”

“ဦးအောင်တို့အလုပ်ရုံက ရွှေ့လာတော့မှာဆို”

“မသေချာသေးပါဘူးကွာ”

“ဦးအောင် ခဏ၊ ခဏလေး ရပ်ဦး၊ ကျွန်တော် ပုဆိုးဝတ်ချင်လို့ ထီးကိုင်ပေးပါဦး”

“အေး.. အေး... ခေါင်းတွဲရာ၊ မင်း ဘုရားရှိခိုးထွက်တဲ့နေ့ဆို တို့ ဒုက္ခကွ။ မင်းညီကော၊ လတ်လတ် ပြန်မလာသေးဘူးလား”

“လတ်လတ်က ပြန်မလာဘူး၊ ဟိုမှာ ကျောင်းနေဖို့ သွားတာ၊ အခု ကျောင်းဖွင့်နေပြီလေ ဦးအောင်ကလဲ”

“ဟင်.. မင်းကကော ကျောင်းမလိုက်တော့ဘူးလား”

“ကျွန်တော်က ကျောင်းထွက်လိုက်ပြီ”

“အေးကွာ”

ဦးအောင် ဒါပဲပြောနိုင်တယ်။

ငါလို မျက်မမြင်တစ်ယောက်အဖို့ ဒါပဲ ပြောနိုင်တယ်ကွာ၊ ခေါင်းတွဲရာ မင်းကို ငါ ကျောင်းနေစေချင်လိုက်တာ။

“ခေါင်းတွဲတို့ ပြန်လာပြီလားဟေ့”

အလုပ်ရုံထဲကနေ မှန်းပြီး လှမ်းအော်ခေါ်တဲ့ အသံကြားတာနဲ့ ငြိမ်သက်သွားရာတဲ့ ခေါင်းကွဲအသံ ရွှင်ရွှင်လေး ပြန်ပေါ်လာတယ်။

“ဟော... ကျွန်တော့်ကို နောက်တစ်ယောက် စောင့်နေပြီ ထင်တယ်၊ ပြဿနာပဲ၊ ခြေထောက်တွေကို ရေနူးနေပြီ”

“အေးလေကွာ၊ ခေါင်းတွဲ မင်းဖျားဦးမယ်”

“မဖျားပါဘူး”

ဦးအောင်နဲ့ခေါင်းတွဲ အလုပ်ရုံအောက်ထဲကို အရောက်မှာ မိုးက ပြန်သည်းလာတယ်။ လေပြင်းတစ်ချက်ကလည်း ဝုန်းခနဲ အဆောင့်မှာ

“အမယ်လေး.. လုပ်ကြပါဦး”

မိုးသံတွေအကြားမှာ အပျိုကြီး မမကြင်ရဲ့ ကြောက်လန့်တကြား အော်သံကြားရတယ်။

“ဟာ... အဖေရေ ကြီးကြီးကြွင်ရဲ့အိမ်ကြီး ယိုင်သွားပြီဗျ”

ခေါင်းတွဲအသံနဲ့အတူ အပျိုကြီးအော်သံက ဆက်ကာ ဆက်ကာ ထွက်လာတယ်။

“လာကြပါဦး၊ လာကြပါဦး၊ ကျုပ်အိမ် ပြိုနေပြီတော့၊ ကျုပ်အိမ် ပြိုနေပြီ”

https://t.me/mmebooks

# အပိုင်း (၁၄)

"ရွာပါနဲ့နော် မိုး… ဗျာပါန္တဲ့ မျှော်ကိုး….. စိုး … ကြောက်ပြီ…မောင်.. ရယ်…"

မည်းမှောင်တိတ်ဆိတ် ငြိမ်သက်တဲ့ညကို ထိခိုက်နာကျင်နေတဲ့ မာမာအေးရဲ့ နှင်းသစ္စာရှင် သီချင်းသံနဲ့ မယ်ဒလင်သံက ဖုံးအုပ်ထားတယ်။

"စင်ရော် ငှက်ငယ်…. ကြင်ဖော် ယှက်သွယ်… တောင်လေမုတ်သုံ စီးလို့ရယ်.. မောင်ရယ်…"

မာမာအေးတဖြစ်လဲ ချိုချိုအေးရဲ့အသံနဲ့ ကိုကံဦးရဲ့ မယ်ဒလင်အသံလေ။

အလုပ်ရုံပြင်ဘက်မှာ မိုးတိတ်နေပေမဲ့ ရာသီဥတုကတော့ အေးစိမ့်နေတယ်။ အန္တေးထည် မလုံလောက်တဲ့သူတွေရဲ့ရှေ့မှာ အန္တေးဓာတ်ပေးတဲ့ မီးပုံလေးတစ်ပုံကို ဖိုထားတယ်။

မချိုရဲ့ မိုးကိုတောင်းပန်တဲ့ သီချင်းဟာ ဆွေးဆွေးမြည့်မြည့် ရှိလှတယ်။ သီချင်းသံပ၀ါသနာမပါတဲ့ ဂန္ဒီတောင်မှ မချိုအသံကို နားထောင်ပြီး ငိုချင်သလိုကြီးပဲ။ ဂန္ဒီတို့ရှေ့က မမြင်ရတဲ့ မီးပုံလေးလို ပူနေကြတာပါပဲ။

ဂန္ဒီတို့မှာ စားစရာအတွက်၊ ဝင်ငွေအတွက် ခက်နေကြပြီလေ။ နေစရာဆိုတာကို ဂန္ဒီတို့ မေ့ထားလိုက်ကြပြီ။

"ဘယ်မှာ.. မိုး… ခိုရမလဲကွယ်.. တွယ်ရာညှိုးမလှသလိုပါပဲ"

ဂန္ဒီ ရင်ခွင်ထဲက ရဲထွန်းအောင်က တအင်အင် ညည်းတယ်။ သားလေးမျက်စိကိုက်နေရှာပြန်ပြီ။ ကျောကုန်းလေးကို အသာအယာ ပွတ်သပ်ချော့မော့တော့ အမာရွတ်ကြမ်းကြမ်းကြီးရဲ့ အတွေ့အထိကို ခံစားရပြန်တယ်။ မျက်မမြင်အမေကြောင့် သားလေး ရေနွေးပူလောင်ရှာတာလေ။ ကျောင်းမှာနေတုန်းကပေါ့။ သားကလေးက ဝမ်းလျှားမှောက်ခါစ။ ဆူခါစ ရေနွေးအိုးကိုကိုင်ရင်း သားလေးထားတဲ့နေရာကို မေ့ပြီး သားလေးကို ခလုတ်တိုက်လိုက်တာပေါ့။

သားကလေး သနားစရာ၊ အသံတောင် မထွက်နိုင်ရှာဘူး။ ပူရှာလွန်းလို့နော်။

အေး.. အေး… တိတ်ပါ သားလေးရယ်၊ ငါ့သားမျက်စိကို ဒီ တစ်ခါ အဘွားလာရင် ရှင်းရှင်းကြီးပျောက်အောင် ကုပေးပါ့မယ်။

"ညည်းပါနဲ့.. နော်.. မိုးရယ်… မရွာပါနဲ့ဦးကွယ်… မလင်းရစ်ခဲ့ပါသရှင့်… နှင်း… ချစ်… သစ္စာရှင်ရယ်… "

“ဒါမှ ခေတ်ပြောင်းရ အဆိုတော် ချူချူအေးပော့၊ တကယ်ကောင်းတယ်”

“ဟုတ်တယ်... မချိုရယ်... ကောင်းလိုက်တာ”

ကိုကံဦးနဲ့ အပျိုကြီးက မချိုကို ချီးကျူးကြတယ်။ မချိုက သက်ပြင်းတစ်ချက်ကို ချလို့။

“ဗီလင်အပြည့်နဲ့လေ၊ ဒါကြောင့်ပါ”

ပြီးတော့ ချက်ချင်းပဲ သူ့ကိုထွေးလက်ကို ကိုင်လှုပ်ရင်း...

“ကိုထွေး၊ ကိုထွေးကတော့ မချိုကို မချီးမွမ်းဘူးလားဟင်၊ မချို ဆိုတာ မကောင်းဘူးလား”

ကိုထွေးကတော့ သူ့ထုံးစံအတိုင်း ငြိမ်နေတယ်။

“အပျိုကြီးကတောင် ကောင်းတယ်တဲ့ ကိုထွေးရဲ့ သိလား၊ အပျိုကြီးက သူ့အိမ်ယိုင်သွားလို့ စိတ်ညစ်နေတုန်း မချို အဆွေးသီချင်းနဲ့ တွေ့တော့ ကောင်းသွားတာပေါ့။ ဒါပဲနော်... အပျိုကြီး၊ ဟုတ်တယ် မဟုတ်လား”

မချိုဒဏ်ကို အပျိုကြီး ခံရတော့တာပဲ။ အပျိုကြီးခမျာ သူ့အိမ်ယိုင်ကြီးပေါ်မှာ မနေရလို့ အလုပ်ရုံထဲ အိပ်ရာလေးတွေ၊ စားအိုးစားခွက်လေး ရွှေ့ပြီး ပြန်လာနေတာ။ အိမ်ပြင်ဖို့ သူ့မောင်တွေကို မှာထားတုန်းလေ။

အပျိုကြီး ပြန်လာနေတာ ဂန္ဒီကတော့ သဘောကျတယ်။ အပျိုကြီး ထမင်းအိုး တည်ပေးရင် သားလေးနဲ့ ဦးအောင်အတွက် ဟင်းရတယ်လေ။

“အပျိုကြီးကို အဲဒါကြောင့် ပြောတာပေါ့။ အိမ်ကို ကြပ်မတ် ဆောက်ပေးမယ့်သူမရှိတော့ လက်သမားတွေက ဖြစ်သလို လုပ်သွားတာပေါ့။ ဟော.. မချိုတို့ဆို ကိုထွေးက ကြီးကြပ်ပြီးဆောက်တော့ အိမ်က ဘာမှမဖြစ်ပေါင်။ ကိုထွေးက လက်သမားတွေပြန်သွားရင် လျှောက်စမ်းပြီး ဖြစ်သလို လုပ်တာတွေ့ ရင် နောက်နေ့ကျ ပြောတာ”

“တော်ပါ... သူ့ကိုထွေး ချီးမွမ်းခန်းပဲ မဆုံးနိုင်ဘူး”

“မဆုံးနိုင်ပါဘူး ကိုထွေးရယ်...နော်”

ကိုထွေးက အင်းမလှုပ်အဲမလှုပ်နဲ့ ငြိမ်နေတယ်။

ကိုထွေး မချိုကို စိတ်ကောက်နေပြီထင်တယ်၊ ဟုတ်မှာပါ။ သူက သီရိကျော်မင်းဆိုတဲ့ ကောင်မလေးနဲ့ ပတ်သက်လာရင် မချိုကိုတောင် စိတ်ဆိုးချင်တဲ့သူ။ မချို အံကြိတ်လိုက်မိတယ်။

သူ့အဖေအမေနဲ့ ပြဲသနာကောင်မလေး နေ့လယ်တုန်းက သူလာသွားတယ်လေ။

“မချို လုပ်ဦးလေနောက်တစ်ပုဒ်”

“ဟာ.. နေဦး၊ မညိုစိမ့် ဆိုပါဦး၊ ချစ်မိုးကြီး... ချစ်မိုးကြီး..."

ကိုကံဦးက မယ်ဒလင်အသံ စမ်းလိုက်တယ်။ ချစ်မိုးကြီးသီချင်းကို ကိုထွေးလည်း ကြိုက်တယ်။ အရင် ချစ်မိုးကြီး ဆိုမယ်ဆိုရင် ဘယ်သူပဲဆိုဆို ကောင်းတယ်လို့တော့ ကိုထွေး ပြောတတ်တယ်။ ခုတော့ဖြင့် ငြိမ်ငြိမ်ကြီး။

ဂြိုဟ်ကောင်မလေးပြောတဲ့စကားတွေကို သူ စဉ်းစားနေမှာပါ။ မချို သိပါတယ်။ ဟိုကောင်မလေးနဲ့ သူနဲ့ ပြောနေကြတာတွေ မချို ကြားပါတယ်။ မမကြီးနဲ့ စကားပြောနေပေမဲ့ နားက သူတို့ဘက်မှာ စွင့်ထားတာဥစ္စာ ကြားတာပေါ့။

ကိုထွေးရယ်လေ တကယ်ကို စကားအိုးကြီးကိုဖြစ်လို့။ ပြောလိုက်တဲ့စကားတွေ။ တဟဲဟဲနဲ့ ရယ်လိုက်တာကလည်း ရင်ထဲ အသည်းထဲက လာတဲ့အသံ။

ဟိုကောင်မလေးကလည်း စကားအိုးလေးပဲဆိုတော့ စကားအိုးကြီးနဲ့ စကားအိုးလေးတို့ တွေ့ နေကြတာလေ။

ကောင်မလေးတို့ ရောက်လာတုန်းကများ ကိုထွေးလေ ထခုန်မိမတတ် ဝမ်းသာတာတောင်မဟုတ်ဘူး၊ တကယ် ထခုန်ပြီး ဝမ်းသာတာ။

လင်မယားနှစ်ယောက် ထမင်းစားကြမလို့လေ။ မိုးနဲ့လေနဲ့ ပိုက်ဆံကလည်းပြတ်၊ မကြီးတို့ မလတ်တို့ဆီလည်း မမှာချင်နဲ့၊ ငါးပိ ကျန်တာလေးကို ကျို၊ ကြက်သွန်ဖြူလေး၊ အချိုမှုန့်လေး ခတ်။ (ကိုထွေး စားကောင်းအောင်လို့ပါ။ တခြားသူ ငါးပိရည်ဆို ကြက်သွန်ဖြူ အချိုမှုန့် ဝေးသေးတယ်။) ကန်စွန်းရွက်လေးပြုတ်ပေါ့။ ကန်စွန်းရွက်ကိုတောင် ဂန္ဓီတို့ ခေါင်းတွဲနဲ့ ကွက်လပ်ကြီး အပြင်ဘက်မှာ သွားပြီး လိုက်ခူးထားတာပါနော်။

လင်မယားနှစ်ယောက် ထမင်းစားပွဲလေး ပြင်နေတုန်းပေါ့။ အိမ်လေးအပေါ်ထပ် တစ်ဝက်တစ်ပျက် ခင်းထားတဲ့ ကြမ်းပေါ်မှာ အောက်ထပ် မြေကြီးပေါ်မှာက မိုးရေကြောင့် နေလို့ မရတော့ဘူးလေ။ အမိုးကတော့ ပြီးပြီ။ အကာကတော့ တစ်ဖက် လိုနေသေးတယ်။

မချိုရေဆိုတဲ့ မမကြီးအသံကို ခပ်လှမ်းလှမ်းကနေ အရင် ကြားလိုက်ရတယ်။ ပြီးတော့ ကိုထွေးရေဆိုတဲ့ ဟိုကောင်မလေးရဲ့ ဒိတ်ခနဲ ဖြစ်စေတဲ့အသံ။

တစ်ခါတည်း ကိုထွေးရယ်လေ၊ ဟော.... သမီး... သမီးဆိုပြီး ထခုန်လိုက်တာ အိမ်တောင် သိမ့်တယ်။

"ဘာသမီးလဲ၊ သီရိကျော်မင်းပါ"

မချိုက ခပ်ဆတ်ဆတ် ပြောတာတောင် သူ ဂရုမစိုက်ဘူး။ ဂရုစိုက် ဆင်းရှ တဲ့ ဖြစ်ကတတ်ဆန်း ဝါးလှေကားလေးကနေ သူ ဘယ်လို ဆင်းသွားမှန်း မသိ လိုက်ဘူး။

"သီရိ… သမီး အဲဒီမှာနေ၊ ရွှံ့တွေက ချောတယ်၊ ချော်လဲလိမ့်မယ်။ လာခေါ် မယ်၊ အဲဒီမှာနေ"

ကဲ… ကြားရဲ့လား အရပ်ကတို့။ ဒီရွှံ့တွေထဲမှာ တဗိုင်းဗိုင်း ချော်လဲနေတဲ့ မျက်မမြင်တဲ့ လူတစ်ယောက်က သွားတွဲခေါ်ဦးမယ်နဲ့တူရဲ့။

"မမကြီးတို့၊ ကိုကြီးကျော်မင်းတို့ ကောင်းကောင်းလာကြနော်။ ဒီနေ့ မိုးမ ရွာလို့ နည်းနည်း တော်သေးတာ၊ အား.. သမီးကိုယ်က တော်တော်လေးတာပဲကွ"

"လေးပါဘူး၊ ပေါ့ပါတယ် ကိုထွေးရဲ့"

ကြည့်စမ်းကိုထွေးရယ် ကောင်မလေးကို ချီလာတာနဲ့တူတယ်။ ရွှံ့စေးတွေ ထဲမှာ ချော်မလဲဘဲ သူ လာနိုင်တယ်။

"မချို… ဖျာခင်းထားရဲ့လား၊ ဒီမှာ သမီးကို လှမ်းခေါ်ပါဦးကွ"

"အင်းပါ ကိုထွေးရဲ့၊ မမကြီးတို့ကော ခေါ်လေ"

ဝါးလှေကားထိပ်မှာထိုင်ပြီး မချို စမ်းပြီး ဆန့်တန်းလိုက်တဲ့ လက်ကို အေး စက်နူးညံ့တဲ့ လက်သေးသေးလေးတစ်ခုက လာဆုပ်တယ်။

အို.. မချို တစ်ကိုယ်လုံး ကြက်သီးလျှမ်းမြထပြီး ဝမ်းနည်း ငိုချင်သလိုကြီး ပဲ။ ဒီကောင်မလေးဟာ ဒီလိုချည့်ပဲ။ သူနဲ့တွေ့လိုက်ရင် ဝမ်းနည်းရ၊ နာကျင်ရ၊ ငိုရ နဲ့ စိတ်ချမ်းသာ ပျော်ရွှင်မှုပေးတဲ့ ကောင်မလေးမဟုတ်ဘူး၊ အလကား ကောင်မလေး။ ကောင်မလေးက အိမ်ပေါ်ရောက်တာနဲ့ မချိုလက်ကို ချက်ချင်း ဖြုတ်မပစ်ဘဲ ကိုင်ထားရင်း…

"မေမေ… လာ… သမီးကို လက်လှမ်းပေးလိုက်"

သီရိကျော်မင်း၊ ညည်း မေမေခေါ်သံကို ငါမုန်းတယ် သိရဲ့လား။

"ဖေဖေကလည်း မေမေ့ကို တင်ပေးဦးလေလို့"

ကိုထွေး၊ ကိုထွေးရော ဒီဖေဖေခေါ်သံကို မမုန်းဘူးလား၊ မချိုတော့ မုန်း တယ်။

"ကိုထွေးရော လာလေ၊ အိမ်ပေါ်တက်ခဲ့လေ၊ ဒီမှာ မုန့်တွေပါတယ်"

သီရိကျော်မင်းက မချိုထက် ကိုထွေးကို ပိုခင်တာတော့ သိသာပါတယ် ကိုထွေးရယ်။

"မချိုရယ် ရွှံ့တွေ၊ ဗွက်တွေကလည်း ဆိုးလိုက်တာဟယ်၊ ငါတော့ ဟိုနားမှာ ချော်လဲလာခဲ့တယ်"

"ဟုတ်တယ်၊ မချိုဖြင့် အကြိမ်ပေါင်း မရေမတွက်နိုင်တော့ဘူး၊ ခဏခဏ ချော်လဲနေတာပဲ"

"ဟဲ့... နင်တို့ကြမ်းခင်းက တစ်ဝက်တစ်ပျက်နဲ့၊ အကာကလည်း အကုန်မကာရသေး နင့်ဥစ္စာက..၊ မြန်မြန်လုပ်လေ၊ မိုးတွင်းက ရောက်နေပြီ၊ လက်သမားက ခေါ်လို့ရတယ်မဟုတ်လား"

"ရပါတယ်"

"ရရင်လုပ်၊ ပိုက်ဆံ ငါပေးခဲ့ပါ့မယ်။ မလတ်ကတော့ ငါ့ပြောတယ်။ ငါလည်း လာမယ်လာမယ်နဲ့ ကလေးကျောင်းက ရှိသေးတယ်။ ခုလည်း သူ ကျောင်းဆင်းမှ လာနိုင်တာ။ ကိုလေးကလည်း ညည်းကို မှာလိုက်တယ်။ နောက်အပတ်လောက်မှ လာနိုင်မယ်တဲ့၊ သူ့လုပ်ငန်းတွေကလည်း သိပ်အဆင်မပြေဘူး ပြောတယ်"

"မလာနိုင်ရင် မလာပါနဲ့လို့ ကိုလေးကို ပြောလိုက်ပါ မကြီးရယ်၊ ကိုလေး ဒုက္ခများနေပါ့မယ်။ မချို နေတတ်ပါတယ်၊ နေလို့ ရပါတယ်"

"ထမင်းပွဲက ပြင်လို့၊ ဘာဟင်းတွေတုံး၊ ဟင်းခွက်လည်း မှောက်လို့၊ ဘာတွေတုံး"

"အဲတော်... ကုန်ပါပြီ၊ ကိုထွေးကြောင့်ပေါ့"

မှောက်တာက တစ်ခွက်တည်းသော ငါးပိရည်ခွက်ဖြစ်မှာပေါ့။ သူ့ထခုန်တာလေ၊ ညနေစာပါသွားပြီ။ သူကတော့ ဒါတွေ ဘာတွေ ဘာမှ မသိတော့ဘူး။ ထမင်းလည်း မေ့သွားပြီ။ မချိုတို့ ဟိုဘက်မှာ သူတို့က တစ်ဝိုင်းလေ။

"ဒီမှာ.. ကြည့်... ဒီမုန့်ကို၊ ကိုထွေး ကြိုက်လားဟင်"

"ဟာ.. သမီးကလည်း ကိုထွေးမှ မမြင်တာ ဘယ်လိုလုပ် သိမလဲ"

"ဟယ်... ဟုတ်တယ်၊ ဘွာနော်... ဘွာ ဘွာ၊ သမီးလက်ထဲ ထည့်ပေးမယ်၊ ကိုထွေး စမ်းကြည့်။ အဝိုင်းလေး ချွံချွံလေး၊ နံကထိုင်လို့ ခေါ်တယ်၊ မှတ်ထား၊ ရော့ စားကြည့်"

"အင်း အင်း"

"စားလို့ ကောင်းလား"

"ကောင်းတယ်၊ ကောင်းတယ်"

"ပြီးတော့ ဟောဒီမှာ စမ်းကြည့်ဦး၊ ဘာလဲ"

"ဒါလား၊ ဒါ အဝတ်စ ဟုတ်လား"

"ဟား ဟား မေမေ ကိုထွေးက ဒါ အဝတ်စတဲ့"

သီရိကျော်မင်း အော်ရယ်တဲ့အသံကို မချို ကြားဖူးနေတယ်။ ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ် အော်ရယ်တဲ့အသံ။

"မချိုရေ... မပြောချင်ဘူး၊ သမီးလေး ဒီလာခါနီး သူ့အဖေပုဆိုး ဇွတ်ထည့်ယူတယ်။ ဟိုတစ်ခါတွေ့တုန်းက ကိုထွေးပုဆိုးက ဟောင်းပြီး အပေါက်တွေနဲ့မို့တဲ့"

ဒီကောင်မလေးကြောင့် မချိုရင်ထဲမှာ နာကျင်ရပြန်တယ်။ သီရိကျော်မင်းဟာ မချိုကို မချစ်ဘူး။ ကိုထွေးကိုသာ ချစ်တာ။

"ရော့ ဒီပုဆိုးကိုဝတ်၊ ကိုထွေး ပုဆိုးကြီးကို မဝတ်နဲ့တော့။ ဖေဖေ့ပုဆိုးက လှတယ် သိလား၊ အပြာရောင် အကွက်အကွက်လေးတွေ သိလား"

"ဟုတ်ပါပြီ သမီးရယ်"

ကိုထွေးအသံ တုန်နေသလိုပဲ၊ မချို စိတ်ထင်လို့များလား မသိပါဘူး။

ကြည့်ပါဦး၊ ဒီမှာ သမီးဂါဝန် ရွှံ့တွေပေကျန်ပြီ။ ဒါကြောင့် သမီးက ကိုထွေးတို့ဆီ မလာချင်တာ၊ ကိုထွေးတို့ဆီက အရမ်းကို ညစ်ပတ်တယ်"

"ဘယ်မှာလဲသမီးရဲ့၊ ကိုထွေး စမ်းပြီး အဝတ်နဲ့ သုတ်ပေးမယ် နော်... ဟုတ်လား၊ သမီးက နေဦးလို့ ပြောရဲ့သားနဲ့ လာတာကိုး"

"သမီးက ကိုထွေးကို တွေ့ချင်လို့ပေါ့၊ ကိုထွေးအသံကြားတော့ ပြေးလာတာပေါ့"

ကိုထွေး ငြိမ်သွားတယ်၊ ကောင်းသောငြိမ်ခြင်း မဟုတ်ဘူး၊ မချို သိတယ်။ သီရိကျော်မင်းတို့ ပြန်သွားရင် ကျိတ်ငိုမယ့် ငြိမ်ခြင်းပေါ့။

"သမီး ငယ်ငယ်တုန်းကလို ကိုထွေး မျက်လုံးတွေကို မကြောက်တော့ဘူးလား"

စကားမပြောတဲ့ ကိုကြီးကျော်မင်းရဲ့အသံ ပေါ်လာတယ်။

"ဟင့်အင်း.... သမီး မကြောက်ပါဘူး"

ကိုထွေးရယ်လေ သဘောကျပြီး ရယ်လိုက်တာ။

“သမီးက သတ္တုကောင်းလို့ပေါ့နော်”

“ဒါပေါ့”

“ဒါဖြင့် သမီး… စစ်ဗိုလ်မကြီး လုပ်ပေါ့”

“ဟင့်အင်း.. သမီး ဗိုလ်မလုပ်ဘူး၊ သမီးက သီချင်းဆိုမှာ၊ မိုက်ခွက်နဲ့ ဟောဒါမျိုး”

သီရိကျော်မင်းရယ်.. ညည်း ပြန်ပါတော့။

သူ့သမီးလုပ်ပြတဲ့ အမူအရာကို မမကြီးတို့လင်မယား သဘောတကျ ရယ်ကြပေမဲ့ မချို့နဲ့ ကိုထွေး မရယ်နိုင်ခဲ့ဘူးနော်။ ကိုထွေးကတော့ နည်းနည်းပါးပါး ရောယောင် ရယ်လိုက်သေးတယ် ထင်ပါရဲ့..။

သူတို့ပြန်တော့ ကိုထွေးက ခြံဝင်းအဝထိ လိုက်ပို့သေးတယ်။ မချိုကတော့ ပို့မနေပါဘူး။ မချိုရေ တာ့တာဆိုတဲ့အသံနဲ့ ကိုထွေး သမီးတို့နဲ့ လိုက်ခဲ့မလား၊ လာပါ… လိုက်ခဲ့ပါဆိုတဲ့ အသံစာစာဟာ မချိုတို့ တစ်ဝက်တစ်ပျက် အိမ်လေးထဲမှာ ညံပြီး ကျန်နေရစ်ခဲ့တယ်။

ကိုထွေး ပြန်လာတော့ ထုံးစံအတိုင်း သူ့မှာ တသသနဲ့ ပြောမဆုံး လွမ်းမဆုံးတော့ဘူး။ မချိုကိုကျတော့ ကလေးကို စကားမပြောဘဲ မင်းနေနိုင်တယ်ကွာတဲ့၊ သူစိမ်းကျနေတာပဲတဲ့။

“သူစိမ်းပဲလေ၊ သီရိကျော်မင်းနဲ့ မချိုတို့နဲ့က သူစိမ်းပဲ”

အဲဒီတည်းက ကိုထွေး မချိုကို စကားမပြောတော့ဘူး။ ထမင်းလည်းမစားဘူး။ ငြိမ်ပြီး တိတ်ဆိတ်လို့သာ နေတော့တယ်။ ကျိတ်လည်း ငိုသေးတယ် ထင်ပါရဲ့…။

မချိုကတော့ ဘယ်တော့မှ ငိုလိမ့်မယ်မထင်နဲ့။ မချိုရင်ထဲ တစ်ခုခုဖြစ်လာရင် သီချင်းဆိုပစ်လိုက်မှာပဲ။ သီချင်းဆိုလိုက်ရင် ရင်ထဲမှာ ရှင်းသွားတာပဲ။ ကိုထွေးရင်ထဲက အကြိတ်၊ အမြုံ၊ အခဲကြီးကိုလည်း ရှင်းသွားစေချင်တယ် ကိုထွေးရဲ့..။

“မချို.. လုပ်ပါဦးဟ၊ နက်ဖြန်မှ ဆက်၍ ငိုမယ်လေး ဘာလေး၊ မညိုစိမ့်လည်း မရသေးဘူး”

“အိုး… မဆိုချင်ဘူး၊ နက်ဖြန်မှမဟုတ်ဘူး။ အခုကို ငိုချင်နေတာ သိလား"

“ဆန်ကုန်တော့မှာမို့လို့၊ နော်… မချို”

မညိုစိမ့်က လွတ်ခနဲ ပြောလိုက်ပြီးမှ…

“မချိုကတော့ ဟုတ်ချင်မှ ဟုတ်မှာပါ၊ ငါတို့ကတော့ ဟုတ်တယ်၊ ဆန်ကုန် တော့မှာမို့လို့၊ နော်ဟေ့.. ဂန္ဓီ”

“မညိုစိမ့်ရေ... အထင်သိပ်မကြီးပါနဲ့၊ မချိုတို့လည်း မကြီး အိမ်ဆောက်ဖို့ ပေးသွားတဲ့ ပိုက်ဆံနဲ့ စားနေတာ။ ပိုက်ဆံကလည်း မများပါဘူး။ တစ်ပတ်တစ် ပတ် ခွဲပေးသွားမှာဆိုတော့ ဘာရှိမလဲ။ နောက်တစ်ခါ မကြီးလာလို့ အိမ် ဘာမှမ လုပ်ရသေးရင် ဆူခံထိဦးမယ်။ ပြောရမှာပေါ့၊ ဘာတတ်နိုင်မလဲ”

“အေးဟာ၊ ငါတို့ ဘာလုပ်ကြရင် ကောင်းမလဲ"

ကိုကံဦးအသံက အားကိုးရာမဲ့နတဲ့အသံ။ “

ကိုကြီးကံတို့ကမှ တော်ပါသေးတယ်၊ ခေါင်းတွဲလေးရှိနေလို့၊ ဖိုးကျော်တို့နဲ့ လိုက်ရင်လည်း ပိုက်ဆံရတယ်။ ကားဂိတ်မှာ ဈေးရောင်းတာလည်း မဆိုးဘူး မဟုတ်လား”

“ငါ မခိုင်းချင်ပါဘူး မောင်အောင်ရာ၊ တကယ်ပြောတာပါ”

အားလုံး ငြိမ်သက်သွားကြတယ်။ ပြီးတော့မှ မချိုက အဲ...ကျွန်မသိပြီလို့ ထ အော်တယ်။

“ဘာလဲဟ”

“ကိုဆန်းမောင်၊ မချိုတို့ ဟိုတစ်ခါတုန်းက တီးဝိုင်းလိုက်ရတာမျိုး အကြံအဖန်လေး ဘာလေးလုပ်ပါလား၊ ဟိုတစ်ခါ ကိုဆန်းမောင်ခေါ်သွားတာ လေ”

“အဲ့ဒါက ငါ့ရွာဟ၊ လူတဲ့လူက ငါ့အမျိုးမို့ ခေါ်တာ၊ ခုဟာက...မိုးလည်း မိုးတွင်းကြီး... ဘယ်လွယ်မလဲ”

“ဟုတ်တယ်နော်၊ ငါတို့ အဲဒီတုန်းကများ ရွာတွေကို ဆက်သွားတာပဲ”

“ခေါ်မယ့်တစ်ရွာရှိရင် နောက်ရွာတွေက ဆက်ခေါ်တာပါပဲ”

“ကြံစမ်းပါဦး ကိုဆန်းမောင်ရဲ့”

ကိုဆန်းမောင်က အင်း ဆိုပြီး စဉ်းစားနေဟန်တူရဲ့.။

ကိုဆန်းမောင်တို့အမျိုးအလှူကို မချိုတို့ ခါးပြတ် တီးဝိုင်းအဖွဲ့ လေး လိုက် သွားဖူးတယ်။ တွံတေးအပိုင်က ရွာကလေးတွေဘက်ပေါ့။

ကိုကံဦးရယ်၊ မညိုစိမ့်ရယ်၊ ကိုဆန်းမောင်၊ မချို။ ကိုထွေးကတော့ မချို သက်တော်စောင့်ပေါ့။ မချိုတို့ကျောင်းက မမြင်ဆရာကလည်း ဒုံမင်းနဲ့ လိုက်လာ

တယ်။ ပြီးတော့ ဖိုးကျော်နဲ့ အယ်နီလည်း ပါတယ်။ အလှူညမှာ တီးကြ၊ ဆိုကြတော့ လူတွေကို ကြိတ်ကြိတ်တိုးနေတာပဲ။

မချိုတို့၊ မညိုစိမ့်တို့ မိတ်ကပ်တွေဘာတွေ လိမ်းရသေးတယ်။ ကိုကံဦးရှာလာတဲ့ နေကာမျက်မှန်တွေကိုလည်း တပ်ထားရသေးတယ်။ တကယ်တော့ ပွဲကြည့်ပရိသတ်က မျက်စိမမြင်တဲ့သူတွေက ဘယ်လိုတီးသလဲ၊ ဘယ်လိုဆိုတာလဲ စိတ်ဝင်စားပြီး လာကြည့်ကြတာပါ။ မျက်မမြင်တီးဝိုင်းဆိုတာ သူတို့အတွက် အထူးအဆန်းပေါ့။ ရွာလည်း ရွာငယ်လေးတွေမို့လို့ပါ။ မြို့မှာသာဆိုရင် ဒီလိုလူမျိုးတွေ တီးဝိုင်းကို ဘယ်သူက လူရာသွင်းမှာလဲ။ ကျက်သရေမင်္ဂလာ မရှိဘူးဆိုပြီး ဝေးဝေးက ရှောင်မှာပေါ့။

ရွာကလူတွေကတော့ ဒီလူတွေကို သနားပြီး အားပေးကြပါတယ်။ မျက်မမြင်တွေဆိုတဲ့အနေနဲ့ လာကြည့်ပေမဲ့ ကိုဆန်းမောင်က ကိုတင်လှိုင်ရဲ့အသံမျိုးနဲ့ အမုန်းခွန်အား ပေးသနားပါတို့၊ ယောက်ျားမှာလည်း အသည်းနဲ့ပါ တို့ကိုအပိုင်ဆိုပြတော့ သိပ်သဘောကျတာပဲ။ မချိုကလည်း မာမာအေးသီချင်း၊ ချိုပြုံးသီချင်းတွေအပြင် အဆိုတော် ချိုချိုအေးရဲ့ ခါတိုင်းပြောရတဲ့ ချစ်သူလူညိုချောကိုဆိုပြရတာပေါ့။ မညိုစိမ့်က သူ့မူပိုင် မင်္ဂလာဆယ့်နှစ်ပါးရယ်၊ ရီရီသန့်သီချင်းတွေရယ်ကို ဆိုတယ်။ မချိုတို့ ဆုငွေတွေ အတော်ချခံရတာပဲ။

မချိုတို့ပြီးတော့ ဖိုးကျော်နဲ့ အယ်နီရဲ့ ဘလိုင်းကိုင်ဇာ စတူဒီယိုဝိုင်း။ ရွာကလူတွေမှာ ဖိုးကျော်အသံနဲ့ ကိုင်ဇော့အသံ ဒီလောက် ချွတ်စွတ်တူနေတာကိုအံ့ဩလို့မဆုံးဘဲ လက်ခေါက်မှုတ်သံတွေ တရှီရှီ၊ လက်ခုပ်သံ တဖြောင်းဖြောင်းနဲ့ သိပ်သဘောကျကြတယ်။ ဖိုးကျော်လေးလည်း ဆုငွေလည်း ရပါရဲ့။ ကိုင်ဇာသီချင်းတွေကို တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုလိုက်၊ တီးလိုက်ရတာ မောနေတာပဲ။

အယ်နီက သုံးလေးပုဒ်လောက်ပဲ စုံတွဲဝင်ဆိုနိုင်တာ။ နောက်ကျတော့ပရိသတ်ကလည်း အတင်းဆိုခိုင်း၊ ဆိုစရာ သီချင်းကလည်း မရှိတော့လို့ ဖိုးကျော်နဲ့ အယ်နီ ခရစ်ယာန်ဓမ္မတေးတွေ၊ ခရစ်စမတ်တေးတွေကို ဆိုတီးပြရတယ်။

ကိုဆန်းမောင်တို့အမျိုး အလှူကနေတစ်ဆင့် နောက်ရွာတွေ နောက်ရွာတွေက လာခေါ်ပြီး တီးခိုင်း၊ ဆိုခိုင်းကြသေးတယ်။ ပျော်စရာသိပ်ကောင်းတာပဲ။

တစ်ရွာပြီးတစ်ရွာ လှည်းတွေနဲ့ကူးရတာ။ တစ်ရွာရောက်လို့ ဝင်လိုက်တာနဲ့ လာပြီဟေ့ဆိုပြီး လူတွေ အုံလာကြတော့တာပဲ။ ကိုင်ဇာ၊ ကိုင်ဇာနဲ့ဆိုပြီး ဖိုးကျော်နောက်ကိုလည်း လူတွေ တစီတစ်တန်းကြီး လိုက်ကြတယ်။ ဖိုးကျော်ကလည်း မျက်မှန်ကို မချွတ်ဘူး၊ မချိုတို့ကလည်း ဒီလိုပဲ။ မိတ်ကပ်ရက်ဆက်လိမ်းပြီး မျက်မှန်လေးတမမနဲ့ အပျိုကြီးမမကြင်နဲ့ နင်လားငါလားပေါ့။

နောက်ဖိတ်ပြီး တီးခိုင်းဆိုခိုင်းတဲ့ရွာတွေက ဘာပွဲညာပွဲ၊ အလှူ၊ မင်္ဂလာဆောင်ဘုရားပွဲရှိလို့ ဖိတ်ကြတာမဟုတ်ဘဲ မြင်ဖူးချင်တာ သက်သက်နဲ့ ဖိတ်ကြတာဆိုတော့ ရွာတစ်ရွာရောက်ရင် ရွာက အကျယ်ဆုံး အိမ်တစ်အိမ်မှာ တီးရဆိုရတယ်။ ညဘက်မှာ မီးမရှိတော့ နေ့ခင်းဘက်မှာ တီးရတယ်။ အဲဒီနေ့ ကတော့ အလုပ်ဖျက်ပြီး တစ်ရွာလုံး လာကြည့်တာပဲ။ ဘယ်လောက်များ အားပေး သလဲဆိုတော့ ရွာတစ်ရွာဆို အိမ်ရှေ့ကြမ်းစင်ကြီး ပြိုကျတဲ့အထိပဲ။

အဲ့ဒီရွာတွေမှာ ပိုက်ဆံကတော့ သိပ်မရဘူး။ ဒါပေမဲ့ ရွာထွက်ပစ္စည်းတွေ ကတော့ အများကြီးရတယ်။ ငရုတ်၊ ကြက်သွန်၊ ဆန်၊ ပဲ၊ ဟင်းသီးဟင်းရွက်၊ အမဲ ခြောက် စုံနေရှာတာပါပဲ။ လက်ဆောင်ပေးလိုက်ကြတာ။

တီးဝိုင်းအဖွဲ့ကြီး ရွာစဉ်လှည့်ဖျော်ဖြေတာ ဆယ်ရက်တောင် ကျော်တယ်။ အားလုံးလည်း ပျော်လို့ ပြန်တောင် မပြန်ချင်ကြဘူး။ လောကကြီးမှာ မချိုတို့ကို အဲလို ဂရုစိုက်အရေးပေးခံရတဲ့အချိန်က အနည်းသားလေ။

"ငါ့အမျိုးတွေဆီ ငါလှမ်းပြီး... ဆက်ကြည့်ပါဦးမယ်။ အဆက်အသွယ်က ပြတ်နေတာကြာပြီ"

"အဲဒီအလုပ်မျိုးလေးဖြစ်ရင် ကောင်းမယ်၊ ကြာရင်.. ငါတို့မလွယ်တော့ဘူး"

သူ့ယောက်ျားစကားကို ထောက်ခံသလို မညိုစိမ့်က သက်ပြင်းချတယ်။

"ခေါင်းတွဲက ပြောတယ်၊ သူ ဘုရားရှိခိုးသွားတဲ့နေ့က လမ်းမှာ တွေ့ခဲ့တာ တဲ့။ မမြင်ယောက်ျားနဲ့ မိန်းမ မယ်ဒလင်နဲ့ သီချင်းဆိုပြီး လမ်းဘေးမှာ တောင်း နေကြတာတဲ့။ ခွက်ထဲမှာတော့ ပိုက်ဆံတွေ အများကြီးပဲ အမေရာ။ ဒါပေမဲ့ အဖေ နဲ့အမေကိုမြင်ပြီး သားဖြင့် ငိုချင်လာတာပဲတဲ့"

"အို.... အဲဒါမျိုးတော့ ဘယ်တော့မှမလုပ်ဘူး"

မချိုရဲ့ မာနသံက ခပ်တင်းတင်း ထွက်လာတယ်။ ကိုကံဦးက လေသံ ပျော့ပျော့နဲ့ ဘယ်တော့မှ မလုပ်ပါရစေနဲ့ကွာတဲ့။ ကိုဆန်းမောင်ရဲ့ အသံကတော့ နာကြည်းနေတဲ့အသံ။

"ဘယ်သူလုပ်ချင်မလဲ၊ အင်း..တို့လည်း ခုတော့ မလုပ်ရသေးဘူးပေါ့ကွယ်"

"မလုပ်ပါဘူး"

မချိုက သေချာတဲ့အသံနဲ့ ထပ်ပြောနေတယ်။ ပြီးတော့... သတိရလာ သလို..

"ခေါင်းတွဲရော၊ အသံမကြားဘူး၊ ဘယ်သွားနေလဲ"

“ဖိုးကျော်တို့ဆီမှာပေါ့၊ ဂစ်တာသွားသင်နေတယ်လေ၊ သူက… မယ်ဒလင်ကို စိတ်မဝင်စားဘူး”

ခပ်ဝေးဝေးက ကြက်တွန်သံတွေနဲ့အတူ မိုးဖွဲဖွဲကျလာသံ ကြားရတယ်။ မိုးထဲလေထဲမှာ လွင့်ပါလာတာက ဖိုးကျော်တို့၊ ခေါင်းတွဲတို့ဆီက ဂစ်တာသံနဲ့ ဘလိုင်းထီးဆိုင်ရဲ့ သီချင်းသံ။

“လောကအလှကို.. မြင်သူတွေ.. ငါ့ကို ပြောပြကြပါ… ပြုံးတယ်ဆိုတာ… ဘယ်လိုပါလဲ… ရယ်မောသံတော့ ကြားဖူးပါရဲ့.. ဒီသံစဉ် ပိုင်ဆိုင်သူများ… ငါ့အား တစ်ဆင့်.. ဝေမျှကြပါ.."

https://t.me/mmebooks

# အပိုင်း (၁၅)

အဖေရယ်၊ အမေရယ်၊ ခေါင်းတွဲတို့ မောင်နှမသုံးယောက်ရယ် တဝေါဝေါ မြည်နေတဲ့ မီးရထားကြီးပေါ်မှာ ရောက်နေကြတယ်။ မီးရထားက မြို့ပတ်ရထား မဟုတ်ဘူး၊ မန္တလေးကို သွားတယ်ဆိုတဲ့ အမြန်ရထား အဝါကြီး။ မီးတွေက ထိန်လင်းနေတယ်။ ကက်ဆက်ဖွင့်တဲ့ သီချင်းက အနိတ်မချို ဆိုတတ်တဲ့ သီချင်းမျိုး။

အဖေ… အဖေလို့ ခေါင်းတွဲ ခေါ်ပြီး ကြည့်လိုက်တော့ အဖေက သူ့ကို ပြုံးကြည့်နေတယ်။

ဟား.. အမေရေ၊ အဖေ့မျက်လုံးတွေ ကောင်းနေပြီ။ အချိုင့်ကြီးတွေ မဟုတ်တော့ဘူးလို့ ဝမ်းသာအားရ အော်ပြီး အမေ့ကိုကြည့်တော့ အမေ့မျက်လုံးတွေထဲမှာလည်း တိမ်ဖြူတွေ မရှိတော့ပါလား။

အဖေ သားကိုမြင်ရလား၊ လတ်လတ်တို့၊ ညီမလေးတို့ကိုရော မြင်ရလားလို့ ခေါင်းတွဲက အော်မေးတာကို မီးရထားသံကြီးက တဝေါဝေါနဲ့ဆိုတော့ အဖေနားကို လက်ကာပြီး ဟင် ဟင်နဲ့ လုပ်နေတယ်။

“အမေရေ၊ သား သိပ်ပျော်တာပဲ”

ခေါင်းတွဲ အော်လိုက်တော့ အသံထွက်လာတာက တိုးတိုးလေး။ ဟာ… ဒုက္ခပါပဲ၊ ခေါင်းတွဲက ထပ်အော်ပြန်တယ်။ အဖေ သားတို့ကို တိရစ္ဆာန်ရုံ လိုက်ပို့လို့ရပလား၊ ရွှေတိဂုံဘုရားကိုလည်း သွားမယ်နော်။

ဟာ.. အသံကလည်း။

အမေက မီးရထားတံခါးကြီးကို ဖွင့်ပစ်လိုက်တော့ လေတွေ တအားဝင်လာတယ်။ မိုးစက်တွေရော။

အား.. ချမ်းတယ်အမေရ၊ အဖေ တံခါးပြန်ပိတ်လိုက်ပါ။ ချမ်းတယ်။

ခေါင်းတွဲ လန့်နိုးလာတော့ တဝေါဝေါ အသံကြီးကို ကြားနေရတုန်းပဲ။

တကယ် မီးရထားပေါ်မှာလားလို့ ထင်လိုက်ရင်း ဘေးက အဖေ့ကို စမ်းကြည့်တော့ ဩော်… အဖေ အိပ်နေတာပဲ။

တဝေါဝေါ်သံလား၊ မိုးတွေရွာနေတဲ့အသံပဲ။ မိုးစက်တွေက လေနဲ့ အိပ်တဲ့နေရာထိ လာပက်နေတယ်။

ခေါင်းအုံးအောက်က လက်စွဲတော် ခတ်မီးလေးကို စမ်းနေကျအတိုင်း စမ်းကြည့်ပြီး ပြန်အိပ်တယ်။

အဖေ့နားကို တိုးပြီး အဖေ့ကိုယ်ပေါ်က စောင်ကို ဆွဲခြုံရင်းပေါ့။ အလုပ်ရုံတစ်ခုလုံး မှောင်ပိန်းနေတာပဲ။ ခုလိုအချိန်ဆို ခေါင်းတွဲလည်း အဖေတို့လိုပဲ ဖြစ်သွားတာပဲ။ ဘယ်နေရာဖြစ်ဖြစ် မှောင်နေတယ်လေ။

ခေါင်းတွဲ မျက်လုံးတွေ လေးပြီး ဖျတ်ခနဲအမှိတ်မှာ အလုပ်ရုံထဲ ဝင်းခနဲဖြစ်သွားတဲ့ မီးရောင်ကို မြင်လိုက်ရတယ်။ ခေါင်းတွဲ မျက်လုံးတွေ ကပျာကယာ ပြန်ဖွင့်ပြီး လူးလဲ ထထိုင်တယ်။

မီးရောင်က ပျောက်သွားပြန်ပြီး ချက်ချင်း ပြန်ပေါ်လာတယ်။ လက်နှိပ်ဓာတ်မီးရောင်ပါလား။ အလုပ်ရုံထဲမှာ လူရောက်နေပြီ၊ သူခိုးရောက်နေပြီ။

ခေါင်းတွဲရင်တွေ တဒိတ်ဒိတ် ခုန်လာတယ်။ ခေါင်းအုံးအောက်က ဓာတ်မီးလေးကို အားကိုးတကြီး ဆုပ်ထားရင်း ထိုဓာတ်မီးရောင် ဒီဘက်ဝေ့လာတော့ အိပ်ရာပေါ် ပြန်လှဲချမိတယ်။ အသက်မရှူရဲဘဲ ငြိမ်နေမိတယ်။ လက်နှိပ်ဓာတ်မီးရောင်က ခေါင်းတွဲ မျက်နှာပေါ်ကနေ အသည်းယားစရာ ဖြတ်သန်းသွားပြီး အလုပ်ရုံတစ်ခုလုံးကို စိမ်ပြေနပြေ ထိုးကြည့်နေတယ်။ တစ်နေရာပြီးတစ်နေရာ အေးအေးဆေးဆေး လိုက်ကြည့်နေတယ်။

ဩော်... ဒီထဲမှာရှိတဲ့လူတွေက မျက်မမြင်တွေကိုး။ အလင်းရောင်ဆိုတာ ဘာမှန်းမသိတဲ့သူတွေက သူတို့ကို ဘယ်လောက်ပဲ ဓာတ်မီးနဲ့ထိုးထိုး ဘာသိရှာမှာလဲ။ အသံသာ မထွက်စေနဲ့၊ ကြိုက်သလိုကြည့်ပြီး ကြိုက်တဲ့ပစ္စည်း ယူသာယူပေရော့။ ကြိုက်သလို လုပ်ပေရော့။

ခေါင်းတွဲ တဖြည်းဖြည်းချင်း ပြန်ထပြီး ကြည့်တော့ ဓာတ်မီးနဲ့လူက ဦးဆန်းမောင်တို့ ကြောင်အိမ်ပေါ်က ပစ္စည်းလေးတွေကို ကိုင်ကြည့်နေတယ်။ ပြီးတော့ တစ်ခုကို ယူလိုက်တယ်။ လက်နှိပ်ဓာတ်မီးရောင် ဖျတ်ခနဲ ပျောက်သွားပြန်တယ်။ ဟာ... ဒုက္ခပါပဲ။ သူခိုးကြီး ပစ္စည်းတွေ ယူနေပြီ။

အရင်ညတွေကတော့ သူခိုးလာပါစေဟု ဆုတောင်းရတာ ခဏခဏပဲ။ သူခိုးလာရင် ရိုက်ဖို့ဆိုပြီး ယူထားတဲ့တုတ် ခေါင်းရင်းမှာ ရှိတယ်။ ဦးအောင်တို့ကို ကျု လေကြွားပြောပြီး တကယ်ကျတော့ မရိုက်ရဲတော့ဘူး။ ကြောက်နေတယ်။ သူခိုးကြီးမှာ ဓားတွေဘာတွေ ပါလာရင် ဘယ့်နှယ်လုပ်မလဲ။ သူခိုးက ချက်ချင်း ထွက်ပြေးသွားမှာပေါ့။

လက်နှိပ်ဓာတ်မီးရောင်က မဂနီ္ဒတို့ဘက် ရောက်သွားပြန်ပြီ။ ဘာတွေ ယူဦးမလို့လဲ။ ဟိုတစ်ခါကလည်း မဂနီ္ဒဓာတ်ဘူးလေး ခိုးသွားတာတဲ့။ အို... ယောကျ်ားပဲ၊ သတ္တိရှိရမယ်လို့ အဖေက ပြောတယ်။ ခေါင်းရင်းက ဝါးတုတ်ကို ခေါင်းတွဲ စမ်း

ပြီး ယူတယ်။ လက်နှိပ်ဓာတ်မီးရောင်က ခေါင်းတွဲတို့ဘက် ရောက်လာပြီ။ အဖေ့လက်ကို ခေါင်းတွဲ တအား ဆွဲလှုပ်လိုက်တယ်။

"အဖေ.. အဖေ၊ သူခိုးကြီး... သူခိုးကြီး၊ ထကြဗျို့"

ခေါင်းတွဲက ကြောက်လန့်ပြီး ငယ်သံပါအောင် အော်တယ်။ တုန်နေတဲ့လက်ထဲက တုတ်နဲ့ သူခိုးကြီးဆီကိုလည်း ပစ်ထည့်လိုက်သေးတယ်။

"ဘယ်မလဲ၊ ဘယ်မလဲ"

"သူခိုး.... သူခိုး"

အလုပ်ရုံတစ်ခုလုံး နိုးလာကြပြီး အိပ်ချင်မူးတူးနဲ့ စူးစူးဝါးဝါး အော်တဲ့ ဂန္ဓီ့အသံ ကြားရတယ်။ ဂန္ဓီလို အော်တာကလွဲပြီး သူတို့ ဘာလုပ်နိုင်ကြမှာတဲ့လဲ။

"ခေါင်းတွဲ... ခေါင်းတွဲ၊ မလိုက်နဲ့နော်"

ကိုကံဦးက စိုးရိမ်တကြီး အော်ပြီး ခေါင်းတွဲ အော်သံကြားရာကို ပြေးလိုက်တယ်။ ဦးအောင်တို့ကလည်း လိုက်လာကြတယ်။

"အဖေ... ရှေ့မှာဗျ၊ သူခိုးကြီး ချော်လဲနေပြီ"

ခေါင်းတွဲက ကြောက်လန့်တုန်လှုပ်သံနဲ့ ပြောရင်း သူ့လက်နှိပ်ဓာတ်မီးနဲ့ အတင်းထိုးထားတယ်။ ခေါင်းတွဲရဲ့ ဓာတ်မီးရောင် မှုန်မှုန်အောက်မှာ သူခိုးကြီးက ရွှံ့စေးတွေထဲမှာ လက်ထောက်လို့ မောနေသလိုပဲ။

ဟာ... သူခိုးကြီးက ကြီးလှပြီ၊ ဆံပင်တွေ မုတ်ဆိတ်မွေးတွေတောင် ဖြူနေပြီ။ ပါးကြီးမှာလည်း အနာကြီးနဲ့၊ အနာကြီးက သွေးတွေ စီးကျနေတယ်။ ချက်ချင်းပဲ ခေါင်းတွဲက အံ့ဩဂုဏ်ယူသံနဲ့..

"သူ့ပါးကို သားတုတ်ချက် ထိသွားပြီ အဖေ"

"မင်း သူ့နား မသွားနဲ့နော်"

ကိုကံဦးက သားဇောနဲ့ စိုးရိမ်တကြီး တားရင်း စမ်းစမ်း စမ်းစမ်းနဲ့

"ဒီမှာ ကျွန်တော်တို့ ခင်ဗျားကို ဘာမှ မလုပ်နိုင်ပါဘူး၊ ကျွန်တော်တို့ မျက်မမြင်တွေပါဗျာ၊ ကျွန်တော်တို့ပစ္စည်းလေးတွေကိုသာ ပြန်ပေးခဲ့ပါ"

"ကျုပ်မှ မယူဘဲ၊ ကျုပ် သူခိုးမဟုတ်ဘူး"

ရွှံ့တွေထဲကနေ လူကြီးက ခပ်တည်တည်နဲ့ ပြန်အော်တယ်။

"အမယ်...သူခိုးမဟုတ်ရင် ဒီအထဲကို ခင်ဗျား ဘာလို့ ဝင်လာတာလဲ"

ခေါင်းတွဲက ပြန်အော်တော့ သူခိုးကြီးက..

“ဖားလာရိုက်တာကွ”

“သွား.. ခင်ဗျား လာဖြီးမနေနဲ့၊ ဒီထဲမှာ ရွှံ့စေးတွေပဲရှိတယ်၊ ဘာဖားမှမရှိဘူး၊ ဖားရှိရင် ကျွန်တော်တို့ရိုက်တာနဲ့ မျိုးပြုတ်ပြီ”

သူခိုးကြီးက လက်နှိပ်ဓာတ်မီးရောင်အောက်ကနေ နီရဲနေတဲ့ မျက်လုံးပြူးပြူးကြီးနဲ့ ကြည့်နေတယ်။ ရင်ဘတ်ကြီးကလည်း နိမ့်ချည်မြင့်ချည်နဲ့။ ရွှံ့ထဲကနေ ခုထိလည်း မထ,သေးဘူး။

“ရော့... မင်းတို့ဟာ၊ ဒါပဲ ငါယူတာ”

သူခိုးကြီးက ရုတ်တရက် တုံးတိတိပြောပြီး ခေါင်းတွဲတို့ဆီကို လှမ်းပစ်ပေးလိုက်တယ်။ ပြီးတော့ ရုတ်ခနဲ ထပြီး ပြေးတော့တာပဲ။

“ဟော... အဖေပြေးပြီ... ပြေးပြီ”

“လိုက်၊ လိုက် ခေါင်းတွဲ၊ လိုက်ဟ”

ခေါင်းတွဲနဲ့ ဦးအောင် ထအော်ပေမဲ့ ကိုကံဦးက သူ့သားကို ဆွဲထားတယ်။

“သွားပါစေတော့ကွာ၊ သူ့မိတော့ တို့က ဘာလုပ်ရမှာလဲ၊ ပစ္စည်းလည်း ပြန်ပေးသွားတာပဲ”

“သူခိုးကြီးက ကြီးလှပြီ ဖေဖေ”

“အေး...ဒါကြောင့် ပြောတာပေါ့ကွာ၊ ပစ္စည်းက ဘာလဲ၊ ဘယ်သူ့ဟာလဲ ခေါင်းတွဲ”

“ဦးဆန်းမောင်တို့ဟာ၊ ရေနွေးကရားအိုးရယ်၊ ဒန်အိုးတစ်အိုးလည်း ပါတယ်။ ဟာ... ဒန်အိုးက ကြီးကြီးကြင်ရဲ့ အိုး၊ ရေနွေးအိုးတည်တဲ့ အသစ်လေးလေ ကြီးကြီး”

ခေါင်းတွဲက အလုပ်ရုံထဲကို လှမ်းအော်ပြောတော့ အပျိုကြီးက... အေး အေး ... အေး အေးနဲ့ ပြန်အော်ရင်း.. ခေါင်းတွဲရှိလို့၊ ခေါင်းတွဲရှိလို့နဲ့ တဖျစ်တောက်တောက် ပြောပြောနေတော့တယ်။

“ဦးအောင်၊ သူခိုးကြီး ကျွန်တော့်တုတ်ချက် ထိသွားတယ်ဗျ”

“အေးပါကွာ၊ တို့က မမြင်ရတော့လည်း မင်းပြောတာ ယုံရမှာပေါ့”

“အောင်မာ.... ကျွန်တော် အဟုတ်ပြောတာ”

“ငါလည်း အိပ်ပျော်သွားလိုက်၊ ပြန်နိုးလိုက် ဖြစ်နေတာ။ ခြင်ထောင်မပါတော့ ခြင်က တအားကိုက်တယ်ကွာ”

"ဦးအောင်တို့ခြင်ထောင်ကရော"

"ခြင်ထောင်လေး အဟောင်းဆိုင် ရောက်သွားပြီလေ။ တစ်ယောက်အိပ် ခြင်ထောင်အစုတ်ကို သူတို့သားအမိ ထောင်ပေးပြီး ငါက စောင်ခြုံကွေးတာ၊ မရဘူး၊ ခြင်တွေက အရမ်းများတယ်"

"ကျွန်တော်တို့ခြင်ထောင်လည်း လူကျပ်တော့ ဘေးဆုံးအိပ်တဲ့လူဆို ခြင်တွေကိုက်တာပဲ၊ အဖေ့ချည်းပဲ ကိုက်ခံရတယ်"

"သူခိုးက အပြင်ဘက်က မချိုတို့၊ ဖိုးကျော်တို့အိမ်တွေဘက်များ ဝင်သေးသလား မသိဘူး၊ သူတို့လည်း တံခါးရှိသေးတာ မဟုတ်ဘူး"

"ဘယ်ဝင်ပါ့မလဲ ဦးအောင်ကလည်း သူတို့အိမ်တွေပေါ် တက်ရင် ကြမ်းတွေက တဂျောင်းဂျောင်း တဂျင်းဂျင်း မြည်နေတာဥစ္စာ"

ဂန္ဒီက ဦးအောင်ကို အလုပ်ရုံထဲကနေ လှမ်းပြောတယ်။ အပျိုကြီးက ခေါင်းတွဲပေးတဲ့ သူ့ဒန်အိုးလေးကို ပွတ်သပ်ရင်း...

"ငါ့မောင်တွေက မလာကြဘူးဟယ်၊ မိုးပါးတဲ့နေ့လေး ငါ့အိမ်လေး ပြင်ချင်တယ်။ ငါ့အိမ်လေးပေါ်ဆို ငါ သူခိုးပူစရာ မလိုဘူး။ အိမ်က ကြာရင် ပိုယိုင်သွားမှာကြောက်ရတယ်။ ခေါင်းတွဲ၊ လူလေး ... ကြီးကြီးအိမ် ပိုယိုင်သွားလားဟင်"

"မယိုင်ပါဘူး ကြီးကြီးရ.. အရင်လိုပါပဲ"

ကြီးကြီးကြင်က ခေါင်းတညိတ်ညိတ်နဲ့ သူ့အိပ်ရာထဲ ခြင်ထောင်လေး မ,ပြီး ဝင်သွားတယ်။

ခေါင်းတွဲ ခတ်မီးရောင်အောက်မှာ ကြီးကြီးကြင် ခြင်ထောင်လေးက ဖြူဖွေးပြီး သစ်နေတယ်။ ဦးဆန်းမောင်တို့ခြင်ထောင်ကတော့ မည်းညစ်ပြီး ဟောင်းနေပြီ။ မဂန္ဒီတို့ ခြင်ထောင်လေးကတော့ အဆိုးဆုံးပဲ။ ခေါင်းတွဲတို့ခြင်ထောင်လည်း မကောင်းတော့ပါဘူးလေ။

"ကဲ... ရှေ့လျှောက် သတိဝီရိယလေးထား အိပ်ကြရုံပေါ့။ ဒါရှိတာပဲ။ ဒါ့ပြင် တို့ကလည်း ဘာတတ်နိုင်တာမှတ်လို့"

ဦးဆန်းမောင်က ပြောပြီး တစ်ရေးနိုး ဆေးလိပ်မီးတရဲရဲကို အားရပါးရ ဖွာနေတယ်။

အဖေကော... ဆေးလိပ်မသောက်ဘူးလား။ အဖေ့မှာ ဆေးလိပ်မရှိတော့ဘူးထင်တယ်။

"ခေါင်းတွဲ လာ၊ အိပ်တော့လေ၊ မနက်ဖြန် ဘုရားရှိခိုး လိုက်ရဦးမှာလား"

"မလိုက်ရဘူး။ နက်ဖြန် သား ဈေးရောင်းထွက်မှာ"

အနံ့တစ်မျိုး ထွက်နေတဲ့ ခြင်ထောင်ထဲကို ခေါင်းတွဲ ဝင်လိုက်တယ်။ အဖေ့နားမှာ လှဲချလိုက်တယ်။

အဖေ့အတွက် နက်ဖြန် ဆေးလိပ်ယူခဲ့မယ်၊ အဖေက ဆေးလိပ်ကြိုက်တယ်။ အမေက ဘာလို့ နက်ဖြန် ဘုရားရှိခိုးသွားမှာလားလို့ မေးတာပါလိမ့်။ အမေ့မှာ ပိုက်ဆံမရှိတော့လို့လား မသိဘူး။

ကိုဖိုးကျော်ကလည်း ရရင် ရသလို ပေးနေရှာတာပဲ။ မိုးတွင်းကြီးမှာ နေ့တိုင်းထွက်ဖို့ လွယ်တာမှမဟုတ်ဘဲ။ မအယ်နီကလည်း ပင်ပန်းပြီး သိပ်နေမကောင်းဘူး။ မိုးသည်းထဲမှာဆို ခြံဝင်းကြီးတွေရှေ့ကနေပြီး ကျွန်တော်တို့ ဘုရားရှိခိုးချင်လို့ပါခင်ဗျာ ဆိုတာကို ကြားအောင် တအားကြီး အော်နေရတာ။ စောင့်နေရတာလည်း အကြာကြီး..။

မပူပါနဲ့အမေရာ..၊ နက်ဖြန် သား ဈေးရောင်းကောင်းမှာပါ။ အမေမြို့ချင်တဲ့ သကြားလုံးနဲ့ အဖေ့အတွက် ဆေးလိပ်လည်း ယူခဲ့မယ်။

ခေါင်းတွဲ မျက်လုံးတွေ မှေးစင်းစပြုတယ်။ မိုးသံက တဝေါဝေါ မြည်လာပြန်တယ်။ မီးရထားကြီးလား။ မီးရထားကြီးပေါ်မှာ အဖေရယ်၊ အမေရယ်။ အဒါ တကယ်ဖြစ်ချင်တယ်။ အိပ်မက် မဖြစ်ချင်ဘူး။

https://t.me/mmebooks

# အပိုင်း (၁၆)

မည်းမှောင်နေတဲ့ မိုးသားတွေအောက်ကနေ ရှားရှားပါးပါး လင်းပွင့်လာတဲ့ နေရောင်ခြည်ပါးပါးလေးက မျက်မမြင် အိမ်ရာကွက်လပ်ပေါ် ကို ထိုးကျလာတယ်။

မီးဖို မီးခိုးငွေ့ တန်းတစ်ခုနှင့်တစ်ခုက ပျင်းပျင်းရိရိနဲ့ မိုးသားမည်းမည်းတွေဆီကို တလူလူ တက်နေတယ်။ မီးခိုးငွေ့တွေကြားထဲမှာ တစ်ချက်တစ်ချက် ထွက်လာတဲ့ လက်သမားတူထုသံနဲ့ ရေဒီယိုသံကတော့ ထူးခြားတဲ့အသံပေါ့။ အပျိုကြီးအိမ်ယိုင်ကို လက်သမားတွေ ပြန်တည့်ပေးနေကြတယ်လေ။ အပျိုကြီးမောင်တစ်ယောက်က ဘေးကနေ ကြီးကြပ်လို့။ ရေဒီယိုသံကတော့ အပျိုကြီးမောင် ယူလာတဲ့ ရေဒီယိုလေးကပေါ့။ သူ့အစ်မကြီးအတွက် မောင်တွေရဲ့ လက်ဆောင်တဲ့။

"ဂန္ဒီ ... ဂန္ဒီ"

အပျိုကြီးက ရေဒီယိုလေး ပွေ့ရင်း လျှောက်လာတယ်။ တအီအီ ငိုနေတဲ့ ရဲထွန်းအောင်ကို သိပ်နေတဲ့ ဂန္ဒီက မထူးနိုင်ဘူး။

"ဂန္ဒီ.. အိပ်နေသလားဟဲ့"

အပျိုကြီးကလည်းနော်။ အိပ်ပျော်စ ရဲထွန်းအောင်နားကနေ အသာထလိုက်တော့ ဂန္ဒီ မိုက်ခန် ဖြစ်သွားတယ်။ လူက မူးတူးတူးနဲ့ ရင်ထဲမှာလည်း ဟာနေတယ်။

"ကလေးသိပ်နေလို့ အပျိုကြီးရဲ့၊ ရဲထွန်းအောင် မျက်စိကိုက်နေပြန်ပြီ"

"နင် ထမင်းမချက်သေးဘူးလား၊ ထမင်းအိုးတည်ပြီလားလို့"

"ကျွန်မ မချက်သေးဘူး၊ ဦးအောင် အနှိပ် ပြန်လာမှလေ၊ အပျိုကြီး ထမင်းအိုး ပေးပါ၊ ကျွန်မ တည်ပေးမှာပေါ့"

"ငါ့မောင်ကလည်း ဒီမှာ ထမင်းစားမလို့တဲ့၊ ဟင်းဝယ်လာတယ်၊ ဘဲဥတွေလည်း ဝယ်လာတယ်၊ ဘဲဥလေးလည်း ကြော်ပေးစမ်းပါဦး"

"ရတယ်လေ၊ ကျွန်မ လုပ်ပေးပါ့မယ်"

"ထမင်းကို နင်တို့သားအမိအတွက်ပါ ပိုချက်လိုက် သိလား၊ ငါ ဒီနေ့ နင်တို့သားအမိကို ထမင်းကျွေးပါ့မယ်"

"ဒီနေ့တော့ ကျွန်မတို့ သူဌေးဟင်းနဲ့ ထမင်းစားရမှာပေါ့လေ"

"ဘဲဥကြော်နဲ့မို့လား"

"အင်းလေ အပျိုကြီးကလည်း ဘဲဥတစ်လုံးကို သုံးကျပ်ခွဲတဲ့၊ သိရဲ့လား"

"အေးဟယ်"

အပျိုကြီးရေဒီယိုက ထွက်လာနေတဲ့ သီချင်းသံကို ဘာမှန်းမသိဘဲနဲ့ ဂနိုင်လိုက်ညည်းမိတယ်။ လူကလည်း သွက်လက်လာပြီး တစမ်းစမ်းနဲ့ မီးမွေးဖို့ ပြင်တယ်။ ကျေးဇူးတင်ပါတယ် အပျိုကြီးရယ်၊ ကျွန်မ ဆာလွန်းလို့ မူးချင်နေတာ။ ရင်ထဲမှာ တအားဟာနေတာ။ ကျွန်မ မနေ့ညက ထမင်းမစားရဘူး အပျိုကြီးရဲ့။

"မညိုစိမ့်တို့ ဘာချက်ကြလဲ"

အပျိုကြီး ရေဒီယိုသံက မညိုစိမ့်တို့ဘက် ရောက်သွားပြန်တယ်။

"ထုံးစံအတိုင်းပေါ့ အပျိုကြီးကလည်း၊ ငါးပိရည်နဲ့ ကန်စွန်းရွက်တို့လေ "

"ခေါင်းတွဲ သွားပလား"

"သွားပြီလေ"

"ခေါင်းတွဲပြန်လာရင် ငါ့ကိုပြောနော်၊ သူ့အတွက် ငါ ဟင်းချန်ထားမလို့ သိလား"

"ဟာ...ကျွန်တော်တို့ရော မပေးတော့ဘူးလား အစ်မကြီး"

"အောင်မယ်.... ဘယ်သူလဲ၊ ဖိုးကျော်တို့လား၊ အယ်နီရော ပါလား။ နင်တို့ မပေးပါဘူး၊ နင်တို့က သူဌေးတွေပဲ၊ ခေါင်းတွဲက သူခိုးဖမ်းဖော်ရလို့ ငါပေးတာ"

"ဟာ... လုပ်ပြီ၊ မဌေးပါဘူးဗျာ၊ အစ်မကြီးတို့လို မဟုတ်ပါဘူး။ တစ်နေ့လုပ် တစ်နေ့စားပါပဲဗျာ"

"အယ်နီရော... နေကောင်းသွားပလား"

"ဟုတ်ကဲ့၊ အားမရှိသေးဘူး"

အပျိုကြီးကို ပြန်ဖြေတဲ့ အယ်နီတာ့အသံက ဖျော့ဖျော့လေး။

"အပျိုကြီး ရေဒီယိုလား၊ ကျွန်တော်လည်း ဒါမျိုးလေး တစ်လုံးလောက် လိုချင်တာဗျာ"

"နောက်မှဝယ်၊ အိမ်အရင် ပြီးအောင်ဆောက်ဦး"

"အိုး... အစ်မကြီးရေ အိမ်ဆောက်ဖို့ မစဉ်းစားနိုင်သေးဘူး၊ စားဖို့ပဲ။ ကျွန်တော်တို့က ကလေးတွေနဲ့ဗျ။ အစ်မကြီးတို့လို မဟုတ်ဘူး"

“အေးလေ၊ နင်တို့က ဒုက္ခရှာကြံတာကိုးဟဲ့”

“အစ်မကြီးကလည်း၊ အဲလို ဒုက္ခမျိုးလေးမှ မရှာရင် ကျွန်တော်တို့ဘဝ ဘာများ အဓိပ္ပာယ်ရှိမှာလဲ”

“အပျိုကြီး ကိုင်ဇာကို မနိုင်ဘူးနော၊ သွားမပြောနဲ့”

ဂန္ဒီက ရယ်မောရင်း လှမ်းပြောတုန်း ကိုကံဦးနဲ့ ကိုဆန်းမောင်အသံ ကြားရတယ်။ ကန်စွန်းရွက်ခူးက ပြန်လာကြတာ။

“ကန်စွန်းရွက်တွေ အများကြီး ရလာတယ်ဟေ့၊ တို့ နေရာသစ် တွေ့လာတယ်”

“လူတစ်ယောက်က သနားလို့ ခေါ်သွားတာ၊ ဒီကနေတော့ တော်တော်ဝေးတယ်၊ ရေအိုင်ကြီးထဲမှာ”

“ကျွတ်တွေကတော့ တအားတွယ်တာပဲ”

"အမယ်လေး”

အကောင်ဗလောင် ကြောက်တတ်တဲ့ မညိုစိမ့်က ပြောသံကြားတာနဲ့ လန့်ဖျပ်အော်တယ်။ ကန်စွန်းရွက်တွေကို ဝမ်းသာအားရ ကိုင်နေရာက အလန့်တကြား လွှတ်ချတယ်။

“လန့်မနေနဲ့ မယ်မင်းကြီးမ၊ မြန်မြန်လေး ချက်၊ ကျုပ်က ဆာလှပြီ”

“ဒုက္ခပါပဲ၊ ရှင်တို့ ရေချိုးပစ်ကြဦးလေ၊ ရှင်တို့ကိုယ်ပေါ်မှာ ကပ်ပါချင် ပါလာဦးမှာ”

“အေးပါကွာ၊ ဂန္ဒီတို့လည်း ယူချက်လေ၊ အများကြီးပဲ”

“ကျွန်တော်တို့လည်း ယူဦးမယ်ဗျို့"

“ဖိုးကျော်လား၊ ယူလေကွာ”

“ကျွန်တော်တို့ကတော့ ကျွတ်နဲ့ ကန်စွန်းရွက် ရောကြော်ပစ်မှာပဲ၊ ..... အချိုမှုန့်မလိုဘူး အစ်မညိုစိမ့်ရ”

“ဘုရားသခင်၊ ဘာတွေလျှောက်ပြောနေတာလဲ၊ အယ်နီလည်း ကျွတ်ကောင်ဆို အားကြီး အသည်းယားတယ်၊ ရွရွ ရွရွ ကလေး"

“တော်ပါ အယ်နီရယ်၊ ငါ့မှာမှ ဒုက္ခ၊ ခေါင်းတွဲကမရှိ၊ အငယ်မလည်း မရှိ”

မညိုစိမ့်က ကန်စွန်းရွက်တွေကို ကြောက်ကြောက်လန့်လန့်နဲ့ စမ်းပြီး သင်နေတယ်။ သူကိုင်တဲ့ ကန်စွန်းရွက်ပေါ်မှာ၊ သူသင်လိုက်တဲ့ ကန်စွန်းရွက်ပေါ်မှာ

လန်းလန်း လန်းလန်းနဲ့ ကပ်ပါနေတဲ့ ကျွတ်တွေကို သူ မမြင်ဘူး။

ရှားရှားပါးပါး လင်းလက်နေတဲ့ နေရောင်ခြည်ပါးပါးလေး ရုတ်တရက် ပျောက်သွားပြီး မိုးက ချက်ချင်း မည်းမှောင်အုံ့ဆိုင်းလာတယ်။ အလုပ်ရုံ အမိုးပေါ်ကို မိုးပေါက်တွေ တဖြောက်ဖြောက် ကျလာကြပြီ။

"လုပ်ပြီဟေ့ မိုးကတော့၊ ဒီနေ့တစ်နေ့တော့ တိတ်စေချင်တာဟယ်၊ ငါ့အိမ်လေး ပြီးသွားအောင်လို့"

အပျိုကြီးက ညည်းညူရင်း ရေဒီယိုခလုတ်ကို ဒေါက်ခနဲ စမ်းပိတ်လိုက်တယ်။

"အမယ်လေး.... လုပ်ပါဦး"

ဝေါခနဲ သည်းချလိုက်တဲ့ မိုးသံထဲမှာ ကျွတ်တွယ်ခံလိုက်ရတဲ့ မညိုစိမ့်ရဲ့ လန့်ဖျပ်သံ စူးစူးဝါးဝါး ပေါ်လာတယ်။ ကိုကံဦးရဲ့ စိတ်တိုသံနဲ့ ဖိုးကျော်တို့ ဂန္ဓီတို့ရဲ့ ရယ်သံတွေ... မိုးသံထဲမှာ ပျောက်သွားတယ်။

"မိုးက သည်းလိုက်တာနော်"

အပျိုကြီးရဲ့ ညည်းညူသံအဆုံးမှာ မိုးက ပိုပြီးသည်းလာတယ်။ ထုံးစံအတိုင်း အလုပ်ရုံထဲကို မိုးရေတွေ စီးဝင်လာကြတယ်။ အလုပ်ရုံ အပြင်ဘက်က အိမ်မလုံသေးတဲ့လူတွေလည်း ရောက်လာကြတယ်။

ဂန္ဓီ မီးဖိုပေါ်ကို မိုးယိုကျတဲ့ တရှဲရှဲသံကို မိုးသံနဲ့ဖုံးပြီး ဂန္ဓီ မကြားဘူး။ အပျိုကြီး ဆန်ကို မိုးရေပေါပေါနဲ့ ကျကျနနဆေးရင်း စားဖို့အတွက် စိတ်ကူးယဉ်နေတယ်။

"ဟေ့... မိုးရွာရင်.. မိုးရေချိုးမယ်... မေမေလာရင် နို့စို့မယ်... ဖေဖေလာရင်.. အုန်းသီးခွဲစားမယ်...၊ ဟေ့... မိုးရွာရင်..."

မိုးသံ တဝေါဝေါကြားမှာ အသံကုန်အော်လာတဲ့ အသံစူးစူးသေးသေးကို အားလုံးကြားကြရတယ်။

"ခေါင်းတွဲ ပြန်လာတာ"

"မိုးရွာရင်... မိုးရေချိုးမယ်၊ အဖေရေ"

ခေါင်းတွဲအသံက အလုပ်ရုံထဲ ရောက်လာတယ်။ မိုးရေထဲမှာ ဘယ်လောက်ကြာနေလဲမသိဘူး။ ဒီကောင့်အသံက မေးခိုက်နေတဲ့အသံ။ ဒါပေမဲ့ ထုံးစံအတိုင်း ရွှင်လို့မြူးလို့။

"ဟီး... ဟီး... ချမ်းလိုက်တာ၊ အဖေ.. ရော့.. ဆေးလိပ်"

မိုးရေစိုအိနေတဲ့ ပုဆိုးခါးပိုက်လေးထဲက ပလတ်စတစ်နဲ့ ထုပ်ထားတဲ့ ဆေးလိပ်နှစ်လိပ်နဲ့ သကြားလုံးလေးလုံးကို ခေါင်းတွဲက ထုတ်တယ်။

“လာ… လာ… အမေ့ဆီ လာစမ်း၊ ရေတွေသုတ်ပစ် ရော့…ဒီပုဆိုးနဲ့ သုတ်စမ်း"

ဒီလိုကျတော့လည်း လူကြီးကလေး ခေါင်းတွဲက အမေ့ရင်ခွင်မှာ သုတ်တဲ့ ပုဆိုးနဲ့ ရောနှောတိုးဝှေ့ရင်း… ချမ်းတယ်၊ ချမ်းတယ်နဲ့ အော်နေတယ်။

ညမှာတော့ လူပေလေး ခေါင်းတွဲ ဖျားတော့တယ်။

* * *

ဖက်ရွက်ကလေးလို ပေါ့ပါးနေတဲ့ မီးခဲခန္ဓာကိုယ်ကလေးကို ကိုကံဦးက တယုတယ ပွေ့ထားတယ်။

အဖေ ဘာလုပ်ရမလဲ သားလေး။

သုံးရက်တိတိ အပြင်းဖျားတဲ့ဒဏ်ကို သားကလေး ခံထားရတယ်။ သံချောင်းကလေး၊ လူသန်ကလေး.. ဒီဒဏ်ကိုတော့ မင်း အလူးအလိမ့် ခံနေရတယ် မဟုတ်လားဟင်။

မင်းဖျားတာ မိုးမိလို့တဲ့။ မိုးမိတာ ဘာကြောင့်လဲ။ မိုးရွာထဲမှာ ဈေးရောင်းရလို့၊ ဘုရားရှိခိုး လိုက်ရလို့၊ အဖေတို့ အမေတို့ကို လုပ်ကျွေးရလို့၊ အဖေ ရှူးရလိမ့်မယ်… ခေါင်းတွဲ…။

ခေါင်းတွဲ ကိုယ်လေး တစ်ချက် တွန့်လာတယ်။

“သား… ဘာလုပ်ချင်လဲ.. သား”

“အမေလည်းရှိတယ်နော်သားလေး”

“ဟင့်အင်း” ဆိုတဲ့ အသံတိုးတိုးလေးဟာ ငြိမ်သက်မှျော်လင့်နေကြတဲ့သူတွေကြားထဲမှာ အကျယ်ကြီးလိုပဲ။

ခေါင်းတွဲလေးရယ်၊ မင်းလေးကို ကြီးကြီး သနားလိုက်တာ။ မြန်မြန်နေကောင်းပါစေ လူလေးရယ်။

အပျိုကြီး မမကြင်က သူရတဲ့ ဘုရားစာတွေကို တတွတ်တွတ် ရွတ်နေတယ်။ လက်နှစ်ဖက်ကလည်း ဘုရားကို ရည်မှန်းပြီး လက်ယှက် ရှိခိုးလျက်သား။

ခေါင်းတွဲ မျက်လုံးလေးတွေ ဖြည်းဖြည်းချင်း ပွင့်လာတယ်။ ကြီးကြီးကြင်ပါ လား။ ကြီးကြီးကြင်က ဘာတွေ ရှိခိုးနေတာလဲ။ ဘုရားဆိုတာ အရှေ့ဘက်ကို ရှိခိုး နေတာ။ ကြီးကြီးကြင်က တောင်ဘက်ကို လှည့်ပြီး ရှိခိုးနေတယ်။

ကြီးကြီးကြင်ဘေးမှာ မဂန္ဒီရယ်၊ ဦးအောင်ရယ်။ ဟင်.. မဂန္ဒီရဲ့ မျက်ရည် ပေါက်တွေက အိပ်ပျော်နေတဲ့ ရဲထွန်းအောင်လေးပေါ်ကို တစ်စက်တစ်စက် ကျနေတယ်။ ရဲထွန်းအောင်လေး သနားပါတယ်။ မျက်စိမမြင်ရှာတော့ဘူးနော်။

အမေရော.. ဘယ်မှာလဲ။ ဟာ... အမေကလည်း ဘာပြုလို့ငိုနေရတာလဲ။

ဦးဆန်းမောင်က အံကြီးကြိတ်ထားတာ ကြောက်စရာကြီး။ ဦးဆန်းမောင် မိန်းမနဲ့ ကလေးတွေလည်း အမျိုးတွေဆီ သွားတာ ကြာလှပြီနော်။ ပြန်မလာကြ သေးဘူး။ ဖိုးလတ်လည်း အမျိုးတွေဆီမှာပဲ။ သူကတော့ ကျောင်းတက်နေတာပါ။ ကျောင်းတက်ရတာ ပျော်စရာကောင်းတယ်။

“ခေါင်းတွဲ.. ခေါင်းတွဲ”

အင်.. ဘယ်သူလဲ။ ကိုဖိုးကျော်လား။ ဘုရားရှိခိုးသွားဖို့ လာခေါ် တာလား။ ကျွန်တော် နေမကောင်းသေးဘူးဗျာ။

“အို ဘုရားသခင်၊ တပည့်တော်တို့အားလုံးရဲ့ ဤကလေးငယ်လေးကို စောင့်ရှောက်တော်မူပါ။ ကောင်းချီးပေးတော်မူပါ...အာမင်"

ဒါ မအယ်နီရဲ့အသံပဲ။ အာမင်လို့ ဆိုပြီးရင် မအယ်နီက နဖူးရယ်၊ ပခုံးနှစ် ဖက်ရယ်ကို လက်နဲ့ အသာတို့လိမ့်မယ်။

“ဘာလဲသား၊ ဘာလဲ”

“သား ခတ်မီးလေးရော၊ ပေးပါ”

ခတ်မီးလေး.... ခတ်မီးလေး။ အားလုံး ပျာယာခတ်ပြီး ခေါင်းတွဲ ခတ်မီး လေးကို လိုက်ရှာနေကြတယ်။ တစမ်းစမ်းနဲ့လေ။

“သူ့ခေါင်းအုံးအောက်ကနေ ကျွန်မ အငယ်မကို သိမ်းခိုင်းလိုက်တာ"

အမေခမျာ ပျာလို့။ ဦးအောင်တို့၊ ကိုဖိုးကျော်တို့လည်း လိုက်စမ်းပေးနေကြ တယ်။ သနားပါတယ်။ ခတ်မီးလေးက ခြေရင်း ထင်းရှူးသေတ္တာပုံးခွံထဲက ချောင်ကလေးမှာ ထောင်လို့၊ ခေါင်းတွဲ မြင်နေရတယ်။ အငယ်မက ကျောင်းသွား နေတယ်လေ။ သူတို့ ဘယ်သူ့ကို လိုက်မေးရမှန်းမသိဘဲ ပျာလောင်ခတ်နေကြရှာ တယ်။

“သေတ္တာထဲမှာ”

"ဘာလဲသား၊ ဘာပြော့တာလဲ"

"ခတ်မီးလေး သေတ္တာထဲမှာ"

"သေတ္တာထဲမှာတဲ့ မညိုစိမ့်"

အို... အမေကလည်းနော်။ အဝတ်သေတ္တာမှတ်ပြီး ခေါင်းတွဲတို့ရဲ့ တစ်လုံးတည်းသော သံသေတ္တာထဲကို အမေ စမ်းရှာနေတယ်။ တော်ပြီ၊ မပြောချင်တော့ဘူး။ အမေတို့ကိုပြောရတာ မောလိုက်တာ။

"အဖေ၊ ဆန်ပြုတ်သောက်မယ်"

"သောက်ရမှာပေါ့ကွ"

"ဘဲသားဆန်ပြုတ်သောက်မှာ"

"အေး အေး၊ အေးပါကွာ"

"အဖေ"

"ဟင်"

"သား ပိန်သွားပြီ"

ပိန်သွားပြီ... ဟုတ်လား သား၊ ပိန်တယ်ဆိုတာ ဘာလဲ သားရယ်။

စကားပြန်မပြောတဲ့ အဖေ့ကို ဝိုင်းစက်လှပတဲ့ မျက်လုံးပြူးလေးတွေနဲ့ ခေါင်းတွဲက ကြည့်တယ်။

အဖေ့မျက်လုံးချိုင့်ကြီးတွေထဲမှာ မျက်ရည်စတွေ။ ဟော... အန်တီမချိုကြီး လာပြီ။ ပျာလောင်ပျာလောင်နဲ့။ သူ့နောက်မှာ ဦးထွေးက ကုပ်ကုပ်လေး။ အန်တီမချို အဖေနဲ့ သီချင်းဆိုမလို့လား။ အန်တီမချိုတို့သီချင်းတွေကို ကျွန်တော်တော့ မကြိုက်ပါဘူး။

"ခေါင်းတွဲက ဘယ်မှာလဲ၊ ကလေး... တော်တော်ဆိုးနေတယ်ဆို"

အန်တီမချိုက စမ်းစမ်းစမ်းစမ်းနဲ့ ဒီမှာဆိုတဲ့ အမေ့အသံဆီကို လာတယ်။ ဟာ.. အန်တီမချိုလက်ကြီးက အေးလိုက်တာဗျာ...။

"ခေါင်းတွဲ နေလို့မကောင်းဘူး ဟုတ်လား ကလေး၊ ပျောက်သွားမှာ၊ ပျောက်သွားမှာနော်"

"ခေါင်းတွဲ မင်းနေကောင်းရင် ထရံသွားဝယ်မယ်ကွနော်"

"ဟုတ်တယ်... လူလေးရှိမှ ကြီးကြီးတို့မှာဖြစ်တာ၊ ကြားလား လူလေး"

ကိုကံဦးက ငြိမ်သက်နေတဲ့ သားကလေးရဲ့ မီးခဲခန္ဓာကိုယ်လေးကို တင်းတင်းပွေ့ပြီး ပါးချင်းကပ်လိုက်တယ်။ သားကလေး အသက်ရှူနေသေးရဲ့လား။

သားကလေးရယ်.. မင်းငယ်ငယ်တုန်းကလေ ဘယ်သူက မွေးစားဖို့ခေါ်ခေါ် မင်း ဘယ်တော့မှ လိုက်မသွားဘူးနော်။

ခေါင်းတွဲ... မင်းဟာ ဖေဖေတို့အားလုံးရဲ့ ခေါင်းတွဲကလေးလေ။ အဖေတို့ကို ထားခဲ့ပြီး မင်း ဘယ်တော့မှ ပြန်မလာနိုင်မယ့်နေရာကိုတော့ လိုက်မသွားပါနဲ့ သားကလေးရယ် နော်။

* * *

"လာကြလော့.. အိမ်သူအိမ်သားများ... ကျေးဇူးတော် အောက်မေ့ကြစို့ ကောင်းကင်နှင့်မြေကြီးအရာကို.. ဖန်ဆင်းသော ဘုရားအရှင်... ကျွန်ုပ်တို့ ဆင်းရဲသောနေရာသို့ ကြွလာပါမည်လော သခင်... အို... ကျေးဇူးရှင်.... ကျေးဇူးရှင်... ထ... ငါ့ဝိညာဉ်.. နေနှင့်အတူ သင်၏ဝတ်ကို နေ့စဉ်ပြုမူ...

ဖိုးကျော်ရဲ့ ဂစ်တာသံနဲ့ အယ်နီတာရဲ့ နံနက်ယံ ဓမ္မတေးဟာ မျက်မမြင် အိမ်ရာရဲ့ နံနက်ခင်းကို အသက်ဝင်လာစေတယ်။

ဂန္ဒီက ရဲထွန်းအောင်ကို တအင်အင် ချော့မော့ရင်း နားထောင်တယ်။

ဦးအောင်ကတော့ အိပ်ရာပေါ်မှာ ထိုင်လို့။ ကိုဆန်းမောင်က ဆေးလိပ်ကို ဖွာလို့။

မချိုနဲ့ ကိုထွေးတို့ကတော့ အပြင်ဘက် သူတို့အိမ်လေးပေါ်ကနေ နားစွင့်လို့။ အပျိုကြီးက သူ့အိမ်လေးရဲ့ ပြတင်းပေါက်မှာ။

မညိုစိမ့်က သူ့သမီးအငယ်မလေးကို ပွေ့ဖက်ထားတယ်။ အငယ်မလေးက ဖိုးကျော်နဲ့ အယ်နီကို ငေးကြည့်နေတယ်။

နံနက်ခင်း နေရောင်ပါးပါးလေးက ဖြူဖျော့နေတဲ့ ခေါင်းတွဲရဲ့ မျက်နှာ တစ်ခြမ်းပေါ်မှာ ထိုးကျလာတယ်။

ကိုကံဦးကို အားပြုမှီထိုင်နေတဲ့ ခေါင်းတွဲရဲ့ မျက်တွင်းဟောက်ပက် မျက်လုံးဝိုင်းဝိုင်းလေးတွေက နေရောင်လာရာကို လိုက်ရှာတယ်။ နေရောင်က ထရံပေါက်ကနေ ဝင်လာတာ။

ကိုကံဦးက ခေါင်းတွဲပေါ် ခြုံထားတဲ့ စောင်ပေါ်ကနေ သားကလေးကို တယုတယ ဖက်ထားမိတယ်။ အင်အားချည့်နဲ့နေရှာတဲ့ ကိုယ်ခန္ဓာကလေး။

“မအယ်နီတို့ ဘုရားရှိခိုး ထွက်မလို့လား”

အသံသဲ့သဲ့နဲ့ ခေါင်းတွဲရဲ့ ပါးကလေးကို အယ်နီက စမ်းပြီး ပွတ်သပ်လိုက်တယ်။

“ငါတို့ ဘုရားရှိခိုးမထွက်ခင် နင့်အတွက် အရင်လာပြီး ဘုရားရှိခိုး ဆုတောင်းပေးတာလေ”

“ကျွန်တော် နေကောင်းရင် လိုက်မယ်”

“အေးပေါ့၊ ဒီနေ့ နင့်အတွက် သကြားလုံးတွေ ကိတ်မုန့်တွေ ရအောင် ယူခဲ့ပေးမယ်နော်”

“ဘဲသားဆန်ပြုတ်ရောလေ၊ အိတ်ကလေးနဲ့ ထည့်ဝယ်ခဲ့မယ် သိလား"

ခေါင်းတွဲက သဘောကျပြီး ပြုံးတယ်။ ဒါပေမဲ့ ဒီအပြုံးကို သူတို့မမြင်ကြပါဘူး။

“ငါတို့သွားမယ်၊ နင် စိတ်မပူနဲ့ သိလား၊ တို့ ဒီနားတစ်ဝိုက် အိမ်တွေပဲသွားမှာ၊ နင် နေကောင်းပါစေ၊ ဘုရားသခင် စောင့်ရှောက်ပါစေ၊ အာမင်"

“အာမင်”

အကျင့်ပါနေတဲ့ ခေါင်းတွဲပါးစပ်က အာမင်လို့ တိုးတိုးလေး လိုက်ရွတ်မိတယ်။

ကိုဖိုးကျော်က ဂစ်တာကို လွယ်လို့၊ မအယ်နီက အိတ်ကြီးတစ်လုံးနဲ့ ကလေးကို ချီလို့။ ဟိုကွေ့ ဒီကောက် လမ်းလျှောက်သွားနေတဲ့ ခေါင်းတွဲမပါတဲ့ မျက်မမြင်နှစ်ယောက်လေ။

ဒီမှာရော အဖေ၊ အမေ၊ မဂ္ဂနီ၊ ဦးအောင်၊ ဦးဆန်းမောင်၊ အန်တီမချို၊ အမေ၊ မချို၊ ဦးထွေး၊ ကြီးကြီးအပျိုကြီး... ပြီးတော့ ကွက်လပ်ထဲက တစ်ဝက်တစ်ပျက် အိမ်ကလေးတွေ။ ဒါတွေအားလုံးကို ခေါင်းတွဲ ချစ်တယ်။ ဝေးသွားတဲ့ ကိုဖိုးကျော်ရဲ့ ဂစ်တာသံသဲ့သဲ့က မိုးသက်လေနဲ့ လွင့်ပါလို့ လာနေတယ်။

“အို.... ကယ်တင်ရှင်... ဆင်းရဲဒုက္ခ ကင်းရှင်းတော်မူပါ.. ကိုယ်တော့်လက်နှင့် တို့တော်မူပါ..."

မိုးပေါက်ကလေးတွေ တစ်ပေါက် တစ်ပေါက်နဲ့ ကျလာနေကြပြီ။

နုနုရည်(အင်းဝ)

https://t.me/mmebooks